NDSP

# တိုက်ပွဲမှသည်

ရန်ကုန်ဘဆွေ



# ငါတို့စာပေ

စာအုပ်များ ရှေ့ရှိ ပျက်စီး
ပျောက်ဆုံးလျှင် တန်ဖိုးအစားတိုး
ပေးလျော်ရမည်။

စာအုပ်များ ရှေ့ရှိ ပျက်စီး
ပျောက်ဆုံးလျှင် တန်ဖိုးအစားတိုး
ပေးလျော်ရမည်။

စာအုပ်များ ရှေ့ရှိ ပျက်စီး
ပျောက်ဆုံးလျှင် တန်ဖိုးအစားတိုး
ပေးလျော်ရမည်။

ဆရာစံလမ်းနှင့် ပုလဲကွန်ဒိုထောင့်၊ ပုလဲကွန်ဒိုဝင်း၊

ဗဟန်း၊ ရန်ကုန်။

Ph : 09 73055543

**www.ndspbooks.com**
**facebook/ndspbooks**

စာမူမူပိုင် © အောင်သူမ

ငါတို့စာပေမှ ဒုတိယအကြိမ်အဖြစ်
၂၀၁၈၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသည်။
ရန်ကုန်မြို့ရှိ ငါတို့စာပေ ပုံနှိပ်တိုက်(၀၀၇၀၇)တွင်
အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေသည်။
မျက်နှာဖုံးပန်းချီကို ဒေတ်ဘုန်းမိုက ရေးဆွဲပြီး
ဒီဇိုင်းကို ရဲထွဋ်က ပြုလုပ်သည်။

ယခု စာအုပ်တွင် ဖော်ပြထားသည်များမှ
တစ်စိတ်တစ်ပိုင်းကိုသော် လည်းကောင်း၊
အခန်းလိုက်ကိုသော် လည်းကောင်း၊
တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ
တစ်ဆင့်ပြန်လည်ကူးယူဖော်ပြခြင်းကို ခွင့်မပြု။
မူပိုင်ခွင့်ရရှိထားသူ သို့ ထုတ်ဝေသူထံမှ
ခွင့်ပြုချက်ရမှသာ တစ်ဆင့်ဖော်ပြရန်
အသိပေးအပ်သည်။
(စာအုပ်အညွှန်းရေးသားရန်အတွက်
ခွင့်ပြုချက်တောင်းရန် မလိုပါ။)

**တန်ဖိုး - ၂၀၀၀ ကျပ်**

ငါတို့စာပေမှ ထုတ်ဝေသော စာအုပ်များသည်
သစ်တောပြုန်းတီးမှု ကာကွယ်စောင့်ရှောက်ရေး
အဖွဲ့ FSC အသိအမှတ်ပြု စာရွက်များကိုသာ
အသုံးပြု ပုံနှိပ်ထားပါသည်၊ ငါတို့စာပေမှ
ထုတ်ဝေသော စာအုပ်များကို ဖတ်ရှုခြင်းကြောင့်
သစ်တော ပြုန်းတီးမှုဖြစ်ပေါ်ခြင်း မရှိပါ။

Printed and Bound in Myanmar

# ရန်ကုန်ဘဆွေ
# တိုက်ပွဲဟူသည်

ဒုတိယအကြိမ်

NDSP
ငါတို့စာပေ

# ပထမအကြိမ် ထုတ်ဝေသူ၏ အမှာ

ဤတိုက်ပွဲဟူသည်နှင့် စာရေးဆရာအောင်လင်းရေး၊ ဗေဒါကို ဗမာနိုင်ငံစာပေလေ့လာရေးအဖွဲ့က ကြီးမှူးလျက် ရာမကရစ်ရှနာ ခန်းမဆောင်တွင် ဝေဖန်ကြသည်။

အောင်လင်းရေး–ဗေဒါကို တက်ဘုန်းကြီးဝတ္ထုနှင့် နာမည်ကျော်ကြားခဲ့သော စာရေးဆရာ သိန်းဖေမြင့်ကို ဝေဖန်စေ၍ ...

ရန်ကုန်ဘဆွေရေး တိုက်ပွဲဟူသည်ကို မောင်ဒေါင်းဝတ္ထုတိုများနှင့် စာပေလောကတွင် လေးစားခြင်းခံခဲ့ရလျက် စစ်ပြီးခေတ်၌ "ဘဘ"ဝတ္ထုနှင့် ခေတ်လူငယ်တို့ကပါ သိလာသူ စာရေးဆရာမောင်ထင်က ဝေဖန်သည်။

ထို့ကြောင့် စာတင်းကုပ်မှ ဤတိုက်ပွဲဟူသည်တွင် စာရေးဆရာမောင်ထင်(ဆရာကြီးဦးထင်ဖတ်)၏ ထင်မြင်ချက်ကို စာဖတ်သူတို့အား အသိပေးလိုသောကြောင့် ဆရာကြီးထံ ထင်မြင်ချက်ရေးပေးပါရန် သွားရောက် အသနားခံသည်။

ဆရာကြီးကလည်း စေတနာရှိစွာနှင့်ပင် ရေးပေးပါမည်၊ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးခဲ့သော ဇူလိုင်လ(၁၉)ရက်နေ့ ကျော်မှယူပါ၊ ထိုအတွင်း အလုပ်များလှသည်ဟု ဆို၏။

စာတင်းကုပ်မှ ကောင်းပါပြီဟု အမှတ်မထင် ဝန်ခံခဲ့သည်။ သို့သော် စာရေးဆရာ အောင်လင်း၏ "ရင်ပွင့်လေသောအခါ" ကိုပါ

တစ်ပြိုင်တည်း အပြီးထုတ်ဝေမည်ပြုသောအခါ ဆရာကြီး၏ ထင်မြင်ဝေဖန်ချက်ကို ထည့်သွင်းရန် အချိန်မစောင့်နိုင်တော့။

ထို့ကြောင့်လည်း စာတင်းကုပ်မှ စာအုပ်ထုတ်ဝေသူများက တစ်ချိန်က ဤစာအုပ်ကို စာပေပရိသတ်တို့၏ရှေ့၌ ဝေဖန်ခဲ့သော စာရေးဆရာကြီး မောင်ထင်၏ ထင်မြင်ချက်ကို ထည့်သွင်းရန် ရည်စူးခဲ့ကြိုးစားခဲ့သော်လည်း မိမိတို့အနစ်နာမခံဝန့်သေးသော အားနည်းချက်နှင့်ပင် ထိုရည်စူးလျာထားချက်တို့ကို ဖျက်ခဲ့ရပါသည်။

သို့သော် စာတင်းကုပ်မှ စာအုပ်ထုတ်ဝေသူတို့က တိုက်ပွဲဟူသည် စာအုပ်အတွက် စာရေးဆရာကြီး မောင်ထင်၏ ဝေဖန်ချက်ကို မှတ်မိသမျှ ပြန်လည်ဖော်ပြလိုပါသည်။

စာပေလေ့လာရေးအဖွဲ့မှ လူငယ်တို့သည် ဤတိုက်ပွဲဟူသည် အမည်ရှိသော ရန်ကုန်ဘဆွေ၏ဝတ္ထုကို ရာမခရစ်ရှနာခန်းမတွင် ဆရာကြီး၏ ထင်မြင်ချက်ကို ဝေဖန်ပြောကြားပါရန်ဟု လူငယ်များပီပီ အလွန်အချိန်နီးကပ်မှ လာရောက်ပြောကြားကြသည်။ စလျှင်စခြင်း စာပေလေ့လာရေးအဖွဲ့ကို ဆရာကြီး၏တွယ်လုံး ...

ဒါပေမဲ့ ဘာရမလဲ၊ ကျုပ်က တစ်ညတည်းနှင့် ကုန်အောင်ဖတ်တာပေါ့ဟုဆို၏။ ထို့နောက် စာအုပ်တစ်အုပ် ဝေဖန်လျှင် တစ်ခေါက်တည်းဖတ်ပြီး ဝေဖန်လို့မရ။ နှစ်ခေါက်၊ သုံးခေါက်၊ ငါးခေါက် ဘာဆိုလိုချင်သည် ဘာကိုဖော်ပြသည်၊ ဒီအထဲမှာ ဘာတွေပါသည်၊ ဟုတ်သလား မဟုတ်ဘူးလားဆိုတာ၊ ကျေကျေညက်ညက် ရင်ထဲ ဝမ်းထဲခေါင်းထဲမှာ မြင်လာအောင်မြင်နေအောင်ဖက်ပြီးမှ၊ မိမိထင်မြင်ချက်နှင့်မကိုက်လျှင် ဘာ့ကြောင့်မကိုက်ဘူး၊ ကိုက်ရင် ဘာကြောင့်ကိုက်တယ်၊ သဘောကျလျှင် ဘာ့ကြောင့်၊ သဘောမကျလျှင် ဘာ့ကြောင့် ဆိုတာတွေကို တကယ်တိတိကျကျ ဝေဖန်နိုင်မှ ကောင်းသည်ဟုဆို၏။

သို့သော် စာပေလုပ်သားများပီပီ "အလှည့်ကျတော့ မနွှဲ့ရဘူး"ဆိုတဲ့ စကားအတိုင်း လေ့လာမိသလောက်တော့ ဝေဖန်ရမှာပဲဟု ဆို၏။

လာခိုင်းတဲ့ လူတွေက ဝတ္ထု ပြောလို့ ကျုပ် ဖတ်ကြည့်လိုက်တော့ ဝတ္ထုမဟုတ်တာ တွေ့နေရတယ်၊ ဒါပေမဲ့ စာအုပ်ထဲမှာတော့ ဝတ္ထုလို့ ရေးမထားဘူး။

ဒီစာမျိုး အတော်ရှားတယ်လို့ ခေါ်ရမယ်၊ အနောက်တိုင်းမှာတော့ ဒီစာမျိုး အတော်ရေးလေ့ရေးထရှိပြီး ခေတ်လည်း အမြဲစားတယ်။

မှတ်တမ်းသဘော သက်ရောက်တဲ့ စာပေတွေကို Memoirs လို့ ခေါ်ကြတယ်။ စားမြုံ့ပြန်တဲ့ စာပေတွေကိုတော့ Reminescence လို့ ခေါ်ကြတယ်၊ ဒီစာဟာ၊ ရန်ကုန်ဘဆွေ ဆိုသူက စားမြုံ့ပြန်လိုက်တဲ့ စာပေဆိုရင် မမှားဘူး ... ကြည့်လေ၊ သူ့စာအုပ်ရဲ့ ပထမစာကြောင်းမှာ...

"ပြည်ထောင်စု ရန်ကုန်၊ အစိုးရခေတ်၌ဖြစ်၏တဲ့"

ဒီစာတွေထဲမှာ ရန်ကုန်ဘဆွေက ပြည်ထောင်စု ရန်ကုန် အစိုးရခေတ်၌ သူ စစ်တပ်ကြီးတစ်တပ် ဖွဲ့စည်းသယ်ဆောင်သွားပြီး ဘယ်လိုဖြီးခဲ့၊ ဖျန်းခဲ့ပုံတွေ၊ လက်တွေ့ အလုပ်လုပ်ရတဲ့လူနဲ့ အထက်က အမိန့်ပေးတဲ့ လူတွေနဲ့ ဘယ်လိုမှ ဆက်စပ်လို့မရအောင် စိတ်ကူးခြင်း၊ လုပ်ကိုင်လိုပုံခြင်း ကွဲလွဲခဲ့ရပုံတွေ၊ အဲဒါတွေကို ပရိသတ် သဘောပေါက်အောင် ရှင်းရှင်းလင်းလင်း ရေးပြသွားတာပဲ။

ဒီအဖြစ်အပျက်မျိုးတွေဟာ တကယ် အလုပ်လုပ်တဲ့လူတိုင်း တွေ့လေ့တွေ့ထ ရှိတဲ့အဖြစ်မျိုးတွေပဲ၊ ကျွန်တော်တို့ကိုယ်တိုင်လည်း ဒီလို အလုပ်ထဲစိတ်ညစ်ရတဲ့ အဖြစ်မျိုးတွေ အဆင်မပြေမှုတွေ တွေ့ခဲ့ကြရတာပဲ။

တစ်ခုရှိတယ်၊ ဒီလိုစိတ်ညစ်စရာတွေ၊ အဆင်မပြေမှုတွေနဲ့ ပြွမ်းသိပ်နေတဲ့ အလုပ်အကိုင်အကြောင်းတွေကိုချည်း ရေးသားထားတဲ့ စာအုပ်ဆိုရင် ဖတ်ရတဲ့လူလည်း စိတ်ညစ်ရာချည်း ဖြစ်နေမှာပဲလို့ ထင်ကြမယ်၊ ဒီလိုလည်း မထင်လိုက်ကြလေနဲ့။

ဒီစာအုပ်ရေးတဲ့လူက ပန်းချီလည်းရေး ဘာလဲရေးနဲ့ အနုပညာ လေ့လာနေတဲ့ လူဆိုတော့ လူတွေကို ဘယ်လိုသွေးဆောင်သွားရမယ်၊ ဘယ်လို ဖမ်းစားရမယ်ဆိုတာ သူ နားလည်တယ်။

သူ့စာဟာ ဖတ်ရင်း ဖတ်ရင်း စာဖတ်တဲ့လူကို အဆုံးအထိ ဆွဲခေါ်သွားပြီး ပြဿနာတွေကလည်း မေးထားလိုက်သေးတယ်၊ ပြီးတော့ ကောင်လေး ကောင်မလေးတွေရဲ့ ချစ်ခန်း ကြိုက်ခန်းတွေကိုလည်း သူ့နေရာနဲ့သူ အကွက်ဆိုက်အောင် ခြယ်မှုန်းထားသေးတယ်၊ ကြည့်လေ ... ဟောဒီမှာ ...

ဆရာကြီးသည် မျက်မှန်ကိုဖြုတ်၍ စာအုပ်ကို လှန်ပြီးလျှင် စာမျက်နှာ တစ်နေရာကို ဖတ်ပြ၏။

ရဲဘော်သည် စစ်သားပီသစွာ သတိအချိုးအစားနှင့်ရပ်လျက် ငြိမ်သက်နေ၏။ မိန်းကလေးက ရဲဘော်၏ ဗိုလ်ကြီးဖြစ်သော ကျွန်တော့်ကို မရဲတရဲနှင့် မျက်လွှာ လှန်ချည် ချချည် ပြုလုပ်လျက် ကြည့်၏။

ရဲဘော်စိုးသိမ်းသည် ဖြူဖြူတောင့်တောင့် လူပျိုပေါက်ကလေးမျှ ဖြစ်ဘိသို့ ရဲဘော်၏ဇနီးမိန်းကလေးမှာလည်း အသက် (၁၄)နှစ်ကျော်ကျော်မျှသာ ဖြစ်ဟန်ရ၏။ ရဲဘော်ကဲ့သို့ပင် ဖြူဖြူ ဝဝ၊ ကျန်းမာသန်စွမ်းသည့်အလျောက် ရင်သားများလည်း မနိုင်မနင်း စည်းနှောင်ထားရဘိသို့ရှိ၏။ လက်မောင်းအိုးကြီးများလည်း တုတ်၏။ အရပ်အမောင်းလည်း ရဲဘော်နှင့် မတိမ်းမယိမ်း လိုက်လျော၏။

ကျွန်တော်သည် ထိုရဲဘော် ပြန်လာလျှင် အတော်ကလေး အပြစ်ပေးလိုက်ဦးမည်ဟု စိတ်ထဲတွင် ရည်စူးထားသော်လည်း ဤသို့ နှစ်ယောက် တွဲရပ်နေသော ငယ်နုနုမျက်နှာကလေးအစုံကို မြင်ရသောအခါ အပြစ်မပေးရက်နိုင်အောင်ရှိသဖြင့် ဘာမျှမပြောဘဲ ...

ဆရာကြီးမောင်ထင်သည် စာအုပ်ကိုပြန်ပိတ်၊ မျက်မှန်ကို ပြန်တပ်လိုက်၏။

ကဲ ... အဲဒါပဲ၊ သူ့ရဲဘော်ကလေးနဲ့ ရဲဘော်ကလေးရဲ့ မိန်းမကို အဲဒီလို တိုတိုနဲ့ စာဖတ်တဲ့လူတွေရဲ့ မျက်စိထဲကို ကွင်းခနဲနေအောင် ဖော်လိုက်တယ်။

သူတို့ရဲ့ ဗိုလ်ကြီးဟာ ဒီကောင်ကလေးပြန်လာရင် အပြစ်ပေးလိုက်မယ်လို့ ကြိမ်းဝါးထားပေမယ့် ဒီကောင်လေးနဲ့ ကောင်မလေးရဲ့ မေတ္တာအရှိန်က ဖုံးလွှမ်းစိုးမိုးသွားတော့ အပြစ်မပေးနိုင်ခဲ့ဘူး။

နောက်ဆုံးတော့ အဲဒီကောင်ကလေးနဲ့ ကောင်မလေးဟာ တိုက်ပွဲမှာ သေဆုံးသွားကြရတယ်။

ဒါပေမဲ့ စာရေးတဲ့သူက ဒီနေရာကို မလွှမ်းသေးဘူး၊ သူ ဘယ်လိုလွှမ်းထားသလဲဆိုတော့ ...

သူတို့တပ်ဟာ ထားဝယ်မြို့ကိုဝင်မယ့် ကော်သူလေးတပ်ကို တားဆီးနိုင်ခဲ့ပေမယ့် ဒုက္ခအမျိုးမျိုးရောက်၊ ဟိုငယ်နုနုကောင်လေးနဲ့ ကောင်မလေး အပါအဝင် ရဲဘော်တွေ သေကြေပျက်စီးပြီးမှ ခဲခဲယဉ်းယဉ်း တိုက်ခိုက်ပြီး ထားဝယ်မြို့ကို ပြန်လာကြတယ်၊ ဒီတော့ အရေးပိုင်ကြီး အပါဝင်ဖြစ်တဲ့ မြို့သူမြို့သားတွေက ပန်းကုံးတွေ ဘာတွေစွပ်ပြီး ကြိုဖို့လုပ်ကြတယ်။ ဒီတော့ သူတို့ဗိုလ်ကြီးက အဲဒီလိုကြိုရင် မြို့ထဲကို ပြန်မလာဘူး ဆိုတာနဲ့ မြို့ထဲကလူတွေ ဘယ်သူမှ ထွက်မကြိုရဘူးလို့ အမိန့်ထုတ်ထားရသတဲ့။

စာရေးတဲ့သူဟာ အဲဒီလို ရှေ့ကခံထားပြီးတော့မှ ဘယ်လိုရေးသလဲ ဆိုတော့ ... ဆရာသည် စာအုပ်ကို ပြန်ကြည့်သည်။

> တပ်များကို စုစည်းနေစဉ် အမှောင်ပျိုးလာ၏။ ကျွန်တော်တို့ရဲဘော်များသည် ခြေလှမ်းညီညီလှမ်းလျက် စစ်သီချင်းကို သံပြိုင်သီဆိုကာ ထားဝယ်မြို့တွင်းသို့ ဝင်ကြ၏။
>
> မြို့သူမြို့သားတို့သည် အိမ်ပေါ်မှ ပြေးဆင်းလျက် လမ်းဘေးရှိ မှောင်ရီသော သစ်ရိပ်အောက်တွင်ရပ်ကာ ကျွန်တော်တို့ကို ကြည့်နေကြ၏။
>
> ကလေး၊ လူကြီး၊ ယောကျ်ားမိန်းမ လမ်းဘေးတွင် စီတန်းလျက်ရှိနေကြ၏။ ဖုန်းဖုန်းမြည်သော ခြေသံနှင့်အတူ ကျွန်တော်တို့၏ ရဲဘော်များသည် အလွန်ညီညာစွာ စစ်ချီသီချင်းကို ဆက်လက်သီဆိုနေကြ၏။ ခြေသံသည် ပို၍ပြင်းပြင်းလာ၏။ သီချင်းသံသည် ပို၍ ပို၍ ကျယ်လောင်လာ၏။

တားမြစ်ထားပါလျက်နှင့် အိမ်ပေါ်မှ အလိုအလျောက်ပြေး ထွက်ကြိုဆိုကြကုန်သော လူတန်းကြီးကို အမှောင်ထဲတွင် ဝိုးတဝါး မြင်နေရသည်မှာ အလွန်အားရှိဖွယ်လည်း ကောင်း၏။ အလွန် နှစ်သိမ့်ဖွယ်လည်း ကောင်း၏။ ထိုနှစ်သိမ့်ဖွယ် အားရှိဖွယ်တို့ကို ကျဆုံးသွားကြပြီဖြစ်သော ငါတို့၏ ရဲဘော်ခုနစ်ယောက်တို့ မမြင် ကြရလေကုန်။ ချစ်သစ်စ ရဲဘော်စိုးသိမ်းတို့မောင်နှံလည်း မမြင်ကြ ရရှာလေပြီတကား ...။

ရဲဘော်တို့၏ ခြေသံသည် အလွန်ညီညာစွာ ဖုန်းဖုန်းမြည် ၏။ ရဲဘော်တို့၏ စစ်ချီသံသည် အမှောင်ထုကို ထွင်းဖောက်ခါ မြို့အလုံးကို လွှမ်းမိုး၏။ သို့သော် ရဲဘော်တို့၏ မျက်လုံးတွင်ကား မျက်ရည်များ ယိုစီးကျဆင်းလျက် ...။

ဆရာသည် စာအုပ်ကိုပိတ်လျက် မျက်မှန်ကို ဖြည်းညင်း စွာ ပြန်တပ်၍ ပရိသတ်ကို ကြည့်သည်။ စာပေဝေဖန်ပွဲသို့ ရောက်လာ နားထောင်နေကြသော ပရိသတ်သည် တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေ ကြ၏။

ကဲ ... ဘယ့်နှယ်လဲ၊ ကျွန်တော်ပြောပြီး စာလည်းဖတ်ပြ လို့ဆုံးရော ခင်ဗျားတို့လည်း "ခိုက်"သွားတာပဲ မဟုတ်လား။ ပရိသတ်က ပြုံးလာကြသည်။

ဆရာကြီး ဦးထင်ဖတ်သည် စာပေလေ့လာရေးအဖွဲ့တွင် ဤအတိုင်း ဝေဖန်သွား၏။ ဆရာကြီးက တိုက်ပွဲဟူသည်အပိုင်းနှင့် ခံစစ်အပိုင်းတွင် တိုက်ပွဲဟူသည်၌ စာရေးသူဟု သုံးပြီးလျှင် ခံစစ်ပိုင်း၌ ကျွန်တော်ဟု သုံးသောကြောင့် ရှေ့နောက်မညီဟု ဆို၏။

ထို့ကြောင့် ဤစာအုပ်တွင် အားလုံးညီညွတ်အောင် စာရေး သူဟူသော နာမ်စားတစ်မျိုးတည်းကိုသာ သုံးထားသည်။

ထို့ပြင် ဤစာအုပ်ပါစာများသည် တစ်ကြိမ်တည်းရေးသော စာများမဟုတ်ကြ။

တိုက်ပွဲဟူသည်ကို ပေဖူးလွှာမဂ္ဂဇင်း၌ရေး၍ ခံစစ်ကို မြဝတီမဂ္ဂဇင်း၌ရေးသည်။ ထိုစာနှစ်ခုသည် ကြား(နှစ်)နှစ်ခြား၏။

စာရေးဆရာသည် မှတ်တမ်းမရှိ၊ ဒိုင်ယာယီမဆောင်ဟု သိရသည်။ သူသည် ဤအဖြစ်အပျက်များကို နှလုံးသားထဲတွင် စွဲမြဲလောက်အောင် ခံစားခဲ့ရခြင်း ဖြစ်သောကြောင့် မမေ့လျော့ဘဲ ရေးပြနိုင်ခြင်း ဖြစ်သည်ဟု ပြော၏။ အခြေခံအားဖြင့် တစ်ခုမှမလွဲဘဲ မှန်ကန်ပါသည်။ နေရာအမည်၊ အကွာအဝေးမိုင်၊ ခုနှစ်သက္ကရာဇ် စသည်တို့သာ လွဲမှားကောင်း လွဲမှားပါလိမ့်မည်။ ဖြစ်ရပ်ကား မှန်ပါသည်ဟုဆို၏။

ထိုစာများကို မဂ္ဂဇင်းထဲတွင် ပါဝင်ပြီးသည့်နောက် စာပန်းချီတိုက်မှ ရိုက်ထုတ်ခဲ့သေးသည်။

ထို့နောက် ရဲဘော်များနှင့် စစ်ဝါသနာပါသူ စာပေဝါသနာပါသူတို့က နောက်တစ်ကြိမ် ထပ်မံရိုက်ထုတ်ပါရန် တိုက်တွန်းလာသည်။ သို့သော် စာရေးသူကိုယ်တိုင်က ရိုက်ပြီးသားစာအုပ်တွေထဲက ရှာဖတ်ပါလိမ့်မယ်ဗျာ၊ မထူးပါဘူးဟု ဆိုနေ၏။ ယခုမူ စာရေးဆရာအား တကယ်အစွစ် နိုင်နင်းသူက အတင်းအနိုင်ကျင့်၍ ဤစာအုပ်သည် စာအုပ်အဖြစ် ဒုတိယအကြိမ်ထွက်လာရခြင်းဖြစ်ကြောင်း ဝန်ခံပါသတည်း။

ထုတ်ဝေသူ

# တိုက်ပွဲဟူသည်

ပြည်ထောင်စု ရန်ကုန်အစိုးရခေတ်၌ ဖြစ်၏။

စာရေးသူသည် ရဲဘော်ပေါင်း(၁၃၉)ယောက် ပါရှိသော တပ်ခွဲတစ်ခုကို အုပ်ချုပ်လျက် ထားဝယ်မြို့သို့ "ဘန်ဒရာ"အမည်ရှိသော သင်္ဘောဖြင့် သွား၏။

သင်္ဘောပေါ်တွင် စာရေးသူ၏ တော်လှန်ရေးရဲဘော်တစ်ဦး ဖြစ်သော ဗိုလ်မြလှိုင်(ပေဖူးလွှာမဂ္ဂင်း၊ စာတည်းချုပ်)သည်လည်း စာရေးသူကဲ့သို့ပင် တပ်ခွဲတစ်ခုကို အုပ်ချုပ်လျက် "ဗိတ်"မြို့အထိ သွားရမည် ဖြစ်၏။

ရဲဘော်မြလှိုင်သည် ကွန်လွန်သူ ကျောင်းသားခေါင်းဆောင်ဟောင်း "ဇနီးမောင်နှံ ရာသက်ပန်"စာအုပ်ကို ပြုစုသွားသူ ဒေါက်တာလှရွှေနှင့် ဗိုလ်မှူးလက်ျာ၏ ညီအရင်းဖြစ်လျက် လူချမ်းသာမျိုးထဲက ဖြစ်၏။

ထို့ကြောင့် ရဲဘော်မြလှိုင်၏ ရဲဘော်များသည် ရဲဘော်မြလှိုင်က စိုက်ထုတ်ချုပ်လုပ်ပေးထားသော စစ်ဝတ်စုံများကို ဝတ်ကြလျက် အမေရိကန်စစ်သားများကဲ့သို့ ပြောင်လက်သော အသွင်အပြင် ရှိကြ၏။

စာရေးသူ၏ ရဲဘော်များကား ထိုသို့မဟုတ်။

စာရေးသူ၏ ရဲဘော်တို့သည် စစ်ရဲတပ်ရင်း(၄)မှ ထုတ်ပေးလိုက်သော မိမိတို့နှင့် ဘယ်လိုမှမတော်သည့် စစ်ဝတ်စုံဖားဖားကြီးများ

ကို ဝတ်ကြလျက် မည်ကဲ့သို့မျှ ကြည့်၍အဆင်မပြေနိုင်သော အချိုးအစား များဖြင့် သဘော်ပေါ်တွင် ခပ်ကုပ်ကုပ် ရှိကြ၏။ သို့ရာတွင် စာရေးသူ၏ ရဲဘော်များက သာသောအချက်ရှိ၏။

ထိုအချက်ကား တခြားမဟုတ်။

စာရေးသူသည် ကြက်တန်းတွင် ရောင်းချသော သံခမောက် များကို ဈေးပေါပေါနှင့် စိုက်ထုတ်ဝယ်ယူလာ၏။ ထို့နောက် သံချေးများ ကို ကိုယ်တိုင်တိုက်ချွတ် ဆေးကြောပြီးလျှင် ကုန်ဈေးတန်းမှ သဘော် ဆေး နှစ်ဘူးဝယ်လာကာ ကာကီစိမ်းရောင်သုတ်ပေးလိုက်သဖြင့် အသစ် ကဲ့သို့ ဖြစ်လာ၏။ ထိုသံခမောက်ကိုယ်စီတို့ကို စာရေးသူ၏ ရဲဘော်တို့ က ခပ်ကြွားကြွား ဆောင်းထားနိုင်ကြခြင်းပင်ဖြစ်၏။

ထိုမျှမက နောက်တစ်ခုရှိပါသေး၏။ ထိုသည်ကား စာရေး သူတို့၏ တပ်ခွဲမှ ရဲဘော်များကိုယ်တိုင် ချွေးသီးချွေးပေါက်ကျအောင် ထမ်းပိုး၍ ချခဲ့ကြရသော သဘော်တစ်ဝက်လုံးလုံး ပြည့်လုနီးပါး ကျပ် ကျပ်တည်းတည်း နေရာယူ၍ ထားကြရသော ကျည်ဆန်သေတ္တာများ ဖြစ်၏။

တိုက်ပွဲသို့ မျက်မှောက်ပြုကြရမည့် စစ်တပ်အသီးသီးတို့ သည် စစ်ဝတ်စုံများ လှပခန့်ညားခြင်းထက် လက်နက်ကျည်ဆန်တို့ များပြားလုံလောက်ခြင်းက ပို၍ဂုဏ်ရှိသည် မဟုတ်ပါလော။

ထို့ကြောင့် စာရေးသူ၏ရဲဘော်တို့သည် မိမိတို့ မည်မျှပုံဆိုး ပန်းဆိုးနှင့် ဖြစ်နေစေကာမူ ဂျပန် ဘူရှိဒိုသွေးမျိုးဝင်ကာ မိုက်ဂိုက်ဖမ်း လျက် ရှုသိုးသိုးနှင့် ရှိကြကုန်၏။

ထိုနည်းအတူ ရဲဘော်မြလှိုင်၏ ရဲဘော်တို့ကလည်း လှပ သော စစ်ဝတ်စုံများကို ခပ်ကြွကြွ ဝတ်ကြကာ အောင်ပွဲရမည့်မြင်းများ တာစူနေရသကဲ့သို့ အလွန်လျှင် ကြော့ကြော့မော့မော့နှင့် ရှိကြကုန်၏။

သို့ရာတွင် မိမိတို့အကြောင်းကို မိမိတို့ သိကြကုန်သော စာရေးသူနှင့် ရဲဘော်မြလှိုင်တို့ကမူ ရဲဘော်ကလေးများကဲ့သို့ မိုက်ဂိုက်လည်း မဖမ်းနိုင်ကြလေကုန်။ ကြော့ကြော့မော့မော့လည်း မနေနိုင်ကြလေကုန်။

မြေပုံချပ်ကြီးများကို ရှေ့၌ဖြန့်ကြခါ အားအားရှိတိုင်း ခေါင်းချင်းရိုက်နေကြရ၏။ ဆွေးနွေးတိုင်ပင်နေကြရ၏။ တစ်ယောက်နှင့် တစ်ယောက် အချိတ်အဆက် လုပ်နေကြရ၏။

စာရေးသူနှင့် ရဲဘော်မြလှိုင်တို့သည် မိမိတို့၏ တပ်တော်နောက်ကို မျှော်ရှုလိုက်ပါမူ တစ်ခွဲနှစ်ခုစလုံး အတွင်းရှိ တပ်သားများအားလုံး လူသစ်တွေချည်း ဖြစ်ကြကုန်၏။

စာရေးသူ၏တပ်ခွဲတွင် သေနတ်နှင့် အရောဝင်ခဲ့ဖူးသူများကို အိတ်သွန်ဖာမှောက် ရေတွက်ကြည့်လိုက်မည်ဆိုလျှင် စာရေးသူပါနှင့်မှ ခြောက်ယောက်သာ ရှိပါ၏။ ကျန်ရဲဘော်အားလုံးတို့ကား ရိုင်ဖယ်သေနတ်ကို အနီးကပ်၍တောင် မမြင်ဖူးရှာကြလေ။

ထို့အတူ ရဲဘော်မြလှိုင်၏ တပ်ခွဲတွင်လည်း ရဲဘော်မြလှိုင်ပါမှ စုစုပေါင်း လေးယောက်သာ ရှိကြသည်ဟုဆို၏။ ကျန်ရဲဘော်တို့ကား ရိုင်ဖယ်သေနတ်ဆိုသည်မှာ ကုန်းသတ္တဝါလော...ရေသတ္တဝါလော ဟူ၍ တွေးခဲ့ကြသူများသာ ဖြစ်သောဟူ၏။

ရဲဘော်မြလှိုင်သည် ထိုမျှသေနတ်အကြောင်းကို သိရှိထားကြသည့် ရဲဘော်တို့အား တပ်ဖွဲ့ခဲ့သည့် အချိန်မှစ၍ ယနေ့အထိ ဆယ့်ငါးရက်ကျော်ကျော် ရှိပြီဖြစ်သော ကာလအပိုင်းအခြားအတွင်း၌ စစ်ဝတ်စုံများကို သေသပ်စွာ ဝတ်ဆင်နည်းနှင့် အလေးပြုနည်းတို့ကိုသာ အနိုင်နိုင် သင်ကြားပေးရသေးသည်ဟု ဆို၏။ ယခု စစ်ထွက်လာခဲ့ရာ ပေပြီ။

ထို့နည်းအတူ စာရေးသူ၏ရဲဘော်တို့ကိုလည်း တပ်ဖွဲ့ခဲ့သည့်နေ့မှစ၍ ယနေ့အထိ အချိန်တစ်လခွဲ အတွင်း၌ ...

သေနတ်ကိုဆွဲ၍လည်းကောင်း၊

သေနတ်ကို ထမ်း၍လည်းကောင်း၊

သေနတ်ကို လူနှင့်ကပ်၍လည်းကောင်း၊ ခြေလှမ်းညီစွာ လမ်းလျှောက်နိုင်ရုံ ရပ်နားနိုင်ရုံမျှ သင်ကြားလာခဲ့၏။

သို့ရာတွင် အလေးမပြုတတ်သေးချေ။ ကျောပိုးအိတ်ကို ပင်လျှင် မည်သို့လွယ်ရမည် မသိကြသေးသောကြောင့် ညကမှ အပြေး

အလွှား သင်ပေးခဲ့ရ၏။ ယခု ဤရဲဘော်များဖြင့် စစ်တိုက်ရန် ထွက်လာခဲ့ပါပြီ ...။

စာရေးသူနှင့် ရဲဘော်မြလှိုင်တို့သည် တပ်ခွဲတစ်ခုစီနှင့် စစ်တိုက်ရန်ထွက်လာကြသည်ဟုဆိုသော်လည်း နှစ်ယောက်သော ဗိုလ်ကြီးတို့ ကိုယ်တိုင်ပင်လျှင် တရားဝင်သော စစ်သားမှတ်ပုံတင် လက်မှတ်များ မပါရှိကြပါ။ တပ်ရွှေ့ပြောင်းသော အမိန့်စာလွှာ စာရွက်များလည်း မပါရှိကြပါ။

တပ်ခွဲမှူးကြီးများ ကိုယ်တိုင်ပင်လျှင် စစ်သားမှတ်ပုံတင် လက်မှတ်များ မရှိခဲ့ကြသည်ဖြစ်ရာ စစ်သားများအတွက်မူ အဘယ်သို့ ဆိုဖွယ်ရာ ရှိပါချိမ့်။

သို့သော် ရဲဘော်မြလှိုင်နှင့် စာရေးသူတို့သည် ခပ်တည်တည် ပင် သင်္ဘောပေါ်၌ ပါလာခဲ့ကြလေပြီ…။

ရဲဘော်မြလှိုင် သွားရောက်ရမည့် "ဗိတ်"အခြေအနေသည် မည်သို့ဟု အတိအကျ မသိရသေးသော်လည်း သိပ်မဆိုးလှဟု သိရပြီးဖြစ်၏။

စာရေးသူ သွားရောက်ရမည့် ထားဝယ်အခြေအနေသည် မည်သို့ဟု အတိအကျ မသိရသေးသော်လည်း သိပ်မဆိုးလှဟု သိရပြီးဖြစ်၏။

စာရေးသူ သွားရောက်ရမည့် ထားဝယ်အခြေအနေကား ယခု ကရင်အမျိုးသား သူပုန်တပ်ကြီးက ဝိုင်းထားနှင့်နေပြီဟု ကြားသိရ၏။

အခြေအနေပေးလျှင် ကရင်အမျိုးသားများ မစီးရသေးမီ ထားဝယ်မြို့အတွင်းသို့ ရောက်ရှိနိုင်ရန်။

အခြေအနေမပေးပါမူ သင်္ဘောပင်လျှင် ထားဝယ်မြို့ဆိပ်ကမ်းသို့ ကပ်နိုင်လိမ့်မည် မဟုတ်ဟု ကြားသိရ၏။

ထို့အပြင် ထားဝယ်ကို ဝိုင်းထားကြသော ကရင်အမျိုးသားအင်္ဂါမျိုးသည်မှလာလည်း ကရင်ရိုင်ဖယ်နှင့် ကရင်လက်နက်ကိုင်ပုလိပ်

များ စုပေါင်းထားသောတပ်ဟု ကြားရ၏။ စစ်ကြီးမဖြစ်မီကတည်းက အစိုးရတို့ ဖွဲ့စည်းလေ့ကျင့် သင်ကြားပေးခြင်းကို ခံယူခဲ့ကြရသော တပ်များဖြစ်ကြ၏။ ၎င်းတို့၏နောက်မှ မွန်သူပုန် အမျိုးသားတို့တပ်တို့ကလည်း ခုတ်ခွာအဖြစ်နှင့် ပါသေးသည်ဟုဆို၏။

ထိုကရင်အမျိုးသား သူပုန်တပ်များသည် ယခု ခရီးထွက်မလာမီ တစ်လကျော်လောက်ကမှ အပြေးအလွှား ဖွဲ့စည်း၍ မနားမနေ သင်ကြားလာခဲ့သဖြင့် သေနတ်ကိုဆွဲလျက် လမ်းညီညီလျှောက်တတ်ကုန်ကြပြီဖြစ်သော စာရေးသူ၏ ရှုနာရှိုက်ကုန်း တပ်သားများဖြင့် ရင်ဆိုင်ကြရပေတော့မည်။ ဩော် ... သနားဖွယ် ကောင်းလေစွ။

ရဲဘော်မြလှိုင်က အားပေးစကား ပြောရှာသည်။

"ရဲဘော်ရေ ... သိပ်တော့ စိတ်မပူနဲ့ဗျာ၊ ကျွန်တော် ခင်ဗျားတို့ ထားဝယ်အထိ တပ်စုတစ်စုကို ပန်းခွေတစ်ခုနဲ့လွှတ်ပြီး အကြိုခိုင်းထားမယ် ..."

တစ်ဦးနှင့်တစ်ဦး တိုင်ပင်ရင်း ဆွေးနွေးရင်း နောက်ပြောင်သာ နေကြရ၏။ စိတ်ထဲ ဝမ်းထဲ၌မူ ကိုယ့်အပူနှင့်ကိုယ် ရှိနေကြ၏။

နောက်ဆုံး အစီအစဉ်မှာ စာရေးသူတို့ဘက်မှ အဆင်မပြေလျှင် "ဗိတ်"ဘက်သို့ ဆုတ်ခဲ့ကြ၍ ရဲဘော်မြလှိုင်၏တပ်နှင့် ပူးပေါင်းကာ "ဗိတ်"ကိုမကျအောင် ထိန်းသိမ်းရန်ပင်ဖြစ်၏။ ရဲဘော်မြလှိုင်က ဗိတ်, ထားဝယ် နယ်စပ်တွင် တပ်စုတစ်စု အဆင်သင့် အစောင့်ထားပေးမည်ဖြစ်၏။

ကရင်အမျိုးသားများသည် ထားဝယ်ကျပြီးမှ "ဗိတ်"ကို တိုက်ကြမည် ဖြစ်သောကြောင့် ရဲဘော်မြလှိုင်အတွက် အနည်းငယ်ကြံသာဖန်သာ အချိန်ရှိနေ၏။

သို့ရာတွင် ဟိုနား သည်နား နည်းနည်းစီ ဆူစ,ပူစပြုနေပြီ ဟူ၍ကား ကြားနေရပေပြီ။

နောက်ဆုံးတွင် ရဲဘော်မြလှိုင်က စာရေးသူ၏ထံမှ ကျည်ဆန်သေတ္တာနှစ်လုံး သုံးလုံးခန့် တောင်းထားလိုက်ချင်သော်လည်း သဘော

ပေါ်မှ ဆင်းလျှင် ဆင်းချင်းလိုလို တိုက်ပွဲနှင့် တွေ့ကြရမည်ဖြစ်သော ကြောင့် အားနာ၍ မတောင်းဟု ဆို၏။

ဤတွင် စာရေးသူက ပြုံးရပြန်လေပြီ ...။

ဤကျည်ဆန်သေတ္တာများကို မျက်စိကျနေကြသည်မှာ ရဲဘော်မြလှိုင်သာလျှင် မဟုတ်၊ စာရေးသူတို့ တပ်ရင်းအတွက် အရေးပေါ် တပ်ရင်းမှူး လုပ်ပေးနေရရှာသော စစ်ရဲတပ်ရင်း(၄)မှ တပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးထွန်းတင်ကလည်း တအံ့တသြနှင့် မျက်စိကျနေ၏။ တပ်မတော်မှ ဗိုလ်မှူးအောင်ကြီးကလည်း သဘော်ဆိပ်သို့ လိုက်ပို့ရင်း အံ့အားသင့်နေ၏။

ဗိုလ်မှူးထွန်းတင်က ဗိုလ်မှူးအောင်ကြီးကို စကားနာထိုး၏။

"ကျွန်တော်တို့ တပ်ရင်းတစ်ခုလုံးတောင် တစ်ခုမှ ယခုကဲ့သို့ ကျည်ဆန်များများရရှိရန် မဆိုထားနှင့် မြင်ပင်မမြင်ဖူးပါ။ ယခု ဗိုလ်မှူးအောင်ကြီးတို့ ရဲဘော်ရဲဘက်တွေ စစ်ချီသွားမှပင်လျှင် မြင်ဖူးရပါသည်"

ဟု ခနဲ့၏။

ဗိုလ်မှူးအောင်ကြီးကလည်း သူ ဘာမျှ မသိရကြောင်း၊ ဒီလူ ဒီဟာတွေ ဘယ်များသွားပြီး အနိုင်ကျင့်လာမှန်း မသိကြောင်း၊ တပ်မှူးမှန်သမျှ သူ့အပေါင်းအသင်းချည်း ဖြစ်နေသဖြင့် ဤသို့ ရရှိလာဟန်တူကြောင်းဖြင့် ရှင်းပြ၏။

ထိုနောက် စာရေးသူကို "ခင်ဗျား ဒီဟာတွေ ဒါလောက်ရလာအောင် ဘယ်က စုဆောင်းလာတာလဲ"ဟု မေး၏။

စာရေးသူက "ဒီလို ကံ့ရ ဖန်ရတာပေါ့"ဟု ဖြေ၏။ ဗိုလ်မှူးထွန်းတင်က ကားတစ်စီး ထားပစ်ခဲ့ရမယ် ... ဟု အတင်းဆိုလာ၏။ စာရေးသူက ဘယ်ဖြစ်နိုင်ပါ့မလဲဟု ငြင်းဆန်ရင်း ရဲဘော်တွေနှင့် အတင်းထမ်းချလာခဲ့ရ၏။

ယခု ရဲဘော်မြလှိုင်က ...။

အားနာသဖြင့်သာ နေလိုက်ရသည်။ ဤကျည်ဆန်သေတ္တာများထဲမှ နှစ်လုံးလောက် တောင်းချင်သည်ဟု ဆိုလာ၏။

စာရေးသူက ရဲဘော်မြလှိုင်အား မေးကြည့်သောအခါ ... တပ်ရင်းက သူ့ကို ကျည်ဆန်ငါးသေတ္တာသာ ပေးလိုက်သည်ဟုဆို၏။

ထိုအခါ စာရေးသူက ခင်ဗျားထက် တစ်သေတ္တာသာ ပိုပါသည်ဟု အရင်းအတိုင်း ပြောပြရ၏။ ရဲဘော်မြလှိုင်က ထရပ်ကားကြီး ငါးစီးပေါ်က ချလာတဲ့ ဟာတွေကောဟု မေး၏။

ထိုသေတ္တာများကား မင်္ဂလာဒုံရှိ ဗိုလ်ရဲမြင့်ထံမှ တောင်းယူလာခဲ့သော ကျည်ဆန်သေတ္တာအလွတ်များဖြစ်၍ အထဲတွင် အုတ်ခဲများ အပြည့်အကျပ် ထည့်ယူလာခြင်းဖြစ်၏။

ထိုအကြောင်းကို စာရေးသူနှင့် ရဲဘော်ဗိုလ်ကလေး နှစ်ယောက်တို့သာလျှင် သိကြ၏။

စာရေးသူက ရဲဘော်မြလှိုင်အား ဤအတိုင်း ရှင်းပြလိုက်သောအခါ ရဲဘော်မြလှိုင်က ခွက်ထိုးခွက်လန် ရယ်ပါသောဟူ၏။

ဤကဲ့သို့ ရယ်ချည်တစ်ခါ တွေးချည်တစ်လှည့်နှင့် လာလတ္တံ့သော အခြေအနေ ရှေ့ရေး နောက်ရေးတို့ကို တိုင်ပင်ဆွေးနွေးကြပြီးနောက် စာရေးသူနှင့် ရဲဘော်မြလှိုင်တို့သည် အသီးသီး မိမိတို့၏ ပြုဖွယ်ရှိသော ကိစ္စများအတွက် ပြင်ဆင်ကြရ၏။

စာရေးသူသည် လက်အောက်ဗိုလ်ကလေး သုံးယောက်တို့ကို မိမိအခန်းသို့ ခေါ်ယူပြီးနောက် ...

"မိမိတို့တပ်ခွဲမှ ရဲဘော်များသည် မည်သည့် အပြင်ခရီးသွားတို့နှင့်မျှ စကားမပြောကြစေရန်"တို့ကို ကျပ်တည်းစွာ တားမြစ်ခိုင်းလိုက်၏။

ဤသို့ မတားမြစ်လျှင် စကားထဲမှ ဇာတိပြကာ ယခုမှ ဖွဲ့စည်း၍ ထွက်လာခဲ့ကြသောတပ်ဟု သိသွားကုန်မည်ကို စိုးရိမ်ရသောကြောင့် ဖြစ်၏။

ထိုသို့သိသွားကြပါလျှင် ဤသင်္ဘောပေါ်၌ မော်လမြိုင်နှင့် ထားဝယ်ဘက်မှလူများ ပါရှိလာကြပါက သတင်းပျံ့နှံ့သွားခဲ့ပါမူ ရန်သူ၏နားသို့ ရောက်ရှိမသွားနိုင်ဟု မည်သူက ဆိုနိုင်ပါအံ့နည်း။ ဤအကြောင်း

ကို ရဲဘော်မြလှိုင်အား သတိပေးထား၏။ ရဲဘော်မြလှိုင်က သဘောတူ ရုံမျှမက ...

“ရဲဘော်အချင်းချင်း စကားပြောကြစေကာမူ လူစိမ်းများ ကြားလောက်အောင် မပြောရ”ဟု ဖြည့်စွက်ပေးလိုက်၏။ စာရေးသူ သတိလစ်သောကိစ္စကို ဖြည့်စွက်ပေးသောကြောင့် ကျေးဇူးတင်ရ၏။

ထို့နောက် လက်အောက်ဗိုလ်ကလေးများကို ဆက်လက် ခေါ်ယူကာ ထားဝယ်ဆိပ်ကမ်းသို့ရောက်လျှင် မည်သို့မည်ပုံ ဆင်းကြရ မည်ကို ရဲဘော်တွေအား ကျိတ်၍သင်ပေးထားကြရန် အသေးစိတ် ညွှန် ပြရပြန်၏။

သို့သော် တပ်ခွဲရှိ ရဲဘော်အားလုံးတို့သည် ပင်လယ်အတွင်း ၌ လှိုင်းအလွန်မူး၍ နေကြသောကြောင့် လူစိမ်းများနှင့်လည်း စကားမ ပြောနိုင်၊ ဆိပ်ကမ်းသို့ ရောက်သောအခါ မည်သို့မည်ပုံ ဆင်းကြရမည် ကိုလည်း မသင်ကြားနိုင်ကြပေ။

ဤအတိုင်း နှစ်ရက်မျှ လွန်မြောက်ကာ တစ်ခုသော ည ရှစ်နာရီခန့်တွင် စာရေးသူတို့ စီးလာကြသော “ဘန်ဒရာ”သင်္ဘောကြီး ရပ်၍သွား၏။ စာရေးသူတို့သည် ထားဝယ်မြစ်တွင်းသို့ ဝင်ကြရမည့် သင်္ဘောငယ်တစ်စင်းသို့ ပြောင်းရွှေ့စီးကြရမည်ဟုဆို၏။

ထို့ကြောင့် ရဲဘော်ကလေးတို့သည် များပြားလှသော ကျည် ဆန်သေတ္တာများနှင့် အခြား ဝန်စည်တို့ကို အချိန်နှစ်နာရီခန့်ကြာအောင် တွဲသမ္ဗန်ကြီးတစ်ခုမှတစ်ဆင့် သင်္ဘောငယ်တစ်စင်းပေါ်သို့ တပင်တပန်း ပြောင်းရွှေ့နေရရှာလေပြီ။

ရဲဘော်မြလှိုင်သည် ရဲဘော်ကလေးတို့က ကျည်ဆန်သေတ္တာ ကြီးများအား ဂရုတစိုက် ထမ်းပိုးသယ်ယူနေကြသည်ကို တွေ့ရသော အခါ ပြုံး၏။

ထို့နောက် စာရေးသူ၏ မျက်နှာကို အတန်ကြာအောင် စိမ်းစိမ်းစိုက်ကြည့်နေပြီးနောက် စာရေးသူ၏လက်ကို တအားညှစ်၍ ဆုပ်လိုက်၏။

"ကဲ ... အစစ အောင်မြင်ပါစေဗျာ ..." တဲ့။ စာရေးသူသည် ရဲဘော်မြလှိုင်၏ စီးကရက်သံဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိပြီးနောက် ကျောခိုင်း၍ ထွက်လိုက်၏။ ရဲဘော်မြလှိုင်က စာရေးသူ၏လက်မောင်းကို နောက်မှလှမ်းဆွဲလိုက်ပြီးလျှင် စီးကရက်သံဘူးကို ဘေးလွယ်အိတ်ထဲသို့ ထည့်ပေးလိုက်၏။

လေအလွန်တိုက်သော ညဖြစ်၏။

တွဲသမွန်ကြီး ခွာလာသောအခါ လှိုင်းတဖြန်းဖြန်းရိုက်ခတ်လျက်ရှိသော သင်္ဘောကြီး၏ ကုန်းပတ်ပေါ်တွင် လှုပ်ယမ်းနေသော မီးရောင်၏အောက်၌ ရဲဘော်မြလှိုင်၏ ရုပ်သွင်သည် လင်းချည်တစ်လှည့် မှောင်ချည်တစ်ခါဖြင့် လက်ပြလျက် ရှိနေသေး၏။

တဖြည်းဖြည်း ဝေး၍ ဝေး၍ လာ၏။

မှောင်နေသော ပင်လယ်ပြင်တွင် မဲကြုတ်ကြုတ် သင်္ဘောကြီးသည် မီးကလေးတလက်လက်နှင့် ကျန်ရစ်ခဲ့လေသတည်း။

■ ■ ■

## "ထားဝယ်ဆိပ်ကမ်းသို့ တက်ကြခြင်း"

ရာသီဥတုသည် လွန်ခဲ့သော နေ့များထက် သာယာ၍လာ၏။ တက်သစ်စ နေရောင်ခြည်ဦးတွင် နှစ်ထပ်သင်္ဘောကလေးသည် မြစ်ကြောင်းအတိုင်း တဖြည်းဖြည်း ဆန်တက်လာ၏။

သင်္ဘောပေါ်၌ စာရေးသူ၏ တပ်ခွဲမှလွဲလျှင် အခြားကုန်စည်အချို့နှင့် ခရီးသည်သုံးယောက်သာ ပါရှိ၏။

မျက်နှာဖြူဖြစ်သော သင်္ဘောကပ္ပီတန်သည် "ဘန်ဒရာ" သင်္ဘောပေါ်မှ သင်္ဘောအရာရှိများကဲ့သို့ အင်္ဂလိပ်လူမျိုးပီပီ စခန်းကြီးကြီး မဟုတ်မူဘဲ အလွန်ဖော်ရွေနေ၏။

သူသည် စာရေးသူတို့အား လွန်ခဲ့သော နှစ်ပတ်ကျော်ကျော်လောက်ကတည်းက လာရောက်ကြမည်ဆိုလျှင် ပို၍ကောင်းမည်ဟုပြော၏။

ထို့နောက် ဆူပူသူတို့သည် ယခုအပတ်အတွင်း၌ပင်လျှင် ထားဝယ်မြို့ကို ဝိုင်းထားကြခြင်း ဖြစ်သည်ဟုဆို၏။

ယခု ဤသင်္ဘော ဤသို့ ထုံးစံအတိုင်း ခရီးထွက်လာခြင်းသည်ပင်လျှင် စာရေးသူတို့တပ်ခွဲ ပါရှိလာခြင်းကြောင့် လာခဲ့သည်။ သို့မဟုတ်က ယခုအခေါက်မှစ၍ ဤသင်္ဘော မသွားတော့ဟု ဆို၏။

စာရေးသူက ကိစ္စမရှိပါ ဆက်လက် ခုတ်မောင်းမြဲ ခုတ်မောင်းပါဟု တိုက်တွန်းရ၏။

ကပ္ပိတန်ကြီးက ယခုဝိုင်းထားသူတို့သည် ကွန်မြူနစ်များ မဟုတ်ကြသေးသဖြင့် တော်သေးသည်ဟု ဆိုပြန်၏။

ထို့နောက် စာရေးသူအား အလွန် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ကျွေးလေ...မွေးလေတော့၏။

ကပ္ပိတန်ကြီးကား ဗမာစကား တတ်သူတည်း။

ထို့ကြောင့် စာရေးသူသည် မျက်နှာဖြူ သဘော်ကပ္ပိတန် ကြီးကို အလိုက်သင့်စွာဖြင့် မေးမြန်းပြောဆိုပြီးနောက် ဗိုလ်လေးများကို စုရုံးလျက် လွတ်လပ်သော နေရာသို့ ခေါ်ယူသွား၏။

ထို့နောက် မိမိတို့တပ်ခွဲ မည်သို့မည်ပုံ သဘော်မှဆင်းကြ ရမည့် အကြောင်းတို့ကို အသေးစိတ် အစီအစဉ် ချပေး၏။

ထိုအစီအစဉ်၏ နောက်ဆက်တွဲတွင် ရဲဘော်ကလေးများ သည် အနည်းငယ်မျှ မရယ်မပြုံးဘဲ တည်တံ့သော မျက်နှာဆိုးကြီးများ နှင့် အံမြဲနေကြရန်။

၎င်းအပြင် မိမိတို့အချင်းချင်းမှလွဲလျှင် အနီးတွင် ထဘီ ချွတ်ထားသော အပျိုကလေးတစ်ယောက် ရှိနေသည့်တိုင်အောင် လှည့် မကြည့်ဘဲ မမြင်သလို နေကြရန်။

မိမိတို့အချင်းချင်းမှလွဲ၍ မည်သည့်အပြင်လူ တစ်စုံတစ် ယောက်ကိုမျှ စကားမပြောကြရန်။

အကယ်၍ မရှောင်သာသဖြင့် အပြင်လူ တစ်စုံတစ်ယောက် နှင့် စကားပြောကြရမည်ဆိုလျှင် လေသံကို တိုးနိုင်သမျှတိုးတိုးနှင့် ညင် သာစွာ အချိုဆုံးပြောပြီးနောက် မျက်နှာကမူ တည်နိုင်သမျှ တည်တည် ထား၍ သူစိမ်းလူ၏ မျက်လုံးကို မျက်တောင်မခတ်ဘဲ အမြဲတမ်း စိုက် ကြည့်ထားကြရန်။

ထိုသို့ ပြောဆိုနိုင်ခွင့် ရသူများသည် အနည်းဆုံး တပ်စိတ် မှူး အဆင့်အတန်းရှိသူများ အထိသာ ပြောကြ၍ ရိုးရိုးရဲဘော်များကိုမူ မလွှဲမရှောင်သာမှ ကြည့်ရုံမျှ ကြည့်ခွင့်ပေးရန်။

ထို့နောက် မည်သည့်ရဲဘော်မဆို မိမိတို့ တည်းခိုမည့်စခန်း

သို့ မရောက်မချင်း အချင်းချင်းလည်း စကားမပြောဘဲ နေနိုင်သမျှ နေကြရန်။

အကယ်၍ မရှောင်သာသဖြင့် ပြောကြမည်ဆိုလျှင် မည်သည့်အကြောင်းကိုစွမဆို ဥပမာ ... ကောင်မကလေးလှလှ တွေ့နေရသည့်အကြောင်းကိုဖြစ်ဖြစ်၊ အခြားရယ်စရာ အကြောင်းတစ်စုံတစ်ရာကိုဖြစ်ဖြစ်၊ ပြောမည့်သူက အပြောခံရမည့် ရဲဘော်ရှေ့တွင် သတိအချိုးအစားဖြင့် နီးကပ်စွာရပ်လိုက်ပြီးမှ အတည်ဆုံးမျက်နှာနှင့် အပြင်လူမကြားရအောင် အတိုးဆုံးပြောစေရန်။

ထိုအခါ အပြောခံရသည့် ရဲဘော်ကလည်း သတိအချိုးအစားဖြင့် တောင့်တောင့်ရပ်၍ အလွန်ရင့်ကျက်သော ဣန္ဒြေဖြင့်သာ နားထောင်ရန်။

အကယ်၍ ရဲဘော်တစ်စုံတစ်ယောက်သည် သူစိမ်းရှေ့၌ ပြုံးရယ်ခြင်း ပြုပါက တစ်ခါပြုံးလျှင် ငွေတစ်ကျပ်တိတိ လခထဲမှအဖြတ်ခံရမည်ဖြစ်၍ မည်သူပြုံးပါသည်ဟု လာရောက်တိုင်ကြားသော ရဲဘော်ကို ထိုငွေထဲမှ ငါးမူးဆုအဖြစ် ပေးမည်ကိုပါ ကြေညာရန် စသော အချက်မျိုးများလည်း ပါရှိ၏။

စာရေးသူ ပြောဆိုသင်ကြားနေသည်ကို ဗိုလ်ကလေးများက နားထောင်ရင်း ပြုံးရယ်ကြ၏။

"အေး ... မင်းတို့ အဲဒီလို ပြုံးနေကြ၊ ဒါ ... စစ်တိုက်ဖို့ ပြင်ဆင်နေတာ မင်းတို့က စပြင်ကြရမယ်"

ဟု ပြောလိုက်မှ မျက်နှာတည်သွားကြ၏။

ဗိုလ်ကလေးများ ပြန်သွားကြသောအခါ စာရေးသူသည် အတော်စိတ်ပေါ့လက်ပေါ့ဖြစ်လျက် ကပ္ပိတန်ကြီးဆီသို့သွား၍ မိမိတို့ဆင်းလာသောအချိန်တွင် အခြားသူများ အဆင်းအတက် လုံးဝမလုပ်နိုင်ရန် တားဆီးထားမည် ဖြစ်ပါသဖြင့် ခွင့်ပြုနိုင်ပါမည်လားဟု မေး၏။ ကပ္ပိတန်ကြီးက ခွင့်ပြု၏။

အတော်ကျေနပ်ကာ ကျေးဇူးတင်ကြောင်းကို ပြောခဲ့၍ မိမိအခန်းထဲသို့ ဝင်လာ၏။ ထို့နောက် "ဟောလ်ဝိုင်"ပုလင်းကိုဖွင့်၍ တစ်မော့

မော့၏။ ထို့နောက် ရဲဘော်မြလှိုင် ပေးလိုက်သော စီးကရက် သံဘူးထဲမှ စီးကရက်တစ်လိပ် ထုတ်ယူသောက်၏။

ထို့နောက် အိပ်ရာပေါ် ပစ်လှဲလိုက်ကာ ...

"အချစ်ဦးကလေးရဲ့ နားထောင်ကွယ် မောင်ပြောမယ်..." ဟူသော ဂျပန်ခေတ်က ရထားသည့် သီချင်းကို သံသေးသံကြောင်နှင့် ခပ်တိုးတိုး ညည်းနေမိ၏။

"ဗိုလ်ကြီး ထားဝယ်ကို မြင်ရပြီ ..."ဟု ဗိုလ်ကလေးတစ်ဦးက လာပြော၏။

"အေး ... အားလုံး အသင့်သာ ပြင်ကွာ ..."ဟု ပြောပြီးလျှင် အိပ်ရာကို လိပ်သိမ်း၏။

အားလုံးပြင်ဆင် အသင့်ဖြစ်ပြီးသောအခါ ကပ္ပိတန်ကြီးရှိရာသို့ သွား၏။

သင်္ဘောမှ စီးမြင်နေရသလောက် မြို့အကျယ်အဝန်း အနီးအနား ရွာစသည်တို့ကို မေး၏။ ကပ္ပိတန်ကြီးက စိတ်ရှည်စွာပြောပြနေ၏။ ထိုအတွင်း သင်္ဘောသည် ထားဝယ်ဆိပ်ကမ်းသို့ ရောက်ရှိလာ၏။

စာရေးသူက ဗိုလ်ကလေးတစ်ယောက်ကိုခေါ်၍ မြင်နေရသော အစိုးရအဆောက်အအုံ တစ်ခုကို ပြလိုက်၏။ ထိုအဆောက်အအုံကား ရောဝတီရုံးဖြစ်၏။ ဗိုလ်ကလေးက သဘောပေါက်စွာဖြင့် သင်္ဘောအောက်ထပ်သို့ ဆင်းသွား၏။

ဆိပ်ကမ်းပေါ်တွင် ကုန်လာကြိုသူများနှင့် ကုန်သယ်ချကြမည့် အလုပ်သမားများ စုစုပေါင်း ဆယ်ယောက်ခန့်ရှိ၏။ ရောဝတီရုံးစီမှ ရဲအုပ်တစ်ယောက်နှင့် လူနှစ်ယောက်ခန့် ကမန်းကတန်း ဆင်းပြေးလာကြသည်ကို တွေ့ရ၏။ သင်္ဘောဆိုက်ပေပြီ။

ကုန်းပေါင်ထိုးပြီးသောအခါ ဗိုလ်ကလေး တစ်ယောက်က ကမ်းထိပ်သို့ အပြေးဆင်းသွား၏။

ထို့နောက် ရဲအုပ်နှင့်တကွ သင်္ဘောပေါ်သို့ တက်မည့်ဆဲဆဲဖြစ်နေကြသော ကုန်သယ်ယူမည့် အလုပ်သမားများကို တားထားလိုက်၏။

တားသည်ဆိုရာ၌ သင်္ဘောပေါ်သို့ မတက်စေရုံမျှ မဟုတ်ဘဲ

သဘော်ဆိပ်နှင့် ကိုက်နှစ်ရာခန့် အဝေးတွင်ရှိသော ဇရာဝတီရုံးအောက်သို့သွား၍ အနေခိုင်းခြင်းဖြစ်၏။ ထို့နောက် သဘော်ပေါ်မှ ခရီးသည် သုံးဦးကို ဆင်းသွားစေ၏။

ထို့နောက် စာရေးသူလည်းမသိ၊ ကပ္ပိတန်ကြီးလည်းမသိ၊ ရဲဘော်ကလေးများလည်း မသိကြသော ဗမာလိုလည်းမဟုတ်၊ အင်္ဂလိပ်လိုလည်းမဟုတ်၊ ဘာမှလဲ မဟုတ်သော အသံတစ်ခုကို ကမ်းပေါ်သို့ ရောက်နှင့်လျက်ရှိသည့် ဗိုလ်ကလေးက အော်လိုက်၏။

သဘော်ပေါ်တွင် လက်နက်အပြည့်အစုံကိုင်၍ အသင့်စောင့်ပြီးဖြစ်သော တပ်စုသည် ကမ်းပေါ်သို့ အပြေးဆင်းသွားကြပြီးနောက် ဇရာဝတီရုံးတော်တွင် တပ်စိတ်တစ်စိတ် သဘော်နှင့် ကိုက်နှစ်ရာခန့်စီဝေးသော ဆိပ်ကမ်း၏ဘယ်ဘက်နှင့် ညာဘက်တို့တွင် တပ်စိတ်တစ်စိတ်စီ စသဖြင့် တပ်စုတစ်ခုလုံး တစ်ဟုန်တည်းပြေး၍ နေရာယူလိုက်ကြရာ သဘော်ပေါ်မှ ဆင်းသွားသော ခရီးသည် သုံးယောက်တို့ပင်လျှင် လန့်သွားကြ၏။

ချက်ချင်းဆိုသလို နောက်ထပ် တစ်စုမှူး နှစ်ယောက်နှင့် တွန်မီသေနတ်ကိုင် ရဲဘော်နှစ်ယောက်တို့ အပြေးဆင်းသွားကြပြန်၏။

ကမ်းထိပ်တွင် မျက်နှာချင်းဆိုင်၍ ကျိတ်ကျိတ် ကျိတ်ကျိတ် လုပ်ကြပြီးနောက် ပထမအော်သော ဗိုလ်ကလေးကပင် ကွင်းကျယ်ကြီးဘက်တွင်ရှိသော တပ်စိတ်တစ်စိတ်ကို လက်ညှိုးထိုးကာ ကုန်းဘက်ခပ်ကျကျ နေရာဆီသို့ လမ်းညွှန်ပြလျက် အော်လိုက်ပြန်၏။

လက်ညှိုးအထိုးခံရသော တပ်စိတ်က လက်ညွှန်ပြထားသော နေရာဘက်သို့ ဖြုန်းခနဲ ထပြေးကြပြန်၏။

နောက်ထပ် အော်လိုက်ပြန်၏။

တပ်စိတ်မှ ရဲဘော်တို့သည် အသံကြားရာအရပ်၌ ထိုင်လိုက်ကြပြီးလျှင် အဆင်သင့် စောင့်ကုန်ကြ၏။

အော်၍ အမိန့်ပေးနေသော ဗိုလ်ကလေးသည် လမ်းထိပ်တွင် ရပ်နေကြသော ဗိုလ်ကလေးနှစ်ယောက်ရှေ့သို့ ပြန်လှည့်လာကာ သတိအချိုးအစားနှင့် ရပ်လိုက်ပြီးနောက် ...

သူကိုယ်တိုင်လည်း မသိ၊ မည်သူမှလည်း မသိသော အသံတစ်ခုကို ဒေါပါပါနှင့် ခပ်အုပ်အုပ် ထွက်လာစေ၍ အလေးပြုလိုက်၏။ ဗိုလ်ကလေးနှစ်ယောက်က ပြန်၍အလေးပြု၏။ အော်သော ဗိုလ်ကလေးက ဆတ်ခနဲ နောက်ခိုင်းလိုက်ပြီးနောက် ... ဧရာဝတီရုံးဘက်သို့ ဆတ်တောက် ဆတ်တောက်နှင့် လျှောက်သွား၏။

ထိုအချိန်တွင် ဗိုလ်တစ်ယောက်နှင့် ရဲဘော်တစ်ယောက်တို့က သင်္ဘောပေါ်သို့ အပြေးတက်လာကြပြန်၏။ ကမ်းထိပ်တွင် ကျန်နေသော ဗိုလ်ကလေးတစ်ယောက်က သူ့အနီးတွင် တွန်မီကိုင်လျက်ရပ်နေသော ရဲဘော်ကို လက်ဖြင့်ပြလျက် အော်လိုက်ပြန်ပါချေပြီ။

ဘာတွေမှန်းလဲ မသိရ၊ ဘာအမိန့် ဘာစကားမှန်းလဲမသိရ၊ သို့သော်...သင်္ဘောပေါ်မှ ရဲဘော်တချို့ အပြေးဆင်းလာ၍ တွန်မီကိုင်ရဲဘော်နှင့် ဘေးချင်းယှဉ်ရပ်လိုက်ကြ၏။

တွန်မီကိုင်ရဲဘော်က အော်လိုက်ပြန်ပါလေပြီ။ ရဲဘော်တပ်စိတ်ကလေးတစ်စိတ်သည် သေနတ်ကို ကိုယ်နှင့်ဆွဲကပ်လိုက်ရင်း ဖနောင့်သံတစ်ချက်ပေးကာ ခြေလှမ်းစိပ်ကလေးဖြင့် ပြေးသွားကြ၏။ တွန်မီကိုင်ရဲဘော်က ရှေ့ဆောင်၍ပြေး၏။ လမ်းအတိုင်း ပြေးတက် ပျောက်ကွယ်သွားကြ၏။ သူတို့သည် တစ်မိုင်ကျော်ကျော်ခန့် ပြေးသွားကြပြီးနောက် ရှေ့နောက်ဝဲယာတို့ကို အားလုံးမြင်နိုင်သော နေရာ၌ ရပ်နားကြ၍ ဆိပ်ကမ်းသို့ ဆင်းလာကြသူ အားလုံးတို့ကို တားဆီးထားကြလိမ့်မည်ဖြစ်၏။ ဤပြုလုပ်ပုံများကို စာနှင့်ရေး၍ ဖော်ပြရာ၌ အချိန်ကြာသကဲ့သို့ ဖြစ်သော်လည်း အကယ်၍ ပြုလုပ်ရာတွင်မူ အလွန်မြန်ဆန်လှ၏။ စာရေးသူ ကိုယ်တိုင်ပင် အံ့အားသင့်သွားရ၏။ ရဲဘော်ကလေးများကို သင်္ဘောပေါ်တွင် တိုးတိုးကျိတ်၍ ဓာတ်တိုက်ခဲ့ရာ၌ စိတ်တထင့်ထင့်နှင့် ဖြစ်ခဲ့ရ၏။ ၎င်းတို့ ဗိုလ်ကလေးများ၏ အမိန့်ပေးသံကို ပထမတစ်ခွန်းကြားလျှင် မည်သို့၊ ဒုတိယတစ်ခွန်းကြားလျှင် မည်သို့၊ လက်ကမည်သို့ပြ၍ အော်လိုက်လျှင် မည်သို့လုပ်ကြရမည်ဟု ပုံသေသင်ပေးထား၏။ အမိန့်သံကို နားလည်ရန်မလို။

ထို့နောက် အမြန်ဆုံး ဒူးထောက်ထိုင်လျက် သေနတ်ကို

ထောင်၍ကိုင်ကာ မိမိရှေ့တည့်တည့်သို့သာ ကြည့်နေကြရမည်။ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးလံမျှကွာရမည်။ ထိုင်လျှင် အများကိုမြင်နိုင်သောဘက်သို့သာ နေရာယူ၍ ထိုင်ကြရမည်ဟု ထိုင်ပုံ ထိုင်နည်းနှင့်တကွ သင်္ဘောပေါ်တွင် ယခုနံနက်မှ ကျိတ်သင်ထား၏။

မည်သို့ဖြစ်စေ ယခုအထိ အတော်အဆင်ပြေနေကြ၏။ ကြည့်ရသည်မှာ မြင်ရသည်နှင့်ပင်လျှင် အတော်လျင်မြန် ဖျတ်လတ်လျက် အတော်အရည်ဝနေပြီဖြစ်သော စစ်တပ်ကြီးသဖွယ် ဖြစ်နေ၏။ အစီအစဉ်ပြုစဉ်က ထည့်သွင်းမစဉ်းစားခဲ့ကြသော အမိန့်ပေးသူ ကိုယ်တိုင် လုံးဝမသိသော (အဓိပ္ပာယ်မရှိ ပါးစပ်တွင်တွေ့ရာ)ကို ဒေါ်ပါပါ အော်လိုက်သံသည်ပင်လျှင် အံ့အားသင့်လောက်အောင် အထင်ကြီး ကြောက်လန့်စရာ ဖြစ်နေ၏။

ထိုသို့ ဘာမှန်းမသိသော အသံတစ်ခု ထွက်လာတိုင်း ရဲဘော်များသည် တွေဝေခြင်းမရှိဘဲ အသံမဆုံးမီ နားလည်ကြကုန်၏။ ယခုအထိမူ အဆင်ပြေလှလေစွ။ မည်သည့်အခါမှ နန်းဇာတိရုပ်ပုံပေါ်ပါမည်နည်း။ စာရေးသူသည် စိတ်ထဲမှ တွေးတောရင်း သင်္ဘောပေါ်မှဆင်းကာ ရောဝတီရုံးဆီသို့ လျှောက်ခဲ့၏။

ထိုရုံးအောက်တွင် တပ်စိတ်တစ်စိတ် ရှိသည်မဟုတ်ပါလော။ အရေးရှိက အသင့်နေရာယူထားနိုင်ရန် မသိမသာ ကြည့်ထားရပေမည်။ ရုံးတွင်းရှိ လူများသည် အလွန်တိတ်ဆိတ်စွာ စာရေးသူ လျှောက်လာနေသည်ကို ကြည့်နေကြ၏။

သင်္ဘောပေါ်သို့ တက်လိုသဖြင့် စောင့်နေရရှာသော ရဲအုပ်သည် စာရေးသူအား ရှေးဦးစွာဆီးကြိုအလေးပြု၏။ ထို့နောက် မျက်နှာချိုသွေး၍ အရောဝင်သော ပုံစံဖြင့် ...

"ဗိုလ်ကြီးတို့က ဘယ်တပ်ကလဲ"

ဟု မေး၏။ စာရေးသူက ထိုရဲအုပ်၏ ဟန်ပန်လေသံကို သဘောမကျ၊ ထို့ကြောင့် သူမေးသည်ကို မဖြေဘဲ ပြန်မေးလိုက်၏။

"ခင်ဗျားတို့ ရဲဝန်ကြီးဆီမှာ ထရပ်ကား ဘယ်နှစီးရှိသလဲ"

"အားလုံး နှစ်စီးပဲရှိတယ်ခင်ဗျ၊ ဂတ်မှာတစ်စီး၊ ရဲဝန်ကြီးအိမ်မှာ တစ်စီး၊ ဒါပေမဲ့ နှစ်စီးစလုံး ပျက်နေတယ် ..."

"ခရိုင်ဝန်ဆီမှာကော ..."

"ခရိုင်ဝန်ဆီမှာတော့ ..."

ရဲအုပ်ကြီးက စဉ်းစားနေ၏။ စာရေးသူသည် စောင့်မနေတော့ဘဲ မျက်စိရှေ့တွင် တွေ့နေရသော စကားပြောခွက်သို့ သွားကာ...

"အိပ်ကျ်စ်ချိန်း ... အိပ်ကျ်စ်ချိန်း ... ခရိုင်ဝန်အိမ်ကိုခေါ်ပေးစမ်းပါ"

ဟု ပြောလိုက်၏။

ခရိုင်ဝန်အိမ်သို့ ရသောအခါ ...

"ထားဝယ်မြို့သို့ ယခုသဘော်ဖြင့် ရောက်ရှိလာသောတပ်မှ အိုစီ စကားပြောနေကြောင်း၊ သယ်ယူပို့ဆောင်ရေးအတွက် ကားကြီးခြောက်စီးခန့် လိုနေကြောင်း၊ အကယ်၍ အစိုးရမှာ မရှိသဖြင့် အကူအညီ မပေးနိုင်လျှင် အပြင်မှ ငှားပေးပါမည့်အကြောင်း၊ ကျသင့်သော အဖိုးအခကို တပ်မှပေးမည်ဖြစ်ကြောင်းတို့ကို ပြောလိုက်၏။

ခရိုင်ဝန်က ဗိုလ်သံဝဲဝဲဖြင့် ကားနှစ်စီးလောက်ဆိုရင် မရဘူးလားဟု မေး၏။

စာရေးသူက မရနိုင်ပါ၊ အနည်းဆုံး ခြောက်စီးခန့်ရမှဖြစ်မယ်ဟု ဆို၏။

ခရိုင်ဝန်က ဒါဖြင့် ရဲဝန်ကြီးနဲ့ ကျွန်တော် တိုင်ပင်ပါဦးမယ်ဟု ပြောရာ ...

စာရေးသူက "ခရိုင်ဝန်မင်းတို့ကို ဒုက္ခပေးမိတာ ဝမ်းနည်းပါတယ်၊ ကျွန်တော့်ဟာ ကျွန်တော်ပဲ ငှားယူမယ်"ဟု ပြောပြောဆိုဆို စကားပြောခွက်ကို ပစ်ချလိုက်၏။

စာရေးသူ လှည့်ထွက်လာသော အချိန်တွင် စကားပြောခွက်မှ ခေါင်းလောင်းသံမြည်နေ၏။ ရောဝတီရုံးမှ စာရေးနှင့်တူသူကကောက်၍ နားထောင်လိုက်ပြီးလျှင် မရဲတရဲနှင့် ...

"ဗိုလ် ... ဗိုလ်မှူးကို ခေါ်နေပါတယ်"ဟု လှမ်းပြော၏။

စာရေးသူကပြုံး၍ "မလိုတော့ပါဘူး"ဟု ပြောပြီးလျှင် ထွက်လာ၏။ ရဲအုပ်က စကားပြောခွက်ကို ယူ၍နားထောင်၏။

ထို့နောက် "ဗိုလ်ကြီး ... ဗိုလ်ကြီး ... ဒီမှာ ခရိုင်ဝန်မင်းက ဗိုလ်ကြီးကို စကားပြောမလို့တဲ့"ဟု ဆို၏။

စာရေးသူသည် ဆတ်ခနဲလှည့်ကာ ရဲအုပ်၏မျက်နှာကို စူးစူး စိုက်စိုက် ကြည့်လိုက်၏။

ရဲအုပ်က သွားဖြဲလျက် ရယ်သွမ်းသွေးနေ၏။ ထို့နောက် ရယ်နေသောမျက်နှာသည် တဖြည်းဖြည်း မျက်နှာပိုးသေသွား၏။ စာရေး သူက ဘာမျှမပြောဘဲ ... ချာခနဲ လှည့်လိုက်ပြီးနောက် ...

"ဟေ့ ... ရဲဘော်တစ်ယောက် ..."

ဟု လှမ်းအော်လိုက်၏။

သဘော်ပေါ်မှ တွန်မီးသေနတ်ကိုင် ရဲဘော်တစ်ယောက် ပြေးထွက်လာ၏။ ဤရဲဘော်ကား စစ်ရည်ဝပြီးသူတည်း။ ရဲဘော်တစ် ယောက်ဟု ခေါ်လိုက်လျှင် အခြားမည်သူမျှ မဟုတ်ဘဲ ... ဤသူသာလျှင် လာရမည်ဟု တပ်ခွဲတစ်ခုလုံး သိပြီးဖြစ်ကြ၏။

စာရေးသူနှင့် ရဲဘော်တို့သည် မြင်းလှည်းတစ်စီးပေါ်သို့ ခုန်တက်လိုက်ကြကာ ...

"ကားငှားလို့ရမယ့် နေရာကိုဗျာ ..."ဟု ပြောလိုက်၏။

ခပ်ကုပ်ကုပ် ရှိနေသော မြင်းလှည်းသမားသည် မြင်းလှည်း ကို လှည့်လိုက်ကာ "ဟဲ့သဗျင်း"ဟု အော်ငေါက်လိုက်ရင်း မြင်းကို ကြိမ်တို့လိုက်၏။ မြင်းလှည်းထွက်လာ၍ မကြာမီ လမ်းတွင်ပြေးလာ သော ရဲဘော်ကလေးတစ်ယောက်နှင့် တွေ့ရ၏။ ရဲဘော်ကလေးသည် သတိအချိုးအစားနှင့် ရပ်လိုက်၏။ တွန်မီခိုင်ရဲဘော်သည် မြင်းလှည်းပေါ် မှခုန်ချကာ ရဲဘော်ကလေးရှေ့သို့ သွားရပ်၏။

ရဲဘော်ကလေးက မျက်နှာထားတင်းတင်းနှင့်တိုးတိုးကလေး ပြော၏။ စာရေးသူရှိနေသောကြောင့် သူ့မျက်နှာထားကို ပို၍ဆိုးဟန် လုပ်ထားရသဖြင့် အလွန်အရေးကြီးသောအသွင် ပေါက်နေ၏။

ရဲဘော်ကလေးပြောသော စကားကား ...

"ရဲဗိုလ်တစ်ယောက်နဲ့ ရဲသားနှစ်ယောက် ဗိုလ်ကြီးကိုတွေ့ဖို့ ကားနဲ့လာတယ်၊ ဆရာလေးက မသွားရဘူးဆိုပြီး တားထားတယ်၊ လွှတ်လိုက်ရမလား ... တဲ့"ဟူသတည်း။

တွန်မီကိုင်ရဲဘော်သည် ရဲဘော်ကလေးအား မြင်းလှည်းပေါ်တွင် တက်လိုက်လာစေပြီးနောက် စာရေးသူအား ပြန်ပြောပြ၏။

မကြာမီ ရပ်နေသော ကားတစ်စီးအနီးသို့ ရောက်လာ၏။ ကားဘေးတွင် ရဲဘော်နှစ်ယောက်နှင့် ရဲဗိုလ်တစ်ယောက်တို့ ရပ်နေကြ၏။

ရဲဗိုလ်ဆိုသူက မျက်စိမျက်နှာ ပျက်ပျက်နှင့် အလေးပြုပြီးနောက် ...

"ဗိုလ်ကြီးကို ခရိုင်ဝန်နဲ့ ရဲဝန်ကြီးက တွေ့ပါရစေတဲ့ ... ကျွန်တော်တို့ကို ကားနဲ့ အခေါ်ခိုင်းလိုက်ပါတယ်"

"ဟုတ်ကဲ့ ... ဒါပေမဲ့ အခုလိုက်ဖို့ခက်တယ်၊ ကျွန်တော့် တပ်ကို နေရာချပြီးမှ လာတွေ့ပါ့မယ်"

"ဗိုလ်ကြီးတပ်တွေ နေရာချထားဖို့အတွက်လည်း နေရာရော ကားရော ကျွန်တော် အားလုံး စီစဉ်လာခဲ့ပါတယ်"

"ကား ... ဘယ်နှစီးလဲ"

"သုံးစီး"

"မရဘူး ... အနည်းဆုံး ... နောက်ထပ် သုံးစီးရမှဖြစ်မယ်၊ ကိစ္စမရှိဘူးလေ၊ နောက်ထပ် သုံးစီး ကျွန်တော်သွားငှားမယ်၊ ခင်ဗျား ခရိုင်ဝန်မင်းကိုသာ အကျိုးအကြောင်း ပြန်ပြောလိုက်ပေါ့"

"ဒီကိစ္စအားလုံး ကျွန်တော် တာဝန်ယူပါတယ်ဗျာ ... ခြောက်စီးလိုတယ် ဆိုရင်လည်း ခြောက်စီးရအောင် ကျွန်တော်ရှာငှားပြီးပို့ပါမယ်၊ ဗိုလ်ကြီးသာ ခရိုင်ဝန်မင်းဆီကိုကြွပါ၊ ဟိုမှာ ရဲဝန်ကြီးလည်း စောင့်နေပါတယ် ..."

စာရေးသူက ရဲဗိုလ်ကြီးကို စိတ်မရှည်သလို ကြည့်လိုက်သည်။ ထို့နောက် ...

"ဒီမှာ ရဲဗိုလ်ကြီး ... ကျွန်တော် ခရိုင်ရဲဝန်ကြီးနဲ့ စကားပြောနေတဲ့ အချိန်မှာ ကျွန်တော့်ရဲဘော်တွေက နေရာအတည်တကျမရှိ

သေးဘဲ ကမ်းနားမှာ စုစု,စုစု လုပ်နေလို့ မဖြစ်ဘူး၊ မင်းတို့ဟာ မင်းတို့သွားနှင့်ကြဆိုပြီးလည်း မလွှတ်ချင်ဘူး၊ ဒါကြောင့် အားလုံး နေရာတကျ ထားပြီးမှ လာစကားပြောနိုင်မယ်လို့၊ အစီရင်ခံလိုက် ပါဗျာ ... ဟုတ်လား ..."

ရဲဗိုလ်ကြီးသည် မျက်နှာခပ်ပျက်ပျက်နှင့် "ဟုတ်ကဲ့"ဟု ပြောဆို၏။ ထို့နောက် ကမ်းနားသို့ လိုက်ပို့ပေးပါရစေဟု ပြော၏။

စာရေးသူက "ကျေးဇူးတင်ပါတယ်၊ နေပါစေ"ဟု ပြော လိုက်၏။ ထို့နောက် ကားတွေရောက်လာလျှင် ဤနေရာသို့ လာအပ် ပေးရန်နှင့် တပ်ရွှေ့မပြီးမချင်း မည်သူ့ကိုမျှ ဆိပ်ကမ်းသို့ ဆင်းခွင့်ပြု လိမ့်မည် မဟုတ်ကြောင်းကိုပြော၍ မြင်းလှည်းပေါ်သို့ တက်ခဲ့၏။

ထို့နောက် ကမ်းနားသို့ရောက်သော် ရဲဘော်ကလေးတွေ အား ကျည်ဆန်သေတ္တာများကို ထမ်းချစေ၍ ခပ်ကျဲကျဲ ခပ်ပြန့်ပြန့် လူအများ အဝေးကမြင်နိုင်အောင် ကမ်းထိပ်တွင် အစီခိုင်းသည်။ ထိုအတွင်း ကားများ ရောက်လာကြ၏။ ကားများမှာ လူစီးဘတ်စ်ကားများ ဖြစ်ကြ ၏။ အလွန်လေးသည်ဟုအကြောင်းပြကာ ကားတစ်စီးတွင် ဆယ်သေတ္တာ သာတင်၏။

ကားမောင်းသူက မြန်မြန်ပြီးစေလို၍ ကူညီမည်ပြုသည်ကို အကူညီမခံဘဲ ရဲဘော်ကလေးများ ကိုယ်တိုင်ထမ်း၍ တင်စေ၏။

ရဲအဖွဲ့ဝင်တို့သည် စာရေးသူအား နောက်ထပ် တွေ့ဆုံလို ဟန်မရှိတော့ဘဲ ကားဆရာများကိုသာလျှင် စခန်းချရမည့် နေရာအထိ လိုက်ပို့လိုက်ဟု မှာလိုက်ကြ၏။

စာရေးသူတို့စခန်းချရမည့်နေရာကား ထားဝယ်မြို့ သုသာန် အနီးရှိ ရာသီဥတုတိုင်းသော ရုံးအနီးတွင်ဖြစ်၏။ ထိုပတ်ဝန်းကျင်တွင် ပျက်နေသော အစိုးရအိမ်ကလေးများ ရှိ၏။ ထိုအိမ်ကလေးများထဲတွင် စာရေးသူတို့ နေကြရမည်ဖြစ်၏။

စာရေးသူသည် မော်တော်ကားများအတွင်း၌ ရဲဘော်နှစ် ယောက်စီသာလျှင် ထည့်လိုက်၍ ပစ္စည်းများကို ချထားနှင့်စေ၏။

ထိုအတွင်း တပ်စုတစ်စုကို တပ်စုမှူးတစ်ယောက် ခေါင်း

ဆောင်စေလျက် ကျောပိုးအိတ်၊ အိပ်ရာ၊ ဘေးလွယ်အိတ်၊ ရေဘူး၊ စားခွက်၊ သံခမောက်၊ ကျည်ဆန်အိတ်၊ သေနတ် စသည်တို့ကို အပြည့်အစုံ လွယ်ယူစေပြီးလျှင် စခန်းချရမည့် နေရာအထိ ခြေလျင်လျှောက်ခိုင်းလိုက်၏။

ထို့နောက် အလုံပိတ်ထားသော ကားတို့ဖြင့် ဆိပ်ကမ်းသို့ ပြန်လာကြစေလျက် နောက်တပ်စုတစ်စုကိုလဲ၍ ဤနည်းအတိုင်း လျှောက်ခိုင်းပြန်၏။

တန်ဆာခ အကုန်ခံ၍ အုတ်ခဲများ ထည့်ယူလာသော ကျည်ဆန်သေတ္တာများမှာ တစ်ရာ့ငါးဆယ်ကျော်ခန့်ရှိရာ ယမ်းတောင့်သေတ္တာများနှင့် အခြားပစ္စည်းကိရိယာများကို ပေါင်းလိုက်လျှင် ကားခြောက်စီးဖြင့် အခေါက်ခေါက် အခါခါ သယ်ယူနေကြရ၏။

ထို့ပြင် အထုပ်အပိုးများဖြင့် တစ်ကိုယ်လုံး ဝိုင်းနေကြသည့် စစ်သားသုံးဆယ်ကျော်တို့ကလည်း တပ်စိတ် တစ်စိတ်နှင့်တစ်စိတ် ခပ်ကျဲကျဲကလေးခွဲလျက် တစ်ခါတက်လျှင် တပ်စုတစ်စုကျ အခေါက်ခေါက် အခါခါ အကြိမ်ပေါင်းများစွာ ဆိပ်ကမ်းမှ တက်လာကြကုန်၏။

အစီအစဉ်ကို အကင်းပါးသော ကားဆရာနှစ်ဦးမှတစ်ပါး မည်သူမျှ မသိရလေအောင် ပိပိရိရိ ပြုလုပ်လိုက်မိသောကြောင့် ဤမျှလူအင်အား လက်နက်အင်အား များပြားလှသော စစ်တပ်ကြီးသည် ထားဝယ်ဆိပ်ကမ်းမှ တပ်စခန်းချရာသို့အရောက် နာရီပေါင်းများစွာ တစ်သုတ်ပြီးတစ်သုတ် ချီတက်လျက် ရှိသောအခါ ... မျက်စိသူငယ်နှင့် ရှိနေကြကုန်သော ထားဝယ်မြို့သူမြို့သားတို့သည် တစ္ဆေတစောင်းချောင်း မြောင်းကြည့်ရှုကာ အချင်းချင်း တီးတိုးအားပေးလာကြကုန်၏။

ထို့နောက် ပို၍ သိရှိကြရန်အတွက် ဘတ်စ်ကားဆရာများ ပြန်အလာတွင် မေးမြန်းကြရန် ဘတ်စ်ကားများ ဆိုက်ရောက်တတ်သော နေရာများသို့ သွားရောက်စောင့်နေကြသောဟူ၏။

သို့ရာတွင် စာရေးသူသည် ထိုညအဖို့ ဘတ်စ်ကားများကို ကားရော လူပါ အပြင်သို့ ထွက်ခွင့်မပေးတော့ချေ။ ကားဆရာတို့ကား မှိုင်သောမျက်နှာဖြင့် စိတ်ညစ်ညူးလျက် ရှိနေကြပါသတည်း။

■ ■ ■

## "လျှပ်တစ်ပြက် ပြင်ဆင်ခြင်း"

စာရေးသူသည် ကားဆရာတို့နှင့်တကွ ကားများကို မည်သူမှ အပြင်မထွက်စေနှင့် အိပ်ရာများနှင့်တကွ ထမင်းဟင်း၊ ဆေးလိပ်၊ လိုသမျှ တပ်က အားလုံးပေးလိုက်ဟု ဗိုလ်ကလေးများကို မှာပစ်ခဲ့ပြီး နောက် ခရိုင်ဝန်ကြီး၏အိမ်ကိုသွား၏။ ခရိုင်ဝန်ကြီးအိမ်တွင် ခရိုင်ရဲဝန်ကြီးကို တွေ့ရ၏။ တွေ့တွေ့ချင်း စာရေးသူအား လူနှင့်လက်နက် မည်မျှလောက်ပါသလဲဟု မေးပြီးလျှင် ...

စာရေးသူက မည်သို့မျှပြန်၍ အဖြေမပေးမီ မြို့အပြင်ဘက်ရှိနေရာသုံးခုကို ရေတွက်ပြောပြပြီးနောက် တပ်စုတစ်စုစီ ကင်းချပေးပါဟု အမိန့်ပေး၏။

စာရေးသူက ဘာမျှပြန်မပြောဘဲ ခရိုင်ရဲဝန်ကြီးကို ကြည့်၍ပြုံး၏။ ထို့နောက် ချိုသာသော လေသံနှင့် ...

"ကျွန်တော်တို့သည် အရန်စစ်ရဲအနေနှင့် ကင်းစောင့်ရုံမျှဖြစ်သော ရဲလုပ်ငန်းကို လုပ်ရန်အတွက် လာခြင်းမဟုတ်ပါ၊ ကျွန်တော်တို့၌ ပါလာသော အမိန့်သည် ...

(၁) ထားဝယ်မြို့ကို ရန်သူ့လက်သို့ မကျဆုံးအောင် ကာကွယ်ရန်။

(၂) ထားဝယ်အခြေအနေ စိတ်ချရလျှင် မော်လမြိုင်သွား လမ်းတစ်လျှောက်လုံး တိုက်နိုင်သမျှ တိုက်ခိုက်သိမ်းယူရန်"

ကျွန်တော်တို့က ဤအတိုင်း ပြုလုပ်ရမည်ဖြစ်သည်။ ဤ အတိုင်း ပြုလုပ်နိုင်ရန်အတွက်လည်း ပထမဆုံး ခရိုင်ဝန်၊ ခရိုင် ရဲဝန်ကြီး၊

ထားဝယ် စစ်ဝန်ထမ်း တပ်ဦးစီး၊ နိုင်ငံရေးအဖွဲ့အစည်းမှ ခေါင်းဆောင် နှစ်ယောက်၊ စိတ်ချရ၍ ဩဇာရှိသော မြို့မိမြို့ဖ လူကြီးနှစ်ယောက်နှင့် ကျွန်တော် ပါဝင်သော ဗဟိုကာကွယ်ရေး ကောင်စီတစ်ခု ဖွဲ့ရမည်။ အဲဒီ ကာကွယ်ရေးအဖွဲ့ကလေးကမှ အခုလောလောဆယ် မြို့အခြေအနေပေါ်မှာ မူတည်ပြီး ဘယ်သူတွေက ဘာတွေလုပ်ရမယ်ဆိုတာ အမိန့်ပေးရမည်။ ဒီအမိန့်ဟာ ရန်ကုန်ကပေးတဲ့အမိန့်နဲ့ အတူတူပဲ။ မှားမှားမှန်မှန် အဲဒီကာကွယ်ရေးကောင်စီကလေးရဲ့ တာဝန်ပဲ၊ အခုလိုအချိန်မှာ စစ်ရေးစစ်ရာနဲ့ ပတ်သက်ပြီး ဒီမှာရှိတဲ့လူတွေထဲက ဘယ်သူတစ်ဦးတစ်ယောက်မှ အမိန့်ပေးနိုင်ခွင့် မရှိဘူး။ အဲ ... တစ်ခုတော့ရှိသည်။ အားလုံး အခြေအနေအတွက် တာဝန်ယူနိုင်တဲ့ လူစွမ်းကောင်းရှိရင်တော့ အမိန့်ပေးနိုင်သည်။ ဘယ်လူစွမ်းကောင်းကမှ တာဝန်မယူနိုင်ဘူး ဆိုရင်တော့ ကျွန်တော်တို့ အခုဖွဲ့စည်းကြမည့် ကာကွယ်ရေး ကောင်စီရဲ့ အမိန့်ကိုနာခံပြီး လုပ်ကြရမည်။ အဲဒီလို ကျွန်တော် သိလာခဲ့တာပဲ"

ဟု စာရေးသူက ဤသို့ ပြတ်သားရဲတင်းစွာ ပြောလိုက်သောအခါ ခရိုင်ဝန်နှင့် ခရိုင်ရဲဝန်ကြီးတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြပြီးနောက် ...

"ကောင်းပါတယ်၊ အများကြီး ကောင်းပါတယ်၊ ကျွန်တော်တို့ဆီကို 'ဆိုက်ဖာ'နဲ့ပို့လိုက်တဲ့ သတင်းကတော့ ထားဝယ်အတွက် လက်နက်အပြည့်အစုံနဲ့ အရန်စစ်ရဲတပ်ခွဲတစ်ခု ပို့လိုက်သည်တဲ့၊ ဒါပဲသိရတယ်၊ အဲဒီတော့ ကျွန်တော်တို့လုပ်ငန်းက သူပုန်ဘယ်ကလာမလဲ၊ အဲဒီလာမယ့်ဘက်က ဗိုလ်ကြီးတို့ကို အစောင့်ခိုင်း၊ သူပုန်ဝင်လာရင် ဗိုလ်ကြီးတို့ကချ၊ ကျွန်တော်တို့ကလည်းရောချ၊ ပြီးတော့ ရန်ကုန်ကို သတင်းပို့ပြီး စစ်ကူတောင်း ဒါပဲရှိတာပဲ။ အခုလို သေသေချာချာ ဗိုလ်ကြီးတို့ကိုအစီအစဉ်လုပ်ပေးပြီး လွှတ်လိုက်တယ်ဆိုတော့ သိပ်ကောင်းတာပေါ့"

ဤကား ခရိုင်ဝန်ကြီး၏ စကားဖြစ်၏။ စာရေးသူသည်

ဤစကားကို ကြားရသောအခါ ပြုံးမိ၏။ ပြုံးမိသောအကြောင်းမှာ နှစ်ခု ရှိ၏။ တစ်ခုကား ...

စာရေးသူကို ရန်ကုန်မှ ဘာအစီအစဉ်မျှ လုပ်မပေး "ဒါ လောက် တိုက်ချင်နေတဲ့ ကိုယ်တော်တို့ ထားဝယ်ကြွကြ"ဟု သင်္ဘော ပေါ်သို့ တင်ပေးလိုက်ခြင်းသာဖြစ်သည်။

နောက်တစ်ကြောင်းကား ...

စာရေးသူတို့နှင့် ရောချမည်ဆိုသော ခရိုင်ဝန်ကြီးသည် ကမ်းနားတွင် သင်္ဘောတစ်စင်းကို မီးပေါင်အပြည့် ထိုးထား၏။ အရေး အကြောင်း ရှိပါက ခရိုင်ဝန်ကြီးနှင့် ခရိုင်ရဲဝန်တို့သည် ရုံး၊ ငွေတိုက်နှင့် တကွ အိမ်ထောင်စုံကိုပါ သင်္ဘောပေါ် အဆင်သင့်တင်၊ လက်နက်ကိုင် တပ်ဖွဲ့အသီးသီးနှင့် ကျွန်တော်တို့ကို အမိန့်ပေး၍ ရန်သူနှင့်ချခိုင်း၊ အခြေ မလှလျှင် ရန်ကုန်သတင်းပို့၊ ကျွန်တော်တို့ကို ထားပစ်ခဲ့၍ အောင်မြင်စွာ သင်္ဘောနှင့်လစ် ဟူသော အကြောင်းဖြစ်၏။

စာရေးသူသည် ဤလုပ်ရိုးလုပ်စဉ်မျိုးကို သိပြီးသားဖြစ်၏။ ထို့ကြောင့် စာရေးသူက ပြုံးခဲ့၏။

ထိုအတွင်း ခရိုင်ရဲဝန်ကြီးက ကာကွယ်ရေးကောင်စီ ဖွဲ့စည်း ရန်အတွက် လူစုပြီးလျှင် ယခုညနေ လေးနာရီခွဲပင် ကားနှင့်အကြိုခိုင်း လိုက်မည်ဖြစ်ကြောင်း၊ ယခုလည်း မိမိအိမ်ကို သိထားရန် လိုက်ခဲ့ပါမည့် အကြောင်းပြော၏။

စာရေးသူတို့သည် ခရိုင်ဝန်ကြီး ကျွေးမွေးသော ကော်ဖီနှင့် စီးကရက်များကို သောက်ကြပြီးနောက် ခရိုင်ရဲဝန်ကြီးအိမ်သို့ သွားကြ၏။

ရဲဝန်ကြီးအိမ်သို့ရောက်၍ ခဏကြာသော် စောနပိုလီယံဆို သူ ကရင်အမျိုးသား အဘိုးကြီးတစ်ဦး ရောက်လာ၏။ ခရိုင်ရဲဝန်ကြီးက မိတ်ဆက်ပေး၏။ သို့သော် ... စာရေးသူက ကောင်းကောင်းသဘောမကျ။

ခရိုင်ရဲဝန်ကြီးက ထိုအဘိုးကြီးသည် ကရင်အမျိုးသားများ လေးစားခြင်းခံရသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သဖြင့် အရေးအကြောင်းရှိလျှင် ကရင်တွေဆီကို သူ့ပဲလွှတ်ပြီး သတင်းနားထောင်ခိုင်းရတာပဲဟု ပြော၏။

စာရေးသူ၏ စိတ်ထဲက ဤစောနပိုလီယံဟူသော အဘိုး

ကြီးသည် အရာရှိပိုင်းမှ လူတွေ၏လှုပ်ရှားမှုကို လာရောက် သတင်းနား ထောင်ပြီးနောက် ...

အစိုးရအရာရှိကြီးများ၏ကျေးဇူးတင်မှုကို ခံယူလျက် ကရင်အမျိုးသား ဆူပူသူများ၏အထံသို့ သွားရောက်သတင်းပို့နေသည်ဟု ထင်လိုက်၏။

အဘိုးကြီးကလည်း အရာဝင်သောမျက်နှာဖြင့် စာရေးသူအား ဗိုလ်ကြီးလား၊ ဗိုလ်မှူးလား၊ ဘယ်တပ်ကပါလဲနော် ... ကျုပ်တို့ကရင်တွေ လူမြင်ရင် ခင်တတ်လို့မေးတာဟု ပြော၏။

စာရေးသူက ပြုံးရုံ ပြုံးနေပြီး စစ်ဝန်ထမ်းတပ်နှင့် တွေ့စရာလေး ရှိသေးသဖြင့် ခွင့်ပြုပါမည့်အကြောင်း ရဲဝန်ကြီးဘက်သို့ လှည့်ပြောရင်း မတ်တတ်ရပ်လိုက်၏။

ထိုအတွင်း ခရိုင်ရဲဝန်ကြီးကတော် ထွက်လာပြီးလျှင် လက်ထဲမှ ကော်ဖီနှင့် မုန့်ဘန်းကိုချလျက် "အို...ဘယ့်နှယ် မောင်လေး... ကော်ဖီသောက်သွားဦးမှပေါ့၊ စစ်ဝန်ထမ်းတပ်က ဗိုလ်ကြီး ဗိုလ်ဒိုဗာဆိုရင် ဒီမှာ စားအိမ်သောက်အိမ်ပဲ ထိုင်ပါဦး"ဟု အတင်းလောကွတ် ချော်နေ၏။ စာရေးသူက ပြန်ထိုင်ရ၏။ ရဲဝန်ကြီးကတော်က ကော်ဖီပန်းကန်များကို တစ်ဦးစီ ကမ်း၏။

စောနပိုလီယံက ကော်ဖီသောက်ရင်း ခရိုင်ရဲဝန်ကြီးဘက်သို့လှည့်ပြန်ကာ "ဘယ့်နှယ်လဲ ရဲဝန်ကြီးရဲ့ ဆန်ဈေးတွေက သိပ်တက်နေပါလား ... ဈေးနှုန်းတွ လုပ်စမ်းပါဦး"ဟု ဆို၏။

စာရေးသူသည် စောနပိုလီယံကို ဂရုစိုက်၍ ကြည့်နေမိစဉ် ရဲဝန်ကြီးကတော်၏ တူမပျိုတစ်ယောက်က ငါးမုန့်ကြော်များကို လာချပေး၏။

စာရေးသူက အောင့်၍ မရတော့သကဲ့သို့ ငါးမုန့်ကြော်ပန်းကန်ကိုကြည့်ပြီးလျှင် တမင်သိသာအောင် ပြုံးလိုက်၏။

ရဲဝန်ကြီးနှင့် ရဲဝန်ကြီးကတော်တို့က စာရေးသူကို ကြည့်နေကြ၏။

ထို့နောက် ရဲဝန်ကြီးကတော်က မနေနိုင်တော့ဘဲ "မောင်

လေးက ဘာသဘောကျနေတုံး၊ အစ်မကြီးတို့ဆီတော့ ဒါပဲ စားစရာရှိတာပဲကွယ့်”ဟု ဆိုရ၏။ “ကောင်းလည်း ကောင်းပါတယ်…ကျွန်တော်လည်း ကြိုက်ပါတယ်၊ ဒါပေမဲ့ ဒီမုန့်မြင်တိုင်း သတိရလို့”ဟု ပြောရင်း ပြုံးလိုက်ပြန်၏။ ထို့နောက် ဣန္ဒြေဆယ်၍ ကော်ဖီကို သောက်လိုက်၏။

ရဲဝန်ကြီးကတော်က ရောနှော၍ ပြုံးလိုက်ပြီး “ပြောစမ်းပါဦး ဘယ်လိုများ သတိရလို့တုံး၊ ပြောလည်း ပြောပါဦး၊ စားလည်းစားပါဦး” ဟု ဆိုသည်။

စာရေးသူက ငါးမုန့်ကြော်တစ်ခုကို ဝါးလိုက်ရင်း နားထောင်လျက် ငြိမ်နေကြသော ခရိုင်ရဲဝန်ကြီးနှင့် စောနပိုလီယံတို့ကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်ပြီးလျှင် …

“ပြောရမှာက ဇာတိတွေပေါ်ပြီး လူရယ်စရာဖြစ်လွန်းလွန်းလို့”ဟုဆို၍ ရပ်ထား၏။

“ပြောသာပြောပါ မိုလ်ကြီး၊ ကျွန်တော်တို့လည်း ဗဟုသုတဖြစ်ကြတာပေါ့”ဟု ရဲဝန်ကြီးက ရင်းနှီးစွာပြော၏။

ခန်းဆီး၏နောက်ကွယ်ကလည်း အမျိုးသမီးငယ်နှစ်ယောက်တို့၏ ခြေထောက်နှစ်စုံတို့ ပေါ်နေကြ၏။

ပြောင်လက်သော မျက်လုံးလေးလုံးတို့က တစ်ခါတစ်ခါတွင် လိုက်ကာအကြားမှ ပုန်းလျှိုး ကွယ်လျှိုး ထွက်လာသေး၏။

စာရေးသူကတော့ စကားစ,လေပြီ …

“ဆင်းဒါးမှာပေါ့ … ကျွန်တော်တို့က အညာသားချည်းပဲ၊ ကျွန်တော်က ရွှေဘိုက၊ ကျွန်တော့်ထပ်ထဲမှာ အခုပါလာတဲ့ မိုလ်ကလေးသုံးယောက်က မြင်းခြံနဲ့ ပခုက္ကူက၊ ကျွန်တော်တို့ ဆင်းဒါး စစ်တက္ကသိုလ်ရောက်လို့ သုံးနှစ်ပြည့်တဲ့အချိန် အိမ်ကအမေတို့ကလည်း သားကလေးတွေ စားပါစေတော့ဆိုပြီး အဲဒီငါးမုန့်နဲ့ ဖျာပုံပုစွန်ခြောက်တို့ ငါးပိကြော်တို့ကို ပို့လိုက်ကြတယ် …၊

“အဲဒါ ကျွန်တော်တို့က အညာသားတွေဆိုတော့ ပုစွန်ခြောက်ပဲ သိတယ်၊ အဲဒီ ငါးမုန့်ကို ဘယ်လိုလုပ် စားရမှန်းမသိဘူး၊

နမ်းကြည့်တော့ ညှီတီတီကလေးနေတာနဲ့ ဒါချက်စားရတဲ့ဟာ ဖြစ်မှာပဲဆိုပြီး ချက်စားဖို့ ပြင်ဆင်နေကြတာပေါ့လေ ...၊

"မိတ်ဆွေဖြစ်တဲ့ အခန်းနီးချင်းတွေက တို့လည်း ဗမာဟင်း စားပါရစေဆိုပြီး လာစောင့်နေကြတယ် ...၊

"ဒီအချိန်မှာ အင်္ဂလိပ်အဘိုးကြီးတစ်ယောက် သူတို့ကိုတွေ့ ချင်လို့ လာရှာရင်းနဲ့ ကျွန်တော်တို့အခန်းကို ရောက်လာတယ် ... သူတို့ကလည်း ကျွန်တော်တို့အခန်းမှာ ဗမာဟင်း စားရအောင် စောင့်နေတယ်၊ အဘိုးကြီးလာတော့ အဘိုးကြီးနဲ့ ကျွန်တော်တို့ကို မိတ်ဆက်ပေးတယ် ...

ဒီတော့ အဘိုးကြီးကလည်း ဝမ်းသာအားရနဲ့ပေါ့၊ သူဗမာပြည် မှာ အရေးပိုင်အဖြစ်နဲ့ တော်တော်ကြာကြာ နေဖူးကြောင်းတွေကို ပြောတယ်၊ သူ့နာမည်က မောရစ်ကောလစ်တဲ့"

"ဟာ ... ဟုတ်တာပေါ့၊ ဘိတ်မှာ အရေးပိုင် လုပ်သွားဖူးတယ်၊ အင်မတန် သဘောကောင်းတယ်၊ ကျုပ်နဲ့လည်း ရင်းနှီးတယ်"

ဟု စောနပိုလီယံက ဝင်ပြော၏။

ရဲဝန်ကြီးကတော်က ဆက်ပြောပါဦးဟု ဆို၏။

စာရေးသူက မုန့်ကြော်တစ်ခုကို ဝါးလိုက်၏။ ထို့နောက် ဆက်ပြော၏။ အဲဒီအဘိုးကြီးဟာ ရယ်ရယ်မောမောနဲ့ ...

"မောင်တို့က ကျုပ်တူကို ဘာများချက်ကျွေးမလို့တုံး၊ ကျုပ်တို့ လည်း ဗမာပြည်မှာနေဖူးတဲ့ လူတစ်ယောက်အနေနဲ့ ဖိတ်ခေါ် ပါဦး" တဲ့။

"ဒီတော့ ကျွန်တော်တို့က ငါးမုန့်တွေပြပြီး ကျွန်တော်တို့ ဟောဒါတွေ ကျွေးမလို့ပါ၊ လူကြီးမင်းကိုလည်း ဖိတ်ခေါ်ပါတယ် လို့ ပြောတော့ အဘိုးကြီးက မြင်မြင်ချင်း ...

"ဟာ ... ဒါတွေဟာ အင်မတန် စားလို့ကောင်းတာပေါ့၊ ဒါ ထားဝယ်ဘက်က လာတာပဲ၊ ကျုပ် အဲဒီမှာ သုံးနှစ်တောင် ကြာတယ်၊ ဒါကို နေပါဦး... အင်း... အင်း... 'ငါးမုန့်'လို့ ခေါ်တယ်

မဟုတ်လားလို့ မေးတယ်၊ ကျွန်တော်တို့က အဲဒီတော့မှပဲ နာမည် သိရတယ် ...၊

"ဒါပေမဲ့ ကျွန်တော်တို့ကလည်း ခပ်ကြွားကြွားကလေးပေါ့ လေ၊ ဟုတ်ပါတယ် ခင်ဗျာ၊ ဗမာဟင်းရဲ့အရသာ ဘယ်လောက် ကောင်းတယ်ဆိုတာ သိသွားအောင် အခု လူကြီးမင်းရဲ့တူကို ခရမ်းချဉ်သီးဆော့နဲ့ ချက်ကျွေးဖို့ လုပ်နေကြပါတယ်၊ လူကြီးမင်း ကိုလည်း ကျွန်တော်တို့က ဖိတ်ခေါ်ပါတယ်လို့ ပြောလိုက်တော့ အဘိုးကြီးက အတော် အံ့အားသင့်သွားတယ်ခင်ဗျ ...၊

"အို ... ကျုပ် အဲဒီဘက်မှာ အရေးပိုင်အဖြစ်နဲ့ တော်တော် ကြာကြာ နေခဲ့ပါတယ်၊ ဒါမျိုးဟာ ချက်စားရတယ်လို့ ကျုပ်မသိ ခဲ့ပါဘူး အားလုံး ဆီနဲ့ကြော်စားကြတာချည်းပါပဲ၊ ကျုပ်ရဲ့ထမင်း ချက်ကတော့ ကျုပ်ကို ထောပတ်နဲ့ ကြော်ကျွေးတာပဲလို့ ပြောတယ် ခင်ဗျ ...၊

"ဒီတော့မှ ကျွန်တော်တို့ကလည်း အချင်းချင်း တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကြပြီး ကျွန်တော်တို့ အညာသားတွေ ဖြစ်ကြလို့ ဘယ်လိုစားရမှန်း မသိတာနဲ့ ချက်ဖို့လုပ်နေကြတယ် ဆိုတဲ့ အကြောင်းကို ဖွင့်ပြီးဝန်ခံကြရတာကိုးခင်ဗျ ...၊

"အဲဒီတော့မှ အဘိုးကြီးလည်း ရယ်လိုက်တာခွက်ထိုးခွက် လန်နဲ့ မျက်ရည်တွေ ဘာတွေ ထွက်ယူတာပဲ"

စာရေးသူသည် နေရာမှ ထပြီးနောက် "ကဲ... အစ်မကြီးရော ဦးရော ခွင့်လွှတ်ပါဦးခင်ဗျာ၊ အညာသားကလေးမှာ အခု စစ်ဝန်ထမ်းက ဗိုလ်ကြီးဗိုလ်ဒိုဗာနဲ့ သွားတွေ့ဖို့လည်း ရှိနေသေးတယ် အချိန်ကလည်း သိပ်မရဘူး"ဟု ခပ်သောသောလေး ပြောပြောဆိုဆို ဆင်းလာခဲ့၏။

စာရေးသူဆင်း၍ ရဲဝန်ကြီး၏ကားပေါ် ရောက်လာသည့် တိုင်အောင် အိမ်ပေါ်မှ ရယ်သံကလေးများ ပျံ့လွင့်နေဆဲရှိသေး၏။

အမှန်မှာ စာရေးသူသည် ဆင်းဒါးစစ်တက္ကသိုလ်ကို နေဖူး ရန်မဆိုထားဘိ ဗမာပြည်ရှိ စစ်တပ်အသီးသီးတို့၌ပင် စာရင်းဝင် တပ်သား အဖြစ် တစ်ခါဖူးမျှ မနေဖူးခဲ့ပါ။ ထို့ပြင် စာရေးသူသည် မြစ်ဝကျွန်းပေါ်

ရှိ ပင်လယ်နှင့် အနီးဆုံးသော ခရိုင်တွင် မွေးဖွားခဲ့သူဖြစ်လျက် ရွှေဘို ဆိုသည်ကိုလည်း တစ်ခေါက်မျှ ရောက်ဖူးသူ မဟုတ်ပါ။

သို့ပါလျက် ဤလုပ်ကြံဇာတ်လမ်းကြီးကို ဤသို့သော လူကြီးလူကောင်းများ၏ရှေ့တွင် ခပ်တည်တည်နှင့် တမင်ပြောခဲ့၏။

ထို့နောက် စစ်ဝန်ထမ်းဗိုလ်ကြီး ဗိုလ်ဒိုဇာနှင့် ရင်းနှီးစွာ တွေ့ဆုံခဲ့ကြပြီးလျှင် မိမိစခန်းသို့ ပြန်လာလျက် ဗိုလ်ကလေးများကို ခေါ်ယူကာ မြေပုံချပ်ကြီးများနှင့် ခေါင်းချင်းရိုက်ကြပြန်၏။ ထို့နောက် ခရိုင်ဝန်ကြီးအိမ်တွင် ပြောခဲ့သော ပုံပြင်ကလေးကို ပြန်ပြောပြ၏။ မိတ်ဆွေများလည်းဖြစ် ရဲဘော်များလည်းဖြစ်သော ဗိုလ်ကလေးတို့က ရယ်ကြ၏။

ထို့နောက် စာရေးသူအား ခရိုင်ဝန်ကြီး၏တူမများကို တွေ့ရသဖြင့် တမင်ကြွားနေခြင်းတော့ မဟုတ်တန်ရာ၊ သို့သော် ဘာ့ကြောင့် ယခုလောက် ကြံကြံဖန်ဖန် မဟုတ်တာတွေ ပြောင်ချင်ရပါလိမ့်ဟု အချင်းချင်း မေးကြ တွေးကြ၏။ စာရေးသူက ဘာမျှအကြောင်းမပြခဲ့။

ထို့နောက် စာရေးသူသည် ဗိုလ်ကလေးတို့အား တစ်တပ်လုံးရှိ ရဲဘော်များကို သေနတ်ချိန်နည်း ပစ်နည်း၊ ကျည်ဆန်အမြန်ဆုံး ထည့်နည်း၊ မှောက်ပစ် ထိုင်ပစ် ရပ်ပစ်တို့ကို အမြန်ဆုံး အရေးတကြီး သင်ပေးရန် ပြောကြားနေစဉ် ခရိုင်ဝန်ကြီးက အကြိုလွှတ်လိုက်သော ကား ရောက်လာသဖြင့် လိုက်ပါသွားခဲ့ရ၏။

ရောက်သော် ခရိုင်ဝန်ကြီး၏အိမ်၌ ကာကွယ်ရေးကောင်စီ ဖွဲ့စည်းကြ၏။ ကောင်စီတွင် ခရိုင်ဝန်က ဥက္ကဋ္ဌ၊ စာရေးသူက အတွင်းရေးမှူး၊ ခရိုင်ရဲဝန်ကြီးက ဒုအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကြ၏။

စာရေးသူသည် ကာကွယ်ရေးကောင်စီမှ ဆောင်ရွက်ကြရမည့် လုပ်ငန်းအရပ်ရပ်တို့ကို စိတ်ကူးရသလို ခပ်တည်တည်နှင့် ဖြီးလိုက်ပြီးနောက် ယခုလောလောဆယ် မြို့ပေါ်တွင် စီမံဆောင်ရွက်ထားပုံကို မေး၏။

ခရိုင်ဝန်ကြီးက မြို့အဝင်အထွက် နေရာတွေ မှန်သမျှကို ရဲများအစောင့်ချထားလျက် လူဝင်လူထွက်တို့ကို စစ်ဆေး၍ လက်နက်

ရှာကြောင်း၊ မသင်္ကာလျှင် ဖမ်းချုပ်ကြောင်း၊ စိတ်မချရသောနေရာတွင် ဗမာရဲသားများကိုအစောင့်ထား၍ အရေးမကြီးသော နေရာတို့တွင် ကရင်အမျိုးသားလက်နက်ကိုင် အဖွဲ့ကို အစောင့်ချထားကြောင်းပြော၏။

စာရေးသူက ကရင်အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့ ဘယ်လောက်ရှိသလဲဟု မေးသောအခါ လူခြောက်ဆယ်၊ ရိုင်ဖယ်အပြည့်အစုံနှင့် ဘရင်းစက်သေနတ် နှစ်လက်ရှိကြောင်း ပြော၏။

စာရေးသူက အကြောင်းအချက် ငါးမျိုးခန့်ပြလျက်၊ ထိုကရင်လက်နက်ကိုင်တပ်ဖွဲ့ကို လစာအပြည့်အစုံနှင့် ခွင့်သုံးလပေးပြီးလျှင် လက်နက်များကို သိမ်းလိုက်သင့်ကြောင်း ကောင်စီကဆုံးဖြတ်ရန် အကြံပေး၏။

အားလုံးသဘောတူကြသဖြင့် နံနက်လင်းလျှင် ဤအတိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်ဝန်ကြီးနှင့် ရဲဝန်ကြီးတို့က ကတိပြု၏။

ထို့နောက် ဆေးအမျိုးမျိုး အပါအဝင် ကုန်စည်ရိက္ခာများနှင့် ပတ်သက်၍ မြို့အပြင်သို့ အများအစား ထုတ်ယူမသွားစေရန်နှင့် ထုတ်ယူသွားသော မသင်္ကာသူတို့ကို ရဲအဖွဲ့က ဖမ်းဆီးစစ်ဆေးရန် အကြံပေး၏။

ထိုကိစ္စနှင့် ပတ်သက်၍ ရဲဝန်ကြီးက အပြင်းအထန်ငြင်း၏။ မြို့ပေါ်ရှိလူများ ထိတ်လန့်ကုန်ကြမည်ဟု အကြောင်းပြ၏။

စာရေးသူက မြို့ပေါ်ရှိ လူများသည် ပို၍ ထိတ်လန့်ဖွယ်ရာမရှိတော့ကြောင်း၊ ကရင် ဆူပူသူများက မြို့ကို ဝိုင်းရံထားခြင်းကိုလည်းကောင်း၊ ဆူပူသူတို့ ဝင်ခဲ့လျှင် ခရိုင်ဝန်ကြီးနှင့် ခရိုင်ရဲဝန်ကြီးတို့ အဆင်သင့် အောင်မြင်စွာ ဆုတ်ခွာရနိုင်ကြရန် မီးပေါင်အပြည့် အမြဲထိုးထားလျက်ရှိသော သင်္ဘောစောင့်နေခြင်းကိုလည်းကောင်း၊ အချို့မပြေးနိုင်ကြသော မြို့ပေါ်ရှိ လူချမ်းသာအချို့တို့က ဆူပူသူများ ဝင်လာကြလျှင် အသင့်ကြိုဆိုရန် ပြင်ထားကြခြင်းကိုလည်းကောင်း၊ တစ်ရပ်လုံး တစ်မြို့လုံး တစ်လောကလုံးက သိနေကြပြီးဖြစ်၏။

ထို့ကြောင့် ယခုအချိန်သည် သူ့အနိုင် ကိုယ့်အနိုင် အပြိုင်တိုက်ကြဖို့ပင်ရှိ၏။

စစ်ဆိုသည်မှာ လက်နက်ချင်းမတိုက်မီ ပြင်ဆင်မှုချင်း သူ့ထက်ငါ သာအောင် အလျင်တိုက်ကြရ၏။

လျော့ရဲရဲလုပ်၍ မဖြစ်တော့၊ ဆင်သေကို ယုံသားရေနှင့် ဖုံး၍လည်း မလုံပါတော့ပြီဟု စာရေးသူက ဆို၏။

ခရိုင်ရဲဝန်ကြီးက အင်တင်တင် ဖြစ်နေသော်လည်း ခရိုင်ဝန်ကြီးက ရာနှုန်းပြည့် ထောက်ခံ၏။

ထို့နောက် "ဟုမ်း(မ်)ဂတ်"ခေါ် အပျော်တမ်း မြို့စောင့်တပ်ဖွဲ့ရန်နှင့် မြို့အဝင်အထွက်တို့တွင် ဝါးလုံးတံကြီးဆေးသုတ်၍ တားဆီးရှာဖွေခြင်းအစား ကားအဝင်ရခက်သော "ပိတ်လမ်းကောက်"များကို ပြုလုပ်ထားပြီးလျှင် မည်သူ့ကိုမျှ ရှာဖွေစစ်ဆေးခြင်း မပြုတော့ဘဲ ရန်သူအင်အားနှင့် လာကြပါက ကြိုတင်သတိပေးနိုင်ရန်အတွက် မြို့စောင့်တပ်မျှလောက်သာ ကင်းချထားရန် ... စသော စသော အချက်တွေကို စာရေးသူက တစ်ခုပြီးတစ်ခု ကောင်စီကိုအကြံဉာဏ်ပေး၏။ ကောင်စီက လက်ခံ၏။

ထိုအချိန်တွင် ဗိုလ်ကလေးနှစ်ယောက် အရေးတကြီးပေါက်လာကြ၏။

စာရေးသူက "တို့ နောက်များကျနေပြီလား"ဟု စိတ်ပူသွား၏။

ဗိုလ်ကလေးများ မျက်နှာပျက်နေကြ၏။

စာရေးသူက အပြင်သို့ထွက်၍ တွေ့လိုက်၏။

ရဲဘော်နှစ်ယောက် သေနတ်မှန်လေပြီ။

တစ်ယောက်ကမူ ပေါင်ကို ဖောက်ထွက်သွား၏။ တစ်ယောက်က တင်ပါးတွင် အသားငါးဆယ်သားခန့် ထွက်သွားသည်ဟု ဆို၏။

သေနတ်အပစ်သင်ရာတွင် "ဒီလိုကျည်ဆန်ထည့်ပြီး ဒီလိုခလုတ်ဆွဲလိုက်ရုံပဲလား ..."ဟု ဆွဲလိုက်ရာ ကျည်ဆန်ထွက်သွားသောဟူ၏။ ပစ်သော ရဲဘော်လည်း ပါ၏။ မျက်နှာငယ်ငယ်နှင့် ...

စာရေးသူက ဗိုလ်ကလေးကို ပြောလိုက်၏။

"ဆေးရုံသွားပို့၊ ဆေးရုံကျတော့ပြော၊ ဒီရဲဘော်နှစ်ယောက်က ခွင့်တောင်းပြီး အပြင်ထွက်သွားလို့ ညခြောက်နာရီထိုးရင် တပ်ထဲ အဝင်အထွက် မလုပ်ရဘူးဆိုတဲ့ အမိန့်ကို မသိလိုက်ဘူး၊ ပြန်လာတော့ ကင်းက အရပ်ခိုင်းတာ နောက်နေတယ်ထင်ပြီး ရပ်မပေးဘဲ အတင်းဝင်လို့ ကင်းက ပစ်လိုက်တာပဲလို့ပြော ...

ဒဏ်ရာနဲ့ ရဲဘော်တွေကိုပါ ဒီအတိုင်းသင်ပေး၊ ဆေးရုံဆိုတာ ကရင်အမျိုးသမီးဆရာမတွေ ဘာတွေ ရှိတတ်တယ်၊ ရဲဘော်တွေ နှုတ်ဆိတ်ဖို့မှာထား၊ ကိုယ့်အကြောင်းကို လုံးလုံးမပြောရဘူး၊ နောက် ကိုယ့်တပ်အကြောင်းလည်း လုံးလုံးမပြောရဘူး၊ ဆေးရုံမှာနေတဲ့ ရဲဘော်တွေအတွက် စုံစမ်းဖို့ ရဲဘော်တစ်ယောက် အမြဲလိုလို လွှတ်ထားလိမ့်မယ်လို့ ပြောထား ...

ပြီးတော့ ဆရာဝန်ကြည့်ပြီး ဆေးထည့်ပြီးမှ အရိုးကိုမထိဘူး ထိတယ်ဆိုတာ မေးပြီးပြန်လာခဲ့၊ ရဲဘော်တွေကို ဆေးရုံပေါ်မှာ သုံးဖို့ဆိုပြီး ငွေနှစ်ဆယ် ပေးပစ်ခဲ့ ... ဒါပဲ ...

တစ်ယောက်သွားရင် တော်ပြီဟေ့၊ တစ်ယောက်က ငါပြန်လာတဲ့အချိန်မှာ ကားရပ်လိုက်မယ်၊ ကားရပ်ရပ်ချင်း ဘယ်သူလဲ လက်မြှောက် ရပ်လို့ အော်၊ မီးနဲ့ထိုးကြည့်၊ နောက်မှ ငါမှန်းသိတဲ့ အနေနဲ့ အလေးပြု၊ အဲဒါ ကိုယ်တိုင် ဂိတ်ကစောင့်ကွာ ... ဒါပဲ ...

ဟေ့ ... ဟိုရဲဘော် ... မင်း အပြစ်မရှိဘူး၊ ဒါပေမဲ့ နက်ဖြန်ကို မြေကြီးပေါက်ရမယ်၊ ဒဏ်ရာရတဲ့ ရဲဘော်တွေရဲ့ အဝတ်အစားတွေ ဖွပ်ပေးပြီး မီးပူတိုက်ပေးရမယ်၊ ကြားလား ... ကဲသွားကြ"

ရဲဘော်ကလေး၏ မျက်နှာမှာ အတော်စိတ်ချမ်းသာသွားဟန်ရှိ၏။

စာရေးသူ အထဲသို့ ပြန်ရောက်သွားသောအခါ "ဘာသတင်းကြားရလို့လဲ ဗိုလ်ကြီး"ဟု ကောင်စီမှလူများက စိုးရိမ်ဟန်နှင့် မေးကြ၏။

စာရေးသူက ပြုံး၍ ...

"သတင်းမဟုတ်ပါဘူးခင်ဗျာ၊ အခွင့်တောင်းပြီး အပြင်သွားလည်

နေကြတဲ့ ရဲဘော်နှစ်ယောက်က ညနေခြောက်နာရီထိုးရင် တပ်ထဲ အဝင်အထွက် မလုပ်ကြရဘူးဆိုတဲ့အမိန့် မသိလိုက်ဘူး ...

ပြန်လာတော့ ကင်းက အရပ်ခိုင်းတယ်၊ သူတို့က နောက် နေတယ်ထင်ပြီး အတင်းရှေ့တိုးသွားတော့ ကင်းက သေနတ်နဲ့ နှစ်ချက်ပစ်လိုက်တာပဲ၊ တစ်ယောက်တစ်ချက်စီ မှန်သွားကြလေ ရဲ့ ..."

ကောင်စီက လူများက အို ... ဖြစ်မှဖြစ်ရလေဟု ညည်းညူ လိုက်ကြကာ တော်တော်များသွားလား ဘယ်မှန်သွားသလဲဟု မေးကြ၏။

"ကိုက် ၂၀၀ အတွင်းမှာဆိုတဲ့ ပစ်တဲ့ရဲဘော်က ရှေ့မတိုးနိုင် အောင် ပေါင်ပစ်ချိုးလိုက်တာပေါ့။ ဒါတောင် ရဲဘော်က ကောင်း ကောင်း လက်မတည့်လို့ တစ်ယောက်ကို တင်ပါးမှန်သွားတယ်၊ အရိုးမထိပါဘူး၊ အလွန်ဆုံး ဆေးရုံက တစ်လအတွင်း ဆင်းလာနိုင် ကြမှာပဲ"

စာရေးသူက ဤသို့ ခပ်ပေါ့ပေါ့ပြောလိုက်သောအခါ နား ထောင်နေကြသူများက ဘာမှမပြောကြသော်လည်း ဝမ်းထဲ၌ တုန်လှုပ် နေကြဟန်ရှိ၏။

ထို့နောက် ဆက်လက် စည်းဝေးပြီးလျှင် ခရိုင်ဝန်ကြီး၏ ကားနှင့် ပြန်ခဲ့ကြ၏။

စခန်းနှင့် ကိုက်နှစ်ရာခန့်အကွာတွင် ကားကိုထိုးရပ်စေ၏။ ကားရပ်လျှင်ရပ်ချင်း ...

"ဟေ့...ဘယ်သူလဲ ရပ်"

ဟူသော အသံကို ကြားရ၏။

"ရဲဘော် ငါဟေ့"

ဟု လှမ်းအော်လိုက်၏။

"မလိုချင်ဘူး လက်မြှောက်လာ"

ဟု တစ်ဖက်က ခေါ်၏။

ကားပေါ်ရှိ ခရိုင်ရဲဝန်ကြီးဘက်သို့ စာရေးသူက လက် မြှောက်ထားရင်း ...

"ဦး…ကျွန်တော်က လက်မပြဘဲနဲ့ ကားထွက်မသွားနဲ့နော်၊ ကားကို အပစ်ခံနေရဦးမယ်၊ ကဲ…ခွင့်ပြုပါဦး"

ဟုဆို၍ ထွက်လာ၏။

ကင်းမှ ခတ်မီးနှင့် မျက်နှာသို့ ထိုးထား၏။ လမ်းလျှောက်၍ ကောင်းကောင်းမရ၊ အတော်နီးမှ "ဩော် … ဗိုလ်ကြီး"ဟု နှုတ်ဆက်ရင်း …

"သတိ … ဗိုလ်ကြီးကိုအလေးပြု"

ဟု အော်လိုက်၏။

စာရေးသူက ကားဘက်သို့လှည့်၍ လက်ပြ၏။ ရဲဝန်ကြီး၏ အသံနှင့် "ကျွန်တော်တို့ သွားမယ်နော်"ဟု ပြော၏။ တုန်လှုပ်စိတ်ကို ထိန်းသိမ်းထားရသည့် အသံဖြစ်၏။ "ဟုတ်ကဲ့ ကွနိုင်ပါပြီ"ဟု လေးလေးစားစား ပြောလိုက်ရင်း ပင့်သက်ချလိုက်ရ၏။

ထို့နောက် စခန်းအတွင်းသို့ ရောက်သောအခါ "သေနတ်မှန်ကြသော ကိစ္စ၌ ကားဆရာတွေ သိကြသလား"ဟု အရေးတကြီးမေးရ၏။

ကားဆရာတွေ စိတ်ညစ်သဖြင့် ခွေနေကြသည်။ သေနတ်သံကို ကြားရသော်လည်း တချို့ ခေါင်းထောင်ကြည့်ပြီး ပြန်ခွေနေကြသည်။ ဘာမှန်းမသိဟု ဆို၏။

"အေး … ကောင်းတယ် … ကောင်းတယ်၊ မင်းတို့ကလည်း ဂရုစိုက်ကွာ၊ နောက်ကို ဒီလိုမဖြစ်ကြစေနဲ့၊ ပစ်ရင် ပစ်တဲ့အကောင် တာဝန်မဟုတ်ဘူး၊ မင်းတို့ တာဝန်ပဲ၊ ဒါထက် နက်ဖြန်ခါကို မှောက်တာ၊ ထိုင်တာ၊ ရပ်တာတွေထက် သေနတ်ကို ဘယ်လိုတည့်အောင် ပစ်ရမယ်၊ အကွာအဝေး ဘယ်လိုခန့်မှန်းကြရမယ် ဆိုတာတွေ လေယာဉ်ပျံကွင်း ခေါ်သွားပြီး လက်တွေ့သင်ပေး …

တကယ် လူရပ်နေတာရယ်၊ ထိုင်နေတာရယ်၊ မှောက်နေတာရယ် အဲဒီသုံးမျိုးကို ကိုက်နှစ်ရာ၊ သုံးရာ၊ လေးရာ၊ ခြောက်ရာ၊ အဲဒီအကွာအဝေး လေးမျိုးက အကြည့်ခိုင်း၊ ဘယ်လိုမြင်ရရင် ဘယ်လောက်ဝေးတယ် ဆိုတာ မျက်စိထဲ စွဲနေပေစေ ဟုတ်လား၊

ကဲ ... ဒါပဲကွာ၊ ဆေးရုံကရဲဘော် ပြန်မလာသေးဘူးလား"

"မလာသေးဘူးခင်ဗျ"

"အေး ... လာရင် ငါ့ဆီလွှတ်လိုက်ကွာ၊ ဒါထက် မင်းတို့မှာ 'ရမ်'ကျန်သေးတယ် မဟုတ်လား၊ နှစ်ပုလင်းလောက် ရဲဘော်တစ်ယောက်ယောက် အပေးခိုင်းလိုက်စမ်း၊ ငါ ကားဆရာတွေဆီမှာ ရှိနေမယ်"

စာရေးသူသည် ပြောပြောဆိုဆို ကားဆရာတွေဆီသို့ ထွက်လာခဲ့၏။ ကားဆရာတို့သည် ယခင်က ဓာတ်မီးစက်ရုံအဖြစ် အသုံးပြုခဲ့သော တိုက်ခန်းပျက်ကလေးထဲ၌ တုံးလုံးပက်လက် ဖြစ်နေကြ၏။ ရဲဘော်များပေးထားသော အိပ်ရာများကိုလည်း ဖြည်ခင်း၍ မအိပ်ကြပေ။

စာရေးသူသည် သူတို့အနီးသို့သွားကာ အုတ်သမံတလင်းပေါ်၌ အုတ်တိုင်တစ်ခုကို မှီ၍ထိုင်၏။

ကားဆရာတို့သည် ကားတစ်စီးလျှင် နှစ်ယောက်မှ သုံးယောက်အထိ ရှိကြသဖြင့် စုစုပေါင်း(၁၅)ယောက်ခန့်ရှိ၏။

"ခင်ဗျားတို့ ကားဆရာတွေ ဒါအကုန်ပဲလား"ဟု မေးလိုက်၏။ အနီးတွင်ရှိသော ကားဆရာနှစ်ယောက်က သမံတလင်းပေါ်မှလူး လဲထကာ ...

"ခင်ဗျ ... ခင်ဗျ"ဟု ဖြေလိုက်ကြ၏။ (ခင်ဗျ ... ခင်ဗျ" ကား ဟုတ်ကဲ့ဟူသတည်း။)

စာရေးသူက အနည်းငယ်ပြုံး၍ "ခင်ဗျားတို့ တော်တော်စိတ်ညစ်နေကြသလား"ဟု မေး၏။

ကားဆရာတို့က "စိတ်တော့မညစ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ အိမ်ကိုလည်း မပြောခဲ့ကြရဘူး၊ 'အံ့နာ'တွေကလည်း စိတ်ပူနေကြမှာ ပဲ"ဟု ဆို၏။

ရဲဘော်ငယ်တစ်ယောက်က "ရမ်" နှစ်ပုလင်း ယူလာ၏။ စာရေးသူက တစ်ပုလင်းကိုဖောက်ခိုင်း၏။ ထို့နောက် ရေနှင့်ရောစပ်ကာ ကားဆရာတို့ရှေ့၌ အနည်းငယ် သောက်လိုက်၏။

ထို့နောက် စာရေးသူက "ဘယ်သူတွေ အိမ်ပြန်ကြမလဲ၊ အိမ်ပြန်ချင်တဲ့လူတွေ ရှေ့တိုးကြပါဦး"ဟု ပြောလိုက်၏။ အားလုံး လူးလဲထကာ အနီးသို့ ရောက်လာကြ၏။

"ဟာ ... အကုန်လုံးပါပဲလား"ဟု ပြောရင်း စာရေးသူက "ရမ်"ခွက်ကို ဖြည်းညင်းစွာ တစ်ကျိုက်ကျိုက်၍ နှုတ်ခမ်းကို လျှာနှင့်သိမ်းလိုက်၏။ ထို့နောက် ...

"ကဲ ... ပြန်ချင်တဲ့လူတွေ အခု ခင်ဗျားတို့ ထားဝယ်မြို့ရဲ့ လောလောဆယ် အခြေအနေတွေ တစ်ယောက်ပြီးတစ်ယောက် ပြောကြစမ်း၊ ပြောတဲ့လူတွေ ပြန်ခွင့်ရမယ်၊ ကဲ ... ဘယ်သူကစပြောမလဲ"

ဟု မေးလိုက်၏။

ကားဆရာတစ်ယောက်က စ၍ပြော၏။ စာရေးသူက ရေချည်းလိုလို ရောစပ်ထားသော "ရမ်"ကို ဂလုတ် ဂလုတ်နှင့် တမင်မြည်အောင် ဖြည်းညင်းစွာ တစ်ကျိုက်ချင်းကျိုက်၍ နားထောင်နေရ၏။

ကားဆရာအားလုံးတို့ ပြောကြသည့် စကားများတွင် ကရင်ဝင်တော့မည်ဖြစ်ကြောင်း၊ အရေးပိုင်နှင့် ရာဇဝတ်ဝန်ကြီးတို့က ပြေးရန်အသင့်ပြင်ပြီးဖြစ်ကြောင်း၊ စစ်ဝန်ထမ်းမှ ဗိုလ်ကြီး ဗိုလ်ဒိဗာသည် ကရင်ကိုတိုက်မည့်သူဖြစ်သော်လည်း လူရိုးလူအ,ကြီး ဖြစ်သောကြောင့် ရာဇဝတ်ဝန်ကြီး ခိုင်းရာကို လုပ်နေရကြောင်း။

ထားဝယ်မြို့သူမြို့သားတို့သည် ကရင်ဝင်မည်ကို ကြိုက်နှစ်သက်သူ တစ်ဦးမျှမရှိကြောင်း။ လူလေးငါးရှစ်ဆယ်ခန့်ရှိသော ကရင်လက်နက်ကိုင်တပ်သည် ကရင်သူပုန်များ ဝင်လာသည်နှင့်တစ်ပြိုင်နက်လက်နက်ချရန် အသင့်စောင့်နေကြကြောင်းတို့သာလျှင် ဖြစ်ကြ၏။

အားလုံး ပြော၍ပြီးသောအခါ စာရေးသူက ...

"ခင်ဗျားတို့ ကရင်သူပုန်တွေလာရင် ဘယ့်နှယ်လုပ်ကြမလဲ" ဟု မေးလိုက်၏။

"ကျွန်တော်တို့ ကားတွေဝှက်ထားပြီး ပုန်းနေကြရမှာပဲ၊

နို့မို့ရင် ကားရောလူပါ အတင်းခေါ်ထားကြမှာ စိတ်မထင်ရင် သတ်ချင်သတ်မှာ”ဟု ဆို၏။

ဤတွင် စာရေးသူက “ကျွန်တော်တို့လိုပေါ့ ဟုတ်လား၊ အခုလည်း ခင်ဗျားတို့ ကားရောလူပါ ခေါ်ထားတာပဲ”ဟု ပြော၍ ပြုံးလိုက်၏။

အတန်ကြာမှ ကားဆရာတစ်ယောက်က “ဗိုလ်ကြီးတို့က ပိုက်ဆံပေးငှားတာပဲ၊ သူတို့က ပိုက်ဆံပေးမှာ မဟုတ်ဖူး”ဟု ဆို၏။ ထိုအတွင်း ဆေးရုံမှ ဗိုလ်ကလေး ပြန်လာ၏။ စာရေးသူက “ဘယ့်နှယ်လဲဟေ့”ဟု လှမ်းမေးလိုက်၏။

“ဆရာဝန်ကြီးက ပြောတယ် ဗိုလ်ကြီး၊ ခြေထောက်မှန်တဲ့လူက တစ်ပတ်အတွင်း ပျောက်မယ်တဲ့၊ တင်ပါးမှန်တဲ့လူက အသားပြန်ပြည့်အောင် တစ်လလောက် စောင့်ရမယ်တဲ့၊ အရိုးကို မထိပါဘူး ...” တဲ့ဟု သတင်းပို့၏။

ထို့နောက် ဗိုလ်ကလေးက ပြုံး၍ “ဆေးရုံမှာ ကရင်ဆရာမ ခပ်ချောချောလေး ရှိတယ် ဗိုလ်ကြီး”ဟု ပြော၏။

“ဘာလဲ မင်းက ကြိုက်လာပြန်ပြီလား”

“မဟုတ်ဘူး ဗိုလ်ကြီး၊ အဲဒီဆရာမကလေးက မေးတယ်၊ ရှင်တို့တပ်မှာ ဆင်းဒါးစစ်ကျောင်းက ပြန်လာတဲ့ ဗိုလ်တွေပါတယ်ဆိုပဲ၊ ဗိုလ်ကြီးတွေလား ဗိုလ်မှူးတွေလားတဲ့”

စာရေးသူသည် ယခုလောက် မြန်လိမ့်မည်မထင်။ သို့သော် မြန်လွန်းလှ၏။

အခြားကိစ္စများတွင်လည်း ဤအတိုင်းသာ မြန်ခဲ့ပါမူ... မိမိတို့ထက်ပို၍ လက်ဦးမည်ကို စိုးရိမ်ရ၏။

သို့စဉ်းစားရင်း “ဒီတော့ မင်းက ဘယ့်နှယ် ပြန်ပြောလိုက်သလဲ” ရဲဘော်သည် ကားဆရာများဘက်သို့ မသိမသာ လှည့်ကြည့်လိုက်ပြီးနောက် ခပ်ပြုံးပြုံးဖြင့် ပြန်ပြော၏။

“ဘယ်ဖုံးထားလို့ဖြစ်မလဲ ဗိုလ်ကြီး၊ ကျွန်တော်တို့ ‘အိုစီ’

ပါနဲ့မှ လေးယောက်တည်းပါ သူတို့က သူငယ်ချင်းတွေချည်းပဲ” လို့ ပြန်ပြောခဲ့တယ်ဟု ဆို၏။

စာရေးသူက စောနပိုလီယံယူသော အဘိုးကြီးကို တွေးရင်း ပြုံးမိပြန်၏။ “ကရင်တွေဆီ ဒီသတင်း ပျံ့တော့မယ်ဆိုတာ ငါ အစောကြီး ကတည်းက အသိသားပဲ၊ မတတ်နိုင်ဘူးပေါ့ကွယ်၊ မင်း သွားတော့”ဟု ပြန်လွှတ်လိုက်၏။

ထို့နောက် “ရမ်”ကို တစ်ကျိုက်ကျိုက်လိုက်ပြန်ရင်း ခင်ဗျား တို့ သိလိုက်ကြလား စောစောက သေနတ်သံလေဟု မေး၏။

ကားဆရာတို့က သေနတ်သံတော့ ကြားတယ်၊ ဘာဖြစ်မှန်း မသိဟု ဆိုကြ၏။

စာရေးသူက ...

“ကျွန်တော် မရှိတုန်း အပြင်ကို တိတ်တိတ်ခိုးထွက်လို့ ကင်းက သေနတ်နဲ့ ပစ်လိုက်တာ ရဲဘော်နှစ်ယောက်စလုံး မှန်သွားကြတယ် လေ၊ အဲဒါ ဆေးရုံကိုတော့ မေးမရလို့ ပစ်ရပါတယ်ဆိုပြီး လိမ် ပို့လိုက်ရတာပဲ ...

ဒီတပ်က ရဲဘော်တွေက အဲဒီလို ခပ်ကြမ်းကြမ်း အုပ်ချုပ်မှ တော်ရုံရှိတယ်၊ စစ်တိုက်တဲ့နေရာမှာ တော်ပေမယ့် တပ်တကာ့ တပ်က မနိုင်လို့ ပို့လိုက်တာချည်းပဲ၊ ကဲ ... ရဲဘော်တွေအကြောင်း ထားပြီး ခင်ဗျားတို့နဲ့ စကားဆက်ကြဦးစို့ ...”

စာရေးသူက နောက်ထပ်“ရမ်”တစ်ခွက်ကိုင်၍ ရေနှင့်ရော နေ၏။

ကားဆရာတို့က ကြည့်နေကြ၏။ စာရေးသူက တစ်ကျိုက် ကျိုက်လိုက်၏။ ပြီးမှ ...

“ဒီမှာ ခင်ဗျားတို့ကို ကျွန်တော် သဘောပေါက်အောင် ပြောပြဦး မယ်၊ စစ်ဆိုတာ အင်မတန် အရေးကြီးတယ်၊ စစ်နဲ့ပတ်သက်တဲ့ စကားဆိုတာဟာ အပြင်ကို နည်းနည်းလေးမှ အပေါက်ကြားမခံ နိုင်ဘူး ...

အခုဆိုရင် ကျွန်တော်တို့ဟာ ရန်သူဝိုင်းနေတဲ့ ခင်ဗျားတို့

ထားဝယ်မြို့ကို ရန်သူ့လက်ထဲမကျအောင် ကာကွယ်ပေးရမယ်၊ ဒါပေမဲ့ ကျွန်တော်တို့မှာ အားလုံးပေါင်းမှ စစ်သားက သုံးရာကျော် လေးပဲ ရှိတယ်ဆိုတော့ လုပ်ရမယ့်တာဝန်နဲ့ဆိုရင် အင်အားသိပ် နည်းတယ် ...

ပြီးတော့ လက်နက်ဆိုရင်လည်း ကျွန်တော်တို့ အားအကိုး ရဆုံး စက်သေနတ်ဟာ တစ်တပ်လုံးမှာ သုံးဆယ့်ခြောက်လက်တည်း ပါတယ်။ အဲ ... ခံစစ်မှာ အသုံးမဝင်တဲ့ သုံးလက်မစိန်ပြောင်းနဲ့ နှစ်လက်မစိန်ပြောင်းတွေကတော့ တစ်ပုံကြီးပဲ၊ အလကား လေး နေတာပဲ၊ ရေထဲတောင် ချပစ်ခဲ့ချင်တယ် ...

အဲဒီတော့ အဲဒီသတင်းမျိုးတွေ ခင်ဗျားတို့ဆီက ပေါက်ကြား ကုန်ကြမယ်ဆိုရင် ထားဝယ်မြို့မှာရှိတဲ့ လူထုရဲ့ကံကြမ္မာဟာ ဘယ်လိုဖြစ်သွားမလဲ၊ ဒါကြောင့် ကျွန်တော်တို့ဟာ ခင်ဗျားတို့ ကို ဒီခေါ်ထားရတာပဲ ...

ဒီတော့ ခင်ဗျားတို့က ကျွန်တော်တို့တပ်နဲ့ ပတ်သက်ပြီး ဘာသတင်းမှ မပေါက်ကြားစေရဘူးလို့ ကတိပေးကြရမယ်၊ ပြီးတော့ ကျွန်တော့် ဗိုလ်ကလေးတစ်ယောက်ဆီမှာ ခင်ဗျားတို့ နေရပ်လိပ်စာ တွေပေးခဲ့ကြရမယ်၊ တပ်က သတင်းတစ်ခုခု အပြင်ကိုပေါက်ကြား ရင် ခင်ဗျားတို့ တာဝန်ပဲ၊ တာဝန်ဆိုတာ သိသလား"

"ခင်ဗျာ ... ခင်ဗျာ"

"စစ်တိုက်နေတဲ့ အချိန်မှာ ရန်သူ့ဘက်က အနိုင်ရရှိအောင် တစ်စုံတစ်ခုကို မသိလို့ဖြစ်ဖြစ်၊ မခံချင်လို့ဖြစ်ဖြစ်၊ ကြားချင်လို့ ဖြစ်ဖြစ်၊ ပြောမိ ဆိုမိ မှားခဲ့လျှင် ဒီလူ့ကို ရန်သူအားပေး သစ္စာ ဖောက်အနေနဲ့ ပစ်သတ်နိုင်တယ် ...

အဲဒီတော့ ခင်ဗျားတို့သာ သိနိုင်တဲ့ လူသုံးရာကျော်ရှိတဲ့ တပ်ကို လူပေါင်း လေးငါးရစ်ရာထင်အောင် ရွှေ့ပြောင်းတာမျိုး ရန်သူ့ဘက်က သိရင်တော့ ခင်ဗျားတို့ သစ္စာဖောက်ပဲ ဟုတ်ရဲ့ လား"

"ခင်ဗျာ ... ခင်ဗျာ"

"အဲဒါ မှတ်ထားကြပေါ့ဗျာ၊ ကျွန်တော့် ဗိုလ်ကလေးလာရင် ခင်ဗျားတို့နာမည်နဲ့ နေရပ်တွေပေးခဲ့ကြပေါ့၊ မနက်တော့ ပြန်ကြ၊ အခုညတော့ ဆယ်နာရီတောင် ထိုးတော့မယ်၊ အချိန်လည်းမရှိဘူး၊ ခင်ဗျားတို့ သောက်တတ်သလား၊ သောက်တတ်ရင် ဝေ သောက်ကြ၊ ကျွန်တော့်ဗိုလ်ကလေး အခုလွှတ်လိုက်မယ် ဟုတ်လား"

"ခင်ဗျာ ... ခင်ဗျာ"

ထိုအသံများမှာ အတော်ကျေကျေနပ်နပ် ထွက်လာသောအသံများ ဖြစ်ကြ၏။ နောက်ပိုင်းတွင် ကားဆရာများနှင့် ဆက်ဆံရာကားများပေါ်တွင် ဓာတ်ဆီပေပါလိုက် တင်ပေးထား၏။ ကားဆရာတို့က ခိုးရောင်းကြ၏။ စာရေးသူက မသိချင်ပြုနေရ၏။ သိပါလျက် တမင်မသိချင် ပြုနေကြောင်းကိုလည်း သိစေရ၏။

ထိုမျှ မဟုတ်သေး ...

စာရေးသူသည် ထားဝယ်မြို့တွင်ရှိသော မြင်းလှည်းများကိုမည်သည့်ရဲဘော် စီးသည်ဖြစ်စေ ပေးရိုးပေးစဉ် ထုံးစံအတိုင်း မစီးမီက မေး၍စီးရမည်။ ထို့နောက် ပြောသည့်အတိုင်း ပေးပြီးမှ အပိုတစ်မတ်တစ်မတ် အမြဲပေးရမည်။ ထိုပေးသော ပိုက်ဆံအတွက် စာရင်းလုပ်တင်လျှင် တပ်ခွဲမှ ပြန်၍ဆပ်မည်ဟု အမိန့်ထုတ်ထား၏။

ထို့ကြောင့် ချက်ချင်းလိုလိုပင် စာရေးသူ၏ တပ်သည် ထားဝယ်မြို့ရှိ မြင်းလှည်းဆရာ ကားဆရာတို့၏ အကြည်ညိုခံရသော တပ်တစ်တပ် ဖြစ်လာ၏။

ထို့နောက် ကားဆရာ မြင်းလှည်းဆရာတို့သည် စာရေးသူ၏ လူယုံများ သတင်းပေးများ ဖြစ်လာကြ၏။

စာရေးသူသည် ထားဝယ်မြို့တွင်ရှိသော ရဲအဖွဲ့ကြီးထက်ပင် နောက်ပိုင်း၌ မှန်ကန်ပြည့်စုံသော သတင်းများကို ရရှိလာ၏။ သို့သော် ထိုနေ့ကမူ ထားဝယ်မြို့သို့ ရောက်ရှိလာကြသော နံနက်(၁၀) နာရီခန့်မှစ၍ ယခုညဉ့်၂ နာရီအတွင်း ပေါင်း ၁၄ နာရီလုံးလုံး ဤဖော်ပြခဲ့ပြီးသော

လုပ်ငန်းများကို ပြုလုပ်ပြင်ဆင်ခဲ့ပြီးနောက် အင်း ... နက်ဖြန်ဆိုရင်တော့ မြို့ထဲက သတင်းတွေ ကြားကောင်းပါရဲ့ဟု တွေးတောကာ ထင့်သော စိတ်ဖြင့်ပင် အိပ်ပျော်သွားရပါလေ၏။

■ ■ ■

## "ကျည်ဆန်မဲ့ တိုက်ပွဲ"

မောမောဖြင့် တစ်ရေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။ နိုးလာသောအခါ တစ်ကိုယ်လုံး နာကျင်နေ၏။

အင်း ... ခြောက်မိုင်ခရီးကို အထုပ်အပိုးတွေနှင့် သေနတ်လွယ်ပြီး သုံးခေါက်လောက် လျှောက်ရတဲ့ ရဲဘော်တွေတော့ ဘယ်လိုများနေမလဲ မသိဘူးဟု တွေးလိုက်၏။

"ဘယ်တတ်နိုင်မလဲလေ ... ဒါမှလည်း အကျင့်ရလာကြမှာပေါ့"ဟု စဉ်းစားလျက် ရတ်တရက် ထထိုင်၏။ နာရီကိုကြည့်လိုက်သောအခါ ငါးနာရီထိုးပြီးလျက် ရှိနေပြီ ...။

စာရေးသူသည် ဗိုလ်ကလေးများကို အိပ်ရာသို့သွားနှိုး၏။ ထို့နောက် ကားဆရာတွေ ရှိနေသောကြောင့် ...

"ရဲဘော်များကို တိုးတိုးတိတ်တိတ် ကျိတ်နှိုးပြီးလျှင် တစ်ခွဲတစ်ခုလုံး ပထမအကျီချွတ် တန်းစီစေ ... နိုင်ငံတော်အလေးပြု၊ ကျဆုံးပြီး ခေါင်းဆောင်တွေနှင့် ရဲဘော်တို့ကို အလေးပြု၊ သစ္စာဓိဋ္ဌာန်ပြု ဗိုလ်ကလေးတစ်ယောက်က ငါ့ကိုတပ်အပ်၊ ငါက ဆုံးမစကားနှင့် ယနေ့ပြုလုပ်မည့် အစီအစဉ်တွေပြောပြီး တန်းဖြုတ်မည် ...

ဒုတိယ အဲဒီရဲဘော်တွေကိုပဲ စွပ်ကျယ်အကျီ ဝတ်ခိုင်း ဒီအတိုင်းလုပ် ဗိုက်ကလေးတစ်ယောက်က ငါ့ကိုတပ်အပ် ...

တတိယ အဲဒီရဲဘော်တွေကိုပဲ တချို့ကိုယ်တုံးလုံး၊ တချို့

စွပ်ကျယ်အင်္ကျီဝတ်ပြီး ဒီအတိုင်းလုပ်၊ ဗိုလ်ကလေးတစ်ယောက်က ငါ့ကို တပ်အပ် ...

ပြီးလျှင် အင်္ကျီဗလာနှင့် ဗိုလ်ကလေး၊ စွပ်ကျယ်အင်္ကျီနှင့် ဗိုလ်ကလေး၊ ရှပ်အင်္ကျီနှင့် ဗိုလ်ကလေးတို့က ငါနှင့်အတူ ကားဆရာတွေရှိရာသို့ လိုက်လာကြ၊ ဟိုရောက်လျှင် ထိုင်စကားပြောရမည် ...

လက်ဖက်ရည်ကျက်လျှင် ငါတို့ ကားဆရာတွေနှင့်အတူ ရောပြီး လက်ဖက်ရည်သောက်ကြမည်၊ ဒီအချိန်မှာ ရဲဘော်တွေကို တချို့စွပ်ကျယ်နှင့် တချို့ ကိုယ်တုံးလုံးနှင့် တချို့ရှပ်အင်္ကျီနှင့် ရှိကြစေ"ဟု ပြောထား၏။

ထို့နောက် ကားဆရာတွေ မြင်ရုံသာမြင်ကြရ၍ ရိုးရိုး ပြောဆိုသော စကားသံကို မကြားနိုင်သည့် ခပ်လှမ်းလှမ်းတွင်ရှိသော ကွင်းပြင်ကျယ်တစ်ခု၌ သွား၍တန်းစီကြ၏။

တန်းစီကြရာ၌ ...

စာရေးသူက ရဲဘော်များအား သင်တန်းပေးရန် ဗိုလ်ကလေးနှစ်ယောက်ကို တာဝန်လွှဲ၏။ ဗိုလ်ကလေး တစ်ယောက်ကို တပ်တွင် အမြဲတမ်း ရှိနေစေလျက် အထွေထွေတာဝန်ယူရန် ညွှန်ကြား၏။ တွန်မီကိုင်ရဲဘော်နှစ်ယောက်ကို တစ်ယောက်သည် အရပ်သားကဲ့သို့ လည်းကောင်း၊ တစ်ယောက်သည် စစ်ဝတ်စုံနှင့်လည်းကောင်း၊ စာရေးသူနှင့် အတူရှိစေရန် ညွှန်ကြား၏။

ထို့အပြင် ရဲဘော်များကိုလည်း ...

"ရဲဘော်တို့က ယမန်နေ့က မည်မျှပင်ပန်းကြ၍ ကိုယ်လက်များ မည်ကဲ့သို့ နာကျင်ကိုက်ခဲနေမည်ကို ငါ သိသည်။ သို့သော် ဤကဲ့သို့ နာကျင်ပင်ပန်းကြခြင်းသည် ...

သွေးစိမ်းရှင်ရှင် သောက်လိုလျက် ရှိနေကြသော ကရင်အမျိုးသားများ၏ လက်တွင်းသို့ ငါတို့ကိုယ်တိုင် သက်ဆင်းအဆုံးရှုံးခံကြရခြင်းထက် အဆပေါင်းများစွာ သက်သာတယ် ...

ငါတို့ကိုယ်တိုင် သက်ဆင်းကျရောက်ခြင်း မရှိကြနဲ့ဦး၊ ငါတို့ တာဝန်ယူစောင့်ရှောက်ပေးကြရမည့် ဒီထားဝယ်မြို့ကြီးကို အဲဒီ သွေးစိမ်ရှင်ရှင် သောက်လိုနေကြတဲ့ ကရင်အမျိုးသားတွေ လက်ထဲ ထားပစ်ခဲ့ရခြင်းထက်လည်း ငါတို့ကိုယ်လက်တွေ ကိုက်ခဲ ပင်ပန်းကြရတာက အဆပေါင်းများစွာ သက်သာတယ် ဟုတ်ပါ့ မလား ရဲဘော်တို့"

"ဟုတ်ပါတယ်"

ရဲဘော်တွေက သံပြိုင်ပြောကြ၏။

"ဒီတော့ကာ ရေးအင်္ဂလိပ်ကြီးများ လက်ထက်ကတည်းက နှစ် ပေါင်းအများချည်း တိုက်နည်း ခိုက်နည်း သေနတ်ပစ်နည်းတွေကို လေ့ကျင့်သင်ကြားလာတဲ့ ရန်သူများနဲ့ ရဲဘော်တို့ဟာ ရင်ဆိုင်ကြ ရမယ်ဆိုတော့ ...

ရဲဘော်တို့ တစ်တွေဟာ ရန်သူထက် အဆပေါင်းများစွာ သတ္တိရှိကြလို့ အသက်တွေ အကုန်လုံး အသေခံရဲတဲ့ စိတ်ဓာတ် ရှိကြဦး၊ ရန်သူကို အနိုင်မယူနိုင်ဘဲ အဲဒီလို သေကုန်ကြရင်ကော အကျိုးရှိမလား"

"မရှိဘူး"

"ရန်သူနဲ့ မင်းတို့နဲ့၊ မင်းတို့က ဘာမျှမလေ့ကျင့်ဘဲ ဒီအတိုင်း တိုက်ကြစမ်း ဆိုရင် ဘယ်သူကရှုံးမယ်၊ နိုင်မယ်ဆိုတာ ငါပြောနေဖို့ မလိုဘူး မင်းတို့ အသိဆုံးပဲ ...

ဒီတော့ကာ အသေတောင်ခံရဲကြသေးတဲ့ ရဲဘော်တို့ဟာ ရန်သူကိုနိုင်ကြဖို့အတွက် ကိုယ်တွေလက်တွေ ကိုက်ခဲတာ ပင်ပန်း ကြတာလောက်တော့ မခံနိုင်ဘူးလား"

"ခံနိုင်ပါတယ်"

"ဒါကြောင့် တို့ဟာ သေတာမဟုတ်ကြသေးတဲ့အတွက် ရန်သူကို နိုင်ဖို့ ဆက်လက်ပြီး အပင်ပန်းခံကြရမယ် ရဲဘော်တို့ ...

ရဲဘော်တို့ ... မင်းတို့နှင့်အတူ မင်းတို့ရဲ့ ဆရာကလေးများ နှင့်တကွ ငါပါ အတူရောနှောပြီး အပင်ပန်းခံကြတဲ့အတွက် မင်း

တို့ဟာ စိတ်မပျက်ကြဘဲ အမောခံပြီး လေ့သား၊ ကျင့်သား၊ ထုသား၊ တေသား ရလာကြအောင် ဆက်လက်ကြိုးစားကြ ...

ဒါထက် မင်းတို့ကို ဒီနေ့မနက် မြို့ထဲကို လည်ခွင့်ပေးမယ်၊ ဒါပေမဲ့ မင်းတို့ဟာ မြို့ထဲကို သွားကြတဲ့အခါမှာ ...

တစ်အချက်က ... မင်းတို့ဟာ မင်းတို့ကြိုက်တဲ့လူနဲ့ ငါး ယောက်တစ်တွဲ သွားကြရမယ် ...

နှစ်အချက်က ... စစ်ဝတ်စုံအပြည့်နဲ့၊ သံခမောက်ဆောင်း ရမယ်၊ ကျည်ဆန့်အိတ်၊ သေနတ် အပြည့်အစုံ ပါရမယ် ...

သုံးအချက်က ... အမြဲတမ်း ခြေလှမ်းညီညီနဲ့ သတိအချိုး အစား လျှောက်ရမယ်၊ သတိအချိုးရပ်ရမယ် သတိအချိုးနဲ့သာ လှည့်ရမယ်၊ ဒါပေမဲ့ လူတွေရှေ့မှာ တမင် မညီ့ညီအောင် ညှို မနေကြရဘူး ...

လေးအချက်က ... မင်းတို့ကို ဘယ်သူက စကားပြောပြော ခေါင်းယမ်းပြရမယ်၊ ဘာမှမပြောကြရဘူး၊ လိုချင်တာရှိရင် လက် ဟန် ခြေဟန်နဲ့ မေးပြီး ပြောတဲ့ဈေးနဲ့ ဝယ်လာကြရမယ်၊ ပစ္စည်း တစ်မျိုးကို ငွေတစ်ကျပ်ထက်မပိုဘဲ ဈေးကြီးလာခဲ့ရင် ဆိုင်ရာ ဗိုလ်ကလေးတွေဆီကို စာရင်းတင်လိုက်၊ တပ်ခွဲက မင်းတို့ပိုပေးရတဲ့ ငွေအတွက် မင်းတို့ကို ပြန်ပေးမယ်၊ ဒါပေမဲ့ ပစ္စည်းတစ်မျိုးအတွက် တစ်ကျပ်ထက်ပိုရင်တော့ တပ်ခွဲက မပေးနိုင်ဘူး ...

ငါးအချက်က ... မင်းတို့ဟာ ဘယ်တော့မှ ပြုံးခြင်း၊ ရယ် ခြင်း မလုပ်ကြရဘူး၊ အမြဲတမ်း သတိအချိုးအစား မျက်နှာနဲ့ နေ ကြရမယ်၊ ဒါဟာ အရေးကြီးဆုံး အချက်ပဲ ...

ခြောက်အချက်က ... အဲဒီလို သွားလည်ကြတဲ့ ရဲဘော် တွေဟာ အခုမနက် ဆယ်နာရီတိတိမှာ တပ်ကို ပြန်ရောက်ကြ ရမယ်၊ အကယ်လို့ သေနတ်သံတွေ ဘာတွေ ဆက်တိုက် ကြား လာကြမယ်ဆိုရင် ကြားတဲ့နေရာကစပြီး တပ်ကိုအရောက်ပြန်လာ ရမယ် ...

ဒီအချက်တွေနဲ့ ညီညွတ်အောင် မလုပ်နိုင် မသွားနိုင်ကြတဲ့

ရဲဘော်တွေအတွက်တော့ မြေမပေါက်ချင်ကြရင် မသွားကြနဲ့လို့ပဲ အကြံပေးချင်တယ်၊ သွားနိုင်တဲ့ ရဲဘော်တွေက ဆိုင်ရာကင်းမှာ စာရင်းပေး လက်မှတ်ထိုးပြီး အခုတန်းဖြုတ်ရင် ဖြုတ်ချင်းသွားနိုင်ကြပြီ ... မှတ်မိကြရဲ့လား ရဲဘော်တို့ ...”

“မှတ်မိပါပြီ”

ဤသို့ဖြင့် စာရေးသူက ရဲဘော်များကို ပြောဆိုတန်းဖြုတ်ပြီးနောက် ကားဆရာတွေရှိရာ လာခဲ့၏။ ဗိုလ်ကလေးတွေလည်း လိုက်ပါလာကြ၏။ ကားဆရာတို့သည် အချို့ ဆေးလိပ်ထိုင်သောက်နေကြပြီဖြစ်သော်လည်း အချို့အိပ်နေကြတုန်းရှိသေး၏။

စာရေးသူတို့ ရောက်သွားကြသောအခါ အချင်းချင်းနှိုးကြ၍ထထိုင်ကြ၏။ ကားဆရာအချို့က မျက်နှာသစ်ပြီး ပြန်လာလျက် ... “ဗိုလ်ကြီး ... ကျွန်တော်တို့ သွားရတော့မလား”ဟု ဆို၏။

စာရေးသူက “သွားရပါတယ်လေ၊ ဒါပေမဲ့ နေပါဦး၊ လက်ဖက်ရည်သောက်ပြီးမှ သွားတာပေါ့”ဟု ပြော၍ လက်ဖက်ရည်အတူသောက်ကြ၏။ ရန်ကုန်မှ မုန့်ကြွပ်များ ပါလာခဲ့သော်လည်း ကားတစ်စီးဖြင့် ပေါင်မုန့်ထောပတ်သုတ်များ ဝယ်ခိုင်းပြီးလျှင် ကားဆရာတို့နှင့်အတူစား၏။

ထို့နောက် ကားဆရာများကို ဆိုင်ရာတို့နှင့်တကွ ခင်ဗျားတို့အိမ်ရှင်မများကို ပြောကြားပြီးနောက် ပြန်လာကြရန်နှင့် ဤကားများကို ထားဝယ်မြို့အတွက် စိတ်မချရသေးသမျှ တပ်မှာ အမြဲငှားထားကြောင်း၊ သို့သော် ကားဆရာတို့သည် အိမ်ကိုလည်း ပြန်နိုင်ကြ၍ အရေးအကြောင်းရှိလျှင် အသင့် သုံးနိုင်ဖို့အတွက် တပ်တွင် လူအချို့ အမြဲရှိနေရန်နှင့် ထွက်သွားသူများကလည်း ဘယ်လာခေါ်ပါဟု မှာသွားရန်လိုကြောင်း၊ စာရေးသူက ပြောကြား၏။ ထိုအတွင်း လမ်းပေါ်မှ ဘတ်စ်ကားသုံးစီးဖြင့် ဆန်အိတ်အပြည့်တင်၍ မောင်းသွားသည်ကို စာရေး သူက တွေ့လိုက်၏။ ရဲဘော်ကလေးတွေကို အော်၍ အရပ်ခိုင်းစေ၏။ ကားက မကြား။

ထို့ကြောင့် ရဲဘော်တစ်ယောက်အား အသင့်ရှိစေသော ကားတစ်စီးဖြင့် အလိုက်ခိုင်းရ၏။ စာရေးသူက ကားဆရာတို့အား ဖြန်းခနဲ

ပေါ်လာတဲ့ ကိစ္စဆိုတာ ဒါမျိုးပေါ့ဟု ပြောပြရ၏။ ကားဆရာတို့က သဘောပေါက်၏။ အတော်ကြာမှ လိုက်သွားသောကားနှင့်အတူ ဆန်အိတ်ကားတွေ ပါလာ၏။ စာရေးသူက ဆန်အိတ်ရှင်ကိုမေး၏။ တရုတ်အမျိုးသား ဖြစ်၏။ သတ္တုတွင်းကဟုဆို၏။ ဤဆန် အိတ်များသည် သတ္တုတွင်း အလုပ်သမားတွေ စားဖို့ဟုဆို၏။ သတ္တုတွင်းအလုပ်သမား မည်မျှရှိသလဲဟု မေးသောအခါ သုံးရာကျော်သည်ဟု ဆို၏။ စာရေးသူကို ကားဆရာတစ်ယောက်က မသိမသာ ခေါင်းယမ်းပြ၏။ ထို့ကြောင့် စာရေးသူက အခု အလုပ်,လုပ်နေသလားဟု မေးသောအခါ အလုပ်ပိတ်ထားသည်မှာ အတော်ကြာပြီဟု ပြော၏။ အလုပ်သမားသုံးရာ အခုရှိသလားဟု မေးသောအခါ အခုမရှိ လူပေါင်းငါးဆယ်ခန့်ရှိ သည်ဟု ဆို၏။ ဒီဆန်တွေက ဒီလူငါးဆယ်စားဖို့လားဟု မေးသောအခါ ဟုတ်သည်ဟုဆို၏။ ဒီဆန်တွေ လာမဝယ်မီ နောက်ဆုံး ဆန်ဝယ်ခဲ့တဲ့ အချိန် ဘယ်လောက်ကြာပြီလဲဟု မေးသောအခါ မမှတ်မိဟုဆို၏။

စာရေးသူက နည်းနည်းစိတ်တိုလာ၏။ တရုတ် လိမ်နေသည်ကိုသိ၏။

ထို့ကြောင့် "မင်း ကောင်းကောင်းပြောပါ၊ ငါ လူငယ်တွေနဲ့ လွှတ်မပေးချင်လို့" ဟု ပြောသောအခါ ...

"ကျွန်နော် ကောင်းကောင်းပြောပါတယ် ဗိုလ်ကီး၊ ကျွန်နော် စပ်ထုတွင်းအီလုပ် လုပ်နေလဲ့လူပါ"ဟု ဆို၏။

စာရေးသူက တရုတ်ကိုကြည့်နေ၏။ ထို့နောက် ...

"ကောင်းပြီ၊ ဒီဆန်အိတ်တွေ ဘယ်လောက်ကြာကြာ စားရမလဲ"ဟု မေးသောအခါ ...

"ဘာစားရမလဲ အီလွန်ဆုံး နီလပေါ့"ဟု ပြော၏။

ဆန်အိတ်များမှာ ဘတ်စ်ကား သုံးစီးဖြင့် အပြည့်ဖြစ်၏။

စာရေးသူက ဆက်၍မေး၏။

"ဒါဖြင့် အရင်ဆန်တွေ ဝယ်သွားတုန်းက ဒီလောက်ပဲလား"

"ဘာရှိမည်လဲ ... နည်းနည်းလေးပါ ..."

"ဒီလိုဆိုရင် အရင်ဆန်တွေ လာဝယ်သွားတာ နှစ်လမပြည့်သေးဘူးပေါ့"

"မပြည့်ဘူး ထင်တယ် ..."

"အေး ... မင်းနဲ့ ငါနဲ့ ဟန်ကျပြီ၊ ရဲဘော်တစ်ယောက် လာစမ်းဟေ့...ဒီကားသုံးစီးပေါ်က ဆန်အိတ်တွေ အကုန်ရေစမ်းကွာ"

စာရေးသူနှင့် အတူရှိသော ရဲဘော်က ဆန်အိတ်များကို ရေတွက်၏။ ပထမကားတစ်စီး ပြီးသွား၍ ဒုတိယကား(အလယ်ကားပေါ်သို့) ရေတွက်ရန် တက်မည်ပြုစဉ် ကားပေါ်တွင် တိတ်ဆိတ်စွာနေကြသော ကရင်အမျိုးသမီးနှစ်ယောက်နှင့် ကရင်အမျိုးသားတစ်ယောက်တို့က ဘာသိဘာသာ ဆင်းသွားကြ၏။

ရဲဘော်က ခေါ်၏။

ကရင်အမျိုးသမီးတစ်ယောက် "ငါတို့ ကားကြုံစီးလာကြတာပါ၊ ဘာမှုမဆိုင်ပါဘူး ..."ဟု ကရင်သံဝဲဝဲနှင့် ပြော၏။

စာရေးသူသည် ... နောက်ထပ် မမေးတော့ပေ။

"အဆိုပါ တရုတ်နှင့်တကွ ကရင်အမျိုးသမီးနှစ်ယောက်နှင့် ကရင်အမျိုးသားကို ချုပ်ထား၍ ဆန်အိတ်များကို သိမ်းဆည်းလိုက်ပါရန် ဘတ်စ်ကားများကို မည်သည့်နေရာဟုပြော၍ ငှားရမ်းလာကြောင်းတို့ကို စစ်မေးပြီးလျှင် ကားဆရာတို့ကို ကားနှင့်အတူလွှတ်ပစ်လိုက်ပါရန်"

စာရေးလိုက်ပြီးနောက် အစောင့်ရဲဘော် နှစ်ယောက်နှင့်အတူ ရဲဌာနသို့ လွှတ်လိုက်၏။

ထို့နောက် စာရေးသူက ကားဆရာတို့နှင့်ပြန်၍ လက်ဖက်ရည်သောက်၏။ ပြီးလျှင် မိုင်းတရုတ်အကြောင်းနှင့် မိုင်းတွင်းရှိ အလုပ်သမားတွေအကြောင်းကို စုံစမ်းကြည့်၏။ ထို့နောက် ခွင့်တောင်း၍ ပြန်သွားကြ၏။

"အခွင့်အရေးသည် ရယူတတ်သူများ စောင့်နေရာသို့ အမြဲတမ်းလာရောက်နေကြ၏ ဆိုတဲ့ ဆောင်ပုဒ်တစ်ခုကို ငါပေးထားမယ်... မင်းတို့ မြဲမြဲမှတ်ထားကြကွ ..."

ဟု စာရေးသူက ကိုယ်ပြောတိုင်း နားထောင်နေကြရသူများ အပေါ်တွင် ကြွားလိုက်၏။

ထို့နောက် "ကဲ ... ကိုယ့်ရဲဘော်တို့ရေ ... ကိုယ်တို့ရဲ့တိုက်ပွဲကတော့ မသိမသာ စနေပါပကော ... ဦးနိုင်မှ တော်မနော်၊ ကိုယ်တို့ ရေကလေး မိုးကလေးချိုးပြီး သွားကြလာကြဦးစို့"ဟု ဆက်လက်ကြွေးကြော်လိုက်၏။

မကြာမီ ရဲဘော်နှစ်ယောက်နှင့်အတူ စစ်ဝန်ထမ်းဗိုလ်ကြီး ဗိုလ်ဒိုဗာဆီသို့ သွား၏။

ဗိုလ်ကြီးဗိုလ်ဒိုဗာကို နံနက်ပိုင်းက ဆန်အိတ်များ မြို့ပြင်ထုတ်သွားသည်ကို တွေ့ရသဖြင့် ဖမ်းဆီးရန် ရဲဌာနသို့ အပ်လိုက်ရကြောင်း၊ ဆူပူသူများသည် မြို့ကိုမစီးမီ မြို့အပြင်တစ်နေရာ၌ စခန်းချ စုဝေးကြရဦးမည်ဖြစ်ရာ ဆန်၊ ဆီ၊ ဆေးလိပ်၊ ငါးပိ စသည်တို့ကို မြို့အပြင်ဘက်သို့ အမြောက်အမြား ထုတ်ယူသွားခြင်းသည် ဆူပူသူများအတွက် ထုတ်ယူသွားခြင်းပင် ဖြစ်နိုင်ကြောင်း၊ ယခုအချိန်တွင် ထိုကုန်စည်များကို မြို့အပြင်သို့ အမြောက်အမြား ဝယ်ယူသွားသူတို့သည် ဆူပူသူများကိုယ်တိုင်သော် လည်းကောင်း၊ ဘက်တော်သားများသော် လည်းကောင်း ဖြစ်နိုင်ကြောင်းတို့ကို ရှင်းပြ၏။

ဗိုလ်ဒိုဗာကြီးသည် သဘောပေါက်သွားသောအခါ ချက်ချင်း သူ၏ရဲဘော်များကို ဒေါသတကြီးနှင့် ခေါ်ယူလိုက်ပြီးနောက် မြို့အပြင်သို့ထွက်သည့် ကုန်းလမ်း ရေလမ်း အားလုံးတို့ကို အစောင့်ခိုင်း၏။

"ဟုတ်တယ် အစ်ကိုလေး ... ဟုတ်မှာပဲ ဒါကြောင့် တွေ့လို့ရှိရင် မင်းတို့ကိုယ်တိုင် ပေါ်အောင်စစ်ပြီးမှ ရဲဌာနကိုအပ်လို့ မှာလိုက်တယ်၊ ပြီးတော့ ဘာလုပ်ရဦးမလဲ အစ်ကိုလေး"

"အခုတော့ ဘာမှလုပ်ဖို့မလိုဘူး၊ ညနေ ဆွေးနွေးပွဲကျရင် မနေ့က ပြောတာတွေလုပ်ပြီး မလုပ်ပြီးမေး၊ မလုပ်ရသေးဘူးဆိုရင် နာနာ အပြစ်တင်ပေတော့၊ ဒါပေမဲ့ ပြောသာ ပြေရတာပါ ဗိုလ်ကြီးက ရဲဝန်ကြီးတော့ အပြစ်တင်မှာ မဟုတ်ပါဘူး"

"ဟာ...ကျွန်တော်က အစကတည်းက ရဲဝန်ကြီးရော၊ ခရိုင်ဝန်ကြီးရော၊ လူတွေထဲမှာကို ထောင်ထောင်တုတ်နေတာပဲ"

"အစကတော့ ဟုတ်မှာပေါ့လေ၊ ဒါပေမဲ့ အခုတော့ ရဲဝန်ကြီးကတော်က အချော့ကောင်းတာနဲ့ ပျော့နေမှာပါ"

"ဟာ ... ဒါ ... ဒါ ... အစ်ကိုလေးကို တစ်ယောက်ယောက်က သတင်းပေးထားတယ်နဲ့ တူတယ်၊ ဘယ်သူ သတင်းပေးလဲ ဗိုလ်နေဝင်းလား"

ဗိုလ်နေဝင်းမှာ ဗိုလ်ဒိုဗာကြီးအထက်မှ တပ်ရင်းမှူးဖြစ်၏။

"မဟုတ်ဘူး ဗိုလ်ကြီးရဲ့၊ ရဲဝန်ကြီးကတော်ရော၊ ကောင်မလေးတွေကရော ဗိုလ်ကြီး ဗိုလ်ဒိုဗာ အကြောင်း ထည့်ထည့်ပြောကြလွန်းလို့ တွေးရတာပါ"

"ဟုတ်လား ... သူတို့က အစ်ကိုလေးကို ပြောပြကြသလား"

ဟု ပြောရင်း ရဲဘော်တစ်ယောက်ကိုခေါ်ယူ၍ စီးကရက်အဝယ်ခိုင်းပြီးတည်၏။ နေပါစေဟု ပြော၍မရ။

ထို့နောက် စာရေးသူက မေးကြည့်၏။

"ဒီမှာ ဗိုလ်ကြီး ဗိုလ်ဒိုဗာ အကယ်လို့ မော်လမြိုင်ကိုစီးထားကြတဲ့ ကရင်ဆူပူသူတွေဟာ လမ်းအတိုင်း ထားဝယ်ကို စီးဖို့လာကြမယ်ဆိုရင် ထားဝယ်မြို့နဲ့ အနီးဆုံးစခန်းချလို့ ဘယ်နေရာမှာ အကောင်းဆုံးဖြစ်မလဲ ..."

"စခန်းချလို့ အကောင်းဆုံးကတော့ ကလိန်အောင်ဆိုတဲ့ နေရာပဲ အစ်ကိုလေးရေ ..."

"အဲဒီ ကလိန်အောင်ဆိုတာ တော်တော်ကြီးသလား ဂတ်တွေဘာတွေ ရှိသလား"

"ဘိုတဲတစ်ခု ရှိတယ်၊ ကင်းဂတ်တစ်ခုရှိတယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က အဲဒီဂတ်မှာရှိတဲ့ ရဲအဖွဲ့ကို ခင်ဗျားတို့ပြန်သွားကြတော့ဆိုပြီး ကရင်တွေက သေနတ်ယူထားလိုက်လို့ ရဲအဖွဲ့ပြန်လာခဲ့ရတယ်၊ အခုတော့ ကရင်တွေ ရှိတဲ့အခါလည်း ရှိတယ်တဲ့၊

သွားတဲ့အခါလည်း ထွက်သွားကြသတဲ့၊ ဘာမှ သတင်းအတိအကျ မရဘူး အစ်ကိုလေး"

"ဒါဖြင့် ဒီလိုလုပ်ကြရအောင် ဗိုလ်ကြီး၊ ကျွန်တော်တို့မှာ အချိန် သိပ်မရှိဘူး၊ ကရင်အမျိုးသားတွေဟာ ဒီမြို့ရဲ့အနီးအပါးမှာ ခြေကုပ်လာမလုပ်နိုင်ခင် ကျွန်တော်တို့က သူတို့ ခြေကုပ်လုပ်မယ့် နေရာတွေကို တပ်အရင်ဖြန့်ပစ်လိုက်မှဖြစ်မယ်၊ ဒီလိုဖြန့်လိုက်နိုင်ရင် မြို့အတွက် စိတ်အေးသွားရပြီ၊ ဒီတော့ နက်ဖြန်ခါ ကျွန်တော်တို့ တိုက်ကင်းကလေးတစ်ခု လှည့်ချင်တယ်၊ အဲဒီတိုက်ကင်းက ကလိန်အောင်ရွာကို အရောက်သွားမယ်၊ ကလိန်အောင်ရောက်လို့ ခြေကုပ်ဖြစ်မယ်ဆိုရင် ဗိုလ်ကြီးရဲ့တပ်ခွဲတစ်ခုကို ဟိုမှာတစ်ရက်တည်း ထားခဲ့ချင်တယ်၊ နောက်တစ်နေ့ ကျွန်တော်က တစ်တပ်လုံး ပြောင်းလိုက်သွားမယ်၊ အဲဒါ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်အစ်ကိုလေး၊ ဘာလို့မဖြစ်ရမှာလဲ၊ ကျွန်တော် အစ်ကိုလေးနဲ့အတူ တပ်ခွဲနှစ်ခုနဲ့ တစ်ခါတည်းလိုက်ခဲ့မယ်၊ ပြီးရင်အစ်ကိုလေးနဲ့အတူ တစ်ခွဲတစ်ခုပြန်လာခဲ့မယ်၊ ဟိုမှာ တပ်ခွဲတစ်ခု ထားခဲ့မယ်"

"မများဘူးလား ဗိုလ်ကြီး တစ်ခွဲနှစ်ခုဆိုတော့၊ ကျွန်တော်တို့တောင် အားလုံးမှ တပ်စုတစ်စုတည်းနဲ့ သွားမှာ"

"မများဘူး အစ်ကိုလေး၊ ကျွန်တော့် အကောင်တွေက မိုက်သာမိုက်တာ အစ်ကိုလေးတပ်သားတွေလို စစ်မတိုက်တတ်သေးဘူး၊ များမှတော်ရုံကျမယ်၊ ပြီးတော့ ကရင်တွေနဲ့ တွေ့မယ်ဆိုရင်လည်း နိုင်အောင်မတိုက်ခဲ့နိုင်ရင် မကောင်းဘူး"

စာရေးသူက ပြုံးမိ၏။ ပြုံးခြင်းမှာ "အစ်ကိုလေးတပ်သားတွေလို စစ်မတိုက်တတ်သေးဘူး"ဟူသော စကားကြောင့်ဖြစ်၏။ အစ်ကိုလေး၏ တပ်သားကျော်ကြီးများသည် သေနတ်ပင် မချိန်တတ်သေးသည်ကို ဗိုလ်ကြီးဗိုလ်ဒါဗာ မသိရှာပေ။

စာရေးသူက ...

"အေးလေ…များတာလည်း ကောင်းပါတယ်"ဟု ပြောလိုက်ပြီးနောက် …

"ဒါထက် ဗိုလ်ကြီး ဒီအကြောင်းကို ဘယ်သူနဲ့မှလဲ မပြောနဲ့၊ ကာကွယ်ရေးကောင်စီကိုလည်း မပြောနဲ့၊ ရဲဘော်တွေကိုလည်း ပြောမထားနဲ့၊ မနက်မိုးလင်းမှ ဆိုင်ရာဗိုလ်ကလေးတွေကိုပြော၊ ကျည်ဆန် လက်နက်နဲ့ ရေဘူးကို အသင့်ပြင်ခိုင်းပြီး စောင့်နေတာတောင် တပ်သားတွေကိုတော့ ဘယ်သွားမယ်ဆိုတာ မသိစေနဲ့ဦး၊ ကျွန်တော် ကားလွှတ်လိုက်မယ်၊ ပြီးတော့ ကျွန်တော်တို့က ရှေ့ကသွားမယ်၊ ဗိုလ်ကြီး ကားဘယ်နှစ်စီး ယူမလဲ"

"ခြောက်စီးဆိုရင် တော်ပါပြီ၊ ကျွန်တော့်အတွက် စိတ်ချ အစ်ကိုလေး၊ ကျွန်တော်အစ်ကိုလေးစကားကို ဦးထိပ်မှာထားပြီး နားထောင်မယ်၊ ကျွန်တော် ဘယ်သူ့မှ မပြောဘူး"

ဗိုလ်ကြီးသည် နေရာမှထလျက် သတိအချိုးအစားနှင့်ရပ်၍ စိတ်ပါလက်ပါ လှိုက်လှိုက်လှဲလှဲ ပြော၏။

စာရေးသူက ဗိုလ်ကြီး၏ လက်ကိုဆွဲယူ၍ ထိုင်စေပြီး စီးကရက်တစ်လိပ်ကို မီးညှိပေးလိုက်ရင်း …

"ဗိုလ်ကြီးကလည်းဗျာ၊ ဘယ့်နှယ့် ကျွန်တော့်ကို ငရဲပေးနေသလားမသိဘူး၊ ကျွန်တော်က ဗိုလ်ကြီးထက် အသက်ရော ရာထူးရောလူကောင်ရော ငယ်ပါတယ်၊ ဒီလို မလုပ်စမ်းပါနဲ့၊ ကျွန်တော်ဆိုလိုတာက ဗိုလ်ကြီးတပ်သားတွေက ဒီအရပ်သားတွေမို့ ဝမ်းသာအားရ လျှောက်ပြောရင် ရန်သူဆီ သတင်းပေါက်ကြားသွားမှာစိုးလို့ပါ၊ ကောင်စီကလူတွေတော့ ကောင်းကောင်းစိတ်မချလို့ … ဒါပါပဲ"

"မဟုတ်ဘူး အစ်ကိုလေး၊ ကျွန်တော်က ဘာတွေကြီးနေနေ ကျွန်တော် အစ်ကိုလေးစကားကို နားထောင်မယ်၊ ကျွန်တော်က ဘာမှမသိဘူး၊ အဲ…အစ်ကိုလေး ခိုင်းချင်တာသာ ခိုင်းကြည့်စမ်းပါ ကျွန်တော့် အသက်နဲ့လဲပြီး လုပ်မယ်"

ဗိုလ်ကြီးသည် ပြောပြောဆိုဆို စီးကရက်ကို အားရပါးရ ဖွာရင်း သီးသွား၏။

စာရေးသူသည် ယောက်ျားပီသသော ကိုယ်ခန္ဓာကြီးများနှင့် ကြောက်စိတ်လုံးဝရှိဟန် မတူသော လူဖြောင့် လူရိုးကြီးကို ကြည့်၍ ကရုဏာဖြစ်ရသေး၏။ ကြည်ညိုရသေး၏။

ထို့ကြောင့် ရင်းနှီးစွာ ကျောကိုပုတ်ပေးလိုက်ပြီး ကြီးမား ကျယ်ပြန့်သော ကိုယ်လုံးကြီးကို သိုင်းဖက်လျက် "ဒါကြောင့် ကျွန်တော် က ဗိုလ်ဒိုဗာကြီးကို မြင်မြင်ချင်း ချစ်လည်းချစ် အားလည်းကိုးပါတယ်ဗျာ" ဟု ပြောပြောဆိုဆို နှုတ်ဆက်ကာ ထွက်ခဲ့၏။

ထို့နောက် စာရေးသူသည် ထားဝယ်ဆေးရုံသို့ ရောက်၏။ ခရိုင်ဆရာဝန်ကြီးမှာ ကုလားအမျိုးသားဖြစ်လျက် သဘောကောင်း၍ ဖော်ရွေဟန် ရှိလှသော်လည်း ဘာမဆို ဝတ်ကြေဝတ်ကုန် ခပ်ပေါ့ပေါ့ အပြုအမူများရှိ၏။ စေတနာမရှိဘဲ လခရရုံအတွက်သာလုပ်သော လခ စားစိတ်မျိုး ဆန်လွန်း၏။ ဗမာရည် လည်လွန်းလှ၏။

စာရေးသူက ဆယ်တန်းသမား ဆာဂျင်ကလေး နှစ်ယောက် ကို ဒဏ်ရာစည်းနှောင်နည်းနှင့် ဆေးထိုးနည်း လေ့လာရန် လွှတ်ထားချင် ကြောင်း ပြောသောအခါ ...

"ဟာ ... လွှတ်ပါ ... လွှတ်ပါ ... မနက်ရှစ်နာရီတိုင်း လွှတ်လိုက် ပေါ့၊ ကျွန်တော့်ဆရာမကလေးက သင်ပေးပါလိမ့်မယ်၊ ကျွန်တော့် ဆရာမကလေးနဲ့ဆိုရင် ဗိုက်ကြီး ဆာဂျင်တွေကလည်း တည့်မှာ ပါပဲ"

ဟု ပြောပြဆိုဆို ဆရာမကို ခေါ်လိုက်၏။

"ရက်စ် ဒေါက်"

ဟူသော ချိုသည့်အသံကလေးနှင့်အတူ လှသော ကရင် ဆရာမကလေး ပေါ်လာ၏။ လှသည်ဆိုရာ၌ ရှာမှရှားသော အလှမျိုးဖြစ် ၏။ မျက်နှာကိုယ်လုံးကိုယ်ထည် အရပ်အားလုံး အဆင်ပြေ၏။

ဆရာမသည် စာရေးသူအား မှိုင်းညို့ညို့မျက်လုံးနှင့် တစ် ချက်ရိပ်၍ ကြည့်လိုက်ပြီးနောက် ဆရာဝန်ကြီး မျက်နှာသို့ ခပ်ပြုံးပြုံး

မောလိုက်ရင်း နောက်ထပ် "ရက်စ်"ဟု အိပ်ချင်သံမျိုးဖြင့် ခပ်တိုးတိုး ဆို၏။

"ဟောဒီဗိုလ်ကြီးက သူ့ဆယ်တန်းသမား ဆာဂျင်နှစ်ယောက်ကို 'ဒရက်စ်'လုပ်တာနဲ့ 'စလင်း'သုံးတာ သင်ပေးပါဆိုလို့ ဆရာမဆီ အပ်ပေးမယ်လို့ ဆရာမကို ခေါ်ပြတာပါ"

"ကောင်းလှပါပြီရှင်၊ ကျွန်မ ကြိုးကြိုးစားစား သင်ပေးပါမယ်ရှင်၊ ဗိုလ်မှူးလား ဗိုလ်ကြီးလား ဗိုလ်မှူးလို့ပဲခေါ်တော့မယ်ရှင်၊ ဗိုလ်မှူး ဆာဂျင်တွေနဲ့လည်း တည့်အောင် ပေါင်းပါမယ်ရှင်"

ဆရာမ၏ စကားသည် အသံချိုလျက် ရတ်တရက်ဆိုသော် ယဉ်ကျေးဖွယ်ရာရှိသကဲ့သို့ ထင်ရသော်လည်း စဉ်းစားလိုက်ပါမူ ...

သံပတ်ပေး၍ ထွက်လာသော စက်ရုပ်မှ စကားသံများနှင့် လည်းတူ၏။ ငေါ့တော့တော့ စကားလုံးများလည်း ဖြစ်၏။ စုံစမ်းသော အချက်လည်းပါ၏။ ထို့ကြောင့် စာရေးသူက သဘောမကျ။

စာရေးသူသည် ဆရာမ၏မျက်နှာကို ကလေးငယ်အား အကဲခတ်နေသော ဖခင်၏မျက်နှာမျိုးဖြင့်ကြည့်လျက် ...

အသံချိုသာသော်လည်း စကားလုံးခပ်ပြတ်ပြတ်ဖြင့် "ကျေးဇူး တင်တယ်"ဟု ပြောလိုက်၏။ ထို့နောက် ကျွန်တော့် ရဲဘော်တွေကို သွားကြည့်ချင်တယ်ဟု ဆရာဝန်ကြီးကို ပြော၏။ ဆရာဝန်ကြီးက လာ ဟုဆို၍ ခေါ်သွား၏။ လှသော ဆရာမက "ဒါပါပဲလားရှင် ကျွန်မ သွား နိုင်ပါပြီလား"ဟု လှမ်းမေး၏။ ဆရာဝန်ကြီးက "အိုး ... သွားနိုင်ပါ ပြီ" ဟု လှည့်ပြော၏။ သို့ရာတွင် ဆရာမကလေးသည် ဆရာဝန်ကြီး မပြောမီကတည်းက ထွက်သွားပြီးဖြစ်ကြောင်းကို စာရေးသူ သတိထား မိလိုက်၏။

ညက ဗိုလ်ကလေးတစ်ယောက်အား "ဆင်းဒါးစစ်ကျောင်း က ထွက်လာတဲ့ ဗိုလ်ကြီးတွေ ပါတယ်ဆို"ဟု မေးလိုက်သူမှာ ဤဆရာမ ကလေးပင် ဖြစ်ရမည်ဟု စာရေးသူသည်တွေး၏။

ထို့နောက် ဆေးရုံတွင် ဤဆရာမကလေးသည် ဆရာဝန် ကြီး အရေးပေးခံရသော ဆရာမကလေး ဖြစ်ရမည်ဟု တွေး၏။ ထိုသို့

ဖြစ်လျှင် အကယ်၍ ဆရာမကလေးသည် ဆူပူသူများနှင့် အဆက်အသွယ် ရှိခဲ့သော ဤဆေးရုံမှ ဆေးများသည် ... ဟု တွေးပြန်၏။

ထိုသို့ တွေးရင်း ... လူနာရဲဘော်နှစ်ယောက်ကို ကြည့်ရှုပြီးနောက် ဆရာဝန်ကြီးကို ဆေးရုံတွင် ဆေးများအလုံအလောက် ရ,မရ ကို ခပ်ပေါ့ပေါ့နှင့် မေးမြန်းနှုတ်ဆက်ပြီးနောက် ခရိုင်ဝန်ကြီးအိမ်သို့လာခဲ့၏။

ခရိုင်ဝန်ကြီးအိမ်တွင် ခရိုင်ဝန်ကြီးနှင့် အဆင်သင့် တွေ့ရ၏။ စာရေးသူက အရေးအကြောင်းရှိလျှင်အသုံးပြုရန် အနည်းဆုံး ကားဆယ့်နှစ်စီးခန့် ဓာတ်ဆီပေပါများ အလုံအလောက်နှင့် အဆင်သင့် ယူထားချင်ကြောင်းကို ပြော၏။

ခရိုင်ဝန်ကြီးက အခုလိုချင်တာလားဟု မေး၏။ စာရေးသူက အခုရယ်တော့ မဟုတ်ပါဘူးလေ၊ ဒါပေမဲ့ အခုအချိန်ကစပြီး အဆင်သင့်ဖြစ်နေကြရင် ကောင်းတာပေါ့ဟု ပြော၏။

ခရိုင်ဝန်ကြီးက ချလာသော ကော်ဖီပန်းကန်ကို ရှေ့သို့တိုးပေးရင်း "ညနေမစောင်းမီ ကျွန်တော်ပို့လိုက်ပါ့မယ်၊ ကျွန်တော်နားလည်ပါတယ်လေ၊ အခု မင်းတို့ လာတိုက်ချင် တိုက်ကြတော့၊ တို့ အဆင်သင့်ပြင်ထားတယ်လို့ ကြေညာလိုက်တာနဲ့ ဘာမှမထူးတော့ဘဲ ကျည်ဆန်မပါသေးတဲ့ တိုက်ပွဲက စနေပြီဆိုတော့ ဘာမဆို အသင့်လုပ်ကြရတော့မှာပေါ့"ဟု ပြော၏။

စာရေးသူက ကော်ဖီသောက်ရင်း ပြုံး၏။

ခရိုင်ဝန်ကြီး မစ္စတာကီလီသည် ရှေးက ကာနယ်ဟောင်းကြီးတစ်ဦး ဖြစ်သည်ဟု ဆိုကြ၏။

ထို့နောက် စကားအနည်းငယ် ပြောပြီးလျှင် နှုတ်ဆက်၍ စခန်းသို့ရောက်သောအခါ အလည်ထွက်ကြသော ရဲဘော်အချို့ ပြန်ရောက်နေကြလေပြီ။

ရဲဘော်တို့သည် သူတို့၏ အတွေ့အကြုံများကို အချင်းချင်း ဖောက်သည်ချရင်း ရယ်နေကြကုန်၏။

ရဲဘော်တစ်စုသည် မုန့်ဟင်းခါးဆိုင်ရှေ့သို့ ရောက်သောအခါ ရုတ်တရက် တညီတည်းရပ်လိုက်ကြ၏။

ထို့နောက် မုန့်ဟင်းခါးဆိုင်ဘက်သို့ မျက်နှာပြုလျက် တညီတည်း လှည့်လိုက်ကြ၏။

မုန့်ဟင်းခါးစားနေသူများနှင့် ဆိုင်ရှင်က လန့်၍ မော့ကြည့်လိုက်ကြသည်ဆို၏။

မုန့်ဟင်းခါးစားနေသော မိန်းမပျိုကလေး တစ်ယောက်၏ လက်ထဲမှ ဇွန်းသည် ပန်းကန်နှင့် တဆတ်ဆတ် ရိုက်ခတ်နေသည်ဆို၏။

ဆိုင်ရှင်က "ရဲဘော်တို့ မုန့်စားမလား"ဟု ကြောက်ရွံ့သော အသံနှင့် မေးသည်ဆို၏။

ရဲဘော်တို့က ခေါင်းညိတ်ပြလိုက်ကြ၏။

မုန့်စားနေသူများက ဘေးသို့ထသွားကြမည် ပြုသောအခါ ရဲဘော်တစ်ယောက်က "အီး"ဟု အသံပြုလိုက်ပြီးနောက် လက်နှင့်ပြန်ထိုင်ရန် ပြလိုက်သည်ဆို၏။

ထို့နောက် မုန့်စားနေသူများသည် ထမသွားကြဝံ့တော့ဘဲ ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်ထိုင်ကြသည်ဆို၏။

ရဲဘော်တို့ကလည်း သတိအချိုးအစားနှင့် ကြေးရုပ်လိုငြိမ်၍ ရပ်နေကြသည်ဆို၏။

အဒေါ်ကြီးတစ်ယောက်သည် မုန့်ပန်းကန်ကို မုန့်သည်သို့ ပြန်ပေးရင်း ပိုက်ဆံပေးလျက် ထသွားသောအခါ လုံချည်နောက်ပိုင်းတစ်ခုလုံး သေးပါထားသဖြင့် တောက်တောက်စိုရွဲလျက် ရှိသည်ကို တွေ့လိုက်ရသောကြောင့် ‌မပြုံးမိကြအောင် အတော်စိတ်တင်းထားကြရသည်ဆို၏။

အနီးအနားရှိ ဈေးဆိုင်အားလုံးတို့ကလည်း ၎င်းတို့ ရဲဘော်တစ်စုနှင့် မုန့်ဟင်းခါးဆိုင်ကို တစေ့တစောင်း ဝိုင်း၍ကြည့်နေကြသည်ဆို၏။

မကြာမီ ဆိုင်ရှေ့တွင် စားနေသူများ ရှင်းသွားကြသောအခါ ရဲဘော်တို့က တညီတညာတည်း ဝင်ထိုင်လိုက်ကြသဖြင့် မုန့်သည်အဒေါ်ကြီး၏ သမီးငယ်ကလေးက သူ့အမေကို ဖက်ထားလျက် လန့်ငိုတော့

သည် ဆို၏။ အဒေါ်ကြီးက ကလေးကို ချော့ထားရာမှ မုန့်ပြင်လိုက်ရမလားဟု မေးသောကြောင့် ခေါင်းညိတ်ပြလိုက်ကြသည်ဆို၏။

အဒေါ်ကြီးက တုန်တုန်လှုပ်လှုပ်နှင့် မုန့်များပြင်ပေးသည်ဆို၏။

၎င်းတို့ကလည်း တစ်ပန်းကန်ပြီး တစ်ပန်းကန် အားရပါးရစားလျက် ရှိကြရာ အဒေါ်ကြီးက ကလေးကို ဖက်ထားရင် မရဲတရဲနှင့်ကြည့်နေသည်ဆို၏။

နောက်ဆုံး စားပြီးကြသဖြင့် ရဲဘော်တစ်ယောက်က ငွေငါးကျပ် ထုတ်ပေးရာ အဒေါ်ကြီးက ငွေငါးမတ် ပြန်အမ်းသည်ဟုဆို၏။

ရဲဘော်က ပိုက်ဆံတစ်မတ်ကို အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် ငိုနေသော ကလေးမလေးအား ငွေတစ်ကျပ်ပေးပြီးလျှင် မျက်ရည်သုတ်ပေးခဲ့သည်ဆို၏။

ထို့နောက် ဆိုင်ထဲမှ တညီတည်း ထခဲ့ကြ၍ တညီတည်းလျှောက်လာကြရာ လူတွေအားလုံးက သူတို့ကို အထူးအဆန်းသဖွယ်လိုက်ကြည့်နေကြရသည်ဆို၏။

ရဲဘော်တို့သည် ကျေကျေနပ်နပ်နှင့် အလွန်ဝမ်းမြောက်ဝမ်းသာစွာ အာကျယ်ပါးကျယ် ပြောနေကြခြင်းဖြစ်၏။

စာရေးသူက ဗိုလ်ကလေးတစ်ဦးကို ခေါ်လျက် အပြင်လူစိမ်းများဖြစ်သော ကားဆရာတွေ ကြားမည်စိုးရသည့်အတွက် တိုးတိုးတိတ်တိတ် ပြောစေရန်နှင့် ကလေးအားပေးခဲ့သော ငွေတစ်ကျပ်ကိုလည်း အစားပြန်ပေးလိုက်ရန် ခိုင်းစေရ၏။

ထို့နောက်မှ ရဲဘော်တို့သည် သူတို့၏ အတွေ့အကြုံများကို တိုးတိုးတိတ်တိတ်နှင့် ကျိတ်၍ ပြောကြ ရယ်ကြကုန်၏။

စာရေးသူသည် မိမိအခန်းသို့ ရောက်သောအခါ မြေပုံများကိုဖြန့်လျက် ထားဝယ်–မော်လမြိုင် ကားလမ်းများကိုကြည့်၏။ မြေပုံထဲတွင် "ကလိန်အောင်"ကိုရှာ၏။ မြေပုံအရဆိုလျှင် ကားလမ်းဘေးရှိအချို့နေရာတို့၌ တောင်ကမ်းပါးယံကြီးများက အပေါ်မှစီးလျက်နေကြောင်းကို မြေပုံအတွင်းရှိ "ကွန်တို"များက ပြနေ၏။

စာရေးသူသည် ထိုကွန်တိုအတိုင်း မော်တော်ကားလမ်းကို ဘေးတိုက်ပုံကိုဆွဲကြည့်၏။ တိတ်တဆိတ် ချောင်းမြောင်းတိုက်ခိုက်ရန် ကောင်းမည့် နေရာများကို ရွေးချယ်၏။ ထိုနေရာများကို မှတ်သားပြီး နောက် မိုင်ပေါင်းမည်မျှအကွာတွင် ရှိနေသည်တို့ကို အလွတ်ရအောင် မှတ်၏။

နံနက်စာစားရန် အချိန်ကျလေပြီ။

နံနက်စာစားပြီးကြ၍ တစ်တပ်လုံးရှိ ရဲဘော်များ လေ့ကျင့်ခန်းဆင်းကြသော အချိန်၌ စာရေးသူသည် မြေပုံတွင် မှတ်သားရသော အလုပ်ကို ဆက်လုပ်၏။ ပြီးလျှင် ကလိန်အောင်ရွာ၏ တည်နေပုံနှင့် ကုန်းကျင်း စသည်တို့ကို မြေပုံတွင်လေ့လာ၍ အကြီးရေးဆွဲ၏။

ထို့နောက် ကားကို မည်သည့်နေရာတွင်ရပ်၍ ရဲဘော်တို့ကို မည်သို့ နေရာယူခိုင်းမည် စသည်တို့ကို လေ့လာ၏။

နေ့နှစ်နာရီခန့်တွင် တပ်စခန်း၌ ဗိုလ်ကလေးတစ်ဦးတည်းကိုသာထားခဲ့၍ ရဲဘော်ဟောင်းနှစ်ယောက်နှင့်အတူ ရဲဘော်များ သေနတ်ပစ်သင်နေရာသို့ လိုက်သွား၏။

ကွင်းကျယ်ကြီးတစ်နေရာတွင် မြေပုံ၌ပါသောကလိန်အောင်ရွာ၏ ပကတိရှိနေသည့် အတိုင်းအတာ အချိုးမှန်ကိုယူလျက် သစ်ခက်များဖြင့် စိုက်ထူပုံစံထုတ်၏။ ဤနေရာကား ရွာဝ၊ ဤနေရာကား ကင်းဂတ်၊ ဤနေရာကား ဘိုတဲ၊ ဤနေရာကား ချောင်းရိုး၊ ဤနေရာကား တံတား၊ ဤနေရာကား ဘုရား၊ ဤနေရာကား တောင်ကုန်း၊ ဤနေရာကား ကွင်းပြင်၊ ဤနေရာကား ချိုင့်ဝှမ်း စသည်ဖြင့် အမှတ်အသားထား၏။

ထို့နောက် ဗိုလ်ကလေးနှစ်ယောက်နှင့် ရဲဘော်ဟောင်းနှစ်ယောက်စလုံးကို ခေါ်ယူ၍ ရွာကို မည်ကဲ့သို့ဝင်မည်၊ တပ်စိတ်သုံးခုကို မည်ကဲ့သို့ ဖြန့်ထားမည်၊ တိုက်ပွဲဖြစ်လျှင် မည်သည့်တပ်စိတ်ကသာ ဦးဆောင်တိုက်ရမည်၊ မည်သူက မိမိတပ်စိတ်ကို မည်သည့်နေရာတွင် မည်သို့ဖျောက်၍ မည်သို့စောင့်ဆိုင်းနေရာယူနေရမည်။ မည်သူက မိမိ၏ တပ်စိတ်နှင့် မည်သည့်ဘက်မှတက်လျက် မည်သည့်အချိန်တွင် စတင်ပစ်ခတ်ကူညီရမည်။ ထို့နောက် မည်ကဲ့သို့နောက်ဆုတ်လာလျက် မိမိတို့

နောက်မှ ထက်ကြပ်လိုက်၍လာသော ရန်သူအား တိတ်တဆိတ် စောင့်နေကြသော ဖျောက်ထားသည့် တပ်စိတ်ရှေ့ရှိ ပစ်ကွင်းသို့ ပို့ပေးရမည်။ ဤသို့ ရန်သူကို မိမိတို့ဘက်မှ တိတ်တဆိတ် စောင့်နေကြသော ရဲဘော်များ၏ ပစ်ကွင်းရှေ့သို့ရောက်အောင် ဆုတ်ပေးခြင်းနှင့် အင်အားချင်းမမျှ၍ ဆုတ်ပေးရသော ဆုတ်ပေးခြင်းတို့ကို ရဲဘော်များအား ခွဲခြား၍မသိစေကြဘဲ မိမိတို့ ဆုတ်ပေးပြီးလျှင် ရန်သူတို့အလူးအလိမ့် ခံကြရတော့မည်ဟုသာ သိနေကြစေရန် ခေါင်းဆောင်လုပ်သူများက သင်ပေးထားကြလျက် အကယ်၍ အင်အားချင်း မမျှခဲ့သော် ကားများရှိရာသို့ ဆုတ်ခေါ်လာကြရမည်။

ထို့နောက် ကားလမ်းရှိ မည်သည့်နေရာတွင် တပ်များကို မည်သို့ခွဲချလိုက်ပြီးနောက် ကားများကို မည်သည့်နေရာမှ အစောင့်ခိုင်းရမည်။

ထို့နောက် လိုက်ပါလာကြသော ရန်သူ၏တပ်ဦးသည် မည်သည့်နေရာသို့ ရောက်လာသောအခါ အကာအကွယ် ကင်းမဲ့လျက်ရှိသော ရန်သူတို့အား မည်ကဲ့သို့ ထွက်လမ်းပေး၍ တိုက်ခိုက်ရမည်။

ထွက်လာသမျှ ရန်သူတို့ကို အထွက်ဝမှ စောင့်နေသော တပ်စိတ်က မည်သို့စောင့်၍ ချေမှုန်းကြရမည်။

ဤအချက်အလက်များကို အခြေခံယူ၍ ဗိုလ်ကြီးဗိုလ်ဒိုဗာ၏တပ်များကို မည်သည့်နေရာဘက်က တာဝန်ယူ၊ မည်သည့်နေရာသို့ ပစ်၊ တက်၊ ဆုတ် စသည်ဖြင့် စာရေးသူက အကြံပေးနေမည်။

စာရေးသူရှိရာသို့ ဆက်သားအဖြစ် အသုံးပြုရန် ကျန်းမာဖျတ်လတ်သော ရဲဘော်သုံးယောက်ကို မလိုက်ပါရသော တပ်စုများထဲမှ ရွေးချယ်ပေးထားရမည်။ ရဲဘော်ဟောင်းတစ်ယောက်သည် စာရေးသူနှင့် အတူရှိနေရမည်ဖြစ်၍ ကျန်ရဲဘော်ဟောင်းတစ်ယောက်နှင့် ဗိုလ်ကလေးနှစ်ယောက်တို့သည် တပ်စိတ်တစ်ခုစီကိုင်၍ တိုက်ကြရမည်။

ထို့ကြောင့် ယခုချက်ချင်း လေ့ကျင့်ကြရန် ရဲဘော်ဟောင်းတစ်ယောက်က ကားလေးစီးနှင့် ဆက်သားသုံးယောက် ရွေးချယ်ပြီးလျှင်

ကားကို မောင်းတတ်သော ရဲဘော်တွေကို အမောင်းခိုင်း၍ ယူလာကြ၊ ကားသမားတွေ ပါမလာစေနှင့်ဟု ပြော၍ လွှတ်လိုက်၏။

ထို့နောက် ကားကိုမည်သို့ရပ်၊ မည်သို့မောင်းလျှင် ရဲဘော်တွေက မည်သို့ပြေးဆင်း၊ မည်သို့ လက်နှင့်အချက်ပြ၍ အော်လိုက်လျှင် မည်သို့လုပ်ကြ စသည်ဖြင့် သုံး,လေးကြိမ်အထိ အနားမရှိ လေ့ကျင့်ကြ၏။

အမိန့်များကလည်း အော်သံသာဖြစ်၏။ သို့ရာတွင် ကိုယ့်ရဲဘော်တွေနှင့် ကိုယ်မို့ သိနေကြ၏။ ညနေ ငါးနာရီနီးပါးမှ ပြီးကြ၏။ စခန်းသို့ ပြန်ရောက်ကြသောအခါ ဆွေးနွေးပွဲအတွက် အကြိုလွှတ်လိုက်သော ရဲဝန်ကြီး၏ကား စောင့်နေသည်မှာ အတော်ကြာပြီဟုဆို၏။

ခရိုင်ဝန်ကြီးဆီမှ လွှတ်ထားသော ကားများလည်း တပ်ဝင်းထဲ၌ ပြည့်နေကြ၏။ ကားဆရာတို့လည်း ပျော်ပျော်ရွှင်ရွှင်နှင့်ရှိနေကြ၏။ စာရေးသူက ကားဆရာများကိုခေါ်၍ ...

"ခင်ဗျားတို့ ကားတွေထဲမှာ အမြဲ ဓာတ်ဆီအပြည့် ရှိနေရမယ်၊ သွားမယ်...လာမယ်ဆိုမှ ဓာတ်ဆီထည့်ပါရစေဦးလို့ မဖြစ်စေနဲ့ ဟုတ်လား ကားဆရာတို့"

"ခင်ဗျ ... ခင်ဗျ ..."ဟု ဆို၏။

"ခင်ဗျားတို့ ဓာတ်ဆီ ဘယ်နှဂါလံသာ ထည့်ထားပါ၊ အခုသွားတာ ဘယ်နှမိုင်သာ ရှိသေးတယ်၊ ဒီကားတွေဟာ ဓာတ်ဆီတစ်ဂါလံကို အနည်းဆုံး ဆယ်မိုင်ရတယ်၊ ဒီဓာတ်ဆီတွေ ဘယ်ရောက်သွားသလဲလို့ ဘယ်တော့မှ မစစ်ဘူး၊ ခင်ဗျားတို့ခိုးလည်း ခိုးနိုင်တယ်....

ဒါပေမဲ့ အရေးအကြောင်းရှိတဲ့ အချိန်မှာ သုံးစရာ မကြွင်းလောက်အောင်သာ မခိုးကြနဲ့၊ အရေးရှိရင် အလုပ်အတွက် သုံးဖို့လည်း ကျန်ပေစေပေါ့ ...

ကားငှားတဲ့အတွက်က ကားရှင်နဲ့ ခင်ဗျားတို့ ဝေယူကြရတယ်၊ ဒါကြောင့် ကျွန်တော်တို့က စျေးဖြတ်ပြီးငှားတယ်၊ ဓာတ်ဆီခိုးတာက ခင်ဗျားတို့ချည်း စားရတယ်၊ ဒါကြောင့် ကျွန် တော်တို့ ကျေနပ်တယ်၊ အဲ ... စစ်ရေးစစ်ရာမှာ ကျွန်တော်တို့ အခက်အခဲတွေ

အောင်သာ မလုပ်ကြနဲ့၊ ခတ်ဆီကုန်တော့မယ် ဆိုရင် ခင်ဗျားတို့က စိတ်ပူပြီး ကြိုတင်ပြောကြ ...

ပြီးတော့ အချိန်မရွေး အိမ်လည်း ပြန်နိုင်ကြတယ်၊ မြို့ထဲလည်း လည်နိုင်ကြတယ်၊ ဒါပေမဲ့ ဒီမှာရှိတဲ့လူကို အကြောင်းရှိရင် ဘယ်လာခေါ်ဆိုတာ မှာသွားကြ ဟုတ်လား ကားဆရာတို့”

ကားဆရာတို့က ဘာမှမပြောကြပေ။

စာရေးသူ ထွက်လာသောအခါ တစ်ယောက်နှင့်တစ်ယောက် တိတ်ဆိတ်စွာကြည့်၍ ပြုံးနေကြ၏။ စာရေးသူသည် ညစာမစားတော့ဘဲ မျက်နှာသစ်၍ လိုက်သွား၏။

ကောင်စီသို့ ရောက်သောအခါ စာရေးသူကစ၍ “စောင့်ကြရတဲ့အတွက် ဝမ်းနည်းပါတယ်၊ ကျွန်တော် ကိစ္စကလေးရှိလို့ အပြင်သွားနေတာနဲ့ နည်းနည်းနောက်ကျသွားပါတယ်”ဟု ပြောရင်း စားပွဲပေါ်မှ စီးကရက်ဘူးကိုယူ၍ တစ်လိပ်ညှိလိုက်ပြီးလျှင် အားရပါးရ ဖွာလိုက်၏။

ထိုအတွင်း ကော်ဖီနှင့် ငါးမုန့်ကြော်များ ရောက်လာပြန်သဖြင့် စီးကရက်ကိုချပြီးလျှင် ခပ်နွေးနွေး ကော်ဖီကို နှစ်ကျိုက်တည်းနှင့် ကုန်အောင်သောက်လိုက်၏။

ထို့နောက် ငါးမုန့်ကြော်တစ်ခုကို ဝါးလိုက်ရင်း စီးကရက်ကို ပြန်ထိုင်ပြီး နဖူးတွင် စို့လာသော ချွေးများကို သုတ်လိုက်၏။

ခရိုင်ဝန်ကြီးသည် စာရေးသူအားကြည့်နေပြီးနောက် ဗိုလ်ကြီးတော်တော်ပင်ပင်ပန်းပန်း ခရီးသွားပြီးတော့ဖြစ်ဖြစ်၊ တစ်ခုခု လုပ်ပြီးတော့ဖြစ်ဖြစ် ပြန်လာတာ ဖြစ်ရမယ်၊ ဘာမှမစားရသေးဘူးထင်ပါရဲ့ဟု ပြောပြောဆိုဆို အတွင်းသို့ လှမ်း၍ပြောလိုက်၏။

ခရိုင်ဝန်ကြီးကတော် အိုင်ယာလံသူသည် ပန်းကန်ပြားကြီးတစ်ခုပေါ်တွင် ပန်းသီးများနှင့် ဓားနှစ်ချောင်းကိုထည့်ကာ စားပွဲပေါ်သို့ ကိုယ်တိုင်လာချပေး၏။

စာရေးသူက ပြုံးလိုက်၍ “ကျွန်တော်လည်း ခရိုင်ဝန်ကြီးလိုပဲ ဗေဒင်ဟောရဦးမယ်၊ မနက်က ကျွန်တော် ဆန်အိတ်တွေနဲ့ တရုတ်တစ်ယောက်ရယ် ကရင်အမျိုးသမီးနှစ်ယောက်နဲ့ ကရင်အမျိုးသားတစ်

ယောက်ရယ် စစ်ဆေးမေးမြန်းပြီး ချုပ်ထားဖို့အတွက် ရဲဌာနကို ပို့ထားတယ်၊ အဲဒါ အခုအချိန်မှာ ဒီလူတွေကို လွှတ်ပြီးသား ဖြစ်နေရမယ်၊ ပြီးတော့ ...”

ဤတွင် ခရိုင်ဝန်ကြီးက စကားဖြတ်ပြောမည် ပြုသဖြင့် စာရေးသူက လက်ကာလျက် ...

“နေပါဦး ... ကျွန်တော့် ဗေဒင်က မဆုံးသေးဘူး၊ အဲဒီလူတွေကို လွှတ်တဲ့အကြောင်းကလည်း စောနပိုလီယံ ဆိုတဲ့ အဘိုးကြီးက အာမခံပြီး တာဝန်ယူလိုက်လို့ လွှတ်တာဖြစ်ရမယ် ...

ဒါပါပဲ ကျွန်တော် ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘယ်သူ့မှ တွေ့လည်း မတွေ့သေးဘူး၊ အဲဒါ ကျွန်တော့်ဗေဒင်မှန်ရင်တော့ ဘာမဆို အမြန်ဆုံး လုပ်ကြရလိမ့်မယ်၊ ကျွန်တော့်ဗေဒင် မှားရင်တော့ သိပ်ကိစ္စမရှိဘူး၊ ကဲ ... ဘယ့်နှယ်လဲ”

စာရေးသူက စကားကို ဖြတ်လိုက်ပြီးနောက် ပန်းသီးတစ်လုံးကိုယူ၍ ဓားနှင့်မလှီးဘဲ သည်အတိုင်း ကိုက်လိုက်၏။

ခရိုင်ဝန်ကြီးနှင့် ကျန်လူများက ခရိုင်ရဲဝန်ကြီးဘက်သို့ လှည့်ကြည့်နေကြ၏။ စာရေးသူကလည်း ပန်းသီးကိုဝါးရင်း ပြုံးလျက် ကြည့်နေ၏။

ခရိုင်ရဲဝန်ကြီးက မျက်နှာခပ်ပျက်ပျက်ဖြင့် ပြော၏။

“ဟုတ်ပါတယ်၊ ကရင်မောင်နှမကို စောနပိုလီယံက တာဝန်ယူပြီး အာမခံသွားတာပဲ၊ ဇင်းဘာရှာက သာသနာရေးကိစ္စနဲ့ လာကြတဲ့ လူရိုးတွေပါတဲ့၊ တရုတ်ကိုတော့ သူတို့မိုင်းက တရုတ်တွေလာပြီး အာမခံသွားတယ်၊ မိုင်းမှာခိုင်းထားတဲ့ အလကားတရုတ် တဲ့၊ ဆန်အိတ်တွေတော့ သိမ်းထားလိုက်ပါတယ် ...

ပြီးတော့ ဟောဒီ လူကြီးတွေနဲ့အတူ ဒီကနေ့ကစပြီး ဘာကုန်ပစ္စည်းကိုပဲဖြစ်ဖြစ် မြို့အပြင်ကို အမြောက်အမြား ရောင်းချခြင်းမပြုဖို့ မေတ္တာရပ်ခံပြီးပါပြီ၊ ကုန်သည်တွေကလည်း မရောင်းချပါဘူးလို့ ကတိပေးပါတယ်”

ထိုအတွင်း ဗိုလ်ကြီး ဗိုလ်ဒိဗာက အားခဲထားသော မျက်နှာ

ဖြင့် "ကရင် အမ်းပုလိပ်တွေကို လက်နက်သိမ်းဖို့ ကိစ္စကောဗျ"ဟု ခပ်တင်းတင်း မေး၏။

"ပြီးပါပြီခင်ဗျ၊ အခုမနက် အစောကြီးကတည်းက ပြီးသွားပါတယ်ခင်ဗျ"ဟု ခရိုင်ဝန်ကြီးက မေးသောလေသံနှင့် လိုက်အောင် ဝင်ရောက်ဖြေလိုက်သောကြောင့် အားလုံးက ပြုံးကြ၏။

စာရေးသူသည် ရောနှော၍ ပြုံးနေရာမှ ပန်းသီးကို အပြီးသတ် ဝါးလိုက်ပြီးနောက် မျက်နှာကိုပြင်၍ ...

"ဒါထက် ရဲဝန်ကြီးရဲ့ စောနပိုလီယံကို အခုဆွေးနွေးပွဲပြီးရင် ကျွန်တော်နဲ့တွေ့ဖို့ မဖြစ်နိုင်ဘူးလား"ဟု မေးလိုက်၏။ ခရိုင်ရဲဝန်ကြီးက ...

စောနပိုလီယံသည် ယနေ့နံနက်စောစော မိမိအိမ်သို့လာ၍ မော်လမြိုင်ဘက်က ထွက်လာကြတဲ့ ကရင်ဆိုးကလေးတွေဟာ ယခု ရွာသစ်ကြီးရွာသို့ ရောက်နေပြီဟု သတင်းကြားရကြောင်း ...

ထို့ကြောင့် ၎င်းက သွားရောက်တရားဟောလိုသဖြင့် လမ်းတွင် အစိုးရလက်နက်ကိုင်တပ်ဖွဲ့ တစ်စုံတစ်ခုနှင့် တွေ့ရှိလျှင် သူ့အား အနှောင့်အယှက်မပေးစေရန် စာတစ်စောင် ရေးပေးဖို့ လာရောက်တောင်းသည် ဆို၏။

ယခုလို တောင်းရခြင်းမှာ ထားဝယ်တွင်ရှိသော တပ်ဖွဲ့တွေက သူ့ကိုသိနေကြသော်လည်း မျက်နှာစိမ်းတွေချည်း ဖြစ်ကြသော နောက်လာသည့် စစ်တပ်ကို ကြောက်သည့်အတွက်ကြောင့် ဤသို့တောင်းရပါသည်ဟု ဆို၏။

ထို့ကြောင့် ယခင်လည်း မိမိကတောင်းဖူးခဲ့သည်ဖြစ်သဖြင့် ခရိုင်ရဲဝန်ကြီးက မိမိယုံကြည်စေခိုင်းထားသူဖြစ်ကြောင်း စာတစ်စောင် ရေးပေးလိုက်သည် ဆို၏။

ထို့နောက် တစ်နာရီခန့်ကြာသောအခါ ၎င်းခေါ်သွားမည့် သာသနာရေးဘက်မှ ဆောင်ရွက်လျက်ရှိသော ကရင်မောင်နှမသည် အခု အဖမ်းခံနေကြရကြောင်း၊ ထိုကရင်မောင်နှမသုံးယောက်အတွက် တာဝန်ယူရမည်ဖြစ်ကြောင်း၊ ကရင်ဆိုးကလေးများကို ဖျောင်းဖျ၍ လွှတ်ရာ၌

ထိုမောင်နှမသုံးယောက်နှင့်အတူ သာသနာရေး အကြောင်းပြ၍ ဟော ပြောကြရမည်ဖြစ်ကြောင်း၊ ကိစ္စပြီးလျှင် မိမိနှင့်အတူ ထိုမောင်နှမသုံး ယောက်ပါ ပြန်လာကြမည်ဖြစ်ကြောင်း။

ယခု အဖမ်းခံနေရခြင်းမှာလည်း မိုင်းသို့ ဆန်များသွားပို့ သော ကားကြုံဖြင့် လိုက်သွားမိကြသောကြောင့် ဆန်တွေကိုဖမ်းရင်း ရော၍ အဖမ်းခံကြရခြင်းဖြစ်ကြောင်း၊ ဆန်မှာ တရုတ်၏ဆန်ဖြစ်သဖြင့် တိုကရင်မောင်နှမနှင့် လုံးဝမပတ်သက်ကြောင်း ဤသို့ ဟုတ်,မဟုတ်ကို ရဲဝန်ကြီးကိုယ်တိုင် ရဲဌာနသို့ မေးကြည့်နိုင်ပါကြောင်း စောနပိုလီယံက ပြောသည်ဆို၏။

ထို့ကြောင့် မရှောင်သာသဖြင့် ရဲဌာနသို့မေးကြည့်ရာ ဟုတ် နေသည်ဆို၏။ ဌာနကမှ ရဲများကလည်း ချုပ်ထားပါဆိုသဖြင့် မိမိတို့ ခေါ်ထားရကြောင်း၊ အမှုမရှိသဖြင့် မည်သည့်ပုဒ်မနှင့် အရေးယူ ဖမ်းဆီး ထားရမည်ကိုပင် မသိကြောင်းကို ပြောနေသဖြင့် မေးမြန်းစစ်ဆေးပြီးလျှင် အာမခံသူများရှာ၍ လွှတ်လိုက်ပါရန် မိမိကပင် ပြောလိုက်မိသည်ဆို၏။

ထို့ကြောင့် ယခု စောနပိုလီယံသည် ကရင်မောင်နှမတို့နှင့် အတူ ရွာသစ်ကြီးသို့ သွားကြပြီဖြစ်ကြောင်း ခရိုင်ရဲဝန်ကြီးက ပြော၏။

လူကြီးတွေအားလုံး ခေါင်းငိုက်ဆိုက်နှင့် ငြိမ်သက်နေကြ ၏။ စာရေးသူသည် ခရိုင်ဝန်ကြီးနှင့် ဗိုလ်ကြီးဒိဗာတို့၏ မျက်နှာကို တစ်လှည့်စီကြည့်လိုက်ပြီးနောက် ခပ်ပြုံးပြုံးနှင့် စီးကရက်တစ်လိပ်ကိုယူ ၍ မီးညှိ၏။

ထို့နောက် အားရစွာ ဖွာရှိုက်ပြီးလျှင် ...

"ဒီလိုဆိုရင် ကျွန်တော် ဗေဒင်ဟောစရာ ပေါ်လာပြန်တာပေါ့၊ ဟောရမယ့် အကြောင်းက တခြားမဟုတ်ဖူး၊ စောနပိုလီယံကြီး ဒီကို ဘယ်တော့မှပြန်မလာတော့ဘူးဆိုတာရယ်၊ ပြီးတော့ ကရင် အမျိုးသား ဆူပူသူတွေဟာ ထားဝယ်မြို့ကို တိုက်မယ်ဆိုရင် နက်ဖြန် သန်ဘက် တိုက်နိုင်အောင် ကြိုးစားကြလိမ့်မယ်၊ ကြိုး စားလို့ မရရင် နောက် တော်တော်နဲ့ မတိုက်တော့ဘူး ...

ဒီတော့ခါ ကျွန်တော်တို့ သုံးရက်အတွင်းသာ စိတ်ပူကြရမယ်၊ သုံးရက်ကကျော်ရင် မပူနဲ့တော့ မြို့ကာကွယ်ရေး အစီအစဉ်တွေကို အေးအေးဆေးဆေး ခိုင်မြဲသေချာအောင် အချိန်ယူပြီး လုပ်နိုင်ကြပြီဆိုတာရယ် အဲဒီအချက်တွေပဲ”

“ဗိုလ်ကြီးဗေဒင်တွေကလည်း သေချာလှချည်လား၊ ဘယ်လို အကြောင်းတွေကြောင့်လဲ၊ ကျွန်တော်တို့လည်း ပြန်ရှင်းဦးမှပေါ့”

ဟု ခရိုင်ဝန်ကြီးက ပြော၏။

စာရေးသူက ...

“သေချာဆို ကျွန်တော်ရောက်တဲ့နေ့ကပဲ ခရိုင်ရဲဝန်ကြီးအိမ် သွားရင်းနဲ့ ကရင်ဆူပူသူတွေဟာ ရိက္ခာတွေ ဝယ်ယူကြတော့မယ်ဆိုတာ သိတာပဲ၊ အထူးသဖြင့် ဆန်ပေါ့လေ ...

ဒီတော့ ကျွန်တော့်စိတ်ထဲမှာ အနည်းဆုံး လေး,ငါး,ခြောက်ရက်တော့ အချိန်ရသေးတယ်ဆိုပြီး တော်တော်ဝမ်းသာသွားတယ်... ဘာပြုလို့လဲဆိုတော့ ဆူပူသူတွေဟာ ရိက္ခာတွေ အဆင်သင့်ရှိပြီးမှ သူတို့စုပြီး ထားဝယ်မြို့နဲ့အနီးဆုံးတစ်နေရာရာကို ရောက်လာကြမယ်၊ ပြီးတော့မှ ထားဝယ်မြို့ကိုစီးဖို့ အစီအစဉ်လုပ်ကြမယ် ...

ဒါကြောင့် ကျွန်တော်က အပြင်ကို ရိက္ခာတွေ မထုတ်ဖို့ အရေးကြီးတယ်လို့ပြောတာ၊ ဆူပူသူတွေကလည်း သိတယ်၊ ရိက္ခာတွေ မြန်မြန်ထုတ်မှ၊ မထုတ်ရင် မဖြစ်တော့ဘူးဆိုတဲ့ အကြောင်းကို ...

ဒါကြောင့် ဈေးဆစ်ပြီး ဈေးကြီးလို့မယူဘဲထားတဲ့ ရိက္ခာတွေကို ဒီနေ့မနက် ချက်ချင်းထုတ်သွားတာပဲ၊ ဒါပေမဲ့ သူတို့အတွက် အခြေအနေက မပေးတော့ ကျွန်တော်နဲ့ တန်းတိုးတာပဲ၊ မိုင်းက တရုတ်တွေဆိုတာ သူတို့ကို ကြောက်နေကြရတယ် မဟုတ်လား၊

မင်းတို့အဝယ်နဲ့ ဝယ်ပေးရမယ်ဆိုရင် ကောင်းပါပြီ ဗိုလ်ကြီးလို့ လုပ်ကြမှာပဲ၊ ဒီလို လာစီစဉ်တာဟာ အလွန်ဆုံးသုံးလေး ယောက်ပဲရှိမယ်။ သူတို့က နေဖို့ စားဖို့ အားလုံး အသင့်ဖြစ်အောင်

လုပ်ပေးထားကြပြီး အကြောင်းကြားလိုက်မှ ထားဝယ်ကို စီးမယ့် ဆူပူသူ အဖွဲ့အစည်းတွေဟာ တစ်နေ့ရာရာက ရောက်လာကြရမှာ၊

ဒီတော့ ပြီးတာလည်း ပြီးသွားပြီလေ၊ တရုတ်နဲ့ကရင် မောင်နှမဆိုတာကို စစ်တတ်မယ်ဆိုရင် ပေါ်ချင်ပေါ်လာနိုင်တာ ပေါ့ ....

ကျွန်တော် ပြောတာတွေ မှန်မမှန်သိချင်ရင် ဆန်ဆိုင်ကို မေးလိုက်ရုံပဲ၊ ဒီနေ့ ဖမ်းထားတဲ့ ဆန်တွေဟာ ဈေးဆစ်ပြီးမယူဘဲ ထားရာက ဒီနေ့မနက်မှ အစောကြီးနိုးပြီး အရေးတကြီးလာယူတာ ဖြစ်ရမယ် ....

ဒါတွေနဲ့ ပတ်သက်ပြီး ကျွန်တော် နောက်တစ်ခုပြောချင် တယ်၊ ခရိုင်ဝန်ကြီးက ဒီကိစ္စ ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားပေါ့လေ၊ ဆေးရုံမှာရှိတဲ့ ဆေးတွေအားလုံး စာရင်း လုပ်ထားစေချင်တယ်၊ လိုတဲ့အချိန်မှာ ကျွန်တော်တို့တပ်က သုံးချင်လို့ပဲ အကြောင်းပြပြ ဘယ်လိုပဲ အကြောင်းပြပြပေါ့လေ ....

ပြီးတော့ အပြင်ဆိုင်တွေမှာရှိတဲ့ အရေးတကြီးသုံးနိုင်တဲ့ ထိုးဆေးအမျိုးမျိုး၊ ကွီနိုင်နဲ့ ဝမ်းကိုက် ဝမ်းနာဆေး အမျိုးမျိုးတွေ ကို မြို့အပြင်လုံးလုံးမရောင်းရ၊ မြို့ထဲက ဝယ်ချင်လည်း လိပ်စာ အပြည့်အစုံနဲ့ နေ့စွဲပါရေးယူထားဖို့ ညွှန်ကြားပေးစေချင်တယ်"

ဟု ပြော၏။

ထို့နောက် မြို့စောင့် ကာကွယ်ရေးတပ်များ ဖွဲ့စည်းပြီး ကြောင်းများကို ပြောပြကြသဖြင့် မြို့စောင့်ကာကွယ်ရေးတပ်များ၏ လုပ်ငန်းစဉ်တို့နှင့် လေ့ကျင့်ရပုံများကို စာရေးသူက တတ်သမျှ မှတ်သမျှ ကြီးကြီးကျယ်ကျယ် "ဖြီး"နေရသောကြောင့် ညကိုးနာရီ ထိုးသွား၏။

ဆွေးနွေးပြီးသောအခါ ခရိုင်ရဲဝန်ကြီးက အိမ်တွင် ထမင်းပွဲ အသင့်ပြင်ထားသည်ဟု ပြော၍ ခေါ်သွားသဖြင့် အားနာလျက် ဗိုလ်ဒိုဗာ ကြီးနှင့်အတူ လိုက်သွားရ၏။ ရဲဝန်ကြီးကတော်က ဆီးကြို၍ "အညာ သားကလေး ထမင်းကျွေးချင်လို့ အညာသားဟင်းတွေ မစားဘူးတဲ့ 'ငါး ကွမ်းရှပ်'ချက်ထားတယ်"ဟု ပြော၏။

"ဘယ့်နှယ် မိုးချုပ်လှချည်လား၊ ဗိုလ်ဒိုဗာကြီးကို အစော ကြီးကတည်းက မှာထားတယ်"ဟု ပြော၏။

"အား... အစ်ကိုလေးက အလုပ်များတဲ့လူ ဆိုတော့ ခရိုင် ဝန်ကြီးအိမ်က အပြန်မှ တစ်ခါတည်း ခေါ်မယ်ဆိုပြီး မပြောဘဲ ထားတာပဲ၊ အခုလည်း ပါလာတယ်မဟုတ်လား"ဟု ဆို၏။

"စောစော လာစားကြတော့ ဘာပြုလဲ၊ သူက စောစော ဘာစားချင်မလဲ၊ ဒါမျိုးဆိုတာ လွန်ရင် မကောင်းဘူးနော်၊ အစ်မကြီးက တူတွေ သားတွေလို ချစ်လို့ပြောတာ"ဟု ဆို၏။

ဗိုလ်ဒိုဗာကြီးက အရက်သောက်တတ်သူ ဖြစ်၏။ ဤသို့ စကားတပြောပြောနှင့် ထမင်းစားနေကြသော အချိန်တွင် ရဲဝန်ကတော် ကြီး၏ တူမချောများက အနားမှာစောင့်၍ ဟင်းလိုက်ပေးကြ၏။ ဗိုလ် ဒိုဗာကြီးကား တပြုံးပြုံးနှင့်။

သို့ဖြင့် ည ၁၁ နာရီထိုးမှ စခန်းသို့ ပြန်ရောက်လာရ၏။ စခန်းသို့ ရောက်သောအခါ အိပ်ရာသို့မဝင်နိုင်သေး၊ ရဲဘော်ဟောင်းများ လည်းဖြစ်၊ မိတ်ဆွေများလည်းဖြစ်သော ရဲဘော်ငါးယောက်ကို ခေါ်ယူ၍ စခန်းတွင် ကျန်ရှိရစ်ရမည့် ရဲဘော်ကို အချိန်နှင့် ပြန်မရောက်လျှင် တိုက်ပွဲဖြစ်နေသည်။ ကိုယ်တိုင်ခေါင်းဆောင်၍ တပ်ကူလိုက်လာ၊ ဖြတ် ကျော်လာရသော နောက်ကြောင်းရှိ ရွာတွေကို စိတ်ချရအောင် စီစဉ်ခဲ့။

အကောင်းဆုံးနည်းမှာ လူငယ်သုံးလေးယောက်ကို ခေါ်ယူ လာခဲ့၍ ရွာတွင်းသို့ ဆူပူသူများ ရောက်ရှိနေလျှင် တိတ်တဆိတ် ကား များပြန်အလာကို လာလမ်းမှ ဆီးကြို၍ ထိုလူငယ်တို့၏ မိဘများက စောင့်၍ပြောရန် မှာထားခဲ့ခြင်းဖြစ်သည်။ ထို့နောက် ငါ့တပ်နှင့်တွေ့လျှင် မည်သို့ အချက်ပေး စသည်ဖြင့် မှာဖွယ်ရှိသမျှကို အသေးစိတ် မှာကြား ၏။ အတူသွားကြရမည့် ရဲဘော်လေးယောက်တို့ကိုလည်း ရဲဘော်တစ် ယောက်လျှင် တပ်စိတ် တစ်စိတ်စီနှင့် ကားတစ်စီးစီ၊ ဆက်သားသုံး ယောက်နှင့် စာရေးသူတို့က ဗိုလ်ဒိုဗာကြီးတို့၏ တပ်အတွက် ၎င်းတို့ထံ မှ နောက်ထပ် ဆက်သားလေးယောက်ခန့် ခေါ်ယူ၍ ကားတစ်စီး၊ ပေါင်း

ကားလေးစီးနှင့် မည်သို့မည်ပုံ သွားကြရမည့်အကြောင်းကို ထပ်၍ ဆွေးနွေး၏။

၁၂ နာရီခွဲလေပြီ၊ စာရေးသူသည် ရဲဘော်တို့ကို ပြန်လွှတ်လိုက်ကာ ဝိုင်ပုလင်းကို မော့လိုက်ပြီးနောက် ခြေပစ်လက်ပစ် အိပ်လိုက်ပါလေ၏။

■ ■ ■

## "ခေါင်းမြီးခြုံ ချီတက်ခြင်း"

ယခု ဖော်ပြမည့် တိုက်ကင်းလှည့်ခြင်း အကြောင်းသည် အထူးတလည် ဖော်ပြလိုသော အကြောင်းမဟုတ်။

စာရေးသူသည် စသွားကတည်းက တိုက်ပွဲနှင့် တွေ့ကြုံရသည့်တိုင်အောင် ကြီးကြီးကျယ်ကျယ် မဖြစ်ဘဲ ယခုရေးသားဖော်ပြရမည့် အခြေအနေအတိုင်း တွေ့ကြုံရလိမ့်မည်ဟု စိတ်ချလက်ချ ယုံကြည်ပြီး ဖြစ်နေ၏။ အနည်းငယ်ဖော်ပြရဦးမည်ဆိုလျှင် စာရေးသူသည် ပင်ကို အအိပ်အနေနည်းသည့်သူ ဖြစ်သည့်အတိုင်း ငါးနာရီမထိုးမီ အိပ်ရာမှနိုး နေ၏။ ဗိုလ်ကလေးများနှင့်တကွ ကားဆရာများကိုနှိုး၍ ကားခြောက်စီးကို စစ်ဝန်ထမ်းတပ်သို့ သွားစေ၏။

ထို့နောက် အားလုံး အသင့်ပြင်ဆင် စစ်ဆေးကြပြီးလျှင် ကားလေးစီးနှင့် စာရေးသူတို့ ထွက်လာကြ၏။ ဤနေရာတွင် ရှင်းပြရန် အနည်းငယ်ရှိ၏။ များသောအားဖြင့် စစ်ဝန်ထမ်း စစ်ရဲ စသည်တို့သည် ခရီးသွားကြရသောအခါ အခါမျိုးတို့၌ ကားတစ်စီးတွင် တပ်စုတစ်စု လူပေါင်းသုံးဆယ်ကျော်ခန့် စီးလေ့ရှိကြ၏။ စာရေးသူသည် ခရီးဝေးသွားရသော အချိန်မျိုး၌ သို့မဟုတ် ရန်သူရှိတတ်သော နယ်မြေမျိုး၌ မည်သည့်အခါမှ ဤသို့ ပြည့်ကျပ်ပွတ်သိပ်စွာ စီးနင်းသွားလာခြင်းကို မပြု၊ အကယ်၍ အထက်အရာရှိကြီးများက သွားလာကြမည်ဟု ဆိုလျှင်လည်း အတင်းရန်ဖြစ်၍ အတင်း အမိန့်ကို ဖီဆန်၏။

အကြောင်းကား အကယ်၍ ရန်သူသည် (in bush) ဟု

ခေါ်သော ချောင်းမြောင်းတိုက်ခိုက်ခြင်းမျိုးကို ပြုလုပ်လျှင် မရှောင်သာ မတိမ်းသာ မခုခံသာဖြစ်သောကြောင့် ဖြစ်၏။

ထို့ကြောင့် ချောင်းမြောင်း အတိုက်ခံရမည်စိုးသဖြင့် စာရေးသူက ရှေ့မှချီတက်ရန် တာဝန်ယူလိုက်ခြင်းဖြစ်၏။

စာရေးသူသည် စစ်ဝန်ထမ်းတပ်ရှေ့၌ ခေတ္တရပ်ကာ ဗိုလ်ဒိုဗာကြီးနှင့် စကားအနည်းငယ် ပြောပြီးနောက် ဆက်သားအဖြစ် လေးယောက်ခန့် တောင်းမည်ဟု ရည်ရွယ်ထားသော်လည်း ကားကျပ်သည်ဟု ထင်သောကြောင့် နှစ်ယောက်သာ တောင်း၏။

ထို့နောက် နံနက်ငါးနာရီခွဲခန့်တွင် ထားဝယ်မြို့မှ ထွက်ခဲ့ကြ၏။ ရှေ့ဆောင်တပ်စိတ်၏ ကားနောက်မှ စာရေးသူ၏ကားသည် ကိုက်နှစ်ရာခန့်မှ ခွာ၍လိုက်၏။

စာရေးသူ၏ ကားနောက်မှ တပ်စိတ်တစ်စိတ်သည် ကိုက်ရှစ်ဆယ်ခန့်အကွာအဝေးမှသာ လိုက်လျက် ထိုကား၏နောက်မှ တပ်စိတ်သည် ကိုက်နှစ်ရာ အကွာအဝေးမှလိုက်၏။

ထိုကား၏နောက်မှ ဗိုလ်ကြီး ဗိုလ်ဒိုဗာတို့၏ ကားခြောက်စီးကား စာရေးသူတို့၏နောက်ဆုံးတပ်စိတ်နှင့် နီးလိုက် ဝေးလိုက် ဖြစ်လာသော်လည်း ၎င်းတို့၏ ကားအချင်းချင်းမှူ အမြဲတမ်းပူးလျက်ရှိကြ၏။

စာရေးသူတို့က ကားဆရာအနီးတွင် ထိုင်ကြ၍ ရှေ့ကို နည်းနည်းလိုက်ပေးပါ၊ နည်းနည်းလျှော့လိုက်ပါဦးနှင့် အမြဲတမ်းပြောနေသောကြောင့် အကွာအဝေးမှန်မှန် အမြဲရှိနေရ၏။ တောင်ဆင်းတောင်တက်သို့ ရောက်သောအခါမျိုး၌ ရှေ့ဆောင်ကားသည် ရပ်နေ၏။

စာရေးသူတို့ကား ရောက်လာမှ စာရေးသူတို့က တစ်ဖက်တောင်ထိပ်သို့ အရေးရှိက ပစ်ခတ်ရန် အဆင်သင့်ရှိနေမှ ရှေ့ဆောင်ကားက တောင်အောက်သို့ ဆင်း၏။ အဆိုပါ ရှေ့ဆောင်ကားသည် တစ်ဖက်တောင်ထိပ်သို့ ရောက်သောအခါ ပတ်ဝန်းကျင်သို့ ကြည့်ရှုပြီး အရေးရှိက ပစ်ခတ်ခုခံရန် အသင့်ပြင်ဆင်ပြီးနောက်၊ အချက်ပေးလိုက်မှ စာရေးသူတို့၏ကားက တောင်အောက်သို့ဆင်း၍ တစ်ဖက်တောင်ထိပ်သို့ အရောက်မောင်း၏။ ထိုအချိန်တွင် စာရေးသူတို့နောက်မှကားသည် စာ

ရေးသူတို့ရပ်၍ စောင့်နေသော တောင်ထိပ်၌ အဆင်သင့်ရပ်လျက် လက်နက်ကိုင်၍ အသင့်ရှိနေကြလေပြီ။

အထူးစိတ်မချရဟု ထင်သောနေရာတို့၌ ကားပေါ်မှဆင်း၍ သွားကြပြီးမှ ကားကိုကူးလာစေ၏။ တစ်ဆစ်ချိုးတောင်ကွေ့လမ်းများနှင့် ကားလမ်းအပေါ်မှစီးလျက် လူသွားလမ်းနှင့် ကမ်းပါးယံရှိသော နေရာတို့တွင်လည်း ဤအတိုင်းသွား၏။ ထို့ကြောင့် ဗိုလ်ကြီးဗိုလ်ဒိုဗာတို့က စိတ်မရှည်ကြ အသွားနှေးသည်ဟုဆို၏။

သို့ရာတွင် စစ်ပညာတစ်ရပ်အနေနှင့် မှတ်သားထားရသည်ဟု နောက်မှပြော၏။ ဤနည်းအတိုင်း ကလိန်အောင်သို့ နေ့နှစ်နာရီခန့်တွင် ရောက်ကြ၏။

စာရေးသူ၏ ရဲဘော်များ၌ နံနက်စာအတွက် ပေါင်မုန့်ကြွပ်များ အသားဘူးများ ပါလာကြ၏။ ထိုအစာများကို ရန်ကုန်ကတည်းက အရေးရှိက သုံးနိုင်ရန် ဝယ်လာကြခြင်းဖြစ်၏။ ထို့ပြင် ရဲဘော်တစ်ယောက် တစ်ယောက်လျှင် ရေဘူးနှင့်အပြည့် လက်ဖက်ရည်အချိုများ ပါလာကြသေး၏။

ထို့ကြောင့် နံနက်စာကို ကားပေါ်တွင် ပြီးခဲ့ကြ၏။ စာရေးသူ၏ တပ်သည် ရွာအဝင်တွင် အစီအစဉ် လုပ်ခဲ့သည့်အတိုင်း ဘာမှန်းမသိသော အမိန့်ပေးသံတို့နှင့် အလွန်လျင်မြန်စွာ ကားပေါ်မှဆင်းလျက် နေရာယူပြီးရှိနေကြ၏။ ၎င်းနှင့် တစ်ကြိမ်တည်းပင်လျှင် ကားလေးစီးကိုလည်း ရဲဘော်သုံးယောက်ခန့်က စောင့်လျက် ကားဆရာများ နှင့်အတူ လိုသလို လှည့်၍ထားပြီး ဖြစ်နေကြ၏။

ဗိုလ်ကြီး ဗိုလ်ဒိုဗာနှင့် စစ်ဝန်ထမ်းတပ်သားတို့သည် ကားပေါ်မှဆင်းကြပြီးနောက် လမ်းအတိုင်းလျှောက်ကြကာ တံတားနှင့် ဘိုတဲပေါ်သို့ အချို့သွားစောင့်ကြ၏။ အချို့က ရဲဌာနရှိရာသို့ ချီတက်သွားကြ၏။ အချို့ကို အားလပ်နားနေခွင့် ပေးလိုက်၏။ ရွာကလေး တစ်ရွာလုံး စစ်သားများနှင့် ပြည့်သွား၏။ ရဲဌာနမှ ရိုင်ဖယ်တစ်လက် ရ၏။ ဗိုလ်ကြီး ဗိုလ်ဒိုဗာက ရွာသားများကို ကရင်ဆူပူသူများ လာသလား ရှိသလားဟု မေး၏။ ရွာသားများက မရှိ မလာဟု ဆို၏။

စာရေးသူက ဤရွာနှင့် အနီးအနားရှိ ရွာများမှ လူအားလုံးတို့ကို နာရီဝက်အတွင်း ရောက်အောင်ခေါ်ပေးပါဟု ရွာလူကြီးများကိုစေခိုင်း၏။ မကြာမီပင် ရွာအသီးသီးမှ လူပေါင်းတစ်ရာကျော်ခန့် စုရုံးရောက်ရှိလာကြ၏။ စာရေးသူက ထိုလူအားလုံးတို့အား "ယခု ကျွန်တော်သည် ဤနယ်ဒေသအတွင်း၌ လက်နက်ကိုင်၍ လူထုအား ညှဉ်းဆဲလျက် အစိုးရအား ဆူပူပုန်ကန်နေကြသော လူများကို နှိမ်နင်းရန် ရောက်ရှိလာခြင်းဖြစ်သည်။

ထို့ကြောင့် အစိုးရက ကိုင်ခွင့်မပေးဘဲ တရားမဝင်သော လက်နက်များကို ကိုင်ဆောင်နေသူ မှန်သမျှတို့အား ကျွန်တော်တို့သည် ဗမာဖြစ်စေ၊ ထားဝယ်ဖြစ်စေ၊ မွန်ဖြစ်စေ၊ ကရင်ဖြစ်စေ၊ ဝတ္တရားအတိုင်း အရေးယူရပါမည်။

ကျွန်တော်တို့၏တပ်သည် ယခုအချိန်ကစ၍ ဤနေရာ၌ စခန်းချနေမည် ဖြစ်ပါ၍ အကယ်၍ တရားမဝင်သော လက်နက်များရှိနေပါက ငါးရက်အတွင်း လာရောက်အပ်နှံကြပါရန် မေတ္တာရပ်ခံပါတယ်။

ငါးရက်က ကျော်လွန်လျှင် ကျွန်တော်တို့သည် တရားမဝင်သော လက်နက်ကိုင်ဆောင်နေသူများအား ဆူပူသူအဖြစ်နှင့် အရေးယူနိုင်ရန် အတွက် တစ်ရွာပြီးတစ်ရွာ လိုက်ရှာပါ့မယ်၊ ဒီလိုလိုက်ရှာတဲ့အချိန်မှာ ခုခံကြမယ်ဆိုရင် ရန်သူ့ရွာမြေအဖြစ်နဲ့ ချေမှုန်းတိုက်ခိုက်ရပါလိမ့်မယ်ဆိုတာကို ရပ်သူရွာသားများအား အကြောင်းကြားပါတယ်။ ဒီသတင်းကို နီးစပ်ရာ ရွာများကိုလည်း အကြောင်းကြားပေးပါ ခင်ဗျာ၊ ကဲ...ဒါပါပဲ"ဟု ပြောလိုက်၏။

စာရေးသူက စကားပြောပြီးသောအခါ လူတွေ ကျက်စီကျက်စီနှင့် ပြန်သွားကြ၏။

စာရေးသူက ဗိုလ်ကြီးဗိုလ်ဒိုဗာအား ယခုနေ အဆင်သင့်တုန်း ဗိုလ်ကြီး၏တစ်ခွဲတစ်ခုကို တပ်စွဲထားခဲ့ချင်ကြောင်း၊ ဖြစ်နိုင်ပါ့မလားဟု မေး၏။ ဗိုလ်ဒိုဗာက ဖြစ်နိုင်ပါသည်ဟုဆို၏။ ဤသို့ဆိုလျှင် နက်ဖြန် တပ်တစ်ခုလုံး ပြောင်းလာရမည် ဖြစ်သဖြင့် စောစောပြန်ချင်ကြောင်း ပြော၏။

ဗိုလ်ကြီးဗိုလ်ဒိုဗာက သူ့ရဲဘော်အချို့ အလှည့်ကျ လဲ၍ ထမင်းစားနေသောကြောင့် ခေတ္တစောင့်ဆိုင်းပါရန် ပြော၏။

သို့ဖြင့် သတိထားကြည့်လိုက်သောအခါ စာရေးသူ၏စိတ်ထဲတွင် အတော် တုန်လှုပ်သွား၏။

အကြောင်းကား ထမင်းဆိုင်တည်း။

ဤနေရာ၌ မော်တော်ကားလမ်း ပိတ်နေသည်မှာ ကြာခဲ့ပြီး အလုပ်သမားများ အလုပ်လုပ်ရာဌာနလည်းမဟုတ်၊ အိမ်ခြေကိုတွက်စစ်လိုက်လျှင်လည်း ငါးဆယ်ကျော် ခြောက်ဆယ်ခန့်သာရှိ၏။

သို့ပါလျက် ဗိုလ်ကြီးဗိုလ်ဒိုဗာ၏ ရဲဘော် နှစ်ရာ့ငါးဆယ်ကျော်သည် ဤရွာမှ ထမင်းဆိုင်ကလေးတွင် အသင့်ဝယ်စားနိုင်ကြသည်။

ထမင်းဆိုင်နှင့် မျက်စောင်းထိုးတွင်ရှိသော တရုတ်ဘုံဆိုင်ကြီးကလည်း ဖွင့်လျက်ရှိသည်။

စာရေးသူသည် စာရေးသူ၏အနီးတွင်ရှိသော ရဲဘော်ကို လွှတ်၍ ဖြန့်ထားသောတပ်များမှ ကင်းပုန်းကို ရွာ့အပြင်သို့ ကိုက်ရှစ်ရာခန့် ထပ်၍ထွက်စေပြီးလျှင် အထူးသဖြင့် ရွာ့အပြင်ဘက်သို့သာ ကြည့်နေကြစေရန် အကြောင်းကြားလိုက်၏။

ထို့နောက် တစ်ရွာလုံးကို လျှောက်ကြည့်၏။ နွားနို့ရောင်းသော ဂေါ်ရခါးကာ သူ့တွင် ကျွဲပြီးနွားနို့များ ရောင်းရန်ရှိသည်ဟုဆို၏။

စာရေးသူက မည်မျှရှိသနည်း အကုန်ယူမည်ဟု ပြောသောအခါ ကုလားက ဆယ့်ငါးပိဿာ ရှိသည်ဟုဆို၏။

စာရေးသူသည် တစ်ပိဿာ ၂–ရူပီးနှင့် ရသဖြင့် ပုံးတွေပါ မ,ယူလျက် ကားပေါ်သို့ အတင်ခိုင်းလိုက်၏။ ထို့နောက် အစိတ်သားဝင်ခွက်တစ်ခုကို တောင်းယူ၍ ထိုခွက်နှင့်ခပ်လျက် ထမင်းဆိုင်မှ ကြောင်ကြီးကို တိုက်ကြည့်ရသေး၏။ ကြောင်ကြီးသောက်၍ ဘာမျှမဖြစ်သောအခါ စာရေးသူက သောက်ကြည့်၏။ နို့များပျစ်၍ အရသာရှိလှလေသည်။

စာရေးသူသည် နို့ပုံးများနှင့် ဆက်သားရဲဘော်ကို ကားနှင့်လွှတ်ကာ ရဲဘော်တစ်ယောက်လျှင် ဤခွက်ငယ်နှင့်တစ်ခု ရေဘူးထဲသို့

ဝေ၍ ထည့်ပေးရန်၊ ၎င်းအပြင် ဗိုလ်ကလေးများအား ကားပေါ်သို့အလွယ် တကူ တက်နိုင်သောနေရာကို ပြောင်းရွှေ့နေကြရန် မှာကြားလိုက်၏။

နွားနို့သွားပို့သောကား ပြန်လာသောအခါ ပိုသောနွားနို့များ ကို စာရေးသူ၏ ရေဘူးနှင့် ရဲဘောင်ဟောင်း၏ ရေဘူးတို့တွင် ထည့်ယူ ထားလိုက်ကြ၏။

ဗိုလ်ကြီးဗိုလ်ဒိုဗာသည် သူ့တပ်ခွဲတစ်ခုကို နေရာချ၍ ပေးခဲ့ ပြီးနောက် သွားရန်အဆင်သင့်ဖြစ်ကြောင်း လာပြောလာ၏။

စာရေးသူက ဗိုလ်ကြီးတို့ရှေ့က ပြန်ပါဟု ဆိုသဖြင့် ကား ပေါ်သို့ စုရုံး၍တက်ကြပြီးလျှင် ပြန်ကြကုန်၏။

ရဲဘော်တွေတင်လာသော ကားလွတ် သုံးစီးကလည်း သူ တို့ပါ ပြန်မည်ဟု ဆိုနေသောကြောင့် စာရေးသူက အတော်ချော့မော့၍ ထမင်းစရိတ်များပါ ပေးခဲ့ပြီးလျှင် ထားခဲ့ရ၏။

အပြန်တွင် စာရေးသူတို့သည် နှစ်စီးတစ်တွဲ နှစ်စီးတစ်တွဲ ပြန်လာကြ၏။ ဗိုလ်ဒိုဗာကြီးတို့၏ကားနောက် ကိုက်နှစ်ရာခန့်အကွာမှ နှစ်စီး၊ စာရေးသူ၏ကားနောက် ကိုက်နှစ်ရာခန့်အကွာမှ နှစ်စီးဖြစ်ကြ၏။

ညနေ ၃ နာရီခွဲခန့်တွင် ထားဝယ်သို့ ပြန်ရောက်ကြ၏။ ရဲဘော်များကို လွှတ်လိုက်ပြီးလျှင် ဗိုလ်ဒိုဗာကြီးနှင့်အတူ ခရိုင်ဝန်ကြီး အိမ်၌ ဝင်နေခဲ့ကြ၏။

ကာကွယ်ရေး ဦးစီးအဖွဲ့ဝင်များ ရှိနေကြသေး၏။ စာရေး သူက ကလိန်အောင်တွင် စစ်ဝန်ထမ်းတပ်ခွဲတစ်ခု ထားခဲ့ကြောင်း မိမိ တို့တပ်သည် ထိုနေရာသို့ နက်ဖြန်ရွှေ့ပြောင်းရမည်ဖြစ်ကြောင်း။

ကရင်ဆူပူသူများသည် ကလိန်အောင်၌ စခန်းချလျက်ရှိကြ ရာ မိမိတို့ ရောက်သွားကြသဖြင့် ခေတ္တရှောင်၍ သွားကြဟန်တူကြောင်း။

သို့ရာတွင် ကရင်ဆူပူသူတို့သည် မကြာမီ ကလိန်အောင် ရှိတပ်ကို စမ်းသပ်၍ စီးချင်စီးကြည့်လိမ့်မည်ဖြစ်ရာ၊ စာရေးသူကမသွား လျှင်မဖြစ်ကြောင်း၊ ကလိန်အောင်၌ စခန်းချလျက်ရှိသော ကရင်ဆူပူသူ တို့၏ အင်အားသည် အနည်းဆုံး သုံးရာနီးပါးခန့်ရှိလိမ့်မည်ဖြစ်ကြောင်း

တို့ကို ပြောပြရာ ဗိုလ်ကြီးဗိုလ်ဒိုဗာက စာရေးသူအား အံ့အားသင့်သော မျက်နှာဖြင့် ကြည့်နေ၏။

ခရိုင်ဝန်ကြီးက ဗိုလ်ကြီးကို ကလိန်အောင်က လူတွေက ပြောပြလိုက်သလား ... ဟု မေး၏။

စာရေးသူက ပြုံးရယ်ရင်း ...

"ဒီလိုတော့ ဘယ်ပြောဝံ့ကြပါ့မလဲ၊ အားလုံး မသိပါဘူး၊ မရှိပါဘူး ပဲ ပြောကြတာပေါ့၊ ဒါပေမဲ့ ခရိုင်ဝန်ကြီး စဉ်းစားပါလေ၊ ဘယ်ကမှ အသွားအလာမရှိတဲ့ ရွာကလေးတစ်ရွာက ထမင်းဆိုင်ကလေး တစ်ခုမှာ လူနှစ်ရာငါးဆယ်ကျော်ရှိတဲ့ ဗိုလ်ကြီး ဗိုလ်ဒိုဗာရဲ့ရဲဘော် တွေကို ထမင်းရောင်းတာ လုံလုံလောက်လောက် ရောင်းနိုင်တယ်၊ ဘုံဆိုင်ကြီးလည်း စိုစိုပြည်ပြည်ပဲ ဖွင့်ထားတယ်၊ ဒီတော့ အားလုံး ပေါင်းကြည့်လိုက်မှ အိမ်ခြေငါးဆယ်ကျော် ခြောက်ဆယ်လောက် ရှိတဲ့ ရွာကလေးတွေဟာ အကုန်လုံးပဲ ဒီထမင်းတွေကို နေ့တိုင်း ဝယ်စား..."

"ဟာ ... အစ်ကိုလေး ... ကျွန်တော် လုံးလုံးမရိပ်မိဘူး၊ အခု အစ်ကိုလေးပြောမှ ကြည့်ပါဦး ... ကျွန်တော်လည်း ဒီထမင်းဆိုင်မှာ ဝယ်စားလာတာပဲ၊ လုံးလုံးမစဉ်းစားမိဘူး၊ အစ်ကိုလေး ဟိုတုန်းက ဘာလို့ ကျွန်တော့်ကို မပြောပါလိမ့်၊ ဒီလိုဆိုရင် ကျွန်တော့်အကောင် တွေ အတိုက်ခံရလိမ့်မယ် ထင်တယ်၊ ကျွန်တော့် တပ်ခွဲနှစ်ခုနဲ့ ကျွန်တော် နေခဲ့မှာပေါ့ဗျာ၊ စောစောက အစ်ကိုလေး ပြောနေတုန်းက ဟိုမှာ ဘာမှလဲမရှိ၊ ဘာမှလဲ မတွေ့ရဘဲနဲ့၊ ဘယ့်နှယ်လုပ် ပြော နေတာပါလိမ့်မလဲလို့ စဉ်းစားနေတာ၊ ဒီလိုဆိုရင် ကျွန်တော် အခု ညတွင်းချင်း ပြန်သွားမှ ဖြစ်မယ်ထင်တယ်၊ ဟုတ်တာပေါ့ ဟုတ်တာပေါ့"

ပြောပြောဆိုဆိုနှင့် ဗိုလ်ဒိုဗာကြီးက နေရာမှ ထလိုက်၏၊ စာရေးသူက လက်ကိုလှမ်းဆွဲလိုက်ရင်း နေပါဦးလေဟု ပြောလိုက်ရ၏။

"ဗိုလ်ကြီးကလည်း သိပ်စိတ်ပူမနေပါနဲ့ဦးလေ၊ ပြောတာ လည်း ဆက်နားထောင်ပါဦး"ဟု ခရိုင်ဝန်ကြီးကပြောမှ ပြန်ထိုင်လိုက်၏။

စာရေးသူက ဆက်၍ပြောပြန်၏။

"ဒီညတော့ တိုက်မယ် မထင်ဘူး အောက်မေ့တာပါပဲ၊ ဒါပေမဲ့ စစ်ဆိုတာဟာ ဒီအခြေအနေမျိုးမှာ ငါသာ ရန်သူဖြစ်မယ်ဆိုရင် ဘယ်လိုလုပ်မလဲဆိုတဲ့ အတွေးမျိုးနဲ့ ငါလုပ်သလို သူလုပ်လိမ့်မယ်ဆိုပြီး တွေးကြရတယ် ...

ဒီလိုတွေးကြတမ်းဆိုရင် ကျွန်တော်သာ ရန်သူဖြစ်ရင်တော့ ဒီည ကလိန်အောင်မှာရှိတဲ့ တပ်ကို တိုက်မှာပဲ၊ ဒါပေမဲ့ ရန်သူကတော့ မတိုက်ဘူးထင်တာပဲ၊ ဘာပြုလို့လဲဆိုတော့ ဒီကောင်တွေဟာ နည်းနည်း အင်္ဂလိပ်ဆန်တယ်၊ အချိန်ယူလွန်းတယ်၊ နောက်တစ်ကြောင်းက သူတို့ ဒီနေရာမှာ စခန်းချနေကြတာပဲ၊ ကျွန်တော်သာ သူတို့ဆိုရင် ကျွန်တော်တို့တပ် ရောက်တဲ့ညကတည်းက ထားဝယ်ကို စီးပစ်လိုက်မှာပဲ၊ ဘာပြုလို့လဲဆိုတော့ အဲဒီညဟာ ထားဝယ်ကိုစီးလိုက်ရင် ကျွန်တော်တို့က ဘာမှမလုပ်တတ်ဘူး။ ကိုယ့်နေရာကလေးက ကိုယ်ပစ်နေကြရမှာပဲ။ ဘယ်မှာလဲ မသွားတတ်ဘူး။ လမ်းတွေတောင် မသိကြသေးဘူး...

အဲဒါ သူတို့က ဘယ့်နှယ်လုပ်သလဲဆိုတော့ ချက်ချင်းမစီးသေးဘဲ နောက်ထပ်ဝင်ဖို့ လမ်းတစ်ခုရှာတယ် ...

ကလိန်အောင်မှာ စခန်းလုပ်သလို ကျွန်တော်တို့တပ်နားက မိုင်းတွေသွားတဲ့ လမ်းတစ်နေရာရာမှာလည်း စခန်းတစ်ခုလုပ်ပြီး တပ်တစ်တပ် ခွဲထားဦးမယ်၊ ပြီးမှ ချိန်ပြီး နှစ်နေရာ သုံးနေရာက တစ်ပြိုင်နက်ဝင်မှာကိုး၊ ဒါကြောင့် ဆန်အိတ်တွေဘာတွေ စခန်းသစ်ပို့ဖို့ ကြိုးစားနေကြတာပေါ့၊ အခုတော့ သူတို့ အကြံပျက်သွားရှာတယ်၊ အဲ...တစ်ခုတော့ ရှိသပေါ့လေ၊ သူတို့ဟာ အခု ရောက်လာတဲ့ ကျွန်တော်တို့ရဲ့ လူအင်အား လက်နက်အင်အားကို အခုအထိ ချိန်ဆလို့ မရကြသေးဘူး၊ မရမယ့် မရတာ စုံစမ်းတော့ ပြောင်စုံစမ်းကြတာပဲ ..

ဥပမာ ကျွန်တော့်မှာ ရာထူး'ကြယ်'မရှိဘူး၊ ဒီတော့ ဗိုလ်ကြီးလား၊ ဗိုလ်ကလေးလား။ ဗိုလ်မှူးလား မသိကြဘူး၊ ဗိုလ်ကလေး

အုပ်ချုပ်တဲ့တပ်ထက် ဗိုက်ကြီးအုပ်ချုပ်တဲ့တပ်ဟာ လူများမယ် မဟုတ်လား ...

ဒါကြောင့် ကျွန်တော့်ကို ဗိုလ်မှူးလား ဗိုလ်ကြီးလားနဲ့ မေးမေးနေကြတာပေါ့ ...

ထားပါတော့လေ၊ အဲဒါတွေကို ထောက်ပြီးတော့ ကျွန်တော်တို့နဲ့ တိုက်ရမယ့် ရန်သူဟာ ဘယ်တော့မှ ဖျတ်ဖျတ်လတ်လတ် မလုပ်ဘူး၊ ခပ်ဖြည်းဖြည်း အဘက်ဘက်က စဉ်းစားပြီးမှ သေချာမှလုပ်မယ်၊ ဒါကြောင့် သူတို့ဟာ ဗိုလ်ကြီးဗိုလ်ဒိုဗာရဲ့တပ်ကို ဒီညမတိုက်ဘူး၊ သေသေချာချာ လက်နက်အင်အား လူအင်အား ဘယ်လိုနေတတ် ထိုင်တတ်တယ်ဆိုတာ စုံစမ်းပြီးမှ လာတိုက်လိမ့်မယ်ထင်တယ် ...

ပြီးတော့ နောက်တစ်ခုက အဲဒီ ကလိန်အောင်က ကုလားက ကျိုပြီးသား နွားနို့တွေ လာရောင်းသွားတယ်၊ တစ်ပိဿာနှစ်ကျပ်နဲ့ ဆယ့်ငါးပိဿာပဲ ...

လူတိုင်းလည်း သိကြပါတယ်လေ၊ ကုလားတွေဟာ နွားနို့ကို ကျိုမရောင်းကြပါဘူး၊ တစ်ယောက်ယောက်က ကျိုပေးရမယ် ဆိုလို့ ကျိုပေးပြီး၊ အဲဒီအကျိုခိုင်းတဲ့လူက တစ်ခါတည်းထွက်သွားတော့ အလကား သွန်ပစ်ရမယ့်အတူတူ ဘယ်လောက်ရရဆိုပြီး လာရောင်းတာပဲ၊ ဒီတော့ ဒီကုလားဟာ သူ့ကိုခိုင်းတဲ့လူ တစ်ခါတည်း ထွက်သွားပြီဆိုတာ သိနေတယ်၊ ပြီးတော့ အဲဒီကုလားက မော်တော်ကားကူးတဲ့ တံတားကြီးမှာ နေတယ် ...

ဒါကို ထည့်စဉ်းစားရင် ဒီလူတွေဟာ တစ်ခါတည်းထွက်သွားကြပြီ၊ ထွက်သွားတာမှ ကားလမ်းအတိုင်း မော်လမြိုင်ဘက်ကို ထွက်သွားကြတာ၊ ဒီဘက်ကို မဟုတ်ဘူး ...

အဲဒါကြောင့် နည်းနည်းစိတ်ချပြီး ဗိုလ်ကြီးဗိုလ်ဒိုဗာကို မပြောတာဘဲ၊ ပြောရင် ဗိုလ်ကြီးက တစ်ခွဲနှစ်ခုနဲ့ ဖွတ်နေချင် နေခဲ့မှာမို့ပါ ...

ကဲ ... အဲဒါတွေ ခဏထားပြီးတော့ အခု ကျွန်တော်တို့

အလုပ်က ထားဝယ်မြို့ကို ရန်သူက လာတိုက်တာကိုစောင့်ပြီး ခုခံဖို့ထက် ရန်သူကို ကျွန်တော်တို့ကပဲ လိုက်တိုက်တော့မလိုလို လုပ်ကြရမှာပဲ၊ တိုက်ချင်လည်း တိုက်မယ်ပေါ့လေ ...

အဲဒီတော့ ကျွန်တော်ဟာ နက်ဖြန်ကစပြီး ဒီမြို့ကိုခွာပြီး ဗိုလ်ကြီးဗိုလ်ဒိုဗာလည်း အဲဒီလို ခွာတန်ခွာရလိမ့်မယ်၊ ဒီတော့ကာ ခရိုင်ဝန်ကြီးရယ်၊ ခရိုင်ရဲဝန်ကြီးရယ်၊ ဒီက လူကြီးမင်းများရယ်၊ ကျွန်တော်ပြောခဲ့တဲ့ ရန်သူကို ရိက္ခာမရနိုင်အောင် တားဆီးဖို့နဲ့ ရန်သူရဲ့သူလျှိုတွေ ဒလန်တွေကို ဖမ်းဆီးမိနိုင်ဖို့၊ ပြီးတော့ ကောလာဟလ သတင်းလွှင့်တတ်တဲ့ လူတွေကိုလိုက်ဖို့၊ ကိုယ်က ပြန်ပြီး ကောလာဟလ သတင်းတွေ လွှင့်ပေးနိုင်ဖို့၊ အဲဒါတွေ တာဝန်ယူကြစေချင်တယ် ...

နောက်တစ်ခုက ကျွန်တော် ကားသုံးတဲ့နေရာမှာတော့ စစ်တိုက်တာနဲ့ တူအောင် သုံးချင်တယ်၊ အဲဒီတော့ ကျွန်တော် နောက်ထပ် ကားဆယ်စီးလောက်လိုချင်တယ်၊ အခုလည်း ဗိုလ်ကြီး ဗိုလ်ဒိုဗာတပ်ကို ကားသုံးစီး ပေးထားပစ်ခဲ့တယ်၊ အဲဒီတော့ ဗိုလ်ကြီးဗိုလ်ဒိုဗာကိုလည်း ကားသပ်သပ် ရှာပေးစေချင်တယ်ခင်ဗျ"

ဤတွင် ခရိုင်ဝန်ကြီးက အားတက်စဖွယ်သော လေသံနှင့် "ကဲ ... ဗိုလ်ကြီး၊ ကျွန်တော်တို့ ရသလောက် အစွမ်းကုန် ရှာပေးလိုက်မယ်၊ နောက်ဆုံး ကျွန်တော့်ထရပ်ကားတွေရော ခရိုင်ဝန်ကြီးဆိကဂျစ်ရော အားလုံးပေါင်းပြီး မနက်ပို့လိုက်ပါ့မယ်၊ ကျွန်တော်တို့အတွက်က စိတ်သာချ၊ ကျွန်တော်တို့ ခရိုင်ဝန်ကြီးက အခုခေါင်းမာလာပြီ၊ နေ့ခင်းက ဆိုရင် အရင်တုန်းက ဝယ်ထားပြီးသားပစ္စည်းကို သယ်လာတာတဲ့၊ ငါးပိတွေ အတော်များတယ်...

အမှန်တော့ ရောင်းစားဖို့ပဲ၊ ဒီလူတွေက ကုန်သည်တွေ၊ ရဲဝန်ကြီးနဲ့လည်း သိကြတယ်၊ အဲဒါ ရဲဝန်ကြီးက ခင်ဗျားတို့ ကရင်တွေ ရှေ့ရင် ဘယ့်နှယ်လုပ်မလဲဆိုပြီး ထုတ်ခွင့်မပေးလိုက်ဘူး"ဟု ပြော၏။

"ကျွန်တော်တို့ စစ်အောင်နိုင်ရေးအတွက် ကောင်းသော မင်္ဂလာစကားပါပဲခင်ဗျာ"ဟု စာရေးသူက ချီးကျူးလိုက်ရ၏။ ထို့နောက်

နံနက် သွားလာ ရွှေ့ပြောင်းရေး အစီအစဉ်တွေအတွက် ခွင့်ပြုပါမည့် အကြောင်း ပြော၍ ထွက်လာခဲ့၏။

ဗိုလ်ဒိုဗာကြီးနှင့် လူကြီးများ ကျန်နေရစ်ခဲ့ကြ၏။

နောက်တစ်နေ့တွင် ခရိုင်ဝန်ကြီးဆီမှ ကားရှစ်စီးနှင့် ဂျစ်နှစ်စီးကို လာပို့၏။ စာရေးသူသည် တပ်စုတစ်စုနှင့် ရိုင်ဖယ်တစ်ဝက်ကို ရှိသမျှကားများနှင့် မျှတင်ကာ ကလိန်အောင်ရွာသို့ ရွှေ့ပြောင်းသွားစေလျက် ဗိုလ်တဲရှိသော တောင်ကုန်းပေါ်တွင် ခံကတုတ်များတူး၍ နေရာယူရန် လွှတ်လိုက်၏။ ထို့နောက် ကားအချို့နှင့် စစ်ဝန်ထမ်းတပ်နှင့် အတူ ညအိပ်နေကြရသော ကားသုံးစီးကိုပါ ပြန်လွှတ်ရန် မှာကြားလိုက်၏။ ဗိုလ်ကြီးဗိုလ်ဒိုဗာကလည်း သူ၏တပ်ခွဲကို ကလိန်အောင်တွင်ပင် တပ်စွဲနေစေရန် မှာကြား၍ စားရေရိက္ခာများကို ကားသုံးစီးဖြင့် ပို့ပေး၏။

နောက်တစ်နေ့တွင်မူ စာရေးသူသည် ဆေးရုံမှ ရဲဘော်များကို စောင့်ရှောက်ရန် စိတ်ချရသော လည်လည်ဝယ်ဝယ် ဆာဂျင်တစ်ယောက်ကို ထားခဲ့ပြီးလျှင် အားလုံးပြောင်းရွှေ့၍ သွား၏။

ကလိန်အောင် တောင်ကုန်းပေါ်တွင် ဂျပန်များ တူးလုပ်သွားသော ဘန်ကာများ၊ ခံကတုတ်များ ဆက်သွယ်ရေးတူးမြောင်းများ အသင့်ရှိနေကြ၏။

စာရေးသူတို့၏တပ်သည် ထိုတောင်ကုန်းပေါ်၌ပင် အားလုံးစုပြုံ၍ စခန်းချလျက် ရဲဘော်များကို လူနှင့်အတန်ဝေးသော နေရာသို့ ခေါ်ယူသွားကာ မျက်ကွယ် ကျည်ကွယ် အကာအကွယ်ယူနည်းနှင့် ပြေးတက်၊ တွားတက်၊ လျှောင်းတက် တက်နည်း သုံးမျိုးကိုသာ အပြင်းအထန် လေ့ကျင့်ပေး၏။

ထိုသို့ လေ့ကျင့်ပေးထားရင်း "မင်းတို့ ကြိုးစားကြ။ အခု ဘယ်ရွာကမှ သေနတ်လာမအပ်ကြဘူး၊ ဒီတော့ တစ်ရွာပြီးတစ်ရွာ တို့ လိုက်ရှာကြရလိမ့်မယ်၊ အဲဒီလို လိုက်ရှာတဲ့အခါမှာ ရွာထဲမှာရှိတဲ့ ဆူပူသူတွေက ဆီးပစ်ကြရင် ငါတို့နဲ့ တိုက်ပွဲဖြစ်ကြရမယ်၊ အဲဒီတော့ ဘယ်ရွာမှာ သေနတ်တွေရှိတယ်။ ဘယ်ရွာမှာ ဆူပူသူတွေရှိတယ်ဆိုတာလည်း စုံစမ်းထားကြ"ဟု ပြောထား၏။

ရဲဘော်တွေကလည်း ကျုပ်တို့ တစ်ရွာပြီးတစ်ရွာ လိုက်တိုက်ရတော့မယ်၊ ဘယ်ရွာမှာ ဆူပူသူရှိလဲ၊ ဘယ်ရွာမှာ လက်နက်ရှိသလဲဟု စာရေးသူ မျှော်လင့်ထားသည့်တိုင်း ကလိန်အောင်ရွာထဲရှိ တွေ့သမျှ လူတွေကို မေးမြန်းစုံစမ်းကြ၏။

ကလိန်အောင်သို့ရောက်၍ နှစ်ညအိပ်ပြီးသောနေ့ဖြစ်၏။ စာရေးသူသည် မြေပုံကို ဖြန့်ကြည့်ပြီးနောက် ကလိန်အောင်နှင့် ဆယ့်သုံးမိုင်ခန့် အကွာအဝေးရှိသော ကားလမ်းပေါ်ရှိ ရွာကလေးတစ်ရွာကို ဗိုလ်ကလေး သုံးယောက်အား ဂျစ်ကားဖြင့် အရပ်ဝတ် အရပ်စားဝတ်စေ၍ သွားရောက်စုံစမ်းခိုင်း၏။ ရွာနှင့်မလှမ်းမကမ်းတွင် ကားကိုရပ်ထားလျက် နှစ်ယောက်သာလျှင် မယောင်မလည်နှင့် ရွာထိပ်မှ ရွာအပြင် ပတ်ဝန်းကျင်များကို ကြည့်ရှုစေ၏။

ပြန်လာသောအခါ တွေးထင်ထားသည့်အတိုင်း ရွာအပြင် ပတ်ဝန်းကျင်တို့တွင် ဘန်ကာများ ခံကတုတ်များ တူးထားကြသည်ဆို၏။ ထိုသို့ တူးထားရာ၌လည်း လုံးဝအပြီးမသတ်သေး၊ တူးလက်စနှင့်ချည်း ဖြစ်သည်ဟုဆို၏။

ရဲဘော်ကလေးတွေဆီမှ ရရှိသော သတင်းအရ အကယ်၍ ရွာများသို့ စာရေးသူ၏တပ်က ချီတက်လာလျှင် အဆင်သင့် ဆီးကြိုခုခံနိုင်ရန် အလွန်နားလည်လျက် စစ်ရည်ဝသော ဗိုလ်တစ်စုံတစ်ယောက်က မည်သည့်နေရာ၌ ဘန်ကာ၊ မည်သည့်နေရာ၌ စက်သေနတ်၊ မည်သည့်နေရာ၌ ဆက်သွယ်ရေးတူးမြောင်း စသည်ဖြင့် နေရာချပေးဟန်ရှိ၏။

ထိုသို့ ချပေးထားသော နေရာများကို တစ်ရွာလုံး ထွက်တူးကြရဟန်တူ၏။ မပြီးသေးသည်ဖြစ်သောကြောင့် နောက်နေ့တွေ နောက်နေ့တွေ ဆက်တူးကြပေဦးမည်။

စာရေးသူသည် မြေပုံကိုကြည့်သောအခါ ထိုရွာများမှာ မော်တော်ကားလမ်းမကြီးနှင့် အနည်းငယ် ကွာနေသလိုလို ရှိ၏။

ထို့နောက် ကားဆရာတစ်ယောက်ကို ခေါ်မေး၏။

ကားလမ်းပေါ်တွင် တည်ထားသော ရွာသည် ယေးမြို့နှင့် အနီးကပ်ဆုံးဖြစ်သော ကိုးမိုင်အမည်ရှိ ရွာတစ်ခုသာ ရှိသည်ဟုဆို၏။

အခြားရွာများမှာမူ အချို့က ကားလမ်းကို ဦးတိုက်၍ တည်ထားသည်။ အချို့က ကားလမ်းနှင့်ယှဉ်လျက် ရှိသော်လည်း ကိုက်တစ်ရာ့ငါးဆယ် နှစ်ရာခန့် ကားလမ်းနှင့် ကွာဝေးသည်ဟု ပြော၏။

စာရေးသူသည် ခေါင်းညိတ်၍ စဉ်းစားလျက် ကျန်ခဲ့၏။

ရဲဘော်ငယ်တစ်ဦးက ညစာပြင်ပြီးကြောင်း ပြောလာ၏။

သို့သော် စာရေးသူသည် ကြည်လင်သော်လည်း အလွှန် အေးသော ကလိန်အောင်ချောင်းရေကို ဆင်း၍ချိုးလိုက်၏။

ထို့နောက် ထူသောအဝတ်များကို သပ်ရပ်စွာဝတ်၏။ ထို့နောက် ဝိုင်ပုလင်းကိုမော့၏။ ထို့နောက်မှ ထမင်းစား၏။ ထို့နောက် ဝိုင်ပုလင်းကို မော့ပြန်၏။

စာရေးသူ အပြင်သို့ ထွက်သွားသောအခါ ကောင်းကင်၌ ကြယ်ကလေးများ ပြူတစ်ပြူတစ်နှင့် လုပ်နေကြ၏။ လမိုက်သောည ဖြစ်၏။ စာရေးသူသည် စီးကရက်တစ်လိပ်ကို ရှိုက်ရင်း ကောင်းကင်ပြင် ကို မော့ကြည့်၏။ နက်ပြာပြာ မိုးကတ္တီပါပြင်တွင် စိန်ပွင့်ကလေးများ ဆုပ်ကြဲထားသကဲ့သို့ မည်းသော ကောင်းကင်တွင် ကြယ်ကလေးများ ပြိုးပြက်လျက် ရှိနေကြ၏။

စာရေးသူသည် မှောင်သောတောင်ထိပ်ပေါ်တွင် တစ်စုံတစ်ခု ကို ချီတုံချတုံဖြစ်ရင်း လမ်းလျှောက်နေ၏။

ယမ်းတောင့်ထည့်၍ တစ်ချက်ကလေးမှ သေနတ်မပစ်ဖူး ကြသေးသော ရဲဘော်ကလေးများ၏ ရယ်သံသည် စာရေးသူ၏နားထဲသို့ ဝင်လာကြ၏။

ထိုရဲဘော်ကလေးများသည် အကြိမ်ပေါင်း မရေနိုင်အောင် ပစ်ခဲ့ဖူး တိုက်ခဲ့ဖူးကြသော ရန်သူတို့နှင့် မကြာမီသော တစ်နေ့နေ့တွင် ရင်ဆိုင်ကြရပေတော့မည်။

ထိုရဲဘော်ကလေးများ၏ ဘဝနှင့် အသက်သည် စာရေးသူ ၏တာဝန်ပင် မဟုတ်ပါလော။

ထိုအချိန်က တစ်မျိုးတည်းသာရှိသော ကပ်စတန်စီးကရက် တစ်ဘူးသည် ကုန်သွားခဲ့ပါလေပြီ။ နာရီသံချောင်း၏ ကိုးချက်သော

ခေါက်သံသည် ရဲဘော်ကလေးများ၏ တိုးတိုးတွတ်တွတ် ပြောနေကြသော စကားသံများကို လွှမ်းမိုးသွား၏။

စာရေးသူသည် ဘိုတဲ၏အတွင်းသို့ဝင်ကာ စာတစ်စောင်ကို ရေး၏။

ထို့နောက် ရဲဘော်တစ်ယောက်အား စေလွှတ်ပြီးလျှင် စစ်ဝန်ထမ်းတပ်မှ တာဝန်ခံဗိုလ်ကလေးတစ်ဦးကို အခေါ်ခိုင်းလိုက်၏။ စစ်ဝန်ထမ်းဗိုလ်ကလေး ရောက်လာသောအခါ ...

"ဗိုလ်ကလေး ဒီစာကို ဗိုလ်ကြီးဗိုလ်ဒိုဗာဆီ အခုညတွင်းချင်း ကားတစ်စီးနဲ့ ထားဝယ်ကို တစ်ယောက်ယောက်လွှတ်ပြီး အပေးခိုင်းပါ၊ ဖြစ်ပါ့မလား"ဟု မေး၏။

ဗိုလ်ကလေးက "ခင်ဗျ...ခင်ဗျ"ဟု ဆို၏။

"အခုညနော်...အခုချက်ချင်း"

ဗိုလ်ကလေးက "ခင်ဗျ...ခင်ဗျ"ဟု ပြော၏။

"ကဲ...ဒါဖြင့်ရော့ ... သွားတော့"စာရေးသူသည် စစ်ဝန်ထမ်းဗိုလ်ကလေး ထွက်သွားသောအခါ လက်ဆွဲတော် ရဲဘော်ငါးယောက်တို့ကိုခေါ်၏။

"ကဲ ... ကိုယ့်ရဲဘော်တို့ရေ၊ ဒီတစ်ခါ အတွက်မှားရင်လည်း ခံရမှာပဲ၊ အတွက်မှန်ရင်လည်း ဟန်မှာပဲ၊ အဲဒီတော့ တို့ စွန့်ကြရမှာပဲ၊ ဒီလိုကွ အကြောင်းက မော်လမြိုင်ကို ကချင်တပ်က ဗိုလ်မှူးနော်လားတို့ ထွက်သွားတာဟာ တို့အရင်ပဲ၊ ဒီတော့ကာ ဗိုလ်မှူးနော်လားတို့ အခုလောက်ဆိုရင် မော်လမြိုင်ကို သိမ်းပြီးနေကြပြီ၊ ဒီတော့ ကရင်ဆူပူသူတွေဟာ မော်လမြိုင်ဘက်မှာ ရှိသေးတောင် နည်းနည်းပါးပါးပဲကျန်မယ်၊ ဒီတော့ အများဆုံးက ဘယ်မှာရှိရမလဲ ဆိုတော့ တို့ဘက်မှာပဲ၊ တို့ဘက်မှာဆိုတာလည်း ဒီထားဝယ်က ကလိန်အောင်အတွင်းအထိ မရှိတော့ဘူး၊ တို့ရောက်လာလို့ ခဏရှောင်သွားကြတာ ဖြစ်ချင်ဖြစ်မယ် ...

အဲဒီတော့ ဘယ်မှာရှိရမလဲ၊ ကလိန်အောင်ရွာနဲ့ မော်လမြိုင်နယ်စပ် ယေးမြို့ဆိုရာမှာပဲ ရှိရယ်။ အဲဒီကနေပြီး ထားဝယ်ကို

တိုက်ဖို့ ဒီဘက်ကို အစုလိုက် အပြုံလိုက် ထွက်လာကြရင်း တို့ တစ်တွေ ရောက်လာတော့ အခြေအနေတစ်မျိုးဖြစ်သွားပြီး တို့ကို စောင့်အကဲခတ်ချင်ခတ်မယ် ...

ဒီလိုရှိနေတဲ့ အထဲမှာ တို့က တစ်ရွာပြီး တစ်ရွာ တိုက် သိမ်းမယ်၊ လက်နက်ရှာမယ် ဘာညာနဲ့ ကြိမ်းထားတော့ ဒီကရင် ဆူပူသူတွေဟာ တို့က သွားတိုက်ရင် ခံနိုင်ဖို့အတွက် တို့နဲ့အနီး ဆုံးရွာတွေမှာ စုပြီးရောက်လာကြရမယ် ...

ဒီလို တို့ကို ခံဖို့အတွက်လည်း အင်မတန် စနစ်တကျ ပစ်ကျင်းတွေ ဘာတွေ တူးနေကြတာပဲ၊ သူတို့ ဒါတွေလုပ်ပြီးရင် တို့လာတိုက်တာကို ကင်းတွေ ဘာတွေချပြီး စောင့်တော့မယ်၊ အခု သူတို့မစောင့်သေးတာက တို့က ရက်ချိန်းပေးထားတယ် မဟုတ်လား၊ အဲဒီရက်ချိန်းမကုန်ခင် မလာသေးဘူးဆိုတာ သူတို့ သိတယ်၊ ဒါကြောင့် သူတို့ ကင်းတွေမစောင့်ကြသေးဘူး ...

ပြီးတော့ နေက်ကို တို့ကမတိုက်ရင် ဒီကောင်တွေ အလကား ပါကွာဆိုပြီး သူတို့က လာတိုက်ကြမှာပဲ ...

အမှန်တော့ တို့အခြေအနေက တို့ကလည်း သူတို့ကိုသွား မတိုက်ဝံ့ဘူး၊ သူတို့က တို့လာတိုက်လည်း တို့မခံနိုင်ဘူး။ တို့ ရဲဘော်တွေအကြောင်းကို တို့ပဲသိကြတယ်။ ဒီတော့ကာ တို့စွန့် ကြရမယ်၊ စွန့်ကြရမှာက ဒီလို ငါတွေးတာကတော့ ဘယ်နည်းနဲ့ မဆို ဒီကောင်တွေဟာ တကယ်တိုက်ကြရမယ်လို့ ထင်တဲ့နေရာ တွေမှာ လူတော်တော် လက်နက်ကောင်းကောင်းတွေကို ထားမယ် ဆိုကြပါစို့ကွာ...စစ်ဦး ဆိုပါတော့ ကြီးကြီးမာစတာတွေ ဘာတွေ ကတော့ ကားနဲ့လာလို့မရ၊ အသွားအလာ ခက်ခဲတဲ့နေရာ ကောင်း ကောင်းမှာ အစောင့်အကြပ် တောင့်တောင့်နဲ့ နေမယ်၊ သူတို့က လိုက်တိုက်မယ့် အကောင်မျိုးတွေ မဟုတ်ဘူး ...

အဲ ... ရင်ဆိုင်လာတိုက်မယ့် လူလည်း ရုတ်တရက်မရောက် နိုင်ဘူး၊ ကားလမ်းတို့ဘာတို့ ရှိနေသေးတယ်ဆိုတဲ့ နောက်ပိုင်း နေရာမျိုးမှာတော့ လူညံ့ညံ့ လက်နက်ညံ့ညံ့နဲ့ နည်းနည်းပဲရှိမယ်၊

စစ်မြီးလို့ ခေါ်ရမှာပေါ့၊ အခု ယေးလို နေရာမျိုး၊ ဒါကြောင့် ကိုယ်တော့ ယေးကို တိတ်တိတ်ချီတက်ပြီး တိုက်ပစ်လိုက်ချင် တယ်၊ တို့ လူအင်အား ဘန်းပြပြီး ခြောက်ယောက်တည်းဆော် ရမှာပဲ၊ ခပ်ညံ့ညံ့ အကောင်တွေဆိုရင် အလိုလိုဖိန်းပြီး လစ်ပြေး မှာပဲ ...

တို့ ယေးကိုရရင် ဗိုလ်ကြီးဗိုလ်ဒိုဗာကလည်း ဒီကလိန် အောင်က အင်အားနဲ့နေ ဒီကောင်တွေ အလယ်ကောင်မှာ ရိက္ခာ ပြတ် အဆက်အသွယ်ပြတ်နဲ့ စုနေကြရင် စားဖို့မလုံလောက်လို့ အားလုံးတကွဲတပြား ဖြစ်ကုန်ကြမှာပဲ၊ ဒီအချိန်မှာ တို့က အနီး အနားရွာကလေးတွေကိုဝိုင်း၊ လက်နက်ရှာ၊ အဲဒီလို လုပ်ရင်းနဲ့ တို့ရဲဘော်တွေကိုလည်း လက်တွေ့သင်တန်းပေးနိုင်ရော၊ ဆူပူသူ တွေလည်း အနီးနားမှာ မခိုမကပ်ဝံ့တော့ဘူး၊ အဲဒါ သွားရင် ဒီည သွားကြမှ မနက်ဖြန်ဆိုရင် တို့ပြောထားတဲ့ ငါးရက်ပြည့်တဲ့နေ့ပဲ၊ ဟိုကာင်တွေက ကင်းတွေ ဘာတွေနဲ့ လုပ်ထားရင် တို့သွားနိုင် မှ မဟုတ်ဘူး၊ အဲဒါ ဘယ်လိုသဘောရကြသလဲ"

"ကောင်းပါတယ်၊ ကျွန်တော်တို့တော့ ကြိုက်တယ်"

"ဟာ ... မင်းတို့ဟာကကွာ တိုင်ပင်ရကျိုး မနပ်လိုက်တာ။ ဒီလို ဆိုရင် မကောင်းဘူးလား၊ ဟိုလိုကော မဖြစ်နိုင်ဘူးလား၊ ဒီနေရာ တော့ ဒီလိုလုပ်မှဖြစ်မယ် ဆိုတာမျိုး တစ်ခါမှ မရှိဘူး"

"ဒါကတော့ ဗိုလ်ကြီးက အစကတည်းက ကျွန်တော်တို့ဆရာပဲ ဥစ္စာ"

"ကဲ ... ဒါဖြင့် အချိန်ကုန်တယ်ကွာ၊ ဒီလိုလုပ် ရဲဘော်တွေအား လုံး အသင့်ပြင်၊ ကားတွေတန်းစီခိုင်း၊ ပစ္စည်းတွေ တင်ပြီးတော့ ကားသမားတွေ ငါ့ဆီကို အကုန်လွှတ်လိုက်၊ ရဲဘော်တွေကိုတော့ လမ်းမှာ စကားမပြောရ၊ ဆေးလိပ်မသောက်ရ၊ ချောင်းမဆိုးရ၊ ကိုယ့်သေနတ် ကိုယ်ကိုင်ပြီးအိပ်၊ အရေးဆိုရင် ရွာမရှိတဲ့ဘက်က လမ်းဘေးကို အကာအကွယ်ဆင်းယူကြရမယ်ပေါ့ကွာ ... ဟုတ် လား၊ ပြီးတော့ ကားတစ်စီးနဲ့တစ်စီးကို ကိုက်ငါးဆယ်စီကွာခြား

ပြီး သွားနိုင်အောင် ရဲဘော်တစ်ယောက်တစ်ယောက်က ကားဆရာနားကပ်ပြီး အမိန့်ပေးဖို့ တာဝန်ယူခိုင်း၊ တို့အားလုံး ကားပေါင်းနှစ်ဆယ့်နှစ်စီးရှိတယ် ...

ဒီတော့ တို့အထဲက တစ်ယောက်က ရှေ့ဆုံးဂျစ်ကားနဲ့သွား ...

ဂျစ်ကားက ဝေးဝေးကြီးသွားလိုက်၊ စောင့်နေလိုက်ပဲ ဟုတ်လား၊ အဲဒီဂျစ်ကားရဲ့နောက်က တပ်စုတစ်စု၊ ကားလေးစီးကို ဗိုလ်ကလေးတစ်ယောက်က အုပ်ချုပ်ပြီးလိုက် ...

အဲဒီ တပ်စုနောက်က ငါက ဂျစ်ကားတစ်စီးနဲ့ လိုက်မယ်၊ ငါ့နောက်က တပ်စုတစ်စု ဗိုလ်ကလေးတစ်ယောက်က အုပ်ချုပ်ပြီးလိုက်၊ ကားလေးစီး ဟုတ်လား ...

အဲဒီနောက်က ကျည်ဆန်သေတ္တာတွေနဲ့ ရိက္ခာရုံးကို ကားရှစ်စီးနဲ့တင်ပြီး ရဲဘော်တစ်ယောက်က အုပ်ချုပ်၊ အရေးရှိရင် ကျည်ဆန်သေတ္တာတွေနဲ့ ကိုယ့်လူတွေဆီရောက်အောင် ရန်သူ့လက်ကလွတ်အောင် အကောင်းဆုံးကားမှာတင် မဟုတ်တာတွေအတွက် ကိစ္စမရှိဘူး ...

အဲဒီရုံးကား ရှစ်စီးနောက်က ဗိုလ်ကလေးတစ်ယောက်နဲ့ တပ်စုတစ်စု၊ အဲဒီတပ်စုက နောက်လုံအောင် ကာရမှာနော် ... အဲဒီအတိုင်း သွားကြမယ်ဟေ့၊ ကဲ ... ဒါပဲကွာ ပြင်ကြပေတော့၊ ကားသမားတွေလည်း ငါ့ဆီကို လွှတ်လိုက်ကြ"

ဗိုလ်ကလေးများသည် စာရေးသူ၏ရှေ့မှ လေးကန်စွာ ထသွားကြကုန်သည်။ သို့ရာတွင် စာရေးသူ၏စိတ်ထဲ၌ အနည်းငယ်ပေါ့ပါးသွား၏။

စာရေးသူသည် ဝိုင်ပုလင်းကို ထယူကာ ထပ်၍မော့ပြန်၏။

ထို့နောက် စီးကရက်တစ်ဘူးကို ဖောက်ပြန်၏။

အိပ်ရာအထုပ်အပိုးများ သိမ်းဆည်းပြီး၍ အဆင်သင့်ဖြစ်နေသော အချိန်၌ ကားဆရာများ ရောက်လာကြ၏။

စာရေးသူက ကားဆရာများကို ပြော၏။

"ကားဆရာတို့... ခင်ဗျားတို့ဟာ အမှန်တော့ အငှားလိုက်စစ်သား တွေပဲ၊ ဒီတော့ စစ်တပ်နဲ့အတူသွားရင် စစ်တပ်ရဲ့စည်းကမ်းကို လိုက်နာကြဖို့လိုတယ်။ အဲဒီလိုမှ မဟုတ်ရင် ခင်ဗျားတို့ရော စစ် တပ်ကြီးပါ ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေနိုင်တယ်၊ ဒါကြောင့် ကျွန်တော် ပြောချင်တာက ခင်ဗျားတို့ဟာ ခင်ဗျားတို့နဲ့ အနီးဆုံး ရဲဘော်ရဲ့ ပြောစကားကို နားထောင်ကြပါ၊ ရပ်ဆိုရင်ရပ်ပါ၊ မောင်း ဆိုရင် မောင်းပါ၊ နှေးနှေးမောင်းဆို နှေးနှေးမောင်းကြပါ၊ ကားနာ မယ်၊ ကားဘာပြုလို့ဆိုတာကို မစဉ်းစားပါနဲ့၊ ပထမ ငါနဲ့ ငါ့ ကားပေါ်က ရဲဘော်တွေ မသေဖို့ဆိုတာ အရင်စဉ်းစားပါ။ နောက် မှ ကားအတွက်ကို အလျော်တောင်းချင်တောင်း ပေါ့ ...

အခု ကျွန်တော်တို့ဟာ ရန်သူ့နယ်ထဲကို တိတ်တဆိတ် ဖြတ်သွားကြရမယ်၊ ဒီတော့ ခင်ဗျားတို့ ကားမီး လုံးဝမထွန်းရဘူး၊ ဟွန်းလုံးဝမတီးရဘူး၊ ဆေးလိပ်မသောက်ရဘူး၊ ချောင်းမဆိုးရဘူး၊ ဘေးက ညွှန်ကြားနေတဲ့ ရဲဘော်တွေ စကားကို နားထောင်ရမယ်၊ စက်ချွတ်ယွင်း သွားမယ်ဆိုရင် နောက်ကားကို အကြောင်းကြား၊ နောက်ကားက တွန်းပေးလိမ့်မယ်။ ကားတစီးစီးဟာ ဝေးဝေးမှာ ရပ်ကျန်နေရစ်ခဲ့ရင် ရှေ့ကားက ဆက်သားရောက်လာလိမ့်မယ်၊ ဒီအချိန်မှာ အကျိုးအကြောင်း ပြောလိုက်ပါ၊ ကဲ ... ဒါပဲ၊ ခင်ဗျား တို့ အခုကတည်းက ဆေးလိပ်ဝအောင် သောက်ထားကြ၊ ၁၀– နာရီတိတိမှာ စထွက်မယ်၊ ဒါပါပဲ"

ကားဆရာများသည် လေးကန်စွာဖြင့် ထသွားကြ၏။ သူ တို့သည် ကားကို အနှေးမောင်းရန်လည်းကောင်း၊ မီးမထွန်းဘဲ မောင်းရန် လည်းကောင်း လုံးဝမမောင်းချင်ကြပေ။

သို့သော် မတတ်နိုင်။

စာရေးသူသည် ထုတ်ယူထားလိုက်သော ဝိုင်ပုလင်းကို တဖြည်းဖြည်း ကုန်အောင်မော့၏။

ထို့နောက် ကာဘိုင်သေနတ်ကိုလွယ်လျက် ကားရှိရာသို့ ဆင်းခဲ့၏။

လမ်းတွင် နေးကွေးသော်လည်း အေးဆေးလွတ်လပ်စွာပင် လာခဲ့ကြ၏။

မြေကတုတ်များ၊ ဘန်ကာများ၊ တစ်ယောက်ခိုကျင်းများ တူးထားသော ရွာကြီးပေါင်း သုံးလေးရွာခန့် တွေ့ခဲ့ရ၏။ ဂျပန်များ စီမံထားခဲ့သလို အလွန် သေသပ်ပိရိ၏။

စာရေးသူသည် ကားပေါ်မှဆင်း၍ ကျင်းများကို အကြမ်း ရေတွက်လျက် လက်နက်ကို ခန့်မှန်းကြည့်၏။

ရွာတစ်ရွာ၌ ဘတ်စ်ကားတစ်စီး ရပ်ထားသည်ကို တွေ့ခဲ့ ရ၏။ ကားဘီးများကို ဓားနှင့်ကြိတ်၍ ဖောက်ခဲ့၏။ နှစ်ဘီးသာလျှင် ရောက်နိုင်သည်။ ထို့ကြောင့် ကျန်နှစ်ဘီးကို လေလျှော့ခဲ့၏။ ပိုက်ငယ် တစ်ခုကို ဓာတ်ဆီတိုင်ကီသို့သွင်းကာ ပါးစပ်ဖြင့် စုပ်ယူလျက် မြေသို့ တန်းလန်းချခဲ့၏။

ကားမောင်း၍ မရနိုင်ရန် စက်မှ တစ်စုံတစ်ခု ဖြုတ်ယူဖို့ အတွက် ကြိုးစားသေးသော်လည်း အသံမြည်မည်စိုးသဖြင့် မလုပ်နိုင်ခဲ့ပေ။

ဤသို့ တိတ်တိတ်ဆိတ်ဆိတ်ဖြင့် မှောင်ကြီးမည်းမည်းထဲ တွင် ရန်သူ့နယ်မြေကို အောင်မြင်စွာ ကျော်ဖြတ်ခဲ့ရင်း ကိုးမိုင်ဟူသော ရွာသို့ ...။

နေခြည်တွင် ရွှေရည်တောက်လျက် ယိုပေါက် ဖိတ်စီးကျ နေသော နံနက်(၆)နာရီခန့်တွင်ရောက်၏။ အိမ်တစ်အိမ်တွင် လူအမြောက် အမြား စုရုံးနေသည်ကို တွေ့ရ၏။ မထူးပြီဖြစ်သဖြင့် စာရေးသူတို့ မေးမြန်းရန် သွား၏။ ရောက်သောအခါ အားလုံး ထပြေးကြ၏။ လုံးဝမေး ၍မရ၊ ဗမာလို လုံးဝမပြော။

စာရေးသူတို့က မကြောက်ပါနှင့် အစိုးရစစ်တပ် ချီတက် လာရခြင်း ဖြစ်ပါသည်။ လူကောင်းတွေအတွက် စိုးရိမ်ရန်မရှိပါဟုပြော လျက် ကားဆီကို ပြန်လာရ၏။

မိုးလင်းနေပြီ ဖြစ်သောကြောင့် ကားဖြည်းဖြည်းမောင်းရန် မလို၊ မြေကလည်း မြေပြန့်ဖြစ်သည်။ ထို့ကြောင့် ခပ်မြန်မြန်မောင်း၍ လာ၏။

ယေးမြို့၏ တစ်ဖက်ကမ်းသို့ ရောက်ရှိလာလေပြီ၊ ရဲဘော်တွေ ကားပေါ်မှ မဆင်းရသေးမီပင် ယေးမြို့ဘက်မှ လှမ်း၍ ဖောက်ထိုင်းရှိဟု နှုတ်ဆက်ကြ ရန်သူက စတင်ပစ်လေပြီ။

ကားဆရာ အားလုံးတို့သည် ကားကို လမ်းတွင်ရပ်ထားကြကာ အားလုံး လမ်းဘေးသို့ ဆင်းပြေးကြကုန်၏။

■ ■ ■

## "မြို့သိမ်းတိုက်ပွဲ"

အပစ်ခံရခြင်းမှာ ယေးတစ်ဖက်ကမ်း တည့်တည့်ရှိ ကူးတို့ဆိပ်မှ ရွာကလေးအရောက်တွင်ဖြစ်၏။ ရွာတွင်းရှိ လူများလည်း အိမ်ထဲဝင်ပြေးကြကာ တံခါးပိတ်နေကြကုန်သဖြင့် ကျေးဇူးတင်ရသေး၏။

အကြောင်းကား စာရေးသူ၏ ရဲဘော်တို့သည် ကားပေါ်မှ အပြေးဆင်းကြလျက် လမ်းဘေးတစ်ဖက်တစ်ချက်သို့ ကျောပေးကာ မိမိတို့ စီးလာသောကားကို မျက်နှာမူ၍ မှောက်နေကြ၏။ ရွာတွင်းရှိလူများ မြင်ကြရပါမူ ခက်လေစွ။

စာရေးသူက အရေးတကြီးနှင့် "ဟေ့...ဗိုလ်တွေ ဗိုလ်တွေ" ဟု အော်ရင်း လက်ညှိုးထိုးပြရ၏။

ထိုအခါ ဗိုလ်ကလေးများက ပါးစပ်နှင့်လည်း အော်၏။ လူကိုလည်းဆွဲ၍ "ရန်သူဟိုဘက်မှာ ဟိုဘက်ကို လှည့်ကြည့်နေ"ဟု ပြောကြ၏။ စာရေးသူက ချက်ချင်းသတိရလျက် ကားဆရာတွေ လာဟု စုရုံးခေါ်ယူရင်း ခပ်ကြီးကြီး အိမ်တစ်ခုပေါ်သို့ အတင်းတက်နေခိုင်း၏။

ကားဆရာများသည် စာရေးသူ၏ ရဲဘော်တို့ကို မမြင်ကြရပေပြီ။ ကားလမ်းနှင့် ယေးချောင်းသည် ကူးတို့ဆိပ်ရွာကလေး၏ အစွန်ဆုံး သစ်စက်နေရာနှင့် ကိုက်(၈၀)ခန့်သာကွာ၏။

ကူးတို့ဆိပ်ဘက်တွင် ကားလမ်းက ကမ်းနားကို ဦးတိုက်ထား၏။ သစ်စက်သည် ယေးမြို့ မြို့လယ်မြစ်ဆိပ်ကမ်းနှင့် တည့်တည့်ဖြစ်၏။

ကူးတို့ဆိပ်သည် ယေးမြို့၏ မြို့ထိပ် အစွန်ပိုင်း ဖြစ်၏။ ယေးမြစ်၏ အကျယ်သည် ကိုက်(၂၀၀)ကျော်အတွင်း၌သာရှိ၏။

ထို့ကြောင့် စာရေးသူက ရန်သူများ ဒီဘက်ကမ်း ကူးလာနိုင်မည်ကိုစိုး၏။ ထို့ကြောင့် နီးရာဗိုလ်ကလေးတစ်ဦးကိုခေါ်၍ သစ်စက်သို့ပြပြီးလျှင် "မင်းတပ်စု အဲဒီဘက်ကိုခေါ်သွား၊ တပ်စိပ်နှစ်ခုကို စက်ထဲထား၊ တစ်ခုကို စက်အပြင်ဘက် ကိုက်တစ်ရာကျော်လောက်က မြစ်ဖျားဘက်မှာထား၊ ပထမအကြမ်းနေရာယူ အထားခိုင်းပြီး နောက်မှ လူတစ်ယောက်စီ နေရာချပေး၊ မြစ်ထဲဖြစ်ကူးလာရင် အားလုံးပစ်၊ ကူးလာတာ မတွေ့ရင် ငါအမိန့်မပေးဘဲ သေနတ်တစ်ချက်မှ ပြန်မပစ်ကြနဲ့၊ ကဲ... သွားတော့"

ထို့နောက် တပ်စုတစ်စုနှင့် ဗိုလ်တစ်ဦးကိုခေါ်၍ ကူးတို့ဆိပ်ကမ်းနဖူးသို့ ပြေးကြရပြန်၏။ ကူးတို့ဆိပ်ကမ်းနဖူးသည် မြစ်ဝဘက်မှဖြစ်၏။

ဤအတိုင်း ကူးတို့ဆိပ်ကမ်းတွင် တပ်စိတ်နှစ်စိတ် နေရာယူစေ၍ အနည်းငယ် တော်သည်ထင်သော တပ်စိတ်ကို မြစ်ဝဘက်သို့ ကိုက်တစ်ရာခန့်ပို၍ ပို့ထားစေ၏။ မြစ်တွင်းသို့ ဖြတ်ကူးလာသည်ကို မတွေ့မချင်း မပစ်ရဟု အမိန့်ပေးထား၏။

ထို့နောက် တပ်စုတစ်စုကို လာခဲ့သော လမ်းအတိုင်း တစ်ဖာလုံခန့် နောက်သို့ပြန်ပို့ရ၏။

ကားဆရာတွေ ခေါ်၍မရသောကြောင့် ရဲဘော်တစ်ယောက်ကို မောင်းစေပြီးလျှင် ကားတစ်စီးထဲ၌ တပ်စုတစ်စုလုံး စုပြုံ၍ ခေါ်သွားရ၏။

တစ်ဖက်ကမ်းမှ ပစ်လိုက်သော ကျည်ဆန်သည် ကားခေါင်မိုးကိုလာ၍ ထိမှန်၏။

ရဲဘော်တို့ မျက်နှာများ ပြုံးတိပြုံးကြောင်နှင့် ဖြစ်နေကြ၏။ သေနတ်ကိုင်ထားသော လက်များမှာ တဆတ်ဆတ် တုန်နေကြလျက် သေနတ်သံကြားတိုင်း လန့်၍ လန့်၍ သွားကြ၏။

စာရေးသူက "ရဲရဲတောက်ဗမာပြေ"ဟူသော သီချင်းကို

အဆိုခိုင်း၏။ ဆိုရင်း မော်တော်ကားကို တဗုန်းဗုန်း လက်ဖြင့်ပုတ်ပေး၏။

သို့သော် ခဏချင်း လိုရာသို့ရောက်လာသဖြင့် ကားကိုရပ်၍ ဆင်းစေပြီးလျှင် တပ်စိတ်တစ်စိတ်ကို လမ်းဘေးတစ်ဖက်ရှိ တောင်ကမူစောင်းပေါ်သို့ နေရာယူ၍ ထားစေ၏။

ကျန်တပ်စိတ်နှစ်စိတ်ကို နောက်သို့ ကိုက်တစ်ရာခန့်ဆုတ်၍ ကားလမ်းတစ်ဖက်တစ်ချက်တွင် တပ်စိတ် တစ်ခုနှင့်တစ်ခု ကိုက်ရှစ်ဆယ်ခန့်ခြားလျက် နေရာယူစေ၏။ မော်တော်ကားကို တပ်စိတ်နှစ်ခုကြား လမ်းအလယ်ကောင်တွင် ကန့်လန့်ရပ်လျက် ဘီးလေးလုံးမှ လေများကို အားလုံးလျှော့၍ ပစ်လိုက်၏။

တပ်စုတိုင်း ရန်သူတက်လာသည်ကို တွေ့လျှင် တွေ့သည့်ဘက်မှ သေနတ်နှစ်ချက်ဆက်၊ သုံးကြိမ်ဆက်၍ ဖောက်ပေးရမည်ဟု မှာထားပြီးဖြစ်၏။

စာရေးသူသည် ရဲဘော်တစ်ယောက်အား ဆက်သားအဖြစ်ခေါ်ယူလာခဲ့ပြီး တစ်ဖာလုံခန့်ဝေးသော ကမ်းနားကို အပြေးလာခဲ့၏။

ကားများအနီးသို့ ပြန်ရောက်လာသောအခါ ဗိုလ်ကလေးများဆီမှ လွှတ်လိုက်သော ဆက်သားများနှင့်တွေ့ရ၏။

ဆက်သားများက ...

"ဗိုလ်ကြီး ရဲဘော်တွေက သေနတ်မပစ်ရဘဲ ဒီတိုင်းငြိမ်နေကြလို့ စိတ်ဓာတ်ပျက်နေတယ်၊ အဲဒါ သေနတ်ပြန်ပစ်ခိုင်းရမလား"ဟု မေးလိုက်သော သတင်းဖြစ်၏။

စာရေးသူက "အခုပစ်ဖို့ မလိုသေးဘူး ရန်သူကိုမြင်အောင်သာကြည့်နေ၊ ကြည့်ရင်း တစ်တပ်လုံးက ရတဲ့သီချင်းကို ပြိုင်တူဆိုနေကြပေစေ၊ အချိန်ကျတော့ မင်းတို့ အပစ်ခိုင်းမယ်၊ အခု ငါကိုယ်တိုင်မင်းတို့သောက်ဖို့အတွက် လက်ဖက်ရည်ကျိုပေးမလို့ အသံအကျယ်ဆုံးနဲ့ အညီဆုံး ဆိုနိုင်တဲ့တပ်စုကို အရင်ဆုံး လာပို့ပေးမယ်လို့ ပြောလိုက်၊ ပြီး တော့ မင်းတို့ ငါရှိရာ လာခဲ့ကြ"ဟု မှာလိုက်၏။ ရဲဘော်ကလေးများပြေးသွားကြ၏။

ထို့နောက် စာရေးသူက တံခါးပိတ်ထားသော အိမ်များကို အတင်းလိုက်၍ တံခါးဖွင့်ခိုင်း၏။

"လူတွေအားလုံးအပြင်ထွက်နေကြပါ ခင်ဗျားတို့ မကြောက်ကြပါနဲ့"ဟု ပြောရ၏။

ရှေ့ဦးစွာ ရွာသားများက မေးသာစကားမှာ "ဗိုလ်ကြီးတို့ တပ် ဒီမှာနေကြမှာလား ..."ဟူ၏။

"ဟုတ်တယ်၊ ကျုပ် ယေးမှာ တပ်စွဲမယ်၊ ဟိုဘက်ကမ်းမှာ ကရင်သူပုန် ဘယ်လောက်ရှိသလဲ"ဟု မေး၏။

"ကရင်သူပုန်ကတော့ သုံးဆယ်လောက်ပါပဲ ကျန်တာက မွန်သူပုန်တွေ အားလုံး စုစုပေါင်း ခုနစ်ဆယ် ရှစ်ဆယ်လောက် ရှိလိမ့်မယ်ထင်တယ်" ဟု ပြောကြ၏။

စာရေးသူ၏ စိတ်ထဲတွင် တစ်ရာကျော်သော်လည်းကောင်း၊ သို့မဟုတ် သုံးဆယ် လေးဆယ်သော်လည်းကောင်း ဖြစ်ရမည်ဟု တွက်၏။

အကြောင်းကား အရပ်သားတို့၏စကားသည် တစ်ဝက်ခန့် များလျှင်လည်း များတတ်၏။ လျော့လျှင်လည်း လျော့တတ်၏။

သို့ရာတွင် သေနတ်သံကို နားထောင်ရခြင်းအားဖြင့် သုံးဆယ် သို့မဟုတ် လေးဆယ်သာ ဖြစ်ရမည်ဟု တွက်၏။

ကိုယ်နှင့်နှိုင်း၍ မပစ်ဘဲ နေကြလျှင်ကောဟု တွေးစရာရှိ၏။ သို့ရာတွင် ထိုသို့တွေးရန် မလိုချေ။

ကိုယ်နှင့် နှိုင်းရမည်ဆိုလျှင် ရေထဲမှ ကူးလာကြ၍ မြစ်လယ်သို့ ရောက်မှစီးပစ်မည်ဖြစ်သည်။ ယခုမူ ကားတွေကိုမြင်ရုံနှင့် မရပ်သေးမီ ဆီးကြိုပစ်သောကြောင့် ညကတွက်ခဲ့သည့်အတိုင်း လူညံ့များခေါင်းဆောင်နေသော တပ်ဖြစ်ရမည်ဟု စိတ်ချသွား၏။

ပထမသေနတ်သံ သုံးလေးချက်ကမူ ဤလိုစိတ်မချနိုင်သေး။ မိမိတို့ ရဲဘော်များကိုကြည့်လျက် ထူပူသွား၏။ ယခုမူ တစ်ဖက်ကမ်းမှ ရန်သူတို့၏ သေနတ်သံ ကျဲလာခြင်းကိုပင်လျှင် စိတ်မကောင်း ဖြစ်နေရချေပြီ။

စာရေးသူသည် ကားဆရာများကို ခေါ်ယူ၍ ကားများကို လိုသလို အရွှေ့ခိုင်း၏။ ကားဆရာတို့က အရပ်သားများ အပြင်သို့ထွက်လာနေကြပြီ ဖြစ်သောကြောင့် ထွက်လာကြလျက် ခိုင်းသလို လုပ်ပေး၏။

ထို့နောက် အရပ်မှလူကြီးများအား မီးဖိုခိုင်းကာ ကားပေါ်မှ အိုးတွေ ခွက်တွေကို ထုတ်လျက် ရှေးဦးစွာ ရေနွေးကျိုခိုင်း၏။ ရေနွေးကျိုနေစဉ်အတွင်း ကားဆရာများကို နို့ဆီအဖောက်ခိုင်း၏။ လက်ဖက်ခြောက် သကြားတို့ကို အထုတ်ခိုင်း၏။ မိုးပြဲဒယ်ကြီးများကိုချလျက် ဆန်များကို ထုတ်စေ၍ ထမင်းချက်ခိုင်း၏။ အမဲဘူးများကို ဖောက်ပြီးလျှင် ဘူးသီးနှင့်ရောလျက် ဆီ, ဆား, ကြက်သွန်စုံတို့ဖြင့် ကြော်ချက် ချက်ခိုင်း၏။

ရပ်ရွာမှ အဒေါ်ကြီးနှင့် ဦးကြီးတို့သည် ကားဆရာများနှင့် ရောနှောကာ ရဲဘော်တို့၏ ယေးမြစ်တစ်ခုလုံးကို ဟိန်းသွားစေသည့် သီချင်းသံကို နားထောင်ရင်း စိတ်ပါလက်နှင့် ဝိုင်းဝန်းချက်ပြုတ်ပေးနေကြ၏။

စာရေးသူသည် လက်ဖက်ရည်များကို သံပုံးကြီးများဖြင့် ထည့်လျက် အနီးဆုံးနေရာသို့ အလျင်ပို့၏ရ၏။ ထိုနေရာသည်ကားကူးတို့ဆိပ်ဖြစ်၏။ ကူးတို့ဆိပ်နှင့် သစ်စက်သည် ကိုက်လေးရာကျော်ခန့်ဝေး၏။ သစ်စက်ကမ်းနားမှ နောက်ကြောင်း ပြန်စောင့်သော တပ်စုအထိ တစ်ဖာလုံကျော်ခန့်ဝေး၏။

စာရေးသူက လက်ဖက်ရည်သောက်ပြီးကြလျှင် သေနတ်ပစ်ရန် အမိန့်လာပေးမည်ဟု ပြောခဲ့၏။ ထို့နောက် လက်ဖက်ရည်များကို အသီးသီး လိုက်ပို့ပြီးနောက် စာရေးသူက ဗိုလ်ကလေးများကိုခေါ်၍ တိုးတိုးသင်ခိုင်းထား၏။ ထိုသင်ခိုင်းထားသော စကားကား ...

"မင်းတို့ကို ဗိုလ်ကြီးက မင်းတို့ ကျော်ပစ်ကြဟေ့ လူတွေကို မှန်ကုန်မယ်၊ ခြောက်ရုံ လှန့်ရုံလုပ်၊ အရပ်ထဲက လူတစ်ယောက်ယောက်ကို မတော်တဆ ထိမှန်သွားရတယ်လို့ သတင်းကြားရင် မင်းတို့ကို အပြင်းအထန် အရေးယူပြီး ကြီးလေးစွာအပြစ်ပေးမယ်၊

ဘာညာနဲ့လာပြောလိမ့်မယ်၊ အဲဒါလူတွေရှေ့မှာမို့ပြောတာ။ ကျော်ပစ်လို့ ပြောတိုင်း ပြောတိုင်း ထိအောင်ပစ်လို့ ပြောတယ်သာမှတ်"

ဟူသတည်း။

ထို့နောက် စာရေးသူသည် ရွာကလေးမှ အဒေါ်ကြီးဦးကြီးများနှင့် ရဲဘော်တွေဆီ ကြီးကြီးကျယ်ကျယ် ကားဖြင့် ထမင်းသွားပို့ကြ၏။ သို့ပို့ရင်း "ဟေ့ ... မင်းတို့ကို ပစ်နေကြတုန်းပဲလား"ဟု မေး၏။

ရဲဘော်များက "ပစ်နေကြတုန်းပဲ ဗိုလ်ကြီး"ဟု ပြန်ပြော၏။ ရဲဘော်တို့၏ မျက်နှာများသည် စောစောကကဲ့သို့ မျက်နှာငယ်ကလေးများနှင့် မဟုတ်တော့ပြီ။

သေနတ်သံကြားတိုင်း တုန်တုန်မသွားတော့ပြီ၊ လက်ဖက်ရည်ကလေးကလည်း သောက်ထားသဖြင့်လည်းကောင်း၊ ၎င်းတို့အား တစ်ယောက်မျှ မထိမှန်ကြသေး၍လည်းကောင်း၊ ရန်သူဘက်မှ အပစ်အနည်းငယ် ကျဲသွား၍လည်းကောင်း လျှာသွက်အာသွက်နှင့် ရှိလာကြ၏။

"မင်းတို့ကကော တစ်ချက်မှ မပစ်ရသေးဘူးလား"

"ဗိုလ်ကလေးက မပစ်နဲ့ဆိုလို့ တစ်ချက်မှ ပြန်မပစ်သေးဘူး ဗိုလ်ကြီး"

"အေး ... အေး၊ ဒါဖြင့် မင်းတို့အခု ငါးချက်စီ ပြန်ပစ်ကြ၊ ဟေ့ ဟေ့ ... နေဦး၊ ပြန်ပစ်ဆိုလို့ လူတွေကိုထိအောင် ပစ်ခိုင်းတာ မဟုတ်ဘူး၊ အပေါ်ကို ကျော်ပစ်ကြ၊ ကြောက်ရုံလန့်ရုံ ခြောက်တာပါကွာ၊ မင်းတို့ ဒီကပြန်ပစ်ကြလို့ တစ်စုံတစ်ယောက်ကို မှန်မယ်ဆိုရင် ကြီးလေးသော အပြစ်ပဲ"

"ကဲ ... ဗိုလ်လေး၊ ဒီကောင်တွေကို အတွဲလိုက် အတွဲလိုက် အမိန့်ပေးပြီး အပစ်ခိုင်းလိုက်စမ်းပါ ..."

ထို့နောက် စာရေးသူသည် အဒေါ်ကြီးနှင့် ဦးကြီးများဘက်သို့လှည့်၍ "စစ်သားဆိုတာက တယ်ခက်တယ်၊ တစ်ဖက်က ပစ်နေတော့ သူတို့ကလည်း ပြန်ပစ်ချင်နေကြတာပေါ့၊ ဒီတော့ စိတ်ကျေနပ်အောင် ကျော်ပစ်ကြလို့ ခိုင်းထားရတာပဲ၊ ဒီကောင်တွေသာ တကယ်ပစ်ခိုင်းလိုက်ရင်၊ အို ... အိမ်တွေအားလုံး ဆန်ခါပေါက်ဖြစ်ပြီး အိမ်တွေထဲမှာ အိပ်

နေတဲ့လူတွေတောင် အိပ်ရာထဲ ဝင်မှန်ကုန်မယ်၊ ဒါကြောင့် တစ်ယောက် ယောက်ထိသွားရင် ကြီးလေးတဲ့အပြစ်လို့ ပြောထားရတယ် ..."စာရေးသူ သည် ဤသို့ပြော့ပြရင်း ဂျစ်ကားပေါ်၌ ထိုင်နေကြသော ဦးကြီးနှင့် အဒေါ်ကြီးတို့အား စီးကရက်တစ်လိပ်စီထုတ်၍ မီးညှိပေး၏။

"ကရင်တွေကတော့ ဒီလိုမဟုတ်ပါဘူး ဗိုလ်ကြီးရယ်၊ ဘယ်သူ့ထိထိ ပဲ၊ တမင်တကာတောင် ပစ်ပစ်သတ်နေကြသေးတယ်"

စာရေးသူက တစ်ဖက်သို့ လှမ်း၍အော်လိုက်၏။

"ဟိုကောင် ... ဟိုအိမ်မြင့်မြင့်ကြီးဘေးက သစ်ပင်ခြေရင်း ကပ် ရပ်နေတဲ့လူကို ပစ်နေတယ်ထင်တယ်၊ ဒီလို မလုပ်နဲ့နော်၊ လူကို မထိစေနဲ့ ကျော်ပစ်"

စာရေးသူက အော်လိုက်မှပင်လျှင် ရဲဘော်သည် ထိုလူကို မြင်တော့၏။ ထို့ကြောင့် ချိန်၏။ ပစ်၏။

"ဟော့ ... ဗိုလ် ... ဗိုလ် ... မင်းကောင်တွေ ဒီလူကို ဝိုင်းပစ်နေ တယ်နဲ့တူတယ်၊ အရပ်သား ထင်ပါရဲ့ကွာ၊ မလုပ်ပါစေနဲ့"

ဗိုက်ကလေးသည် ထိုအခါမှ တိုးတိုးတိတ်တိတ်ဖြင့် ထိုလူ ကို ဝိုင်း၍ပစ်ခိုင်းသော ဟူသတတ်။

စာရေးသူသည် အဒေါ်ကြီး ဦးကြီးတို့နှင့် ဆက်လက်စကား ကောင်းနေ၏။

ထို့နောက် စာရေးသူက ငါးချက်စီပစ်ပြီးကြသော ရဲဘော် များကို ထမင်းလာယူရန်ခေါ်၏။ ရဲဘော်များ ထလာကြသည်ကို မြင် သောအခါ တစ်ဖက်ကမ်းမှ လှမ်းပစ်၏။ ရဲဘော်တစ်ယောက်၏ သံခ မောက်မှာ ခေါင်းပေါ်တွင် ပေါက်သွား၏။

အလွန်အကြောင်းမညီညွတ်သဖြင့်သာ လူကိုမထိသွားခြင်း ဖြစ်၏။ ရဲဘော်က "ဟာ..."ဟု ဆိုရင်း ခေါင်းကို ငုံ့လိုက်ပြီးလျှင် မျက်နှာပျက်သွား၏။

စာရေးသူက ဒီကောင်တွေပစ်သမျှ ဒီကျည်ဆန်တစ်ခုပဲ မတော်တဆ နိမ့်လာတာ၊ ဒိပြင်ကျည်ဆန်တွေဟာ မင်းတို့အထက် သုံး ပေလောက်ချည်း ဖြတ်သွားတာပဲ"ဟု ပြောလိုက်၏။

အဒေါ်ကြီးက ပုစ္ဆာထိုင်လိုက်ရင်း "ဖြစ်ပါ့မလား"ဟုဆို၏။ စာရေးသူက ကားဆရာအား ဂျစ်ကားကို စက်ရုံအကွယ်ရှိရာသို့ အနည်းငယ် ရွှေ့ခိုင်းလိုက်၏။

ဦးကြီးတွေက ဗိုလ်ကြီး ပြန်သာပစ်ခိုင်းစမ်းပါဟု ဆိုကြ၏။

စာရေးသူက ပြုံးနေရာမှ "မင်းတို့ကပြန်ပစ်ချင်တိုင်း တမင်ကိုယ့်ကိုယ်ကိုယ်ထိအောင် လုပ်နေကြတာပဲ၊ အကာအကွယ်ယူပြီး လာကြပေါ့ကွ"ဟု ဆိုရ၏။

ထို့နောက် အဒေါ်ကြီးနှင့် ဦးကြီးများဘက်သို့လှည့်၍ "ဒီကောင်တွေ အတော်မိုက်တဲ့ အကောင်တွေ ဦးတို့ကမသိဘူး၊ ဒါ သူတို့ပြန်ပစ်ချင်လို့ လုပ်နေကြတဲ့ ထွင်လုံးတွေပေါ့"ဟု ပြော၏။

ဤသို့ဖြင့် တပ်စုတစ်စုပြီးတစ်စု လိုက်၍ထမင်းကျွေးကြရ၏။ အဒေါ်ကြီးနှင့် ဦးကြီးတို့က ကားပေါ်တွင် အတူလိုက်ပါလာကြလျက် ဖက်များဖြင့် တွင်တွင်ထုတ်ပေးကြသောကြောင့် စားခွက်ဆေးကြရသော တာဝန်မှ ကင်းလွတ်ကြ၏။

ထို့နောက် ကားလမ်းမှ တပ်စုနှင့် စက်မှတပ်စုကို တပ်စိတ်တစ်စိတ်စီရွှေ့လျက် ပြောင်းယူ၏။ ပြီးလျှင် ကျည်ဆန် တစ်ယောက်ငါးတောင့်ဆီ အပစ်ခိုင်းရ၏။ ရဲဘော်တွေ အတော်ပျော်သွားကြ၏။ အားလုံးပြီးကြလျှင် စာရေးသူသည် ကားကူးသော ဖောင်ကြီးပေါ်သို့ သစ်လုံးများနှင့် ဆန်အိတ်များကို တင်ထားစေ၏။

ပြီးလျှင် စက်သေနတ်ခြောက်လက်ဖြင့် ကျည်ဆန်များသုံးချက်နှစ်ချက်၊ သုံးချက်နှစ်ချက်ဖြတ်၍ ပစ်ပေးစေ၏။ မြစ်ကမ်း၏ဘေး၌ စက်သေနတ်များသည် တစ်လက်နှင့်တစ်လက် ကိုက်တစ်ရာစီခန့်ခြားထား၏။

ထို့နောက် ကမ်းထိပ်တွင် ဗိုလ်ကလေးတစ်ယောက်၊ ကားလမ်းဘက်တွင် ဗိုလ်ကလေးတစ်ယောက်ကို ထားခဲ့ကြ၍ စာရေးသူသည် ပစ်နေသော စက်သေနတ်နှင့်အတူ ကူးတို့ဖောင်ကြီးပေါ်သို့ တက်လိုက်။

စာရေးသူ၏နောက်မှ ရဲဘော်နှစ်ယောက် ဗိုလ်ကလေးတစ်

ယောက်နှင့် တပ်စိတ်တစ်စိတ်သည် နောက်ထပ် စက်သေနတ်နှစ်လက်နှင့်အတူ ကူးတို့ဖောင်ကြီးပေါ်သို့ တက်လိုက်၏။

စာရေးသူက စက်သေနတ်ကို ဗိုလ်ကလေးအား လှမ်းပေးလိုက်ပြီးလျှင် ကာဘိုင်သေနတ်နှင့် ဆန်အိတ်အကွယ်၏နောက်မှ ဒူးထောက်၍ ထိုင်ပြီးလျှင် ကမ်းသို့ကြည့်၏။ ကမ်းဆီမှ ဘရင်းစက်သေနတ်ငါးလက်နှင့် ပေါင်ပေါ်မှာ ဘရင်းစက်သေနတ် သုံးလက်တို့သည် ယေးမြို့ဘက်ကမ်းရှိ မြေပြင်အားလုံးတို့အား သုံးချက် သုံးချက်ဖြင့် မှန်မှန်ပစ်နေကြ၏။

တစ်ခါတစ်ရံ ကမ်းပေါ်မှ ရဲဘော်တွေပစ်နေသော စက်သေနတ်သံသည် ငါးချက်ခန့်ပင် ဆက်၍ထွက်လာတတ်သေး၏။

စာရေးသူတို့သည် ဤအတိုင်းကူးကြ၍ မြစ်လယ်သို့ ရောက်သောအခါ သစ်စက်အတွင်း၌ရှိသော ဗိုလ်ကလေး၏ လှမ်းအော် ပြောသံတစ်ခုကို ကြားလိုက်ရ၏။

စာရေးသူက အပစ်ကိုရပ်စေသော်လည်း ဖောင်ကိုပို၍ လျင်မြန်စွာ သွားစေ၏။

စာရေးသူ ကြားလိုက်ရသော အသံကား “ခင်ဗျားတို့လူကြီးတွေလာခဲ့ကြ” ဟူသတည်း။

ထိုအတွင်း စာရေးသူတို့သည် ယေးမြို့ဘက်ကမ်းသို့ ကပ်မိပြီဖြစ်၍ လူခွဲလျက် အပြေးအလွှား နေရာအဆင်သင့် ယူလိုက်ကြ၏။

ထိုအချိန်၌ စာရေးသူတို့တပ်မှ သေနတ်ပစ်သံများ ရုတ်ခြည်း ရပ်တန့်သွားပြီးလျှင် ခေါင်းပေါင်းကြီးများနှင့် လူကြီးအချို့တို့သည် အလံအဖြူတစ်ခုကို ကိုင်ဆောင်လျက် လှေငယ်တစ်စင်းဖြင့် သစ်စက်ဆီသို့ ကူးသွားနေသည်ကို တွေ့ရ၏။

စာရေးသူက ဗိုလ်ကလေးတစ်ဦးနှင့် တပ်စိတ် တစ်စိတ်ကို မြို့အပြင်မှပတ်လျက် တစ်ဖက်ထိပ်ရှိ မြို့အဝဘက်တွင် နေရာယူ၍ ကိုက်တဆိတ် စောင့်နေကြရန် လွှတ်လိုက်၏။

ထို့နောက် ဖောင်ကို ကမ်းထိပ်ရှိ တပ်များအား အမြန်ဆုံးခေါ်လာရန် ပြန်လွှတ်လိုက်၏။ ကမ်းထိပ်ရှိတပ်များသည် ကြည့်နေကြ

သည်ဖြစ်ရာ စာရေးသူက လက်ပြလိုက်သဖြင့် ဖောင်မဆိုက်မီပင်လျှင် ဖောင်ပေါ်သို့ခုန်တက်လိုက်သာကြောင့် စာရေးသူက အနည်းငယ် သဘောကျလာ၏။

သစ်စက်သို့ ဆိုက်ကပ်နေကြပြီဖြစ်သော လှေငယ်သည် အလံဖြူကလေးနှင့်အတူ စာရေးသူရှိရာ ဆိပ်ကမ်းသို့ လှော်လာကြပြန်၏။

စာရေးသူသည် ရောက်လာသော တပ်စိတ်နှစ်စိတ်ကို အနီးတွင်ရှိသော ရဲဘော်အား ခေါင်းဆောင်စေလျက် မြို့၏ဒီဘက်ထိပ် အဝင်အဝမှ ရန်သူပြန်လာမည်ဟု ထင်ရန်ရှိသောနေရာအချို့ကို ဂရုစိုက် စောင့်ရှောက်စေရန် မှာကြားလွှတ်လိုက်၏။

ထို့နောက် ဆက်သားတစ်ယောက်ကိုလွှတ်၍ စက်၌ရှိသော ဗိုလ်ကလေးအား ...

(၁) တစ်ဖက်ကမ်းတွင်ရှိသော အရေးကြီးသည့် ခဲယမ်းမီးကျောက်သေတ္တာအချို့နှင့်အတူ တပ်စုတစ်စုလုံး ကူးပြောင်းလာရန်။

(၂) ကားလမ်းတွင်ရှိသော တပ်စုကို တပ်ပါ ရုပ်သိမ်းပြီး ဒီဘက်ကမ်းသို့ ကူးလာကြရန်နှင့် တစ်ဖက်ကမ်းတွင်ရှိနေသော ရွာငယ်အားလည်း ရန်သူလာလျှင် ယေးဘက်ကမ်းသို့ လာရောက်၍ ကြိုတင်အကြောင်းကြားပါ၊ အကြောင်းမကြားခဲ့သော် မည်သူ့ကိုမျှ မငဲ့ကွက်ဘဲ ပစ်ခတ်တိုက်ခိုက်ရပါမည်ဟု ပြောကြားခဲ့ရန်။

(၃) တပ်တွေအားလုံး ကူးပြီးလျှင် ကားများကို ယနေ့ကူးနိုင်သမျှကူးပြီး ပို့ထားနှင့်ရန်နှင့် ကားဆရာတို့အား လမ်းအလယ်တွင် ဘီးလေလျှော့၍ ထားပစ်ခဲ့သောကားကို တစ်ယောက်တစ်လှည့် စုပေါင်းလျက် လေဝိုင်းထိုးကြပြီးလျှင် အခြားကားများနှင့် အတူထားရန်။

အဲဒါတွေ မင်းပြောခဲ့ရမည်ဟု မှာကြားလိုက်၏။ ထို့နောက် ပြန်ပြောခိုင်းကြည့်၏။ ရဲဘော်ကလေးက ပြန်ပြောနိုင်သောအခါ လွှတ်လိုက်၏။

ထိုအတွင်း လူကြီးတွေ ရောက်လာကြ၏။ ယေးမြို့၏ ရပ်မိရပ်ဖလူကြီးများ ဖြစ်၏။ လူကြီးများ၏ ပြောပြချက်အရ သူပုန်တပ်

မှာ သုံးဆယ်ကျော်ခန့် ရှိကြသည်ဆို၏။ မနေ့ကပင် လူတစ်ယောက်ကို မြို့အပြင်၌ ပစ်သတ်ထားသည်ဆို၏။

စာရေးသူတို့ ဖောင်ပေါ်တက်သည့် အချိန်ကစ၍ အပြင်ထွက်ပြေးသွားသည် ဆို၏။

သို့သော် လူကြီးများသည် ကရင်သူပုန်အကြောင်းကိုသာ ပြောကြ၏။ မွန်သူပုန်များအကြောင်းကို မပြောပေ၊ မေး၍လည်းမရ။

တပ်စုနှစ်စုလုံး ရောက်သောအခါ စာရေးသူသည် ယေးမြို့အတွင်းသို့ဝင်၏။ တစ်မြို့လုံးတွင် စက္ကူဖြင့် ပြုလုပ်ထားသော ပြည်ထောင်စုအလံများဖြင့် ဝေနေ၏။

အလံများသာလျှင် တလူလူနှင့် နေကြသည်မဟုတ်၊ အမျိုးသမီးတို့လည်း ဝတ်ကောင်းစားလှဖြင့် အိမ်ပေါ်မှနေ၍ စာရေးသူတို့သွားလေရာရာ လမ်းတစ်လျှောက်တွင် သပြေခက်များ ပန်းများကို ပစ်ကြဲချကြကုန်၏။

စာရေးသူက ဤအရပ်၌ နိုင်ငံရေးအဖွဲ့အစည်းများ ရှိပါသလားဟု မေးသောအခါ ...

ဖဆပလ လွတ်လပ်ရေးအမျိုးသမီး၊ ရဲဘော်ဝါတပ်ဖွဲ့စသည်တို့ ထွက်လာကြကုန်၏။

ထိုသူတို့ကို ချက်ချင်းလူစုစေ၍ တရားဟောရ၏။

ဟောသော တရားကား ဤတပ်သည် ဤနယ်မြေပေါ်တွင် စေတနာထား၍ ဤနယ်မြေ၌ ကျရောက်လာသော ဆူပူသူတို့၏ဘေးရန်ကို အသက်နှင့်လဲ၍ ကာကွယ်ရန် ရောက်လာကြကြောင်း။

သို့သော် ဤနယ်မြေမှ လူထုတစ်ရပ်လုံးက မကူညီလျှင် နယ်မြေအခြေအနေနှင့် စိမ်းနေသေးသော ဤတပ်က မည်မျှပင် ကြိုးပမ်းဆောင်ရွက်သော်လည်း ဆောင်ရွက်ရကျိုးနပ်လောက်အောင် ထိရောက်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ကြောင်း။

ထို့ထက် ဤနယ်မြေ၌ နေကြသူများ ကိုယ်တိုင် ဆူပူသူတို့ ဖြစ်နေခဲ့သော် ဤတပ်၏ကြိုးပမ်းချက်သည် ကျားအိုကိုသနားသဖြင့်

ထမင်းကျန် ဟင်းကျန်များ သွားကျွေးသော ခရီးသည်ယောက်ျားကဲ့သို့ပင် ဖြစ်နေလိမ့်မည်ထင်ကြောင်း။

သို့သော် ဤတပ်သည် ပြည်သူလူထုအနေနှင့် လူတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ ရွာတစ်ရွာကိုသော်လည်းကောင်း၊ မြို့တစ်မြို့ကိုသော်လည်းကောင်း၊ မြင်နေရသော အချိန်တွင် ထိုလူ ထိုရွာ ထိုမြို့အတွက် တစ်တပ်လုံးက အသက်စွန့်ရဲကြသလောက်၊ ရန်သူအဖြစ်နှင့် မြင်ကြရသော အချိန်တွင် မြေပါလှန်၍ မီးတိုက်ပစ်ရန် ခဲယဉ်းလှလိမ့်မည် မဟုတ်ကြောင်း။

ယခုမူ ဤတပ်က လူထုကြီးအား ပြည်သူလူထုအဖြစ်နှင့် မြင်နေပါသောကြောင့် ငါတို့အသက်နှင့်လဲ၍ ငြိမ်းချမ်းအောင် စောင့်ရှောက်ပေးမည်ဟု စေတနာထား၍ လာခဲ့ပါကြောင်း။ သို့အတွက် မိဘများကလည်း သားငယ်များဖြစ်ကြသော ဤတပ်မတော်ကို မေတ္တာထား ကူညီကြပါရန်ဟုပြော၍ လူစုခွဲလိုက်၏။ ထို့နောက် လူကြီးများဆိုသူတို့နှင့် ချက်ချင်းပင် မြို့ကာကွယ်ရေး၊ ကျေးရွာကာကွယ်ရေး စသည်တို့ကို အဖွဲ့ခိုင်း၏။

နောက်တစ်နေ့တွင် အုပ်ချုပ်ရေး အမြန်ဆုံးရောက်ရှိလာရန် ရဲအဖွဲ့နှင့် မြို့အုပ်တစ်ယောက်ကို ထားဝယ်ခရိုင်မှ ခေတ္တထားပေးရန် လူကြီးများကို တာဝန်ပေး၍ အတောင်းခိုင်း၏။

တစ်ဖက်မှလည်း ဗိုလ်ကလေးများကိုခေါ်ကာ အနီးအနားတွင်ကပ်လျက်ရှိသော ရွာများမှလူများကို အပြင်သို့ထုတ်လျက် ရွာလုံးကျွတ်ဝင်၍ရှာဖွေစေ၏။ မသင်္ကာလျှင် မိမိတို့ကဦးစွာပစ်ဖို့ရန် မှာကြား၏။

ထိုရွာငယ်များကို လိုက်ပြရန် ရဲဘော်တပ်ဖွဲ့မှ လူနှစ်ယောက်ကိုခေါ်ဆောင်သွားစေ၏။ ရွာကလေးများမှာ ယေးမြို့နှင့် သုံးမိုင်ပတ်လည်အတွင်း ရှိသောကြောင့် ရန်သူတို့က ညဘက်၌ဝင်စီးခဲ့သော မခက်လော။

တစ်ဖက်ကမ်းမှ ရိက္ခာနှင့် ကားများကိုလည်း ကူးလာစေရသေး၏။ သို့ဖြင့် ညခုနစ်နာရီခန့်တွင် တပ်စခန်းချရန် နေရာနှင့်တကွ အားလုံး အဆင်သင့် ပြီးစီးသွား၏။

စာရေးသူအား မြို့တွင်းရှိ တိုက်ငယ်ကလေး တစ်ခုက

လာရောက်စခန်းချပါရန် ဖိတ်ကြား၏။ စာရေးသူက မလိုက်နိုင် ရဲဘော်များနှင့်အတူနေပြီးလျှင် တပ်တွင် ဗိုလ်ကလေးတစ်ယောက်ကို အမြဲတမ်းတာဝန်ချ၍ မြို့သို့ ဝင်ရန် ထွက်ရန် ကောင်းသောနေရာလေးခုတွင် ဗိုလ်ကလေးနှစ်ယောက်နှင့် ရဲဘော်ဟောင်း နှစ်ယောက်ကို ခေါင်းဆောင်စေလျက် ကင်းချထားပြီးနောက် ...

စာရေးသူ ကိုယ်တိုင် ဂျစ်ကားတစ်စီးဖြင့် တစ်ညလုံးကင်းများကို တစ်ခုပြီးတစ်ခု လှည့်နေရ၏။ ကားဆရာတွေသာ တစ်ယောက်ပြီးတစ်ယောက် လဲ၍မောင်းကြ၏။ စာရေးသူက လူလဲ၍မရ။

ထိုညက ဗိုလ်ကြီးဗိုလ်ဒိဗာသည် စာရေးသူ၏စာကို ညတွင်းချင်းရပြီးနောက် တပ်ခွဲသုံးခုနှင့်အတူ မိုးလင်း,လင်းချင်း ထားဝယ်မှလာခဲ့ကြသောကြောင့် စာရေးသူတို့ ယေးဘက်လမ်းသို့ ဖောင်နှင့်ကူးသောအချိန်တွင် ဗိုလ်ကြီးဗိုက်ဒိဗာလည်း ကလိန်အောင်ရွာသို့ ရောက်ရှိတပ်စွဲနေနိုင်၏။

ထို့နောက်တွင်ကား ကရင်အမျိုးသား ဆူပူသူတို့သည် မော်လမြိုင်တွင်ရှိသော သူတို့ခေါင်းဆောင်အချို့နှင့် အဆက်ပြတ်ကြကာ လူစုကွဲလျက် ကစဉ့်ကလျား ဖြစ်ကြရ၏။

စာရေးသူတို့၏တပ်သည်လည်း တစ်နေ့တခြား အသားကျလာကြ၏။ ယခင်က အစီအစဉ်အတိုင်း ရဲဘော်ကလေးများကို ဆူပူလျက်ရှိသော ရွာများအား တစ်ရွာပြီးတစ်ရွာ တိုက်စေလျက် လက်တွေ့ တိုက်ပုံတိုက်နည်းများကို တကယ်အတိုက်ခိုင်းရင်း သင်တန်းပေးလာနိုင်ကြ၏။

ဤသို့ဖြင့် စာရေးသူတို့သည် တစ်ပတ်အတွင်း၌ ရန်သူဝိုင်းရံထားသောမြို့ကို ရန်သူလက်မှ ကယ်တင်လိုက်ရုံမျှမက ထိုခရိုင်မြို့ကြီးနှင့် မိုင်တစ်ရာတိတိဝေးသော မြို့ငယ်တစ်ခုကို တိုက်ခိုက်သိမ်းယူလိုက်နိုင်ကြ၏။

တစ်လအတွင်း ထားဝယ်၊ ယေးကားလမ်းကို လူစီးကုန်တင်ကားများ သွားလာနိုင်ရန် စောင့်ရှောက်ပေးနိုင်ခဲ့၏။

တစ်လခွဲအတွင်း ထားဝယ်–မော်လမြိုင်ကို ကားလမ်းပေါက်အောက် သွားနိုင်ခဲ့ကြ၏။ သုံးလအတွင်း ဂျပန်ရိုင်ဖယ်အတို ရှစ်ဆယ့်

သုံးလက်၊ ဂျပန်ရိုင်ဖယ်အရှည် ခြောက်ဆယ့်နှစ်လက်နှင့် အခြားသေနတ်များကို တိုက်ပွဲများမှ သိမ်းဆည်းရရှိခဲ့ကြ၏။

ယခင်က သေနတ်သံကြားလျှင် ရန်သူကို ကျောပေးလျက် ငယ်သာမျက်နှာ တုန်လှုပ်သောလက်ဖြင့် သေနတ်ကို ကိုင်ဆောင်၍ ကုပ်ချောင်း ကုပ်ချောင်း ဖြစ်နေတတ်ကြသော စာရေးသူ၏ရဲဘော်တို့သည် ထိုအချိန်၌မူ သေနတ်သံကြားလျှင် တောအလယ်၌ ချေသူငယ်ကို တွေ့မြင်ကြရသော ကျားကဲ့သို့ ပေါ့ပါးရဲတင်းသော အသွင်အပြင် ရှိလာကြကုန်၏။ ဤသည်တို့ကား ရန်ကုန်အစိုးရခေတ်က စာရေးသူကိုယ်တိုင် တိုက်ခိုက်လာရသော မြို့သိမ်းတိုက်ပွဲတစ်ခု အကြောင်းပင်ဖြစ်၏။

သို့သော် စာရေးသူသည် အတိုက်အခိုက်သမား မဟုတ်ပါ။ သေနတ်သံကြားလျှင် လန့်တတ်သူဖြစ်၏။ စိတ်ကူးယဉ်တတ်သူဖြစ်၏။ တာဝန်ရှိလာလျှင် သေရမည်ကို သိပေစေ အလွန်ကြောက်ပါသော်လည်း ကြောက်ကြောက်နှင့် လုပ်တတ်သူဖြစ်၏။ ထို့ကြောင့် စာရေးသူသည် တိုက်ပွဲကြီး အမျိုးမျိုးတို့ကို တိုက်လာခဲ့ဖူး၏။ ရှုံးခဲ့ဖူး၏။ နိုင်ခဲ့ဖူး၏။ ထိုအတွေ့အကြုံများကို စုပေါင်းလိုက်သော် တိုက်ပွဲဟူသည် ...

- ကျွမ်းကျင်ဖျတ်လတ် ရဲတင်းသော စစ်သားတွေနှင့် တိုက်ရတိုင်းလည်း နိုင်သည်မဟုတ်။
- တုံးတိုက်တိုက် ကမ်းတိုက်တိုက် မိုက်မိုက်ကန်းကန်း ဦးဆောင်တတ်သော စစ်ဗိုလ်တွေနှင့် တိုက်ရတိုင်းလည်း နိုင်သည်မဟုတ်။
- အကြီးအကျယ် တွေးစကြံစည်လျက် စနစ်ကြီးနှင့် နေရာတိုင်း အကျအန လုပ်ဆောင်သွားတတ်သော စစ်ဗိုလ်များ ဦးစီး၍ တိုက်တိုင်းလည်း နိုင်သည်မဟုတ်။

သို့ရာတွင်...သို့ရာတွင်...စာရေးသူသည် ဤအဖြေကို ဝမ်းထဲက သိသလိုလို မသိသလိုလို ဖြစ်နေ၏။

အဆွေစာဖတ်သူကား သိကောင်း သိနေပေလိမ့်မည် ထင်ပါ၏။

■ ■ ■

ခံစစ် သို့မဟုတ် တိုက်ပွဲဟူသည်

(ဒုတိယပိုင်း)

## "ဒီဇင်ဘာ ၁၀ ရက်၊ ထားဝယ်"

ထားဝယ်နှင့် ယေးမြို့ မော်တော်ကားလမ်းရှိ ကလိန်အောင်ရွာ၌ ခေတ္တတပ်စခန်းချနေသော အစိုးရတပ်ခွဲတစ်ခုအား ကေအင်ဒီအိုလက်နက်ကိုင် တပ်ပေါင်းစုတို့က ဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် ထားဝယ်မြို့နှင့် လုံးဝအဆက်အသွယ် ပြတ်သွားကြောင်း။

ထားဝယ်မြို့ရှိ သက်ဆိုင်ရာ အစိုးရအရာရှိကြီးများသည် အဆိုပါ အဆက်အသွယ် ပြတ်သွားသော တပ်ခွဲအား လိုက်လံစုံစမ်းရာ လွန်ခဲ့သည့်နေ့မှစ၍ ယခု သတင်းရေးနေသည့် အချိန်အထိ အစအနမျှ ရှာဖွေမတွေ့ရှိကြသေးဟု သိရကြောင်း စသဖြင့် သတင်းစာ အစောင်စောင်တို့တွင် ပါလာ၏။

အထက်ဖော်ပြပါ နေရာတွင် တပ်စွဲလျက်ရှိသော တပ်ခွဲသည် စာရေးသူတို့၏တပ်ခွဲ ဖြစ်သည်ဟု ရန်ကုန်ရှိ နီးစပ်သူအားလုံးတို့ကသိကြ၏။

ထို့ကြောင့် စာရေးသူတို့၏ မိခင်များ၊ အိမ်သူအိမ်သားများ၊ အပေါင်းအသင်း မိတ်ဆွေသင်္ဂဟများတို့ စိတ်မကောင်း ဖြစ်ကြရ၏။ ပြေးကြ လွှားကြ မေးကြ မြန်းကြရ၏။

မေးလည်း မေးလောက်၏။ ဟုတ်လည်း ဟုတ်၏။

တိုက်ပွဲစသည်နှင့် တစ်ပြိုင်နက် ထီခနဲဆိုလျှင် စာရေးသူတို့ကွဲခဲ့၏။

စတင်ပစ်ခတ်လိုက်သော သေနတ်သံများနှင့်အတူ စာရေးသူတို့ဘက်မှ ယောကျ်ား၊ မိန်းမ ပေါင်းခြောက်ယောက် ကျဆုံးသွား၏။

ရဲဘော်မိန်းမများ၏ ဆူသံ ငိုသံ လန့်အော်သံတို့သည် သေနတ်သံများနှင့် ရောနှောလျက် ကျွက်ကျွက်ညံဘိ၏။

မျက်စိရှေ့တွင်လည်း ဒဏ်ရာမှလည်းလောင်း၊ ပါးစပ်မှလည်းကောင်း သွေးစိမ်းပွက်ပွက် အန်ကျနေသူတို့ကို မြင်နေကြရ၏။

စာရေးသူတို့ စခန်းချနေသော တောင်တန်းကုန်းကလေး၏ ဘေးပတ်လည် အရပ်ရှစ်မျက်နှာတို့မှနေ၍ "လက်နက်ချဟေ့ ... လက်နက်ချ" ဟု ဝိုင်းဝန်းအော်လိုက်သော အသံကြီးသည် သေနတ်သံများကိုပင် ဖုံးလွှမ်းလျက် ကောင်းကင်သို့ လွင့်တက်လာ၏။ ထိုအသံကြီး ရပ်သွားသောအချိန် စာရေးသူတို့၏ ရင်ခုန်သံများသည် ပို၍ကျယ်ကျယ်လာသည်ဟုပင် ထင်ရ၏။

အနည်းငယ်မျှသာ ကျန်ရှိနေသော ရဲဘော်ကလေးတို့၏ မျက်နှာသည် ထိုအသံကြီးများကို နားစွင့်လျက် အလွန်စိတ်ဓာတ်ပျက်ပြားစွာဖြင့် ငေးငိုင်နေကြ၏။

"ဟေး ... မင်းတို့ လက်နက် အခုချရင်ချနော်၊ နောက်မှဆိုရင် တစ်ယောက်မကျန် အကုန်သတ်ပစ်မယ်ကွ"

အောင်မြင်ကျယ်လောင်သော အသံကြီးသည် ကရင်အမျိုးသားသံ ခပ်ဝဲဝဲဖြင့် ကြားဖြတ် ကြားဖြတ် ထပ်ဆင့်ပေါ်လာ၏။

အနီးကပ်ဆုံး အသံတွေရှိရာဆီသို့ တထိတ်ထိတ်ဖြင့် တိတ်ဆိတ်စွာ မှန်းထားရင်း အတော်ချည်း သေချာလောက်မှ ...

"အေး ... ချလိုက်ပြီကွ လက်နက်ကြီး" ဟု ဟစ်အော်လျက် ၂–လက်မစိန်ပြောင်းကျည်ဆန်များကို တစ်လုံးပြီးတစ်လုံး ပစ်ထည့်လိုက်လေ၏။

ကံအားလျော်စွာ စိန်ပြောင်းကျည်ဆန်များသည် တည့်တည့်ကျသွားဟန်တူ၏။ စူးစူးဝါးဝါး အော်ဟစ်လိုက်သော အသံများကိုကြားရပြီးနောက် ခေတ္တ တိတ်ဆိတ်သွား၏။

ချက်ချင်းလိုပင် သေနတ်ကျည်ဆန်များ မိုးသီးမိုးပေါက်ကဲ့

သို့ ကျလာ၏။ ထို့နောက် ကျည်ဆန်များသည် စာရေးသူတို့၏ ဘေး ပတ်လည်အနီးတွင် ထပ်၍ပေါက်နေ၏။ နှစ်ဆင့်ကွဲကျည်ဆန်များ ဖြစ် ကြသည်။ ရုတ်တရက်သော် တစ်ဖက်မှ ရန်သူများ ကုန်းပေါ်သို့ ရောက် လာကြပြီ အထင်နှင့် မျက်လုံးများ ပြာသွား၏။

ထိုအတွင်း "ဗိုလ်ကြီး ဒီဘက်က တက်လာကုန်ပြီ"ဟု တအားအော်လိုက်သာ အသံတစ်ခုကို ကြားလိုက်ရ၏။ ထိတ်လန့်တကြား အော်လိုက်သဖြင့် မသဲမကွဲ ဖြစ်နေ၏။ မည်မျှ ကြောက်ရွံ့နေသည်ကို အသံက ဖော်ပြနေ၏။ စာရေးသူသည် ဘရင်းစက်သေနတ်ကိုဆွဲလျက် အသံလာရာဆီသို့ ပြေးရ၏။

စာရေးသူတို့၏ တောင်ကုန်းပေါ်သို့တက်ရန် ဖြတ်လမ်း ကလေးတစ်ခုရှိ၏။ ထိုဖြတ်လမ်းကလေးကိုစောင့်ရန် ဂျပန်များ ဆောက် လုပ်ထားသော ခံကတုတ်ကလေးတစ်ခုရှိ၏။ စာရေးသူသည် ထိုခံကတုတ် ကလေးသို့ ရောက်သွား၏။ ခံကတုတ်၌ရှိသော ရဲဘော်သည် ခေါင်းမပေါ် စေဘဲကွယ်လျက် "ဟိုမှာ လာနေပြီ"ဟု ပြော၏။ "လာနေရင် ပစ်ပါ လား"ဟု ပြောပြောဆိုဆို လှမ်းကြည့်လိုက်၏။ သေနတ်ကျည်ဆန် တစ်ခု သည် နားရွက်နားမှကပ်လျက် နောက်ကျောတွင်ရှိသော မြေကြီးထဲသို့ ဝင်သွား၏။

စာရေးသူ၏ခေါင်းသည် အလိုအလျောက် ပုဝင်သွားသော် လည်း သေနတ်ကျည်ဆန်လာရာသို့ ကြည့်မိလျက်သား ဖြစ်နေ၏။ ရဲဘော် ပြသည်တို့ကို မမြင်ဘဲ မောင်မင်းကြီးသားကို မြင်ရ၏။ ရဲဘော်၏လက်မှ စတင်းသေနတ် ဆွဲယူကာ မောင်မင်းကြီးသားအား ငါးချက်တိတိ တစ် ချက်ချင်း ပစ်လိုက်၏။ တစ်ချက်မှ မှန်ပုံမရပေ။ သို့သော် အကာအကွယ် ယူထားသော သစ်ပင်ငယ်ကလေးမှ ဆုတ်ခွာလျက် အနောက်ဘက်ရှိ တောထဲသို့ ဝင်သွား၏။

ခေါင်းဖော်နိုင်ပေပြီ။

"ဘယ်မှာတုန်းကွ...တက်လာကြတာတွေ"

ရဲဘော်ကပြ၏။ ဟုတ်ပေသည်။ အလွန်နီးကပ်စွာ မော် တော်ကားလမ်းကို ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ကူးနေကြ၏။ ပစ်ကွင်းမရှိ၍

ပစ်၍ မဖြစ်နိုင်၊ စိတ်ထဲတွင် အတော်ပူသွား၏။ "တက်လာကြတော့မှာပဲ ဘယ်လောက်များ များမလဲ မသိဘူး"ဟု တွေးမိ၏။

ဘေးတွင် ထောင်ထားသော ဘရင်းစက်သေနတ်ကို အမြန်ဆုံး ဆွဲယူလျက် အဆင်သင့် ပြင်ထား၏။ ထို့နောက် "မင်းတို့သေနတ်ကို အဆင်သင့်လုပ်ပြီး အသာချထား၊ ပြီးတော့ လက်ပစ်ဗုံးကို စို့ဖြုတ်ပြီး အသင့်ကိုင်ထား၊ ငါပစ်တာနဲ့ တစ်ချက်တည်း ကားလမ်းပေါ်ကို လက်ပစ်ဗုံးပစ်ချလိုက်၊ သုံးလုံး... သုံးလုံး... လက်ပစ်ဗုံး သုံးလုံးပစ်ချပြီးမှ သေနတ်ကိုင်"ဟု ပြောထား၏။

တစ်ဖက်မှ ရန်သူများသည် ၎င်းတို့ နေရာယူထားသော တောင်မြင့်ကြီးပေါ်မှနေ၍ မော်တော်ကားလမ်းအထိ ဆင်းလျက် မော်တော်ကားလမ်းဘေးမှတစ်ဆင့် စာရေးသူတို့ရှိရာ တောင်ကုန်းပေါ်သို့ တက်လာကြရန် ပြလုပ်ကြခြင်းကြောင့်ဖြစ်၏။ စာရေးသူသည် တောင်ကုန်းပေါ်သို့တက်လာနိုင်သော နေရာတိုင်းတွင် ဘရင်းစက်သေနတ်နှင့် အဆင်သင့် အစောင့်ချထားပြီး ဖြစ်သော်လည်း ဤဖြတ်လမ်းကလေးကို တက်ရောက်လိမ့်မည် မထင်သဖြင့် ဘရင်းစက်သေနတ်ချထားခြင်းမပြုဘဲ ရဲဘော်သုံးယောက်မျှနှင့် စတင်းတစ်လက်ကိုသာ ချထား၏။

ယခုမူ အနီးကပ်ရောက်လာသည့်တိုင်အောင် စာရေးသူတို့က မမြင်နိုင်၊ မခုခံနိုင်သော ဤဖြတ်လမ်းကလေးမှ အလုံးအရင်းနှင့် တက်ရောက်စီးနင်းရန် ရန်သူတို့ဘက်မှ ကြိုးပမ်းနေကြပေပြီ၊ ဖြစ်ချင်ရာဖြစ် စွန့်ကြရပေတော့မည်။ ဘရင်းစက်သေနတ်၏ လက်ကိုင်ကို တင်းတင်းဖိကာ ရန်သူတက်လာမည့် လမ်းကျဉ်းကလေးကို မမိုတ်မသုန် ကြည့်နေ၏။

လမ်းကျဉ်းကလေးသည် လူသုံးယောက်မျှ ရင်ပေါင်တန်းသွားနိုင်ရုံခန့် ကျယ်၏။ တစ်ဖက်တစ်ချက်တွင် လက်ခုပ်တစ်တောင် ကျော်ကျော်မြင့်သော မြေကြီးနံရံကာထား၏။ တောင်ကိုဖောက်၍ ပြုလုပ်ထားသော တောင်ပေါ်တက်သည့် ဖြတ်လမ်းကလေးဖြစ်၏။

"ဒီကောင်တွေများ အတင်းတက်စီးလို့ ဒီတောင်ကုန်းပေါ်ကိုရောက်လာကြမယ်ဆိုရင် ..."

ထိုအတွေးနှင့်အတူ လေးလရွယ်မျှသော ကလေးငယ်ကို ပွေ့ချီလျက် သနပ်ခါးအဖွေးသားနှင့် အနွေးထည်များဝတ်ကာ ခါတိုင်း နံနက်ကဲ့သို့ လမ်းလျှောက်ထွက်မည် ပြုနေသော မိမိဇနီးကို မျက်စိထဲ မြင်လာ၏။ သေနတ်ပစ်သံများကို ထိတ်လန့်ရမည်မှု မသိရှာသေးဘဲ အကာအကွယ်ကျင်းထဲ၌ မိခင်ရင်ခွင်ထက်တွင် ပျော်မြူးနေသော မိမိ ကလေးငယ်ကို သွား၍သတိရ၏။

မျက်စိမျက်နှာပျက်ပျက်နှင့် စုရုံးနေကြကုန်သော ရဲဘော် ဇနီးများနှင့် ဗိုလ်ကလေးများ၏ ဇနီးများကို တွေးတောထင်မြင်လာ၏။

"ကဲ...ဒီကောင်တွေလာကြစမ်းကွာ"ဟု ရန်သူကို တောင့်တ မိ၏။ ရန်သူသည် တောင့်တလိုက်ခါမှပင် ကားလမ်းဖြတ်ကူးသည်ကိုမျှ မတွေ့တော့။

ကေန္တ မိမိတို့ဘက်မှ မမြင်ရသော မပစ်နိုင်သော အကွယ် တွင် စုရုံးမိဟန်ရှိသည်။ လာတော့ လာကြပေလိမ့်မည်၊ ဘယ်တော့မှ လာ မှာပါလိမ့်၊ ဘယ်လောက် များမှာပါလိမ့်။

ဆေးလိပ်သောက်ချင်လာ၏။ ရေသောက်ချင်လာ၏။ ပတ် ပတ်လည်မှ သေနတ်ပစ်သံတွေထက်ပင် မိမိနားထဲ၌ မိမိပြန်ကြားနေရ သော ရင်ခုန်သံက မြည်နေ၏။ ကဲ ... လာမှာဖြင့်လည်း လာကြတော့။ "ဗိုလ်ကြီး ... ဗိုလ်ကြီး"ဟု ခေါ်ရင်း ဆက်သားတစ်ယောက် နောက်ဘက် မှ ရောက်လာ၏။ လှည့်မကြည့်ဝံ့၊ ပါးစပ်မှပင် မေးရသည်။

"ကဲ ... ပြောစမ်းဟေ့ မြန်မြန်"

"တံတားဘက်က လူသံတွေကြားတယ် ဗိုလ်ကြီး၊ ကျွန်တော်တို့နဲ့ အထက်အောက်ပဲ မြင်လည်းမမြင်ရဘူး၊ ပစ်လို့လည်းမရဘူး"

ထိုအတွင်း အဆိုပါတံတားဘက်မှ ဆက်တိုက်ပစ်လိုက် သော ဘရင်းသံများကို ကြားလာရသည်။ စာရေးသူတို့ဘက်မှ ပစ်နေ ခြင်းဖြစ်၏။ ခဏနားစွင့်ပြီးလျှင် ဆက်မေးလိုက်ရ၏။

"လက်ပစ်ဗုံး လှိမ့်ချလို့ မရဘူးလားကွ"

"ရလား,မရဘူးလား ကျွန်တော် သွားကြည့် ..."

ရဲဘော်ကို ခြေထောက်နှင့် လှမ်းကန်လိုက်၏။ ရန်သူများ

တက်လာသည်ကို မြင်ရသောကြောင့်ဖြစ်သည်။ ရှေးဦးစွာ နှစ်ယောက် တက်လာ၏။ ထို့နောက် နှစ်ယောက်က လှည့်ခေါ်လိုက်သဖြင့် လမ်းကျဉ်းကလေးနှင့်အပြည့် စုပြုံပြွတ်သိပ်ဝင်လာကြ၏။ လုံလုံခြုံခြုံရှိနေသောကြောင့်လည်း အေးအေးဆေးဆေး လာကြဟန်ရှိ၏။

လက်ပစ်ဗုံးကိုင်ထားသော ရဲဘော်တွေ လှမ်းအကြည့်တွင် မသိမသာ ခေါင်းခါပြလိုက်ရင်း ရင်တထိတ်ထိတ်နှင့် စောင့်နေ၏။ အရေးထဲများ ငါ့"ဘရင်း"စက်သေနတ်ကြီးက ပစ်မထွက်ဘဲများ နေဦးမှာလားဟု စိုးရိမ်နေရ၏။ ပထမ ကျည်ဆန်မထွက်ဘဲများ ချောက်ခနဲမြည်လာလျှင် မိမိတို့အား အရင်ဦးပေလိမ့်မည်။ ရင်ထဲ၌ ပူလာ၏။ ရင်ခုန်သံလည်း ပိုကျယ်လာ၏။ မကြောက်နိုင်တော့ပါဘဲနှင့် တစ်ကိုယ်လုံးတုန်နေ၏။ ဘာကိုမျှ မှုဟန်မတူဘဲ မထီလေးစားနှင့် တက်လာနေကြသော ရန်သူတို့နှင့် ဆယ်ကိုက်အကွာအဝေးသို့ ရောက်သောအခါ မြောင်ပင်ခေါင်းထောင်၍ ထပစ်လိုက်သည်။ "ပစ် ... ပစ်...လက်ပစ်ဗုံးပစ်၊ အပြင်ဘက်ကိုပစ် လမ်းကြားလေးထဲ မပစ်နဲ့"ဟု ပါးစပ်မှလည်း အော်လိုက်သေး၏။

ရန်သူတို့သည် မတ်စောက်သော လမ်းကျဉ်းကလေးမှ အလိုလို အောက်သို့ လိမ့်ဆင်းသွားကြ၏။ အလွန်လျင်မြန်စွာလည်း မော်တော်ကားလမ်းပေါ်မှနေ၍ ၎င်းတို့၏ တောင်ဘက်သို့ ကူးသွားကြ၏။ ဒဏ်ရာရကြ ကျဆုံးကြလိမ့်မည် ဖြစ်သော်လည်း၊ စာရေးသူတို့ဘက်မှ ဆင်းမလိုက်ဘဲ နေရာတွင် ငြိမ်သက်စွာ စောင့်နေလိုက်သဖြင့် ကျဆုံးသူများနှင့် ဒဏ်ရာရသူများကိုသယ်ယူရန် အခွင့်ရသွားကြဟန်တူ၏။ အော်သံ ဟစ်သံတို့ကို ကြားရပြီးနောက် ခေတ္တမျှငြိမ်သွားပြန်၏။ ထို့နောက် စာရေးသူတို့တောင်ဘက်သို့ အော်ဟစ်ဆဲဆိုကာ တစ်ဖက်တောင်ပေါ်မှနေ၍ အားသွန်လျက် ပစ်ကြပြန်၏။ ထိုမျှ ပစ်ခတ်နေသည့် အသံများကို စာရေးသူတို့၏တောင်ပေါ်မှ အော်ဟစ်ပြေးလွှားလာကြသော အသံများက ဖုံးလွှမ်းသွား၏။ တံတားဘက်မှအသံများဖြစ်သည့် မိန်းမများ၏ အော်ဟစ်လိုက်သံကိုလည်း ကြားရ၏။ ချက်ချင်းလိုလိုပင် တံတားဘက်ရှိ စာရေးသူတို့တပ်မှ ပစ်နေသော စက်သေနတ်သံ ရပ်သွားရ၏။

စာရေးသူသည် ရဲဘော်များကို ယခုနေရာတွင် ဂရုတစိုက် စောင့်ရှောက်ရန် မှာကြားလျက် ဘရင်းစက်သေနတ်ကိုဆွဲကာ တောင်ပေါ်သို့ အပြေးတက်ခဲ့ပါလေ၏။

■ ■ ■

## "စစ်ရည်ဝလာရသူများ၏ ချီတက်ခြင်း"

စာရေးသူတို့ တပ်ခွဲကလေးသည် ယေးမြို့မှနေ၍ အလွန်ကြွားဝင့်စွာ ပြောင်းရွှေ့လာခဲ့ရသည့် အချိန်က စာရေးသူသည်လည်းကောင်း၊ စာရေးသူ၏ရဲဘော်များသည်လည်းကောင်း၊ ဤမျှ အထိနာသည့် တိုက်ပွဲမျိုးဖြင့် တိုးကြရလိမ့်မည်ဟု မည်သူမျှ မတွေးခဲ့ပါ။ ထိုသို့မတွေးထင်ခဲ့ကြခြင်းသည် စာရေးသူတို့ အမှားဖြစ်၏။ ထိုစဉ်အခါသည် ဦးနုပြောသည့်စကားအတိုင်း ပြောရသော် ပြည်ထောင်စုကြီး ချောက်ထဲသို့ကျရန် လက်နှစ်လုံးသာ လိုတော့သော အချိန်အခါဖြစ်၏။ ထို့ကြောင့် စာရေးသူတို့သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရေးပေါ်ဖွဲ့စည်း၍ ထွက်လာခဲ့ကြသူများဖြစ်ရာ တရားဝင်တပ်များ မဟုတ်ကြ၊ တကယ်တရားဝင်သော အမိန့်စာရွက်စာတမ်းများ တပ်သားမှတ်ပုံတင်စာအုပ်များ တစ်ခုမျှမပါကြ။ ဖြစ်သည့်နည်းနှင့် ပြည်ထောင်စုကြီးကို ကာကွယ်ပေးကြရသူများသာ ဖြစ်ကြ၏။ ဤသို့ဖြင့် စာရေးသူတို့ ထွက်လာခဲ့ကြ၍ လူမိုက်ကံကောင်းများပီပီ အခြေအနေကို အတော်ကြီး ထိန်းသိမ်းနိုင်ရုံသာမက သေနတ်လုံးဝမကိုင်ကြပါဘဲနှင့် တိုက်ပွဲသို့ ပါလာသော စာရေးသူ၏ရဲဘော်များပင်လျှင် တိုက်ပွဲအစစ်များဖြင့် တကယ်လက်တွေ့ တိုက်ခိုက်လေ့ကျင့်ပေးရင်း အရည်ဝသော စစ်သားကြီးများ ဖြစ်လာခဲ့ကြရ၏။

ထို့နောက် မော်လမြိုင်ကို မေယုသဘော်နှင့် အတူတကွ တိုက်ခိုက်သိမ်းယူကြသော ဗမာ့တပ်မတော်မှ ဂျင်းဖောတပ်ရင်းကြီးတစ်ခုနှင့် စာရေးသူတို့ တွေ့ဆုံကြရသည်။ ထိုအခါ တပ်ရင်းမှူးဖြစ်သော ဒူးဝါး

ကြီးသည် စာရေးသူတို့အား ရန်သူလော အစိုးရဘက်သားလော ဟူ၍ ခွဲခြားမသိရှာပေ။

တပ်မတော်ဝင် ဒူးဝါးကြီး၏ ထိန်းသိမ်းထားမှုအောက်၌ ကျရောက်အညှဉ်းခံနေကြရကုန်သော မော်လမြိုင်မြို့ပေါ်ရှိ ကရင်အမျိုးသားတို့ကလည်း စာရေးသူတို့တစ်တွေအား ပြည်ထောင်စုကြီး ရန်သူရဲဘော်ဖြူများ ဖြစ်ကြပါသည်ဟု ဂျင်းဖောတပ်ရင်းမှူး ဒူးဝါးကြီးကို ပြောပြ၏။ ဤသို့ ပြောကြားကြသည်မှာလည်း အကြောင်းရှိ၏။ ထိုအကြောင်းကားအခြားမဟုတ်၊ တကယ်အစစ် တပ်မတော်မှ တပ်ရင်းမှူးဖြစ်သော ဒူးဝါးကြီးတို့သည် စာရေးသူတို့ကဲ့သို့ ရွာသိမ်ရွာငယ်ကလေးတွေကိုပါ လှည့်လည်တိုက်ခိုက်တတ်သည့် တပ်မျိုးမဟုတ်ပါ။

အချက်အချာကျသည့် မြို့ကြီး ခရိုင်ကြီးများမှ လက်နက်ချလျှင် အဆိုပါ ဒူးဝါးကြီးတို့အတွက် ပြီးစတမ်းဖြစ်၏။ အကယ်၍ တစ်နေရာရာ၌ ရန်သူအလုံးအရင်းနှင့် ရှိနေလျှင်လည်း သုံးလက်မစိန်ပြောင်းကြီးများ၊ လက်နက်ကြီးများနှင့် ပစ်ခွင်းလျက် စိစိညက်ညက်ကြေအောင် တိုက်မည့် တပ်မကြီးမျိုးသာဖြစ်၏။ စာရေးသူတို့အတွက်မူ ရန်သူသည် တကယ်စုပေါင်းလိုက်လျှင် စာရေးသူတို့အဖို့ ရန်သူ့အင်အားထက် သေးငယ်သော တပ်မျိုးမျှ ဖြစ်နေရ၏။ ထို့ကြောင့် ရန်သူကို မစုစည်းနိုင်ရန် အမြဲဖြိုခွဲနေရ၏။ ရွာစဉ်ကို ချီတက်၍ လက်နက်သိမ်းယူနေရ၏။ တရားဟောရ၏။ နိုင်ငံတော်အစိုးရသည် မည်မျှ အင်အားကြီးကြောင်းတို့ကို ဝါဒဖြန့်ရ၏။ အကယ်၍ ဤသို့မျှမလုပ်လျှင် ရန်သူရွာသုံးရွာခန့် ပေါင်းမိမူ စာရေးသူတို့နှင့် အင်အားချင်းတူ ဖြစ်နိုင်၏။ လေးရွာခန့် ပေါင်းခွင့်ပေးလိုက်လျှင် စာရေးသူတို့အား လာရောက်ချေမှုန်းတော့မည်မှာ သေချာ၏။ ထို့ကြောင့် စာရေးသူတို့သည် ရန်သူကို အလစ်မပေးဝံ့ချေ။ စာရေးသူ၏ ရဲဘော်များအား လက်တွေ့သင်ခန်းစာ ပေးရင်း တစ်ရွာပြီးတစ်ရွာ တရားဝင် ကိုင်စွဲခြင်းမဟုတ်သည့် လက်နက်များကို သိမ်းယူနေရ၏။ လွယ်လွယ်ကူကူနှင့် မပေးလျှင် တိုက်ခိုက်သိမ်းယူရ၏။ သို့သော် စာရေးသူတို့သည် လက်နက်ရပြီးလျှင် ခုခံတိုက်ခိုက်သော ရွာအား မည်သို့မျှ

မပြုလုပ်ဘဲ ရပ်ရွာလူကြီးတို့အားခေါ်၍ ဖဆပလ ဖွဲ့စည်းစေ၏။ ယေးမြို့တွင်ရှိသော မြို့နယ်ဖဆပလနှင့် ဆက်သွယ်စေ၏။

မော်တော်ကားလမ်း ရှိရာသို့လည်းကောင်း၊ တောင်ပေါ်သို့လည်းကောင်း၊ ပင်လယ်ကမ်းနားသို့လည်းကောင်း၊ သစ်တောကြိုးဝိုင်းအတွင်းသို့လည်းကောင်း၊ မြေပုံပေါ်တွင် အစက်မထင်သော ရွာကလေးများကိုလည်းကောင်း၊ လှည့်လည်၍ အမြဲတစေ ဤအတိုင်း ပြုလုပ်နေရ၏။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် ဤနယ်တွင်ရှိသော ပြည်ထောင်စုကြီး၏ ရန်သူက အစိတ်စိတ်ခွဲ၍ တိုက်ခိုက်သကဲ့သို့ ဖြစ်ပြီးလျှင် ရန်သူတို့အဖို့ စာရေးသူတို့အား ချေမှုန်းရန် အချိန်အခါ မရရှိမက အခြေအနေပျက်ပြားအောင် ဆိုးရွားစေ၏။ ဤတွင် ကော်သူလေးရဲဘော်များ အုပ်ချုပ်စဉ်ကလည်း မြို့ရွာလူကြီးများဖြစ်ကြလျက် တပ်မတော်မှ ဒူးဝါးကြီး ရောက်ရှိလာ၍ လက်နက်ချပြီးသောအခါ၌လည်း ...

တပ်မတော်သည် မြို့ရွာအုပ်ချုပ်ရေး၌ ဝင်မစွက်ရဟူသော အထက်အမိန့်အတိုင်း တရားဝင်သည့် မြို့ရွာအုပ်ချုပ်ရန် လူကြီးများပင် ဆက်လက်ဖြစ်လာကြကုန်သော ကရင်အမျိုးသားများက စာရေးသူတို့ တပ်ခွဲကလေးအား အမျိုးအမည် မထင်ရှားသော ရဲဘော်ဖြုတပ်တစ်ခု ဖြစ်သည်ဟု တိုင်တန်းကြခြင်းဖြစ်၏။

အဆိုပါ တိုင်တန်းချက်ကြောင့် စာရေးသူတို့သည် ဂျင်းဖော တပ်ရင်းမှူးကြီးနှင့် တွေ့ဆုံကြသောအခါ အဘယ်တံဆိပ်တစ်စုံ တစ်ခုမျှ မပါရှိသည့် စာရေးသူတို့ကိုယ်တိုင် ပြုလုပ်ထားကြသော မခိုင်လုံသည့် စာရွက်စာတမ်းများကို ပြသကြ၏။ အရေးပေါ်ဖွဲ့စည်းလာခဲ့ရသော တပ်ဖွဲ့ကလေးမှ စာရွက်စာတမ်းတို့သည် စနစ်တကျ ဖွဲ့စည်းထားခြင်း ခံရသော ဗမာ့တပ်မတော်မှ ဂျင်းဖောတပ်ရင်းမှူးကြီးအဖို့ ရယ်စရာလည်းဖြစ်၊အထင်သေးစရာလည်းဖြစ်၊ ဤတွင် စာရေးသူတို့သည် ဂျင်းဖောတပ်မှူးကြီးအား ရေလည်အောင် ပြောကြားရ၏။ နောက်ဆုံးတွင် စာရေးသူတို့သည် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရလာကြလျက် ...

အထင်လွဲမှား၍ ဖမ်းဆီးခြင်းခံနေရသော ပါလီမန်အမတ်

ဗိုလ်အောင်ပေါ်ကိုပင် စစ်ဆေးမေးမြန်းရန်အတွက် ခေတ္တခေါ်ဆောင်လာခဲ့နိုင်ကြ၏။

စာရေးသူတို့ ဗိုလ်အောင်ပေါ်ကို ခေါ်ခဲ့ကြရခြင်း အကြောင်းကား ဗိုလ်အောင်ပေါ်သည် မိမိတို့၏နယ်တွင် ကော်သူလေးတပ်ကြီးကို ဝင်မလာနိုင်အောင် ခေါင်းဆောင်တိုက်ခိုက်နေရင်း တပ်မတော် တက်လာသည်ကို မသိလိုက်သဖြင့် လက်နက်များနှင့်တကွ အဖမ်းခံနေရခြင်းဖြစ်၏။ ထို့ကြောင့် စာရေးသူတို့သည် ဗိုလ်အောင်ပေါ်ကို ခေတ္တစစ်ဆေးရန်ဟုဆိုလျက် ဂျင်းဖောဗိုလ်ကြီး၏လက်မှ တောင်းယူခဲ့ကြပြီးနောက် ရန်ကုန်သို့ ပို့ပစ်လိုက်သောအခါ ဂျင်းဖောဗိုလ်မှူးကြီးတို့ စိတ်ဆိုးသွားကြ၏။

နောက်ဆုံးတွင် ဂျင်းဖောဗိုလ်မှူးကြီးသည် စာရေးသူတို့အား မိမိသည် မော်လမြိုင်ခရိုင် တစ်ခုလုံးအတွက် စစ်ဆင်ရေးမှူး ဖြစ်သောကြောင့် ၎င်းနှင့် လုံးဝမသက်ဆိုင်သော စာရေးသူတို့တပ်ခွဲ ရှိနေပါက အခြေအနေများ ရှုပ်ထွေးလာမည်ကို စိုးရိမ်သည့်အတွက် ၎င်းပိုင်ဆိုင်သော ယေးမြို့မှ ၂၄ နာရီအတွင်း ပြောင်းရွှေ့သွားကြပါရန် မေတ္တာရပ်ခံသည်ဟု ဆိုသော်လည်း လက်နှိပ်စက်ဖြင့် ရိုက်ကူးထားသော အမိန့်စာတစ်ခုကို အလွန်ခံ့ညားသော တံဆိပ်တုံးများ ရိုက်နှိပ်လျက်ပေးပို့၏။ စာရေးသူတို့က လက်မှတ်ထိုးယူလိုက်ရ၏။

သို့သော် စာရေးသူတို့သည် ဂျင်းဖောဗိုလ်မှူးကြီး၏ကပ္ပတိန်အား "ကျွန်တော်တို့တွင် ပြောင်းရွှေ့သွားစရာ ကားများမရှိကြသေးပါ၊ ၎င်းပြင် ကျွန်တော်တို့ ယေးမြို့မှ ခွာသည်နှင့် တစ်ပြိုင်နက် ကော်သူလေးလက်နက်ကိုင်များ မြို့ကိုစီးထားရန်အတွက် အသင့်စောင့်နေကြပါသည်။ ထို့ကြောင့် မြို့စောင့်တပ် တစ်တပ်လည်း လွှတ်ပေးပါ။ ပြောင်းရွှေ့ရန် ကားများလည်း ကူညီပါ"ဟု အကြောင်းပြန်ကြားလိုက်၏။ ဤအတွင်း ဂျင်းဖောဗိုလ်မှူးကြီးအဖို့ ရေငတ်ရာတွင် ရေတွင်းထဲကျသွားဘိသို့ အဆင်ပြေခဲ့၏။ အကြောင်းမူကား မော်လမြိုင်ရှိ မွန်အမျိုးသားကို မြို့ကာကွယ်စောင့်ရှောက်ရန်အတွက် လက်နက်ကိုင် စစ်ဝန်ထမ်းတပ် ဖွဲ့ပေးလျှင် ကရင်အမျိုးသားများက မကျေမနပ် ဖြစ်ကြမည်ဖြစ်၏။ ကရင်အမျိုးသား

များကိုပါ ရောနှောဖွဲ့လျှင်လည်း မယုံကြည်ရသည့် အကြောင်းကို သတင်း အတိအကျ ရထား၏။

ထို့ကြောင့် ဗိုက်ကြီးသန်းဝင်းနှင့် ဗိုလ်ဖေစိန်တို့ကို စစ်ဝန်ထမ်းတပ်တစ်ခုဖွဲ့၍ ယေးမြို့ကို စောင့်ရှောက်ပေးရန်အတွက် လက်နက်များနှင့်အတူ စေလွှတ်ပေးလိုက်၏။ ထို့အပြင် အဆိုပါ ဗိုလ်ကြီးကိုလည်း အမိန့်တစ်ခု ပေးလိုက်သေး၏။ ထိုအမိန့်စာကား စာရေးသူတို့သည် ယခုရောက်လာသည့် ဗိုလ်ကြီးများ ရောက်လျှင်ရောက်ချင်း ယေးမြို့မှ ထွက်သွားရမည်ဟူသော အမိန့်ပင်ဖြစ်၏။ ထိုအမိန့်ပေးပို့ရသည်မှာလည်း အကြောင်းရှိနေ၏။

ထိုအကြောင်းကား ...

စာရေးသူတို့ ဤခရိုင် ဤနယ်မြေ၌ နေခြင်းကို ကရင်အမျိုးသားများက မကျေမနပ်ဖြစ်ကြပါသည်ဟု ရန်ကုန်တွင်လည်း ပြောဆိုဆူပူနေကြ၏။ မော်လမြိုင်တွင်လည်း ပြောဆိုဆူပူနေကြ၏။ နောက်ဆုံးတွင် သက်ဆိုင်ရာ စစ်ဌာနချုပ်သို့ အကြောင်းကြားသောအခါ စာရေးသူတို့တပ်ခွဲကလေးအား ကရင်အမျိုးသားများ ကျေနပ်စေရန် ဤဌာနမှ အမြန်ဆုံးထွက်သွားပါစေဟု လိုက်လျောစွာ အမိန့်ပေးလိုက်သောကြောင့်ဟု သိရ၏။ ဤတွင် စာရေးသူတို့သည် ယေးမြို့မှ ထွက်ခွာရန် ပြင်ဆင်ရတော့၏။ သို့ရာတွင် စစ်ဝန်ထမ်းဖွဲ့စည်းပေးမည့် ဗိုလ်ကြီးသန်းဝင်းသည် သတင်းတစ်ခု ရလာ၏။

ထိုသတင်းကား စာရေးသူတို့ သွားသည်နှင့် တစ်ပြိုင်နက် ယေးမြို့ကို စီးပြီးလျှင် စစ်ဝန်ထမ်းတပ်ဖွဲ့အတွက် ရှိနေကြသော လက်နက်များကို သိမ်းယူသွားရန် အမှောင်ခိုနေကြသော ကော်သူလေးလက်နက်ကိုင်များ လိုက်လာကြသည်ဟူသော သတင်းဖြစ်၏။ ထိုသတင်းသည် စစ်ဝန်ထမ်းဗိုလ်ကြီးသာ ရသည်မဟုတ်၊ စာရေးသူတို့ တပ်ခွဲကလည်း ရခဲ့ကြ၏။ ရရုံမျှမက ယေးမြို့အနီးအနားသို့ရောက်ရှိလာကြသော ကော်သူလေးလက်နက်ကိုင် တပ်စိတ်ကလေးများကိုပင် အလစ်ဝင်ရောက် တိုက်ခိုက်၍ လက်နက်များ ရယူလာခဲ့ကြပြီးဖြစ်၏။

သို့ရာတွင် စာရေးသူတို့သည် အမိန့်ကိုလည်း မလွန်ဆန်နိုင်ကြချေ။ စစ်ဝန်ထမ်းဗိုလ်ကြီးလည်း အကြံအိုက်လျက်ရှိ၏။ ဤတွင် စာရေးသူတို့သည် ယေးမြို့ တစ်ဖက်ကမ်းတွင် ကူးပြောင်းနေကြလျက် စစ်ဝန်ထမ်းဗိုလ်ကြီးအား ၎င်း၏ရဲဘော်များကို အပြင်းအထန် လေ့ကျင့်ရန် စေခိုင်း၏။ ဗိုလ်ကြီးကလည်း သဘောကျလျက် နေ့ရာညပါလေ့ကျင့်၏။

စာရေးသူတို့ကလည်း အခွင့်အရေးရနေသော ရက်အတွင်း အနီးအနားရွာကလေးများသို့ ရောက်ရှိလာကြသည့် လက်နက်များကို ပိုက်စိပ်တိုက်၍ သိမ်းဆည်းရ၏။ သို့မဟုတ် သိမ်းဆည်းပေးရ၏။

ငါးရက်မြောက်သောနေ့တွင် စစ်ဝန်ထမ်းတပ်ဖွဲ့ ဗိုလ်ကြီးသည် အလွန်ရွှင်ပျသော မျက်နှာဖြင့် စာရေးသူတို့အား လာရောက်အကြောင်းကြား၏။

သူ့လူများအတွက် သေနတ်ကိုင်တတ်၊ ပစ်တတ်၊ အမိန့်နာခံတတ်ကြပြီဖြစ်၍ သွားလိုရာသို့ သွားနိုင်ကြပါပြီဟု ပြော၏။

စာရေးသူသည် ဗိုလ်ကြီးအား အရေးကြီးသော အချက်အလက်များနှင့် ဖြတ်လမ်းများ၊ ဂရုစိုက်ရမည့်ရွာများ စသည်တို့ကိုပြောကြား၍ နောက်တစ်နေ့နံနက်တွင် ယေးမြို့မှ ထွက်လာခဲ့ကြ၏။

စာရေးသူတို့ ထွက်လာခြင်းကား ယခင် ယေးမြို့ကိုတိုက်ရန် လာစဉ်က ထားဝယ်မှ ထွက်ခွာလာခဲ့ကြရသော ထွက်လာရခြင်းမျိုး မဟုတ်၊ စမ်းတဝါးဝါးနှင့် နယ်မြေအနေအထားကို လုံးဝမသိဘဲ ထွက်လာရခြင်းမျိုးလည်း မဟုတ်၊ သေနတ်ကြီးကိုင်လျက် ဘယ်လိုပစ်ရမည်၊ ဘယ်လိုတိုက်ရမည်မှု မသိဘဲ တထိတ်ထိတ်နှင့် ထွက်လာရခြင်းမျိုးလည်း မဟုတ်။ ရှုံးလေမည်လည်း မသိ၊ နိုင်လေမည်လည်း မသိဘဲ၊ ဆင်ကန်းတောတိုး ထွက်လာရခြင်းလည်းမဟုတ်။

အောင်ပွဲအကြိမ်ကြိမ် ရခဲ့ပြီးသော၊ လက်နက်အမျိုးမျိုးတို့ကို ကျွမ်းကျင်ဖျတ်လတ်စွာ ကိုင်တွယ်နိုင်သော၊ တိုက်ရည်ဝသော၊ ပြည်ထောင်စုကြီးထောင့်ကွက်ငယ်တစ်ခုကို ကယ်တင်ဆောင်နိုင်ခဲ့ပြီးသော၊

အဖက်ဖက်မှ ကျွမ်းကျင်ပြီးကြသော ရဲဘော်များနှင့်တကွ အလွန်စိတ်အေးချမ်းမြေ့စွာ အနားယူရန် ပြန်လာကြခြင်းဖြစ်၏။

စာရေးသူတို့သည် ထားဝယ်ရွှေမြို့တော်ကြီးသို့ ပြန်ရောက်လာကြပါပြီ။ ကာကီဝတ်စုံနှင့် သံခမောက်နှင့် ပြောင်လက်သော သေနတ်များနှင့် ...။

မျက်တောင်မွေး၊ မျက်ခုံးမွေးများပါ မြေကြီးရောင်လူးနေကြသော ဖုန်အလိမ်းလိမ်း ကပ်နေသည့် စာရေးသူတို့ ရဲဘော်များသည် အလွန်စစ်သားပီသ ဖျတ်လတ်စွာ မော်တော်ကားကြီးများပေါ်မှ ခုန်ဆင်းလိုက်ကြ၏။

ခရိုင်ဝန်ကြီး မစ္စတာကီလီနှင့်တကွ ခရိုင်ရဲဝန်၊ ဗိုလ်မှူးသံဒိုင်၊ စစ်ဝန်ထမ်း ဗိုလ်နေဝင်း စသည်တို့က လာရောက်ကြိုဆိုကြ၏။ ဝမ်းမြောက်စကား ပြောကြားကြ၏။

ထို့နောက် စစ်ဝန်ထမ်း ဗိုလ်ကြီးဗိုလ်ဒိုဗာ အကြောင်းကိုမေးကြ၏။

ဗိုလ်ကြီးဗိုလ်ဒိုပါကား ကျဆုံးခဲ့ရှာလေပြီ။ ဗိုလ်ကြီးသည် ဘီအိုင်အေ၊ ဘီဒီအေ စသော စစ်ရာဇဝင် တစ်လျှောက်လုံး တိုင်းပြည်အတွက် ခုခံကာကွယ်လာခဲ့သူ ဖြစ်၏။ စိတ်ကြမ်း ကိုယ်ကြမ်းကြီးဖြစ်၏။ ယောက်ျားပီသ၏။ ရိုးသား၏။ မဟုတ်မခံတတ်သော ဉာဉ်ရှိ၏။ ရေးဆန်၏။ ဘာသာတရားကို ကိုင်းရှိုင်း၏။ ယုံကြည်၏။

စာရေးသူသည် ဗိုလ်ကြီး ဗိုလ်ဒိုဗာအား အချိန်မဲ့ခရီးမသွားရန်လည်းကောင်း၊ ပေါ့ပေါ့လျော့လျော့ ခရီးမသွားရန်လည်းကောင်း၊ အမြဲသတိပေး၏။

"ကိုလေးရာ ကျွန်တော့်အတွက် စိတ်မပူစမ်းပါနဲ့"ဟု ပြောပြောဆိုဆို သူ၏ကြီးမားသန်စွမ်းသော လက်ချောင်းကြီးတွင် ဝတ်ထားသော ဆီးစေ့ခန့်ရှိသော ကြောင်လက်စွပ်ကြီးကို ထောင်၍ ထောင်၍ ပြလေ့ရှိ၏။

ဤသို့ မိမိကိုယ်မိမိ အလွန်ယုံကြည်သော ဗိုလ်ကြီးဗိုလ်ဒိုဗာ

သည် မော်လမြိုင်မှ အပြန်လမ်းတွင် မော့ကနင်ရွာကို ကျော်ဖြတ်လျက် လမိုင်းတွင်ဝင်၍ ညအိပ်၏။

ဤတွင် မော့ကနင်နှင့် လမိုင်းရွာမှ လူကောင်းဟန်ဆောင် နေကြကုန်သော မွန်လက်နက်ကိုင်အချို့တို့သည် အချိန်မတော် တိတ်တဆိတ် ထွက်ခွာသွားကြပြီးလျှင် ရွာနီးချုပ်စပ်တို့တွင် ရှိကြသော အခြားလက်နက်ကိုင်များကို စုရုံးလျက် တောင်တွေပေါ်မှ နေရာယူ၍ ဗိုလ်ကြီးဗိုလ်ဒိုဗာ အပြန်ကို စောင့်ကြ၏။

ထို့နောက် ဗိုလ်ကြီးဗိုလ်ဒိုဗာ၏ ဂျစ်ကားအား လူပေါင်း (၃၀)ကျော်ခန့် ဝိုင်းဝန်း၍ ပစ်ကြ၏။

ဂျစ်ကားပေါ်တွင် လူ(၁၁)ယောက်မျှ ပါရှိတာ တစ်ယောက်သာလျှင် အသက်ရှင်လျက် လွတ်မြောက်လာ၏။ စာရေးသူတို့ကို သတင်းလာပေးနိုင်၏။

ချက်ချင်း တပ်စိတ်ကလေးနှစ်ခုလွှတ်၍ လိုက်စေရသည်။ ချောင်းမြောင်းပစ်ခတ်သော နေရာများ၊ စားမည့်ဆဲဆဲ ထမင်းထုပ်များ၊ လက်နှိပ်ဓာတ်မီးများ၊ ရုတ်ခြည်းထွက်ပြေးကြရသဖြင့် ကျန်ရစ်ခဲ့သော သေနတ်တစ်လက် စသည်တို့ကို တွေ့ရ၏။

ခြေရာ ခြေကြောင်းနောက်သို့ အပြင်းဆက်လိုက်သောအခါ တောတွင်းရှိ အိမ်ငယ်ကလေး သုံး,လေးလုံး၌ အောင်ပွဲခံရန် ချက်ပြုတ်ထားသော ထမင်းဟင်း ပူပူနွေးနွေးများနှင့်တကွ အရက် စသည်တို့ကိုပါ တွေ့ကြရ၏။ ပြန့်ကြဲနေသော မပစ်ရသေးသည့် ကျည်ဆန်များကို တွေ့ကြရ၏။ လူသူတစ်ယောက်မျှ မတွေ့ရတော့ချေ။ စာရေးသူတို့၏ ရဲဘော်များသည် ထိုဆူပူသူတို့၏ စခန်းကလေးကို မီးတိုက်ခြင်းဖြင့် အဆုံးသတ်လိုက်၏။

ကျဆုံးပြီးလေသော ရဲဘော်တို့၏ အလောင်းများနှင့်တကွ ဒဏ်ရာအပြင်းအထန်ဖြင့် မြက်တောထဲတွင် လဲလျက်ရှိသော ဗိုလ်ကြီးဗိုလ်ဒိုဗာကိုပါ ယူဆောင်လာခဲ့ကြ၏။ ဗိုလ်ဒိုဗာသည် ဆေးရုံတွင် သုံးရက်မျှသာခံသည်။ ဤသို့ဖြင့် ဗမာ့သားကောင်းရတနာတစ်ဦးဖြစ်သော ဗိုလ်ဒိုဗာကား ကျဆုံးခဲ့ရ၏။

ဝမ်းမြောက်ဝမ်းသာ လာရောက် ကြိုဆိုကြသူများသည် ဗိုလ်ဒိုဗာ၏အကြောင်း ကြားရသောအခါ စိတ်မကောင်းကြ။ ဗိုလ်ဒိုဗာကို ချစ်ခင်ကြသော စစ်ဝန်ထမ်းတပ်မှ အများအပြားသော ရဲဘော်ကလေးများ ငိုယိုကြ၏။

သို့သော် စစ်သားတို့အဖို့၌ သေခြင်းကား မဆန်းလေ၊ ရက်,လ ကြာသောအခါ အားလုံးမေ့ပျောက်လုလု ရှိကြ၏။

စကားဝိုင်းများတွင် ဗိုလ်ကြီးဗိုလ်ဒိုဗာ အကြောင်းကို ဖွဲ့နွဲ့နေကြရာမှာ စကားအသစ်အဆန်းတစ်ခု တိုးလာ၏။ ထိုစကားကား ကော်သူလေးလက်နက်ကိုင်များသည် ပြန်လည်စုစည်းနိုင်ကြပြီးနောက် ထားဝယ်မြို့ကြီးကို လာရောက်သိမ်းယူကြတော့မည်ဟူသော စကားပင် ဖြစ်၏။

ဤသတင်းစကားသည် မှန်နိုင်၏။ အကြောင်းဆိုသော် ကော်သူလေးလက်နက်ကိုင်တို့သည် မော်လမြိုင်မြို့ကြီး မကျမီကစ၍ ထားဝယ်မြို့ကြီးကို သိမ်းယူထားကြရန် အစီအစဉ်ရှိကြ၏။ ထိုအစီအစဉ် အတိုင်း ပြုလုပ်ခဲ့ကြ၏။

ထားဝယ်မြို့ကို အနီးကပ်ဝိုင်းလျက် ပိတ်ဆို့၍ပင် ပြီးခဲ့ကြလေပြီ။

မော်လမြိုင်ကို တပ်မတော်မှ လက်ရသိမ်းပိုက်နိုင်သောအချိန်တွင် ၎င်းတို့သည် ထားဝယ်မြို့မှနေ၍ ခံရန်ရည်ရွယ်လျက်ရှိကြ၏။

သို့ရာတွင် မော်လမြိုင်မှနေ အကြီးအကျယ်ခံရန် လုံးပန်းနေကြရသော အချိန်၌ ၎င်းတို့သည် ထားဝယ်မြို့ကို ခေတ္တခွင့်လွှတ်ထားကြသည်။ ကော်သူလေးလက်နက်ကိုင်များအဖို့ ထားဝယ်မြို့ကို အချိန်မရွေး အလွယ်တကူ ယူနိုင်သည် ဖြစ်သောကြောင့် ဤသို့ ပေါ့ပေါ့ဆဆ ပြုလုပ်ခြင်းဖြစ်၏။

၎င်းတို့အများသည် ထိန်းသိမ်းရန် မရဲကြသေးသည့် အတွက် ရရှိနေသော အခွင့်အရေးကို လွှတ်ထားကြခြင်းပင် ဖြစ်သည်။ လက်နက်အင်အားခြင်း မမျှနိုင်သဖြင့် မော်လမြိုင်ကို မခုခံနိုင်ကြသောအခါ ၎င်းတို့

သည် ထားဝယ်မြို့ကို အလွယ်သိမ်းယူရန် တစ်တပ်ပြီးတစ်တပ် ထွက်ခွာလာကြ၏။

ဤအချိန်တွင် ဗမာစစ်ဗိုလ်အချို့ အုပ်ချုပ်လျက် ချင်းရဲဘော်တွေလော၊ ဂေါ်ရခါးရဲဘော်တွေလောဟု ခွဲခြားမရနိုင်သော အလွန်အင်အားကြီးမားသည့် စစ်တပ်တစ်တပ်သည် ထားဝယ်မြို့ပေါ်သို့ ရောက်ရှိနေကြလေပြီ။ ထိုစစ်တပ်ကား တပ်ခွဲတစ်ခုလုံးတွင် လူခြောက်ယောက်မှ တစ်ပါး သေနတ်ပစ်တတ်သူ တစ်ယောက်မှ မပါသေးသည့် စာရေးသူတို့၏ စစ်တပ်ကြီးပင် ဖြစ်သတည်း။

စာရေးသူတို့သည် အလွန်တိုက်ရည်ဝပြီးသော ကော်သူလေးလက်နက်ကိုင်များ ပိတ်ဆို့ထားသည့် ထားဝယ်မြို့ကြီးကို နှစ်ရက်အတွင်း ပွင့်စေ၍ သုံးရက်အတွင်း ထားဝယ်မြို့အတွက် ကော်သူလေးတို့၏ အခြေခံစခန်းဖြစ်သော ကလိန်အောင်ရွာကြီးကို ဝင်ရောက်တပ်စွဲကြပြီးလျှင် တစ်ပတ်အတွင်း ထားဝယ်ကို လွန်မြောက်ကာ မော်လမြိုင်နယ်စပ် မြို့ကလေးဖြစ်သော ယေးမြို့ကို တိုက်ခိုက်သိမ်းယူလိုက်ကြ၏။

ဤသို့ဖြင့် ကော်သူလေးလက်နက်ကိုင်တို့သည် မော်လမြိုင်မှ ဆုတ်ခွာပြောင်းရွှေ့လာခဲ့ကြသော တပ်များ မစုစည်းရသေးမီ မမျှော်လင့်ဘဲ အလွန်မြန်ဆန်စွာအငိုက်ခံလိုက်ကြရ၏။ ထို့နောက်လည်း တစ်ကြိမ်တစ်ခါမှ စုစည်းခွင့်မရရှာကြလေ။

စာရေးသူတို့သည် တစ်ရွာချင်းလိုက်၍ အမြဲတမ်းမွှေနေခဲ့ကြသည် မဟုတ်လော။ ဤသို့ဖြင့်ပင် စာရေးသူတို့၏ တပ်များသည် တိုက်ပွဲရည်ဝသော စစ်သားများ ဖြစ်ခဲ့ကြရ၏။ တိုက်ပွဲအတွင်း ဖျတ်လတ်စွာ ပစ်ခတ်တတ်လာခဲ့ကြရ၏။

ယခု စာရေးသူတို့ ထားဝယ်မြို့ပေါ်သို့ ရောက်ရှိအနားယူကြသောအခါ အမြဲရှောင်တိမ်းပြေးလွှား ပုန်းခိုနေကြရသော ကော်သူလေးလက်နက်ကိုင်တို့သည် အသက်ရှူပေါက် ရကြလျက် အချင်းချင်း စုစည်းလာနိုင်ကြခြင်း ဖြစ်သည်။ ဤသို့ စုစည်းလာနိုင်သည်နှင့် တစ်ပြိုင်နက် ပထမဆုံး အားစမ်းရမည့်နေရာကား ထားဝယ်မြို့ဖြစ်၏။

ကော်သူလေး မိတ်ဆွေတို့သည် အလွန်အင်အားကြီးမား သော မော်လမြိုင်မြို့ကိုမူ စိတ်ကူးမျှ မထည့်နိုင်ကြလေ။

"ကဲ ... ညီလေးတို့၊ ကိုယ်တို့တော့ သတိထားဦးမှပဲကွယ်၊ ဘယ်လိုစီစဉ်ကြမလဲ"ဟု ဗိုလ်မှူးသံဒိုင်က ဆိုလာ၏။

"ဗိုလ်ကြီး ကျွန်တော်တို့ကို မြို့ကာကွယ်ရေးအတွက် အစီ အစဉ်လေး တစ်ခုခု လုပ်ပေးပါဦး"ဟု ခရိုင်ဝန် မစ္စတာကီလီက ဆို၏။

ထိုအစီစဉ်ကား လွယ်ကူသောအစီအစဉ်မဟုတ်ပေ၊ ကော်သူ လေး မိတ်ဆွေများသည် ဤမျှကျယ်ပြန့်သော ထားဝယ်မြို့ကြီးအား ဝင်လိုသောနေရာမှနေ၍ အလွယ်တကူ ဝင်လာနိုင်ကြသည်ချည်းဖြစ်၏။

မဝင်လာစေလိုလျှင် တစ်မြို့လုံးပတ်လျက် ပစ်ကွင်းချင်း ဆက်စပ်နေအောင် ဘန်ကာများ၊ ခံကတုတ်များ ဆောက်လုပ်၍ ထိုဘန် ကာ ခံကတုတ်များအတွင်းမှ အမြဲတမ်း စောင့်နေကြရမည်ဖြစ်၏။ ဤ သို့ပြုလုပ်ထားရန် အချိန်ရသည်ထားဦး စောင့်စေရန် တပ်သား အလုံ အလောက် ရှိ။

ထိုသို့မရှိသဖြင့် အလွယ်တကူ ဝင်လာနိုင်မည့် နေရာများ ကို အားပြုလျက် စောင့်စေမည်ဆိုလျှင်လည်း အစောင့်မရှိသည့် နေရာ တစ်ခုခုမှ အလွယ်တကူ ဝင်လာနိုင်ကြသည်။ ကော်သူလေး လက်နက်ကိုင် များ မြို့တွင်းအထိ ဝင်လာနိုင်ကြသည် ဆိုလျှင်ပင်၊ မြို့သူမြို့သားတို့ စိတ်ဓာတ်ကျကြောင်းမည်၊ ၎င်းအပြင် အဆိုပါ ကော်သူလေးမိတ်ဆွေများ သည် ခေလေ့မိတ်ဆွေများ မဟုတ်ကြ၊ မော်လမြိုင်မြို့တော်ကြီးကိုပင် အလွယ်တကူသိမ်းပိုက်နိုင်စွမ်းခဲ့ကြသော တိုက်ရည်ဝသည့် မိတ်ဆွေများ ဖြစ်ခဲ့ကြလေ၏။

စာရေးသူတို့တပ်၏ ထွက်လာရင်း မူလရည်ရွယ်ချက်သည် လည်း ထားဝယ်မြို့ကို ကော်သူလေးမိတ်ဆွေများ၏ လက်တွင်းသို့ မသက် ဆင်းစေအောင် ကာကွယ်ပေးနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြစ်၏။

ထို့ကြောင့် စာရေးသူတို့သည် ထားဝယ်မြို့ကြီး ကော်သူ လေး မိတ်ဆွေများလက်သို့ မကျဆင်းရေးကိစ္စ၌ ...။

ဗိုလ်မှူးသံဒိုင်ထက်လည်းကောင်း၊ မစ္စတာကီလီထက်လည်း ကောင်း ပို၍ တာဝန်ရှိ၏။ ထို့ကြောင့် စာရေးသူတို့သည် ထားဝယ်ခရိုင် အတွင်း၌ တာဝန်ရှိသည်ကို တာဝန်ရှိသည့်အတိုင်း ပြုလုပ်ဆောင်ရွက်ကြ ရင်း၊ မော်လမြိုင်နယ်စပ်အထိ ရောက်လာခဲ့ကြ၏။ ကာကွယ်ခဲ့ကြ၏။ တိုက်ခိုက်ခဲ့ကြ၏။ ယခုမူ ထိုအပြုအမူမျိုးကို ဆက်လက်မပြု လုပ်ရဲတော့ ချေ။ မဆောင်ရွက်ခဲ့ရဲတော့ချေ။

အကြောင်းကား စာရေးသူတို့သည် ကော်သူလေးမိတ်ဆွေ များ အသိမ်းပိုက်ခံထားရသော မော်လမြိုင်ခရိုင်ရှိ နယ်မြေများအတွင်း၌ လက်နက်များ သိမ်းမိ၏။ လူညှ့်လည်တိုက်ခိုက်မိ၏။ ထိုသို့ ပြုလုပ်ခြင်း နှင့် ပတ်သက်၍ ရန်ကုန်ရွှေမြို့တော်ကြီးအတွင်း၌ တိုင်စာများ ရောက် နေလေပြီ။

စစ်တပ်တစ်တပ်အဖြစ်နှင့် ရန်သူ့နယ်မြေအတွင်းတွင် မိမိ တို့အား တိုက်ခိုက်ရန် တရားမဝင်ဘဲ ကိုင်ဆောင်ထားသော အစုလိုက် အပြုံလိုက် လက်နက်များကိုမှ မသိမ်းဆည်းရလျှင် မည်သို့ အလုပ်လုပ် ပါမည်နည်း။

ထိုသို့ သွားရောက်သိမ်းဆည်းခြင်းကြောင့် မိမိအား ခုခံပစ် ခတ်နေပါလျက်နှင့် ပြန်လည်မတိုက်ရလျှင် မည်သို့ အလုပ်လုပ်ရပါမည် နည်း။

စာရေးသူတို့သည် ဤအတိုင်းပင် လုပ်ခဲ့၏။ ဤအတိုင်း ပင် ခံခဲ့ရ၏။ ဤအပြစ်များကြောင့်ပင် ထားဝယ်ခရိုင်အတွင်းသို့ ပြန် ရောက်ခဲ့ရ၏။

ထားဝယ်ခရိုင်ကား ကော်သူလေးများ မသိမ်းပိုက်သေးသော ခရိုင်ဖြစ်၏။ သို့သော် ကော်သူလေးများ သိမ်းပိုက်ရန် ပြင်ဆင်ပြီး ရည် ရွယ်ပြီးသော ခရိုင်လည်းဟုတ်၏။ ထိုခရိုင်ကို ကော်သူလေးများလက် သို့ မကျဆင်းရန် ကာကွယ်ပေးပါဟု ပြောလျက် တော်လှန်ရေးရဲဘော် ဟောင်းများ ဖြစ်ခဲ့ကြသော ပေါင်းဟောင်းသင်းဟောင်း ဗိုလ်မှူးကြီးများက အရေးပါတပ် ဖွဲ့ပေး၍ စေလွှတ်လိုက်၏။

သို့သော် ထားဝယ်ခရိုင်သို့ ရောက်ရှိသောအခါ ခရိုင်ဝန် မစ္စတာကီလီက ဆီး၍ပြော၏။

ကရင်အမျိုးသားကို မည်သည့်ဗမာတပ်ဖွဲ့များကမျှ စတင်၍ မတိုက်ခိုက်ရ၊ တိုက်ခိုက်လျှင် ဥပဒေအရ အပြင်းထန်ဆုံး အရေးယူရမည်ဟု မိမိတို့ခရိုင်ဝန်ကြီးအား ဝန်ကြီးချုပ် ဦးနုက ပြောကြားထားပါသည်တဲ့။

ယခု ကော်သူလေးရဲဘော်များသည် အင်နှင့် အားနှင့် စုရုံးလျက် ထားဝယ်မြို့ကြီးကို သိမ်းပိုက်ရန် ကြံစည်နေကြလေပြီ။

"တစ်ခုတော့ ရှိတယ် ခရိုင်ဝန်မင်း၊ အနီးအနားမှာရှိတဲ့ ကရင်ရွာတွေကို တပ်နဲ့သွားပြီး လက်နက်တွေ ဘာတွေ ရှာဖွေသိမ်းပစ်လိုက်ရင် ကောင်းမယ်"

"ဟုတ်တော့ ဟုတ်တယ် ဗိုလ်ကြီး၊ အဲဒါ ခက်နေတာပဲ၊ ဒီလိုသွားသိမ်းရင် ကျွန်တော်တို့နဲ့ တိုက်ပွဲဖြစ်ရမှာပဲ၊ ဒီလိုတိုက်ပွဲဖြစ်ရင် ကျွန်တော်တို့က လာတိုက်လို့ ခုခံရပါတယ်ဆိုတာ ဖြစ်သွားမယ်၊ ဒီလိုဖြစ်တာကို ဝန်ကြီးချုပ်က မကြိုက်ဘူး"

"ကဲဗျာ…ဝန်ကြီးချုပ် မကြိုက်တာက ဟုတ်ပါပြီ၊ ကျွန်တော်တို့က ဒီလိုပဲ ခံနေကြရမှာလား၊ ဒါကြောင့် တစ်မြို့ပြီးတစ်မြို့ကျ ကုန်တာပဲ၊ ကျွန်တော်တို့ တိုက်ရတဲ့လူတွေကတော့ ပြုံအောင် လံအောင် တိုက်လို့ အသက်ကို ခေါင်းကထွက်ရမလား ဖင်ကထွက်ရမလား တောင် မသိဘူး၊ ပြောရတာ ဆောရီးဗျာ…ကျွန်တော် တော်တော် စိတ်ပေါက်တယ်"

"ဟုတ်တယ် ဗိုလ်ကြီး၊ ဗိုလ်ကြီးပြောတာတွေ မှန်တယ်၊ ဒါပေမဲ့ ကျွန်တော့်ဆီကိုလည်း အမိန့်တွေ တစ်ခုပြီးတစ်ခု ဆိုက်ဖာနဲ့ပို့ပို့နေတယ်၊ ဗိုလ်ကြီးတို့တပ်ဟာ နည်းနည်းရမ်းတယ်တဲ့၊ အဲဒါကို ထိန်းထားပါတဲ့၊ ထိန်းလို့မရဘူးထင်ရင် အကြောင်းပြန်ကြားပါတဲ့၊ ပြန်ခေါ်ယူမယ်တဲ့၊ ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ၊ ကျွန်တော်လည်း မတတ်နိုင်တော့ဘူး၊ အခုကမ်းနားမှာ သင်္ဘောအဆင်သင့်

မီးထိုးထားတယ်၊ အရေးအကြောင်းရှိရင် ငွေတိုက်နဲ့ အရေးကြီးတဲ့ ပစ္စည်းတွေသိမ်းပြီး ဆုတ်သွားရုံပဲ၊ အမိန့်နဲ့ဆိုတော့ မတတ်နိုင်တော့ဘူး၊ ကျွန်တော်လည်း အခုလို ဗိုလ်ကြီးကို ဖွင့်ပြောရတာ တောင်ရှက်ပါတယ်”

ခရိုင်ဝန်ကြီးသည် တကယ်ပင် စိတ်မချမ်းမြေ့စွာ ပြောနေခြင်းဖြစ်၏။ ဗိုလ်မှူးသံဒိုင်ကား အတော်ဒေါပွနေ၏။ ဣန္ဒြေမပျက်နေကြရသော်လည်း တာဝန်ရှိသူများ နေ့စဉ်ခေါင်းချင်းရိုက်နေ၏။

ကျွန်တော်တို့က သတင်းအပို့ခိုင်းသဖြင့် ခရိုင်ဝန်ကြီးက သတင်းကို ရန်ကုန်သို့ပို့။ ပြန်လာသော သတင်းကား လာတိုက်လျှင်ခုခံရန် အဆင်သင့် လုပ်ထားပါ၊ မင်းတို့က စမတိုက်ပါနှင့်ဟု ပြန်ကြား၏။

ဤမျှ ကျယ်သောမြို့ကို ဤမျှအင်အားစုကလေးနှင့် မဝင်နိုင်အောင် မည်သို့စောင့်ပါမည်နည်း။ ဝင်လာပြီးလျှင်ကား ပြန်တိုက်ထုတ်က ဖြစ်၏။ သို့ရာတွင် အဝင်ခံရပါသည် ဆိုသည်နှင့် တစ်ပြိုင်နက် မြို့သူမြို့သားများ စိတ်ဓာတ်ပျက်ပြားမည်ဖြစ်၏။ အစိုးရတစ်ဖွဲ့လုံးနှင့် တကွ စာရေးသူတို့ တပ်များကိုပါ အားကိုးမှု၊ ယုံကြည်မှု လျော့ပါးသွားကြမည် ဖြစ်၏။ အမိန့်ဟူသည်ကား ပေးရသူများအဖို့လွယ်ကူ၏။ ပန်ကာလေအောက်ရှိ ဖုံကုလားထိုင်ကြီးပေါ်တွင် အလွန်သက်သက်သာသာထိုင်ရင်း ပါးစပ်မှ ခပ်ပေါ့ပေါ့ကလေး ပြောလိုက်နိုင်၏။

ထိုပြောလိုက်ချက်တို့သည် အမိန့်အဖြစ်နှင့် ရောက်ရှိလာသောအခါ လက်တွေ့လုပ်ရသူများအဖို့ မလုပ်ရသေးမီပင် မဖြစ်နိုင်သည်တို့ကို သိရှိရသဖြင့် ချွေးသီးချွေးပေါက်ကျအောင် စိတ်ဆင်းရဲရ၏။ လုပ်ပြန်သောအခါလည်း ကြိုတင်သိထားကြသည့်အလိုက် ဘေးဥပါဒ်အခက်အခဲများနှင့် တွေ့ဆုံကြုံကြိုက်ရ၏။ ပျက်စီးဆုံးရှုံးကြရ၏။ အသေဆိုးသေကြရ၏။

“ဟေ့ … ညီလေး၊ ကင်းလေး ဘာလေး ကြည့်ရှုချထားလိုက်ပေါ့ကွာ ဖြစ်ချင်တာ ဖြစ်ပါစေ၊ တို့အဖို့ မထူးပါဘူး၊ ဝင်လာတော့မှပဲ သူသေသေ ကိုယ်သေသေ တိုက်ကြတာပေါ့၊ တို့ကတော့ သေ

မှာပဲ၊ သေတာလည်း ကောင်းပါတယ်ကွာ ဒုက္ခအေးတာပေါ့၊ လာ လာ ညီလေး၊ မသေခင် စိတ်ပြေလက်ပျောက် ထန်းရေတစ်ကျည်လောက် သွားသောက်လိုက်ကြဦးစို့"

ဗိုလ်မှူးသံဒိုင်သည် အလွန်စိတ်ပျက်စွာဖြင့် ဤအတိုင်းပင် ဂျစ်ကားတစ်စီးနှင့် မြို့ပြင်သို့ထွက်လျက် မူးနေလေ့ရှိ၏။ ခရိုင်ဝန်ကြီးလည်း ဤအတိုင်းပင် မူး၏။

စာရေးသူသည် ဗိုလ်မှူးသံဒိုင်ခေါ်ဆောင်ရာသို့ လိုက်ပါသွားရင်း ဂျစ်ကားကို လမ်းဘေးသို့ရပ်လျက် ထန်းပင်အောက်မှ မြက်ခင်းပြင်တွင် ထိုင်၏။

မျက်စိတစ်ဆုံး မြင်နေရသော လမ်းမကြီး၏ဘေးနှစ်ဖက်တွင် ယင်းဆွဲကလေးများ စီရရီနှင့် တသီတတန်းကြီး ပေါက်နေသော ထန်းပင်များကို မြင်ရ၏။

လမ်းမကြီး၏ ဝဲယာနှစ်ဖက်တို့တွင် အသီးအဆန် အောင်သော်လည်း အစိမ်းရောင်ရှိဆဲ ရှိသေးသော လယ်ကွင်းပြန့်ကြီးကိုလည်း မြင်ရ၏။

အမြှုပ်ကလေး အဖွေးသားနှင့် ချလာသည့် ထန်းရေဝါးကျည်တောက်ကိုယူလျက် သောက်တော့မည့်ဆဲဆဲ ရှိကြစဉ် ခပ်လှမ်းလှမ်းကွင်းပြင်ထဲမှ ဖြတ်သန်းသွားကြကုန်သော မြို့ထဲသို့ဝင်ရန်ပြုပြီးမှ စာရေးသူတို့ကို မြင်သဖြင့် စာရေးသူတို့ ရှိရာသို့ ပြန်လာကြကုန်သည့် ရဲဘော်တစ်စုကို တွေ့ရ၏။

ဗိုလ်နေဝင်းနှင့် ရဲဘော်များ ဖြစ်ကြသည်။ ၎င်းတို့သည် ကော်သူလေးအမျိုးသားအချို့၏သတင်းကို ရရှိလာကြသဖြင့် ရုံးသို့မသွားမူဘဲ စာရေးသူတို့ရှိရာသို့ ပြန်လာကြခြင်းဖြစ်၏။

ဤတွင် စာရေးသူသည် သတင်းထက်ပို၍ တန်ဖိုးရှိသော အကြောင်းအချက်တစ်ခုကို ရလိုက်သည်။ ထားဝယ်ကို စီးနင်းလိုက်ကြသူတို့သည် ၎င်းတို့အား အတော်အတန် အန္တရာယ်ပြုနိုင်သည့် စာရေးသူတို့က မြို့အပြင် ခပ်လှမ်းလှမ်းမှထွက်၍ လမ်းပိတ်စောင့်နေကြမည်ဆိုလျှင် သူတို့သည် ဗိုလ်နေဝင်းတို့ကဲ့သို့ပင် စာရေးသူတို့ရှိရာသို့ ဦးတိုက်

ရောက်လာကြရပေလိမ့်မည်။ ဗိုလ်နေဝင်းတို့ ပြန်သွားကြသောအခါ စာရေးသူသည် လဟာပြင်တွင် ခပ်ယဉ်ယဉ်ကလေးတွေလျက် ထိုအကြောင်းအရာကို ဗိုလ်မှူးသံဒိုင်အား ပြော၏။ ထို့နောက် ဗိုလ်မှူးသံဒိုင်နှင့်အတူ ပြန်လာကြပြီးလျှင် ခရိုင်ဝန်ကြီးကို ပြော၏။ နောက်တစ်နေ့သို့ ရောက်သောအခါ စာရေးသူတို့တပ်ခွဲကလေးသည် ထားဝယ်မြို့နှင့် ၄၆ မိုင်ဝေးသော ကလိန်အောင်ရွာသို့ ပြောင်းရွှေ့လာခဲ့ကြလေသတည်း။

■ ■ ■

## "ငယ်နုသူတို့၏ ချစ်ရေး"

ခရိုင်ဝန်ကြီးသည် လည်းကောင်း၊ ရဲဘော်သံဒိုင်သည် လည်းကောင်း၊ စာရေးသူတို့၏တပ်စုကလေး ထားဝယ်မြို့မှ ထွက်ခွာခဲ့ကြသဖြင့် အားငယ်လျက် ကျန်ရစ်ခဲ့ကြ၏။

သို့ရာတွင် အခက်အခဲနှင့် ကြုံတွေ့နေသည့် အချိန်၌ စာရေးသူပြောသည်တို့ကို ဟုတ်ယောင်ယောင်ထင်ကာ ခွင့်လွှတ်လိုက်ကြ ရခြင်းဖြစ်၏။

စာရေးသူ၏ စိတ်ထဲ၌လည်း စာရေးသူ ထင်သည့်အတိုင်း ဖြစ်လိမ့်မည်ဟု စိတ်ချလက်ချ ယုံကြည်နေ၏။ ယုံကြည်ပုံကား ဤသို့တည်း...

ယခုတစ်ကြိမ်တွင် ကော်သူလေးရဲဘော်တို့သည် ယခင် စာရေးသူတို့ရောက်စအချိန်ကကဲ့သို့ ရိက္ခာများနှင့် ပတ်သက်၍ ထားဝယ်မြို့ကို အားကိုးရန်မလို၊ မော်လမြိုင်နှင့် ထားဝယ်သည် ကားလမ်းပေါက်နေ၏။ ဘတ်စ်ကားကြီးများ ဥဒဟိုသွားနေကြ၏။ ကလိန်အောင်ကဲ့သို့သောရွာကို ဖြတ်ချင်းရောက်လာကြပြီးလျှင် နောက်တစ်နေ့ ထားဝယ်သို့ လာရောက်တိုက်နိုင်၏။ နောက်တစ်ခုလည်း ကလိန်အောင်ရွာကို မကျော်လွန်ဘဲ ထားဝယ်ကို သွားရောက်တိုက်ခိုက်ရန် အခြားလမ်းတစ်ခုသာရှိ၏။

ထိုတစ်ခုမှ သွားလျှင်လည်း ချက်ချင်း သတင်းကြားနိုင်၏။

သတင်းရလျှင် စာရေးသူတို့ တပ်သည် နာရီဝက်အတွင်း ကြိုတင်အသင့်စောင့်ဆိုင်းကြလျက် ချောင်းတစ်ဖက်ကမ်းသို့ ကူးလာကြ

မည့် ကော်သူလေး မိတ်ဆွေများအား ချေမှုန်းနိုင်၏။ ဤသို့ ချေမှုန်းနိုင်ရန်အတွက်လည်း ချီတက်လာကြသော ကော်သူလေး မိတ်ဆွေများက စတင်တိုက်ခိုက်ရန် ဖန်တီး၍လည်းရ၏။ ကန်ဘောက်လမ်းဖြစ်သော ဤလမ်းမှ မလာကြလိုလျှင် စာရေးသူတို့ရှိရာ ကလိန်အောင်ရွာကို ဖြတ်ကျော်ရပေလိမ့်မည်။

ဤသို့ဆိုလျှင် ကော်သူလေးမိတ်ဆွေများ စာရေးသူတို့နှင့် တွေ့ဆုံတိုက်ခိုက်နေချိန်တွင် ထားဝယ်မြို့ရှိ ဗိုလ်မှူးသံဒိုင်သည် စစ်ဝန်ထမ်းတပ်များကို အကူလွှတ်လိုက်နိုင်၏။ ထားဝယ်မြို့အတွက် ကာကွယ်ရေးကို ကြိုတင်ပြင်ဆင်နိုင်၏။ ထို့အပြင် မြို့ပေါ်ရှိ လူထုအတွက်လည်း ရှောင်ရန် တိမ်းရန် အချိန်ရသဖြင့်၊ တိုက်ပွဲဖြစ်ပွားခဲ့သော် မငဲ့မညှာတိုက်နိုင်၏။ နောက်တစ်ချက်ကား အကယ်၍ ကော်သူလေးမိတ်ဆွေများသည် စာရေးသူတို့အား နိုင်သည်အထိ မတိုက်နိုင်ခဲ့ပါလျှင် ထားဝယ်မြို့အတွက် စိုးရိမ်စရာမရှိပေ။

စာရေးသူသည် ဤအချက်ကို တွေးတောမိသဖြင့် ကလိန်အောင်ရွာသို့ စာရေးသူတို့၏ တပ်ခွဲကို ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်၏။

ကလိန်အောင်ရွာသို့ရောက်သော် စာရေးသူတို့သည် ယခင်က ယေးမြို့သို့ ချီတက်စဉ်က တည်းခိုခဲ့သော ကလိန်အောင်ရွာ၏ တစ်ဖက်ကမ်းရှိ တောင်ကတုံးပေါ်မှ ဗိုလ်တဲတွင် နေရာယူလိုက်ကြ၏။

ထို့ကြောင့် စာရေးသူတို့နှင့် ကလိန်အောင်ရွာအကြားတွင် ကလိန်အောင်ချောင်းတစ်ခု ခြားနေ၏။ ရွာဘက်မှနေ၍ ကြည့်လိုက်လျှင် စာရေးသူတို့ဘက်ကမ်းသည် မတ်စောက်သော တောင်ကမ်းပါးနံရံကြီးဖြစ်လျက် ထိုတောင်ကမ်းပါးနံရံကြီး၏ နေရာတစ်ခုမှ ပေ ၄၀၀ ခန့်ရှည်သော ကလိန်အောင်သံတံတားကြီးသည် ကလိန်အောင်ရွာဦးသို့ ထိပ်တိုက်ဝင်လာ၏။

သံတံတားကြီး၏ လက်ယာဘက်ဘေးတွင် စာရေးသူတို့ စခန်းချနေသည့် တောင်ကတုံးကလေးဖြစ်၏။ လက်ဝဲဘက်ဘေးတွင် အတော်အတန် မြင့်မားသော တောင်တန်းကြီးဖြစ်၏။ တောင်တန်းကြီးနှင့် စာရေးသူတို့ရှိရာ တောင်ကတုံးကလေးသည် ပေနှစ်ဆယ်မျှသာကျယ်

မည့် မော်တော်ကားလမ်းတစ်ခု ခြားနေ၏။ ထိုမော်တော်ကားလမ်းသည် တောင်ကိုဖောက်၍ ပြုလုပ်ထားသောကြောင့် တစ်ဖက်ရှိ တောင်တန်းနှင့် စာရေးသူတို့ နေထိုင်ရာ တောင်ကတုံးကလေးကို နက်ရှိုင်းသောမြောင်း ကြီးတစ်ခုကဲ့သို့ ခြားပေးလျက် သံတံတားကြီးရှိရာသို့ ဦးတိုက်ရောက်၏။

စာရေးသူသည် ရဲဘော်များကို တောင်ကုန်းကလေးပေါ်၌ ပင်လျှင် တစ်စုတစ်စည်းတည်း နေရာယူစေ၏။

ထို့နောက် ရဲဘော်များ ထိုင်းမသွားစေရန် နံနက်တိုင်း ကျန်းမာရေးအတွက် လက်နက်ခဲယမ်း အပြည့်အစုံနှင့် သုံးမိုင် လေးမိုင် ပြေးစေ၏။

အနီးအနားပတ်ဝန်းကျင် မြေအနေအထားကို သိရှိကျွမ်း ကျင်စေရန် တပ်စိတ်ငယ်များမှအစ ခေါင်းဆောင်တိုက်ခိုက်ရမည့် ရဲဘော် များအားလုံးတို့ကို လေ့လာစေ၏။

မိမိတို့ တောင်ကတုံးကလေးပေါ်သို့ တက်ရန် လမ်းဘယ် နှစ်ခုရှိသည်။ ထိုလမ်းများမှ ရန်သူတက်လာလျှင် မည်သို့ကာကွယ်ခုခံ မည်ဟု ရှာဖွေစေ၏။

စာရေးသူကိုယ်တိုင်လည်း စာရေးသူတို့ စခန်းချရာနေရာ ကို ရန်ပြုနိုင်မည့် တစ်ဖက်တွင်ရှိသော တောင်တန်းကြီး၏ အမြင့်ဆုံး ထိပ်အထိ တက်ကြည့်၏။

ထိုထိပ်မှနေ၍ စာရေးသူတို့ နေရာသို့ကြည့်လျက် အကယ် ၍ ရန်သူသည် မမျှော်လင့်ဘဲ ဤတောင်ကြီးပေါ်သို့ ရောက်ရှိလာ၍ စာရေးသူတို့အား ပစ်ခတ်တိုက်ခိုက်ခဲ့သော် စာရေးသူတို့သည် တောင်က တုန်းကလေးပေါ်၌ ရန်သူ၏ ကျည်ကွယ် မျက်ကွယ်ရရန် မည်သည့်နေရာ တွင် ပုန်းခိုနေရာယူရမည်ကို ရှာဖွေထား၏။ ထို့ပြင်လည်း ရဲဘော်တို့ အား အဖွဲ့ငယ်ကလေးများ ဖွဲ့စည်းပေးလျက် ညစဉ် အမဲလိုက်စေ၏။ စာရေးသူကိုယ်တိုင်လည်း အမဲလိုက်၏။ စည်းကမ်းတစ်ခုကို ထားခဲ့သည် မှာ အမဲလိုက်သူသည် ကျည်ဆံတစ်တောင့် ကုန်ပြီးလျှင် အမဲရ,ရမည် ဖြစ်၏။ ရှေးဦးစွာပစ်သော ကျည်ဆံသည် အမဲကို ဒဏ်ရာရစေလျှင် မရမချင်း ဆက်လက်ပစ်ခတ်နိုင်ခွင့်ရှိ၏။ ကျည်ဆန်ကုန်ပါလျက်နှင့်

အမဲမရရှိလျှင်ကား မြေတူးခြင်း၊ ကင်းစောင့်ရခြင်း စသော ဒဏ်များပေး၏။ ဤနည်းဖြင့် စာရေးသူတို့ ရဲဘော်ကလေးများသည် အမဲမရနိုင်ကြသော်လည်း တောကျွမ်းကျင်လာကြ၏။ ညဘက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ စောင့်နေတတ်လာကြ၏။

ထို့ထက်တန်ဖိုးရှိသော အချက်ကား ကရင်အမျိုးသားများ လက်နက်ကိုင်စွဲကြလျက် တိတ်တဆိတ် တောလမ်းမှ သုံးယောက်တစ်တွဲ ငါးယောက်တစ်တွဲ ဖြတ်သန်းသွားလာနေကြခြင်းကို နှစ်ရက်တစ်ကြိမ် သုံးရက်တစ်ကြိမ်ခန့် တွေ့ရှိလာကြရခြင်းဖြစ်၏။

ဤတွင် စာရေးသူသည် ရဲဘော်များကို ညနေတိုင်းတန်းစီ၍ တိုက်ပွဲများနှင့် ရင်ဆိုင်ရန် အချိန်နီးလာပြီဖြစ်ကြောင်းတို့ကို ပြော၏။ အစစ သတိဝီရိယရှိရမည်ဟု နှိုးဆော်၏။ ယခုအခြေအနေအတိုင်း အရေးအကြောင်းရှိခဲ့လျှင် တပ်ခွဲတစ်ခုလုံး မည်သို့နေရာယူကြရမည်တို့ကို အသေးစိတ် ညွှန်ကြား၏။ ဗိုလ်ကလေးများကိုလည်း တာဝန်ကန့်သတ်၍ ခွဲပေးထား၏။ ထို့နောက် အချိန်အမျိုးမျိုးတို့တွင် အမှတ်မထင် တပ်လှန့်ပေးလျက် မိမိတို့ရဲဘော်များ စနစ်တကျရှိမရှိ၊ သေသပ်မှု၊ ဖျတ်လတ်မှုရှိမရှိ စမ်းသပ်စစ်ဆေးကြည့်ရှု၏။ လိုသည်တို့ကို ပြင်ပေး၏။ ပေါ့လျော့သူ ဖင်လေးသူ ပျင်းရိသူများကို လိုအပ်သည့်နေရာတို့တွင် ခိုကျင်းများ၊ ခံကတုတ်များ တူးစေ၏။ ဤသို့ဖြင့် တပ်ခွဲတစ်ခုလုံးကို အသားသေအောင် တစ်ဖက်မှ ပြုလုပ်ထားပြီးနောက် တစ်ဖက်မှလည်း စားရေရိက္ခာတို့ကို သိုလှောင်ထား၏။ ထို့နောက် ခရိုင်ဝန်ကြီးဆီသို့ သွားရောက် အကြောင်းကြား၏။

စာရေးသူတို့အနီးတွင် ဤမျှနီးကပ်စွာ ကရင်အမျိုးသားများ သွားလာ လှုပ်ရှားမှုကို သိနေရပါလျက်နှင့်မှ စာရေးသူတို့ ပေခံနေကြရမည်ဆိုလျှင် စာရေးသူတို့ထက် မိုက်သောသူများ ရှိလိမ့်မည်မဟုတ်ကြောင်းတို့ကို ပြောပြရ၏။

ဤတွင် ခရိုင်ဝန်ကြီးသည် သက်ဆိုင်ရာ ပြည်ထဲရေးဌာနသို့လည်းကောင်း၊ ဝန်ကြီးချုပ်သို့လည်းကောင်း သွားရောက်တွေ့ဆုံရှင်း

လင်းပြပါမည်ဟု ပြောလျက် နောက်နေ့တွင် ရန်ကုန်သို့ လေကြောင်းနှင့် လိုက်ပါသွားသည်ဟု သိရ၏။

ဗိုလ်မှူးသံဒိုင်ကမူကား အလွန်စိတ်ပေါက်နေဟန်နှင့် ခွ,ဆဲလျက်ရှိ၏။

"မဟုတ်ပါဘူး ညီလေးရာ၊ တို့လူတွေကလည်း တပ်တွေဖွဲ့ပေးပြီးတော့ ဘာလို့ သူတို့အောက်မှာ မထားဘဲ ဒီလို ဘာမှမလုပ်တတ်တဲ့ အရေးပိုင်တို့ ဝန်ထောက်တို့ဆိုတဲ့ အကောင်တွေနဲ့ တွဲအလုပ်ခိုင်းရတာတုံး ...

ဒီအရေးပိုင်တို့ ဝန်ထောက်တို့ဆိုတဲ့ အကောင်တွေက ဘာမှ သူတို့ဟာသူတို့ လုပ်ရဲကြတဲ့ အကောင်တွေ မဟုတ်ဘူး၊ တစ်ဆိတ်ရှိ ပြည်ထဲရေးတို့ တစ်ဆိတ်ရှိ ဝန်ကြီးချုပ်တို့ဆီ သွားသွားအမိန့်ခံပြီး စာအုပ်ကြီးထဲက နည်းအတိုင်း သူတို့အပြစ်လွတ်အောင် လုပ်နေတာ ခရိုင်တစ်ခုလုံး ရန်သူ့လက်ထဲရောက်တာ မရောက်တာက အရေးမကြီးဘူး၊ သူတို့ အပြစ်လွတ်ဖို့ မလွတ်ဖို့က ပိုပြီးအရေးကြီးတယ်၊

ဒီခရိုင်ဟာ ရန်သူ့လက်ထဲ မရောက်ပေမယ့် အမိန့်အတိုင်း မလုပ်တဲ့အတွက် သူတို့ အပြစ်တင်ခံရမယ်ဆိုရင် ဘယ်တော့မှ အဲဒီခရိုင် အဲဒီမြို့အတွက် မကာကွယ်တော့ဘူး၊ အဲ... ရန်သူလက်ထဲကျလို့ တစ်မြို့လုံး အသတ်ခံသွားရပေစေ အမိန့်အတိုင်းလုပ်မှနာမည်ကောင်းမယ်ဆိုရင် အမိန့်အတိုင်း လုပ်မှာပဲ...

ညီလေး စဉ်းစားကြည့်လေ၊ ဒီပြည်ထဲရေးတို့ ဒီဝန်ကြီးချုပ်တို့ဆိုတဲ့ လူတွေကကော တို့ဒီမှာလုပ်နေရတာကို ဘာနားလည်လို့တုံး၊ သူတို့က စစ်တိုက်ဖူးလို့လား၊ အဲဒီလူတွေဆီ သွားသွားပြီး ဒီအရေးပိုင်ဆိုတဲ့ အကောင်က အမိန့်ခံနေတော့ ကိုယ်တို့က ဘာလုပ်ကြရမှာတုံး ...

အဲဒီတော့ ညီလေးရေ ... ကိုယ်တော့ ဗိုလ်အောင်ကြီးကိုပဲ သွားပြီး ကလော်တုတ်လိုက်ချင်တာပဲ၊ ကြည့်ပါဦးကွာ၊ ညီလေးတို့ လူဟောင်းတွေကို စုခေါ်ပြီး သွားကြပါ ... သွားကြပါနဲ့ နေရာအနှံ့ အတင်းတွန်းလွှတ်တာက ဗိုလ်အောင်ကြီး၊ ဘယ်လို အခြေအနေဖြစ်

ဖြစ် အသေခံပြီး တိုက်ကြ ခိုက်ကြရမှာက ညီလေးတို့ ကိုကြီးတို့၊ ဘယ်လိုမလုပ်ရဘူး ဘယ်လိုဖြင့် မတိုက်ပါနဲ့ ဝင် ဝင်မှောင့်ကြ ညွှန်ကြားပေးကြတာက ဝန်ကြီးချုပ် သခင်နုနဲ့ ဒီအရေးပိုင်တို့ ဝန်ထောက်တို့ဆိုတဲ့ လူတွေ၊ အဲဒီတော့ ညီလေးရာ ကိုယ့်ဟာကိုယ် ဖြပြီးသာ သေလိုက်ကြပါစို့”

စာရေးသူတို့သည် ဗိုလ်မှူးသံဒိုင် ပေးသော ဘီယာခွက်ကို ယူသောက်ရင်း ရယ်နေရ၏။ ထို့နောက် အတန်ကြာအောင် ချော့မော့ ပြောဆိုပြီးလျှင် ထားဝယ်မြို့အတွက်လည်း တတ်နိုင်သမျှ ကြိုတင်စီစဉ်မှု ပြုလုပ်ရန် မှာကြားထားခဲ့ရ၏။

တပ်သို့ ပြန်ရောက်သော် တပ်စုမှူးတစ်ယောက်လာ၍ အစီရင်ခံ၏။ တပ်သားတစ်ယောက်ကို ယေးဘက်သို့ လွှတ်လိုက်ရသည့် အကြောင်းဖြစ်သည်။ လွှတ်လိုက်ရသော ကိစ္စကလည်း မင်္ဂလာဆောင် ရန်အတွက်ဟု ဆို၏။

အလိုလိုမှ တိုက်ရေးခိုက်ရေးအတွက် စိတ်ရှုပ်နေရသည့် အထဲတွင် ဤသို့ မင်္ဂလာဆောင်ရန် ရဲဘော်တစ်ယောက်ကို ခရီးသွားခွင့် ပြုလိုက်ခြင်းအတွက် ခွင့်မလွှတ်နိုင်။

ထို့ကြောင့် စစ်ဆေးမေးမြန်းသောအခါ ထိုရဲဘော်ကလေး မှာ ရှမ်းရဲဘော်ကလေးဖြစ်လျက် ယေးမြို့ပေါ်မှ မွန်အပျိုမလေးတစ် ယောက်နှင့် ကြိုက်ခဲ့ကြသည်ဟု ဆို၏။ စာရေးသူတို့တပ်ခွဲ ယေးမှထွက် ခွာလာသော အချိန်တွင် ထိုရဲဘော်သည် တမှိုင်မှိုင် တတွေတွေ ဖြစ်နေရုံ မက၊ မိမိကိုယ်မိမိ သေနတ်နှင့် ပစ်သတ်ရန် အကြိမ်ကြိမ် ကြံသည်ကို ရဲဘော်အချင်းချင်းတို့က ၎င်းတို့တပ်စုမှူး မသိအောင် အုပ်ဆိုင်းလျက် မျက်ခြည်မပြတ် စောင့်ရှောက်ထားကြ၏။

ထိုအချိန်တွင် ယေးမြို့၌ ကျန်ရစ်ခဲ့သော မွန်အပျိုမကလေး ကလည်း အမြဲတစေ ပူဆွေးငိုကြွေးလျက် မိမိကိုယ်မိမိ သေကြောင်းကြံ နေပြီဖြစ်သောကြောင့် မိဘနှစ်ပါးတို့သည် တစ်ဦးတည်းသော သမီးပျို ကလေး၏ အလိုအတိုင်း သမီးပျိုကလေးနှင့်အတူ လာရောက်ကြကာ

အဆိုပါ ရဲဘော်ကလေးအား ၎င်းတို့၏သမီးနှင့် မင်္ဂလာဆောင်ခွင့်ပြုရန် ခွင့်တောင်းကြသည်ဆို၏။

တပ်စုမှူး လုပ်သူသည် မင်္ဂလာဆောင်လိုက ဤတွင်ပင် မင်္ဂလာဆောင်သွားပါရန် ပြောသေးသော်လည်း မိဘလုပ်သူများက မိမိ၏ သမီးအား ရဲဘော်ကလေးနှင့် မခွဲစေဘဲ တစ်ပါတည်း ထည့်လိုက်မည် ဖြစ်ပါသောကြောင့် မင်္ဂလာဆောင်ရန်နှင့် ငါးရက်မျှ မိဘများထံတွင်နေ စေဖို့ ခွင့်ပေးပါမည့်အကြောင်း ဝိုင်းဝန်းတောင်းပန်သောကြောင့် သနား သဖြင့် ခွင့်ပေးမိရသည်ဆို၏။

မည်သို့ အကြောင်းကြောင့်ပင်ဖြစ်စေ တပ်စုမှူးကို အရေးယူ လျက် လုပ်ငန်းတာဝန်များကို အပြင်းအထန် လုပ်ဆောင်စေ၏။ ညဘက် တွင် ကော်သူလေး အမျိုးသားများ ဖြတ်သန်းသွားလာခြင်းကို ကင်းပုန်း ဝပ်လျက် စောင့်ရှောက်ကြည့်ရှုစေ၏။

အချိန်ကလည်း ဆောင်းအခါ ဖြစ်သည့်အပြင် တောင်ကြား လျှိုကြားများအတွင်း၌ ကင်းပုန်းဝပ်နေရသောအခါ အရိုးတွင်းရှိ သွေးများ ခဲလုလု ချမ်းအေးစေသဖြင့် တပ်စုမှူးဖြစ်သူ ဗိုလ်ကလေးအတွက် အလွန် ပြင်းထန်စွာ အရေးယူ ဆုံးဖြတ်ခြင်း ခံရမှုပင်ဖြစ်၏။

တာဝန်ရှိ ဗိုလ်ကလေးစိတ်ထဲတွင် မိမိ၏အပြစ်အတွက် အဆစ်ပါရသူများကား၊ မိမိ၏အပြစ်တွင် မပါဝင်ကြသော ရဲဘော်ကလေး များ ဖြစ်ကြသဖြင့် သစ်ပင်ကြီးများအောက်တွင် တဖြောက်ဖြောက်ကျ ဆင်းလျက်ရှိသော နှင်းများကြောင့် တစ်ကိုယ်လုံး ရွဲရွဲစိုနေကြရသည်နှင့် အတူ ကြီးစွာနောင်တရနေ၏။ သို့သော် တစ်ကိုယ်လုံးမှာ ရွဲရွဲအစိုခံရ ကျိုးနပ်သည်ဟု ဆိုရပေမည်။ အကြောင်းကား ဘရင်းစက်သေနတ်များ နှင့် လွှစ္စစ်ဂန်းခေါ် စက်သေနတ်ငယ်များကို ထမ်းဆောင်လာကြသော ကရင်အမျိုးသား(၃၀)ကျော်တို့သည် သွားရိုးသွားစဉ် မော်တော်ကားလမ်းမ ကြီးမှဖယ်ကြဉ်လျက် နှင်းဥများကြောင့် အဖွေးသားဖြစ်နေကြသော တော ခြုံများကိုတိုးကာ စာရေးသူ၏ တပ်စုဗိုလ်ကလေးတို့ရှိနေရာ လူသိုက် အနီးမှ ဖြတ်သန်းသွားကြသဖြင့် သေသေချာချာ အနီးကပ် မြင်လိုက်ကြ ရသောကြောင့် ဖြစ်၏။

တပ်စုဗိုလ်ကလေးသည် လူဘယ်နှယောက်၊ စက်သေနတ် ဘယ်နှလက်၊ ရိုးရိုးရိုင်ဖယ် ဘယ်နှလက်၊ ခြောက်လုံးပြူး ဘယ်နှလက် စသည်ဖြင့် အတိအကျ သိလိုက်ရ၏။

နံနက်တွင် ဤအကြောင်းများကို ကြားသိရသောအခါ ကော်သူလေးစစ်သားများ ပြောင်းရွှေ့လာကြပြီဖြစ်ကြောင်းကို သိလျက် စိုးရိမ်ပူပန်လာရ၏။ နေ့ညမဟူ ကင်းရှည်များ ကင်းပုန်းများကို ချထားလျက် တစေ့တစောင်း ကြည့်စေရ၏။

အနီးအနားတွင်ရှိသော ကရင်အမျိုးသား ရွာကလေးဖြစ်သည့် ဇင်းဘာရွာသို့ ကလိန်အောင်ရွာတွင်းမှ အရပ်သားများကို အမှတ်မထင်လွှတ်၍ အကြည့်ခိုင်းရ၏။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် ကော်သူလေး တပ်ဖွဲ့သည်၊ ဟော...တစ်တပ်၊ ဟော ... တစ်တပ်၊ လာလေ့ တစ်တပ် ဆိုသကဲ့သို့ လက်နက်အပြည့်အစုံ ကိုင်စွဲလျက် စာရေးသူတို့ မျက်လုံးပြူး လောက်အောင် ရောက်ရှိလာကြ၏။

ဤတွင် စာရေးသူသည် စာရေးသူ၏တပ်မှ မခွာဝံ့ဘဲ၊ ရဲဘော်ကလေးများကို ထားဝယ်သို့လွှတ်လျက် အကြောင်းကြားရ၏။ ဗိုလ်မှူးသံဒိုင်ကို ဆွေးနွေးရန် လာပါမည့်အကြောင်း ဖိတ်ကြားရ၏။

ဗိုလ်မှူးသံဒိုင်ကလည်း လာရှာ၏။ ခရိုင်ဝန်ကြီး မရောက်သေးကြောင်း၊ နက်ဖြန် ရောက်လိမ့်မည်ဖြစ်ကြောင်းတို့ကိုလည်း ပြော၏။

"မထူးပါဘူး ညီလေးရာ၊ ငါ့စစ်ဝန်ထမ်းတပ်တွေနဲ့အတူ ကိုယ်ပါ မင်းနဲ့လာနေလိုက်တာ ကောင်းပါတယ်၊ ဒီထားဝယ်မြို့ကြီးကို ဖြစ်ချင်ရာ ဖြစ်ပေစေတော့"

ဟုလည်း ဆို၏။

နောက်ဆုံးတွင် ကျွန်တော်တို့လိုအပ်သည့် ခဲယမ်းမီးကျောက်များကို ရန်ကုန်သို့ အကြောင်းကြား၍ ကြိုတင်မှာထားပေးမည် ဖြစ်ကြောင်းနှင့် အားပေးစကား ပြောကြားပြီးလျှင် ပြန်သွားရှာ၏။

ယခုတစ်ကြိမ် ဗိုလ်မှူးသံဒိုင်နှင့် စာရေးသူ ခွဲရသည်မှာ စိတ်ထဲ၌ အတော်ထိခိုက်မိသည်။ စာရေးသူသည် နေ့လား...ညလားမသိ၊ ရန်သူတွေနှင့် ရင်ဆိုင်ရတော့မည့်သူဖြစ်၏။ ဗိုလ်မှူးသံဒိုင်နှုတ်ဆက်၍

ဂျစ်ကားပေါ် တက်သွားသည်ကို စာရေးသူသည် ပြုံးလျက် ကြည့်နေရသော်လည်း စာရေးသူ၏မျက်နှာသည် အလိုလို ငယ်နေသည်ဟုထင်၏။

စာရေးသူသာလျှင်မဟုတ် ဗိုလ်မှူးသံဒိုင်၏မျက်နှာကို ကြည့်ရသည်မှာလည်း တစ်မျိုးကြီးဖြစ်နေ၏။ ရှေးရှေးကတည်းက မိမိတို့နှင့် တိုက်ဖော်တိုက်ဖက် လူဟောင်းကလေးတစ်ဦး ဖြစ်သဖြင့် ညီငယ်ကလေးကဲ့သို့ ရင်းနှီးချစ်ခင်နေသော သူတစ်ဦးအား သဲသဲမဲမဲ ချေမှုန်းတော့မည့် ရန်သူများအလယ်တွင် သိပါလျက်နှင့် ဖွတ်တားခဲ့ရခြင်းဖြစ်ရာ ဗိုလ်မှူးသံဒိုင်၏ အပြုံးသည် အဘယ်မှာလျှင် ဝမ်းထဲမှ ပါနိုင်ပါအံ့နည်း။

ဗိုလ်မှူးသံဒိုင်သည် ဂျစ်ကားပေါ်မှနေ၍ စာရေးသူ၏လက်ကို တင်းကျပ်စွာ ဆုပ်ထားလျက် အတော်ကြာ ငေးနေ၏။ ထို့နောက် ကျွန်တော်တို့ အချင်းချင်း တစ်ပြိုင်တည်း တစ်ယောက်မျက်နှာ တစ်ယောက် ပြုံးကြည့်ကြ၏။ ထို့နောက်မှ စာရေးသူ၏လက်ကိုလွှတ်ပြီး,ပြီးချင်း ကားကို ဝူးခနဲ မောင်းထွက်သွား၏။

စာရေးသူသည် ဗိုလ်မှူးသံဒိုင်၏ကားကို မကြည့်ဘဲ တစ်ဖက်သို့ လှည့်လိုက်သည်။ အကယ်၍ ကားဘက်သို့ကြည့်မိလျှင် စာရေးသူ၏မျက်နှာကို ဗိုလ်မှူးသံဒိုင် မြင်သွားမည်စိုးနေ၏။ ထို့နောက် နေရာတွင် ရပ်ပြီးလျှင် ခေတ္တမျှ ကိုယ့်စိတ်ကိုယ်ထိန်းပြီးမှ မိမိနေရာသို့ ပြန်လာ၏။

တောင်ကုန်းကလေးပေါ် အတက်တွင် ဘတ်စ်ကားကြီး တစ်စီး ရပ်ထားသည်ကို တွေ့ရ၏။ တောင်ကုန်းကလေးပေါ်၌လည်း ရဲဘော်တွေနှင့် အရပ်သားများ စုရုံး စုရုံး လုပ်နေကြ၏။

စာရေးသူ တက်လာသောအခါ ရဲဘော်တွေသည် နေရာတွင် ငြိမ်၍ရပ်နေကြလျက် အရပ်သားများကလည်း မျက်လွှာချပြီး ခေါင်းငုံ့ကြသည်။ စာရေးသူနှင့်မနီးမဝေး အဘိုးကြီး အဘွားကြီးဘေးတွင် ရဲဘော်စိုးသိန်းနှင့် မိန်းမပျိုလေးတစ်ယောက်ကို တွေ့ရ၏။ မင်္ဂလာဆောင်ရန် ခွင့်ပန်ထွက်သွားသော ရဲဘော်တည်း။

ရဲဘော်သည် စစ်သားပီသစွာ သတိအချိုးအစားနှင့်ရပ်လျက် ငြိမ်သက်နေ၏။

မိန်းကလေးက ရဲဘော်၏ဗိုလ်ကြီးဖြစ်သော စာရေးသူကို မရဲတရဲနှင့် မျက်လွှာကို လှန်ချည်ချချည် ပြုလုပ်လျက် ကြည့်နေ၏။

ရဲဘော်စိုးသိန်းသည် ဖြူဖြူတောင့်တောင့် လူပျိုပေါက်ကလေးမျှသာ ဖြစ်ဘိသကဲ့သို့ ရဲဘော်၏ဇနီး မိန်းကလေးမှာလည်း အသက် ၁၄ နှစ်ကျော်ကျော်မျှသာ ရှိဟန်ရ၏။ ရဲဘော်ကဲ့သို့ပင် ဖြူဖြူ၀၀ ကျန်းမာသန်စွမ်းသည့်အလျောက် ရင်သားများသည် မနိုင်မနင်း စည်းနှောင်ထားရဘိသို့ရှိ၏။ လက်မောင်းအိုးကြီးများလည်း တုတ်၏။ အရပ်အမောင်းလည်း ရဲဘော်နှင့် မတိမ်းမယိမ်း လိုက်လျော၏။

စာရေးသူသည် ထိုရဲဘော် ပြန်လာလျှင် အတော်ကလေး အပြစ်ပေးလိုက်ဦးမည်ဟု စိတ်ထဲတွင် ရည်စူးထားသော်လည်း ဤကဲ့သို့ နှစ်ယောက်တွဲရပ်နေသည့် ငယ်နုနုမျက်နှာကလေး အစုံကို မြင်ရသောအခါ အပြစ်မပေးရက်နိုင်အောင်ရှိသဖြင့် ဘာမျှမပြောဘဲ အသာထွက်လာခဲ့၏။

စာရေးသူ ဗိုလ်တဲပေါ်သို့ရောက်၍ မကြာမီ အဘိုးကြီး အဘွားကြီးနှစ်ယောက် မရဲတရဲနှင့် ရောက်လာကြသည်။ ဥပုသ်စောင့်လာသကဲ့သို့ ဖန်းနှစ်ချပ်ကို ရှေ့၌ချပြီးလျှင် ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့ကလေးထိုင်လိုက်ကြ၏။

ဖန်းတစ်ချပ်ပေါ်တွင် မုန့်သေတ္တာ နို့ဆီဘူးများထည့်လျက် အခြားတစ်ချပ်၌မူ နမ်းမနဲ့များကို ဆီအရွှဲသားနှင့် တွေ့ရ၏။

နောက်ဆုံးတွင် ၎င်းတို့သမီးအား သမီးချစ်သော ရဲဘော်နှင့်အတူ ထားခဲ့တော့မည် ဖြစ်ပါ၍ အစစ စောင့်ရှောက်ထိန်းသိမ်းပါရန် အပ်နှံကြ၏။ ထို့ပြင် သမီးနှင့်သမက် လိုလျှင်လည်း ထုတ်ပေးရန် ငွေ ၃၀၀ ကျပ်ပေးထားသေး၏။ ကျောင်းသား ကျောင်းအပ်သည်နှင့် တူတော့၏။

စာရေးသူသည် ကုလားထိုင်ပေါ်မှ ဆင်းလျက် ၎င်းတို့နှင့်အတူ ကြမ်းပြင်ပေါ်တွင်ထိုင်၍ ၎င်းတို့ စိတ်ကျေနပ်အောင် လက်ခံစကားပြောရ၏။

အဘိုးကြီး အဘွားကြီးများ ပြန်သွားသောအခါ ရဲဘော်ဇနီးမောင်နှံတို့က လိုက်ပို့ကြ၏။ အဘွားကြီးသည် ရဲဘော်နှင့် သမီး၏ပခုံးပေါ်တွင် လက်တစ်ဖက်စီတင်လျက် မှာကြားနေပုံမှာ သမီးနှင့်သမက်ကို မှာကြားနေပုံမျိုးနှင့်မတူ၊ ရဲဘော်ကိုလည်း သားအရင်းကဲ့သို့ပင် ချစ်ကြဟန်တူ၏။

ဤသို့ ချစ်ခင်တတ်ကြသော်လည်း စွန့်ရက်အားသော စိတ်ထားရှိကြသည့် မွန်အဘိုးကြီး အဘွားကြီးတို့ အပြုအမူကို စာရေးသူသည် နားမလည်နိုင်လောက်အောင် ရှိရ၏။

ထို့ကြောင့် အဘိုးကြီး အဘွားကြီးတို့၏ ဘတ်စ်ကားကြီး ထွက်သွားပြီးသောအခါ ရဲဘော်စိုးသိန်းတို့ ဇနီးမောင်နှံကို ခေါ်လိုက်၏။ ခေါ်စဉ်က မိန်းကလေးအား မိဘများနှင့်ခွဲ၍ ဤသို့လိုက်လာရသည်မှာ မိဘများကို မလွမ်းဘူးလား၊ ဘာကြောင့် ဤမျှမိုက်မဲရတာတုံး၊ နင့်မိဘများကလည်း ဘာကြောင့် ဒီလိုခွဲရက်တာတုံး၊ ဒီလိုပဲ ကိုယ့်သားသမီးငယ်ငယ်ကလေးများကို ခွဲရက်ကြသောအလေ့အကျင့် နင်တို့ဆီမှာရှိသလားစသည်ဖြင့် မေးရန် ပြောရန် ခေါ်လိုက်ခြင်းဖြစ်၏။

သို့သော် ငယ်နုနုမျက်နှာကလေးနှစ်ခုကို မြင်လိုက်ရသောအခါ ၎င်းတို့ စိတ်မကောင်း ဖြစ်ကြမည်ကို စိုးသဖြင့် မမေးရက် မပြောရက်တော့ပါ။

"မင်းတို့မိဘက မင်းတို့လိုရင်သုံးဖို့ ငွေ ၃၀၀ အပ်သွားတယ်၊ အဲဒါ မင်းတို့ပဲ သိမ်းထားကြ၊ ခွင့်ရတဲ့နေ့မှာ ထားဝယ်တို့ ဘာတို့သွားပြီး ဝယ်ချင်တာ ဝယ်ကြပေါ့ကွာ၊ အရေးတကြီး ငွေအသုံးလိုတဲ့အခါမျိုးဆိုရင် ငါ့လာပြော"

ဟု ပြောပြောဆိုဆို မိန်းကလေးအား ငွေပေး၏။

မိန်းကလေးသည် ငွေ ၃၀၀ိ/–ကို မရဲတရဲနှင့် လှမ်းယူပြီးလျှင် ရဲဘော်၏လက်ထဲသို့ ထည့်လိုက်၏။ ထို့နောက် သွားခွင့်ပေးလိုက်သဖြင့် ထွက်သွားကြ၏။

သူတို့သည် ခွင့်ရသောနေ့၌ ထားဝယ်မြို့သို့ အတူသွားကြပြီး ဘယ်သို့လည်မည်၊ ဘာတွေဝယ်မည် စသည်ဖြင့် တိုင်ပင်သွားကြ

ဟန်တူ၏။ သူတို့၏ကိုယ်နှစ်စုံသည် တစ်ခုနှင့်တစ်ခုတိုက်လျက် သူတို့၏ ဦးခေါင်းနှစ်ခုသည် တစ်ခုနှင့်တစ်ခု ပူးကပ်လျက်။

ရဲဘော်တိုင်း ရဲဘော်တိုင်းတို့သည် လက်ထဲတွင် နမ်းမနဲ ဆုပ်ကြီးများဖြင့် ပွင့်သစ်စမောင်နံ့ကို ဝိုင်းဝန်းနောက်ပြောင်လျက် တဟားဟားနှင့် ရှိကြ၏။

ဝင်လုလု ရောင်ခြည်၏ အောက်တွင် ငယ်နုသော ရဲဘော်မောင်နံ့၏ မေတ္တာအရှိန်သည် စစ်စခန်းလေးခုစလုံးကို လွှမ်းခြုံသာယာစေ၏။

ဗိုလ်မှူးသံဒိုင်ကြီး ပြန်သွားစဉ်က စိတ်မချမ်းမြေ့မှုသည် ပြေပျောက်သွားခဲ့ပြီ ဖြစ်သောဟူ၏။

■ ■ ■

## "စစ်အကဲခတ်ကြပုံ"

ရဲဘော်များကို စိတ်မချသဖြင့် တစ်ညလုံး ကင်းလိုက်နေရ၏။ ကင်းပုန်းများရှိရာသို့လည်း ရောက်၏။ ခပ်စောစောကပင် ကော်သူလေး မိတ်ဆွေ(၄၀)ခန့် လက်နက်အပြည့်အစုံနှင့် ဖြတ်သန်းသွားကြသေးသည်ဟု သိရ၏။

နံနက်လေးနာရီခန့်တွင် တခြားတစ်နေရာမှာလည်း ဖြတ်သန်းသွားကြပြန်၏။ နံနက်ငါးနာရီတွင် ထုံးစံအတိုင်း တာဝန်ချထားသော ကင်းရဲဘော်များနှင့် ဆိုင်ရာအစောင့်များမှတစ်ပါး ဗိုလ်ကလေးများပါမကျန် တပ်တွင်းရဲဘော်အားလုံးနှင့်အတူ လက်နက်၊ ခဲယမ်း၊ ရေဘူးအစုံတို့ဖြင့် သုံးမိုင်ခန့်ပြေး၏။ ပြန်လျှင် တစ်ဖက်ကမ်းမှ လာပို့သော နို့တစ်ခွက်ကို မောမောနှင့် သောက်ပြီးနောက် အိပ်၏။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၍မှ မကြာမီ စာရေးသူ၏ မိန်းမက လာနှိုးသည်။

အရေးကြီးသောကိစ္စ ပေါ်လာ၍ဟု ဆို၏။ ဇင်းဘာရွာမှ ကရင်အမျိုးသားခေါင်းဆောင်တစ်ယောက်ဖြစ်သူ "ရသာထော"ဆိုသူကို တွေ့ရ၏။

ထိုသူကား စိတ်ချရသူတစ်ယောက် မဟုတ်ချေ။ သူသည် တပ်ရှိရာသို့ မကြာ မကြာ လာရောက်လျက်၊ ဆတ်သားများ၊ ချေသားများစသည်တို့ကို လက်ဆောင်အဖြစ် လာလာပို့တတ်၏။

စာရေးသူသည် တပ်တွင်းရှိ ရဲဘော်တို့အား "ရသာထော" လာလျှင် တောင်ကုန်းပေါ် မတက်စေနှင့်ဟု တားမြစ်ထား၏။

သို့ပါလျက် "ရသာထော"သည် ချေကလေးပေါင်နှစ်ချောင်းကိုထမ်းလျက် တောင်ကုန်းပေါ်အထိ ရောက်ရှိနေနှင့်သည်။ အလွန်အရေးကြီးသော သတင်းတစ်ရပ်ကို ဗိုလ်ကြီးအား ကိုယ်တိုင်တွေ့ဆုံ သတင်းပေးလိုသောကြောင့် တောင်ကုန်းပေါ်အထိ ခေါ်လာရပါသည်ဟု ရဲဘော်ကလေးများက ဆိုကြ၏။

"ရသာထော"ပေးသော သတင်းကား ကရင်လက်နက်ကိုင်များ ၎င်း၏ရွာသို့လွန်ခဲ့သည့်ညက ခေတ္တရောက်ရှိလာကြောင်း။ မကြာမီ အမြောက်အမြား လာကြမည်ဟု ပြော၍ ထွက်ခွာသွားကြကြောင်း။ ညမှောင်ထဲ၌ ဖြစ်သဖြင့် မည်၍ မည်မျှ ရှိသည်ဟု မခန့်မှန်းနိုင်ကြောင်း။ စိတ်ထင် ၁၅ ယောက်ခန့်ရှိလိမ့်မည် ထင်ကြောင်းတို့ကို ပြော၏။

စာရေးသူသည် ချက်ချင်းလိုပင် ၎င်းနှင့်အတူ တောင်ကုန်းအောက်သို့ ဆင်းလိုက်ခဲ့၏။ ကျေးဇူးတင်ကြောင်း၊ သို့သော် ကိစ္စမရှိကြောင်း၊ ယနေ့ပင်လျှင် ထားဝယ်မြို့မှ နောက်ထပ် တပ်ခွဲနှစ်ခု ထပ်ရောက်လာလိမ့်ဦးမည်ဖြစ်ကြောင်း၊ ညကလည်း မော်လမြိုင်ဘက်မှ ကချင်တစ်ခွဲတစ်ခု ရောက်လာသဖြင့် ဧည့်ဝတ်မကျေပွန်ဘဲ ကျပ်ကျပ်တည်းတည်း နေရာချပေးထားရကြောင်း၊ ထို့ကြောင့် အိပ်ရေးပျက်သဖြင့် ယခုလို အိပ်ရာထ နေမြင့်ရကြောင်းတို့ကိုပြော၍ လွှတ်လိုက်၏။

"ရသာထော"၏ မျက်နှာကိုလည်း အမှတ်မထင် အကဲခတ်လိုက်ရသေး၏။

ထို့နောက် မိမိတို့ တောင်ကုန်းပေါ်သို့ပြန်၍ ပါးရည်နပ်ရည်မရှိသော ရဲဘော်ကလေးများကို ကြိမ်းမောင်းရသေးသည်။ စာရေးသူ၏စိတ်ထဲ၌ စိုးရိမ်သွားသော အချက်ကား စာရေးသူတို့ ရဲဘော်များ၏ အေးအေးလူလူ မပူမပင် နေကြသည်ကို "ရသာထော"မြင်သွားခြင်းပင်ဖြစ်၏။ ဤသို့ ခပ်ပေါ့ပေါ့နေသည်ကိုသိလျှင် အမြန်ဆုံး လာရောက်တိုက်ကြလိမ့်မည်မှာ သေချာ၏။

ထို့ကြောင့် ချက်ချင်းပင် ပစ်ကျင်း ခိုကျင်း စသည်တို့ကို

ပြုပြင်ခိုင်း၏။ ရဲဘော်များမှတစ်ပါး မည်သူ့ကိုမျှ တောင်ကုန်းပေါ်သို့ မတက်စေရန် ထပ်မံအမိန့်ထုတ်ရ၏။

ရဲဘော်တို့၏ ဇနီးများကို နံနက်ဈေးဝယ်ချိန်မှတစ်ပါး တပ်တွင်း၌သာ နေကြရမည်ဟု အမိန့်ထုတ်၏။

ထိုအတွင်း တောင်အောက်၌ မော်တော်ကားတစ်စီး ဆိုက်သံကြားရသည်။ မကြာမီ ရဲဘော်တစ်ယောက်လာ၍ အကြောင်းကြား၏။

"ခရိုင်ဝန်က တွေ့လိုသည်တဲ့"

ခရိုင်ဝန်ကြီးကို တောင်ပေါ်သို့ ခေါ်ယူလိုက်သည်။ ဇနီးနှင့်သမီးငယ်လေးပါ ပါလာကြ၏။

ဤနေရာတွင် ဤမျှ အရေးကြီးနေသည်ကို မသိရှာလေ၊ ကော်သူလေးမိတ်ဆွေများက လမ်းမှဖြတ်၍ ဖမ်းဆီးပါလျှင် မခက်ပါလော။ သို့သော် အမှတ်မထင်ပင် ခရီးဦးကြိုပြုလျက် လိုရာကိုသာအလျင်မေးလိုက်၏။

"ကဲ ... ခရိုင်ဝန်မင်း၊ ရန်ကုန်က ဘယ်လိုများ အမိန့်ချမှတ်လိုက်သလဲဆိုတာ"

"ဟုတ်တယ် ... ကျွန်တော်လည်း အဲဒါ ပြောချင်လို့ လေဆိပ်ကဆင်းဆင်းချင်း တန်းလာတာပဲဗျ၊ ဗိုလ်ကြီးတော့ စိတ်ညစ်သွားလိမ့်မယ် ထင်တယ်"

"အထူးတော့ စိတ်ညစ်စရာ မလိုပါဘူး၊ ကျွန်တော်တို့တော့ နက်ဖြန်လား ... သန်ဘက်လား၊ အတိုက်ခံကြရလိမ့်မယ် ထင်တယ်"

ခရိုင်ဝန်ကြီးသည် မဖြစ်နိုင်ပါဘူးဟူသော အမူအရာမျိုးနှင့် စာရေးသူ၏ မျက်နှာကိုကြည့်၏။ ထို့နောက် ရန်ကုန်မှ ပြောကြားလိုက်သော စကားများကို အလွန်ယုံကြည်စိတ်ချစွာနှင့် စာရေးသူအား ပြောကြားလေ၏ဟူသတတ်။

၎င်းသည် ပြည်ထဲရေးဌာနနှင့် ဝန်ကြီးချုပ်ရှိရာသို့ ရောက်ခဲ့သည်ဆို၏။ ထို့နောက် ကရင်လက်နက်ကိုင်များ ထားဝယ်မြို့ကိုတိုက်ခိုက်ရန် လှုပ်ရှားနေပါပြီ၊ အနီးအနား ကရင်အမျိုးသားရွာများတွင် လက်နက်ကိုင်များ စုရုံးနေကြပါပြီ။

ထိုရွာများကို မတိုက်လိုက်လျှင် ထားဝယ်မြို့ ကျဆုံးမည်ကို လည်းကောင်း၊ မြို့ပြင်ထွက်၍ တပ်စွဲနေရသော စာရေးသူတို့အား လာရောက်တိုက်ခိုက်ကြလိမ့်မည်ကိုလည်းကောင်း စိုးရိမ်နေရပါသည်။ ထို့ကြောင့် စာရေးသူတို့အား ရွာကလေးများတွင် လက်နက်ကိုယ်စီစွဲကိုင်လျက် စုရုံးလာရောက်နေကြကုန်သော ကရင်ဆူပူသူတို့အား တိုက်ခိုက်ခွင့်ပြုပါရန်ဟူသော ရေးလိုက်သည့်စာကို ရှေးဦးစွာ ပေးလိုက်သည်ဟုဆို၏။

ထို့နောက် ဤအတိုင်း အကယ်ဟုတ်မှန်ပါကြောင်းကိုလည်း ထောက်ခံပြောဆိုခဲ့ပါသည်ဟုဆို၏။ သို့ရာတွင် ဝန်ကြီးချုပ်၏ ပြန်စကားကား ဤသို့တည်း။

"ကောင်ကလေးကို ပြောလိုက်ပါ၊ သူတို့ သိပ်ကြောက်နေကြလို့ သိပ်စိုးရိမ်နေတာ ဖြစ်ပါလိမ့်မယ် ...

ကရင်တွေဟာ မင်းတို့ကို ခုချက်ချင်း ဘယ်တော့မှတိုက်လိမ့်မယ် မဟုတ်၊ ကရင်တွေက မင်းတို့ထက် ပါးရည်နပ်ရည်ရှိတယ်။ ပညာတတ်တွေ ဖြစ်ကြသည်ဆိုတာ မင်းတို့ မသေမချင်း မှတ်ထား ...

ကရင်တွေက မင်းတို့ကို လာတိုက်မယ့် အချိန်ဟာ အခုမကြာခင် လပိုင်းအတွင်း ထားဝယ်ကို ရောက်လာကြမယ် ...

ထားဝယ်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် သဘောတူမတူ လာရောက်စုံစမ်းတဲ့ စုံစမ်းရေးအဖွဲ့က ထားဝယ်နယ်တစ်ခုလုံးကို ကရင်ပြည်နယ် ပြုလုပ်ရန် သဘောမတူကြပါဘူးဆိုပြီး အစီရင်ခံဖို့ ရန်ကုန် ပြန်လာကြတော့မှ မင်းတို့ကို ကရင်တွေက လာတိုက်ကြလိမ့်မယ်လို့ ပြောလိုက် ...

ပြီးတော့ တရားမဝင်တဲ့ လက်နက်ကိုင်တွေ ဘယ်လောက်များများတွေ့တွေ့ မင်းတို့က စတင်တိုက်ခိုက်ဖို့ မဆိုထားနဲ့ လာတိုင်ရင် ခုခံဖို့အတွက်တောင် ကြိုတင်ပြင်ဆင်ရင် လက်နက်ပြင်တယ်၊ တိုက်ခိုက်ဖို့ ပြင်တယ်ဆိုတာ တစ်ဖက်နဲ့တစ်ဖက် အထင်အမြင်မှားတယ်လို့ ပြောလိုက် ..."

ဤတွင် စာရေးသူက ဝင်၍မေးလိုက်၏။

"ဒီမှာ ခရိုင်ဝန်မင်း ခု ကျွန်တော်တို့မိတ်ဆွေ ကော်သူလေးလက်နက်ကိုင်တွေက ကျွန်တော်တို့အနားလာပြီး ဝိုင်းကြတာကတော့ တစ်ဖက်နဲ့တစ်ဖက် အထင်အမြင် မမှားနိုင်ဘူးလား"

"အဲ ... ဒါတော့ ကျွန်တော်တို့ကလည်း ပြန်ပြီးမမေးနိုင်ဘူးဗျ၊ နေဦး ဆက်ပြီးနားထောင်ဦး၊ ဝန်ကြီးချုပ်ပြောတာတွေ ရှိသေးတယ်"

"အခုနေအခါမှာ ကရင်အမျိုးသားတွေက မင်းတို့ကိုလာပြီး လက်နက်တွေနဲ့ ဝိုင်းထားဦး၊ သူတို့ကို စတင်ပစ်ရင် ဗမာစစ်တပ်က ကရင်တွေကို စတိုက်ပြီဆိုတဲ့သတင်း ဖြစ်လာလိမ့်မယ်၊ အဲဒီလို ဖြစ်ရင် ကရင်ဗမာကိစ္စမှာ မင်းတို့ဟာ တရားခံပဲတဲ့ ...

နောက်တစ်ခုက ကရင်ဆူပူသူများဟာ မင်းတို့ကို စတင်တိုက်ခိုက်ကြလို့ မင်းတို့တစ်တပ်လုံး ပြုတ်သွားရင်တောင် တိုင်းပြည်အတွက် ဗမာတစ်မျိုးလုံးအတွက် ငါတို့အသက်တွေ စွန့်လွှတ်သွားကြတယ်ဆိုပြီး ဂုဏ်ယူကြပါတဲ့၊ ကဲ ... အဲဒါပါဗျာ"

စာရေးသူသည် ဘာမျှမပြောလိုတော့ပေ။ အမှန်အားဖြင့် စာရေးသူတို့ကို လွှတ်လိုက်ကြသူများမှာ ဗိုလ်အောင်ကြီးတို့လူစု ဖြစ်ကြ၏။ သို့ရာတွင် ခရိုင်ဝန်၊ ရဲဝန်များနှင့်အတူတွဲ၍ လုပ်ကြရမည်ဆိုသောကြောင့် အလိုအလျောက် ပြည်ထဲရေးနှင့် ဝန်ကြီးချုပ်တို့၏ အာဏာစက်အောက်သို့ ရောက်သွားရ၏။

အကယ်၍ စာရေးသူတို့သည် မကျေမနပ် ဖြစ်ကြသောကြောင့် သို့မဟုတ် အကြောင်းမလုံလောက်ဘဲ အသေမခံရဲကြသောကြောင့် ဆက်လက်မလုပ်ကြဘူးဆိုလျှင်လည်း၊ စာရေးသူတို့အား အားကိုးအားထားနှင့် လွှတ်လိုက်ကြသူများ၏ ယုံကြည်ကိုးစရာကို ချေဖျက်ရာရောက်မည်။ ကဲ ... ဖြစ်လိုရာ ဖြစ်စေတော့ဟု ဆုံးဖြတ်လိုက်မိ၏။ ထိုနောက် ရဲဘော်တွေ အားလုံးကို တန်းစီရန် ခေါ်လိုက်၏။

ရဲဘော်များတန်းစီကြပြီးလျှင် ခရိုင်ဝန်မင်းကိုပါခေါ်ယူလျက် ခရိုင်ဝန်မင်း၏ရှေ့တွင်ပင် ရဲဘော်များကို ပြောပြ၏။

"ကဲ ... ရဲဘော်တို့ ဟောဒီမှာ ခရိုင်ဝန်ကြီးဟာ အခု ရန်ကုန်က ပြန်လာ,လာခြင်း ဒီကိုတန်းလာတာပဲ ...

လာတဲ့ကိစ္စကတော့ ငါတို့ စိုးရိမ်နေကြတဲ့ တို့မိတ်ဆွေ ကရင်တွေက လာတိုက်ကြလိမ့်မယ်ဆိုတာဟာ မဖြစ်နိုင်ဘူးတဲ့၊ အဲဒါကို ပြောရအောင်လာတာ ...

ဘာပြုလို့လဲဆိုတော့ ကရင်အမျိုးသားတွေဟာ တို့တစ်တွေထက် ဉာဏ်ပညာရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြလို့ ထားဝယ်နယ်ကို ကရင်ပြည်နယ် လုပ်သင့် မလုပ်သင့် စုံစမ်းရေးအဖွဲ့ လာပြီးသည်အထိတော့ စောင့်နေကြမှာပဲတဲ့ ...

အဲဒီစုံစမ်းရေးအဖွဲ့က ထားဝယ်နယ်ဟာ ကရင်ပြည်နယ်အဖြစ် မခံချင်ပါဘူးလို့သိရပြီး ပြန်သွားကြပြီးတဲ့နောက်မှ ငါတို့ကို ကရင်လက်နက်ကိုင် မိတ်ဆွေတွေက လာတိုက်ကြမှာတဲ့၊ အဲဒါ ငါတို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ပြောလိုက်တဲ့စကားပဲ...

ပြီးတော့ ဒါတွင်မကသေးဘူး၊ ငါတို့ဟာ ကရင်အမျိုးသားတွေက လာတိုက်ရင် ဘယ်လိုခုခံရမယ်ဆိုတာတောင် မပြင်ဆင်ကြရဘူးလို့ အမိန့်ပေးလိုက်တယ်၊ ဘာပြုလို့လဲဆိုတော့ ကရင်အမျိုးသားတွက အထင်မှားကြမှာ စိုးလို့တဲ့ ...

အဲဒီတော့ကာ ရဲဘော်တို့ကို ငါပြောချင်တာက ကရင်အမျိုးသားတွေဟာ ငါတို့ကို နက်ဖြန် သန်ဘက် လာတိုက်လိမ့်မယ်လို့ ငါ့စိတ်ထဲမှာ ယုံကြည်မိနေတယ်၊ အဲဒီယုံကြည်ချက်ဟာ ရဲဘော်တို့ ငါတို့ရဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနဲ့ ငါနဲ့ ကွဲလွဲနေကြတဲ့ ယူဆချက်ပဲ ...

ဒီတော့ကာ အကြောင်းတစ်ခု ပေါ်လာတယ်၊ အဲဒီအကြောင်းက ဘာလဲဆိုရင် ငါတို့တစ်တွေဟာ ငါတို့ရဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့အမိန့်ကို နာခံကြရမယ်၊ မနာခံရင်လည်း ဟောဒီခရိုင်ဝန်မင်းက သူ့ဝတ္တရားအတိုင်း ရန်ကုန်ကို အကြောင်းကြားရတော့မှာပဲ ...

အဲဒီတော့ ငါတို့ အဲဒီလို ဝန်ကြီးချုပ်ရဲ့စကားကို နာခံကြတဲ့အတွက် ရန်သူရဲ့အတိုက်အခိုက် ခံကြရမယ်ဆိုရင် ငါညံ့လို့ အ,လို့ ခံရတာ မဟုတ်ဘူးဆိုတာ မင်းတို့ သိထားကြစေချင်တယ်... ပြီးတော့ နောက်တစ်ခုက တို့ကို ခုခံဖို့တောင် မပြင်ဆင်ကြရဘူးလို့ ပြောတယ်၊ အဲဒီတော့ ငါတို့တစ်တွေဟာ ခုခံဖို့တော့ မပြင်ဆင်ဘူး ...

ဒါပေမဲ့ အကယ်လို့ ငါတို့မိတ်ဆွေ ကရင်လက်နက်ကိုင်တွေဟာ ငါတို့ကို တိုက်ခိုက်ကြမယ်ဆိုရင် သူတို့ရဲ့ အကောင်းဆုံးနေရာယူရမယ့်နေရာဟာ ဟောဟိုတောင်ပေါ်ပဲ ...

မင်းတို့ ကြည့်ကြစမ်း၊ အဲဒီတောင်မြင့်ကြီးနဲ့ ငါတို့နေရာဟာ ကြားထဲမှာ ကားလမ်းတစ်ခုသာခြားပြီး အဝေးဆုံးနေရာမှ ကိုက် ၃၀၀ လောက်သာ ရှိတယ် ...

ရန်သူဟာအဲဒီနေရာရရင် ငါတို့ကို အပေါ်စီးပြီး တစ်ယောက်ချင်း ပစ်သတ်နေကြရုံပဲ ...

အဲဒီတော့ ငါတို့အထဲက တပ်စုတစ်စုဟာ အဲဒီနေရာကို ပြောင်းပြီး အရင်နေနှင့်ကြမယ်၊ ပြောင်းကြရမယ့်တပ်စုဟာ ဘာမှ လုပ်ဖို့ မလိုဘူး၊ ဒီတောင်ကုန်းပေါ်မှာ တို့နဲ့အတူ နေရာက ဟိုတောင်ကုန်းပေါ်ကို ပြောင်းသွားကြရုံပဲ ...

အဲဒီတော့ မင်းတို့ အမြန်ဆုံး ပြောင်းနိုင်အောင် အခုတစ်ခါတည်း သစ်ပင် ချုံပင်တွေကို ချက်ချင်းရှင်းလင်း ခုတ်ထွင်ကြ၊ ဒီနေ့ရှင်းပြီးရင် ဒီနေ့ပြောင်း၊ မပြီးရင် နက်ဖြန်ခါပြောင်း၊ အမှတ်(၁) တပ်စုဟာ အဲဒီတောင်ကုန်းပေါ်ကိုပြောင်းရမယ်၊ ကျန်တဲ့တပ်စုနှစ်စုက ကူညီပြီး နေရာရှင်းလင်းပေးကြရမယ်၊ မင်းတို့ ငါပြောတာကို မရှင်းလင်းတာများ ရှိကြသေးသလား"

ရဲဘော်တို့က "မရှိပါ"ဟု ပြောကြ၏။ ထို့နောက် ရဲဘော်တွေကို တန်းဖြုတ်လိုက်ပြီးလျှင် ခရိုင်ဝန်ကြီးအား ...

"ကဲ... အဲဒါပဲခင်ဗျ၊ ကျွန်တော်တို့ ဘာမှမပြင်ဆင်ဘူးနော်၊ တပ်စုတစ်စုကို နေရာအရွှေ့ခိုင်းလိုက်တာ တစ်ခုပဲ၊ ပြီးတော့ ကျွန်တော်တို့

အခြေအနေနဲ့ ပတ်သက်လို့ ခရိုင်ဝန်ကြီး သိသင့် သိထိုက်တဲ့ သတင်းထူး တစ်ခုပေါ့၊ အဲဒါ ခရိုင်ဝန်ကြီးကို သက်သေထူတာပဲ”

ဟု ပြောလိုက်၏။

ထို့နောက် ခရိုင်ဝန်ကြီးတို့ ပြန်သွားကြသည်။ ညနေစောင်းသောအခါ ရွှေ့ပြောင်းရမည့် တပ်စုမှူးဗိုလ်ကလေးက လာပြော၏။

“ဗိုလ်ကြီး ... နေရာတော့ ရှင်းပြီးပြီ၊ ဒါပေမဲ့ အမိုးအကာ ဘာမှ မလုပ်ကြရသေးတော့ ရဲဘော်ကလေးတွေ သိပ်ဒုက္ခရောက်မှာစိုးလို့ မနက်ကို တဲကလေး ဘာကလေး ထိုးခိုင်းပြီး နက်ဖြန်မှ အပြီး ပြောင်းချင်တယ်”

“အေးကွာ ... ကောင်းမယ်ထင်သလို ကြည့်လုပ်ပေါ့”

ဟု ပြောလိုက်၏။

ထိုသည့်နောက်ကား ငါတို့သည် ခံဖို့သက်သက်သာ ဖြစ်ကြရလေပြီဟု စိတ်နှလုံး ဒုန်းဒုန်းချပြီးလျှင် အိပ်ပျော်သွား၏။

၁၀ နာရီခန့်တွင် အချိန်မတော် ရောက်ရှိလာသော ဘတ်စ်ကားတစ်စီးမှ ဗိုလ်ကြီးအား တွေ့ပါရစေဟု ပြောသဖြင့် ဆင်း၍တွေ့၏။

ထားဝယ်မှ ကုန်သည်များ ဖြစ်ကြသည်။ သူတို့သည်လမ်းတွင် လက်နက်များကိုင်ဆောင်လျက် မော်တော်ကားလမ်းအတိုင်း လျှောက်လာကြကုန်သော စစ်ဝတ်စုံ ဝတ်ထားသည့် လူပေါင်း(၆၀)ခန့်ကို တွေ့ကြရသည်ဟု ဆို၏။

ပထမတွင် စာရေးသူတို့ရဲဘော်များ မှတ်ထင်သဖြင့် နှုတ်ဆက်မည်ပြုပြီးမှ ဆောင်းထားကြကုန်သော ဂေါ်ရခါးဦးထုပ်များကို သတိထားမိကြပြီးလျှင် ခပ်မဆိတ် လာခဲ့ကြရသည်ဟု ဆို၏။

ဟုတ်ပေသည်။ စာရေးသူတို့ ရဲဘော်အားလုံးတို့ကား သံခမောက်များနှင့် ဖြစ်ကြ၏။ ယခုလာသူများကား မည်သူတို့ ဖြစ်ပါအံ့နည်း။

ဤအတွင်း ကိုက် ၈၀၀ ခန့် အကွာအဝေးမှ ကလိန်အောင်ချောင်းကို ဖြတ်ကူးနေသော မီးကိုမြင်နေရပါသည်ဟု ရဲဘော်သုံး,လေးယောက်ခန့်က လာပြောကြပြန်ပါသည်။

ဗိုလ်ကလေးများ သေနတ်နှင့် လှမ်းပစ်ကြည့်ချင်သည်ဟု ဆိုကြ၏။ စာရေးသူသည် ဗိုလ်ကလေးများကို သေနတ်မပစ်ရန် တားဆီးထားလျက် ဘတ်စ်ကားကိုလည်း ဆက်လက်မောင်းနှင်သွားရန် ခွင့်ပြုလိုက်သည်။ ထို့နောက်တွင်ကား စာရေးသူ အိပ်၍မပျော်တော့ချေ။ ကင်းများကိုသာလျှင် တစ်ကင်းပြီးတစ်ကင်း လှည့်လည်စစ်ဆေးနေမိ၏။ နှင်းအလွန်ကျသော ည,ပေတည်း။

ငါးနာရီခွဲခန့် တပ်စုတစ်ခုလုံး ထုံးစံအတိုင်း လက်နက်စုံခဲယမ်းရေဘူးအစုံတို့နှင့် ကျန်းမာရေးပြေးရန် တန်းစီကြသောအခါတွင်မှ အိပ်ရာသို့ ဝင်ခဲ့သည်။ အိပ်ရာထဲမှနေ၍ ဗိုလ်ကလေးတို့၏ အော်ဟစ်အမိန့်ပေးသံများကို ကြားလိုက်ရပြီးနောက် အိပ်ပျော်သွား၏။ သုံးချက်မျှဆက်ပစ်လိုက်သော သေနတ်သံများနှင့်အတူ အိပ်ရာမှ နိုးလာသည်။ စာရေးသူ၏တပ်ခွဲ၌ သေနတ်ကို အကြောင်းမရှိဘဲ တစ်ချက်မျှ မပစ်ဖောက်ရ၊ မည်သူတွေ မည်သို့သော အကြောင်းကြောင့် သေနတ်ပစ်ဖောက်ရပါသနည်း။

ရုတ်ခြည်း မတ်တတ်ထလိုက်သောအခါ နောက်ထပ်ဆက်၍ ပစ်ခတ်လိုက်သော ကျည်ဆန်တို့သည် ဗိုလ်တဲတွင် ကာရံထားသော ပျဉ်ချပ်များကို ထွင်းဖောက် ဝင်ရောက်လာကြ၏။

စာရေးသူ၏ဇနီးသည် လေးလရွယ်မျှသော ကလေးငယ်ကို ချီလျက် ရန်သူ... ရန်သူ...ဟု လာရောက်ပြောကြား၏။

"နေရာယူ"

စာရေးသူသည် ဘာလုပ်ရမည် မသိသေးဘဲ အရမ်းထအော်လိုက်သည်။

ထို့နောက် "ဟော့ ... ဒီပေါ်က လက်နက်တွေကို ကျင်းထဲအကုန်ယူသွား"ဟု ပြော၏။

စာရေးသူအနီးတွင် စာရေးသူ၏ဇနီးနှင့် အခြားဗိုလ်ကလေးတို့၏ ဇနီးများသာ ရှိကြသည်။

စာရေးသူ၏အမိန့်ကို မည်သူက နာခံလေမည်နည်း။

ကာဘိုင်သေနတ်ကိုဆွဲလျက် ဗိုလ်တဲပေါ်မှ ခုန်ဆင်း၏။ ဗိုလ်တဲ၏ အပြင်ဘက်တွင် နှင်းများဖြင့် ပိတ်ဖုံးနေ၏။ ရန်သူများစွတ်၍ တက်လာခဲ့သော် ခဏ်ရချေတော့မည်။

■ ■ ■

## "တိုက်ယူလိုက်ရသည့် ခံစစ်"

"ဟေ့ ... ရဲဘော်တွေ နေရာယူပြီး နေကြပလား၊ တချို့လာကြဦး"

ဟု လှမ်းခေါ်လိုက်၏။

ဆာဂျင်ကလေးနှစ်ယောက်နှင့် ရဲဘော်ခြောက်ယောက်ခန့် ရောက်လာကြသည်။

"ကဲ ... မင်းတို့ဘာလုပ်နေကြတာလဲကွ၊ ဗိုလ်တဲပေါ်က ကျည်ဆန်သေတ္တာနဲ့ ရှိသမျှလက်နက်တွေ ဟိုကျင်းထဲ ဆွဲချလိုက်"

ဟု အမိန့်ပေးရ၏။

ကလိန်အောင် တံတားကြီးဘက်ဆီမှလည်း ဆူသံအော်သံတွေ ကြားလိုက်ရ၏။ ထိုအသံများသည် ကျွန်တော်တို့ ရဲဘော်များ၏ ဇနီးများ အော်သံဖြစ်ကြောင်း အတတ်သိလိုက်၏။

လက်နက်ခဲယမ်းများ ကျွန်တော်ပြသည့် ကျင်းကြီးထဲသို့ ချပြီးသောအခါ ဆာဂျင်နှစ်ယောက်နှင့် ရဲဘော်ခြောက်ယောက်တို့ ကျွန်တော်ရှိရာသို့ စုလာကြသည်။

"ကဲ ... လုပ်ကြစမ်း၊ တို့တောင်ကုန်းပေါ်ကို တက်လာမယ့် လမ်းတွက သေသေချာချာ ခိုင်ခိုင်လုံလုံစောင့်နေကြလို့ မင်းတို့ လိုက်ပြောကြစမ်းကွာ၊ စနစ်တကျ ရှိရဲ့လား မရှိဘူးလား"

ဆာဂျင်နှစ်ယောက် ပြေးသွားကြသည်။ ထို့နောက် ချက်ချင်း ရောက်လာကြ၏။

"ဘယ်သူမှ မရှိကြဘူး ဗိုလ်ကြီး"

"ဟဲ့ ... ဘာလို့ မရှိရမှာလဲ၊ ရဲဘော်တွေ ဘယ်ရောက်သွားလို့လဲ"

"မရှိဘူး ဗိုလ်ကြီး၊ အပြင်မှာ ပြေးနေကြတယ်၊ ကျွန်တော်တို့တိုက်ပွဲဖြစ်တာတောင် သိမှာမဟုတ်ဘူး"

"ဟာ"

ဤတွင်မှ စာရေးသူ သိရတော့သည်။

"ကဲ ... လာကြ ... လာကြ ... ငါ့နောက်"

စာရေးသူသည် ရဲဘော်ခြောက်ယောက်နှင့် ဆာဂျင်နှစ်ယောက်ကို အပြေးအလွှား ခေါ်သွားရင်း ...

"မင်းတို့နှစ်ယောက်က ဒီကစောင့်၊ လက်ပစ်ဗုံးပါလား၊ အုပ်နဲ့လာရင် လက်ပစ်ဗုံးသုံး၊ သေနတ်မပစ်နဲ့၊ ငြိမ်နေ ... ကဲ ဟိုကောင်တွေ လာကြ"

ဒီလိုနှင့် စာရေးသူတို့ တောင်ကုန်းပေါ်သို့ တက်နိုင်သည့် လမ်းသုံးခုကို အစောင့်ချလိုက်သည်။ ကင်းရဲဘော်တွေကောဟု လှည့်မေးလိုက်၏။

ကင်းရဲဘော်များသည် တောင်ကုန်းကလေး၏ အောက်ခြေ၌ ခေါင်းမဖော်နိုင်အောင် ရှိနေကြ၏။ သို့ရာတွင် ထိုကင်းရဲဘော်များကြောင့်ပင်လျှင် စာရေးသူတို့ တောင်ကုန်းကလေးပေါ်သို့ ရုတ်တရက် ရန်သူမတက်နိုင်အောင် ဖြစ်နေရသည်။ စာရေးသူသည် ခေတ္တမျှ စိတ်အေးပြီးလျှင် ရန်သူ၏အခြေအနေကိုကြည့်ရန် ရဲဘော်နှစ်ယောက်နှင့်အတူ တောင်ကုန်းကလေး ထိပ်ပေါ်သို့ တက်ခဲ့ကြ၏။

ရန်သူတို့သည် စာရေးသူ တွေးထင်ခဲ့သည့် တစ်ဖက်တောင်ထိပ်မှနေ၍ ပစ်ခတ်နေကြခြင်း ဖြစ်၏။

စာရေးသူတို့ ကြည့်နေဆဲအချိန်အတွင်း ရဲဘော်တစ်ယောက် ရှေ့ဘက်မှနေ၍ ပြေးတက်လာ၏။

ရဲဘော်၏နောက်မှ ရန်သူကျည်ဆန်များ တရှိုးရှိုးနှင့် လိုက်လာကြ၏။ ရဲဘော်သည် အလွန်မောဟိုက်စွာနှင့် စာရေးသူ၏ဘေးတွင် ပစ်လှဲလိုက်သည်။ ရဲဘော်၏မျက်နှာ၌သွေးမရှိ၊ နှုတ်ခမ်းဖြူလျက် တဆတ်ဆတ်တုန်နေ၏။

"ဗိုလ်ကြီး ... အောက်မှာ ကျွန်တော်တို့ဘက်က ပစ်ကျင်းထဲမှာ ခြောက်ယောက် ကျနေပြီ"

"အိုကွာ ... ကိစ္စမရှိပါဘူး"

ဟု ဆိုနေဆဲ ကျွန်တော်၏ ဆာဂျင်တစ်ယောက် ခြေသလုံးကိုထိမှန်လျက် ခွေကနဲ လဲသွားပြန်၏။

ရဲဘော်သည် ပြူးပြူးပြဲပြဲနှင့် တောင်ကုန်းကလေး၏နောက်ဘက်သို့ ပြေးမည်ရှိစဉ် နောက်ဘက်မှ ရဲဘော်တစ်စုတို့ ပြေးလာကြပြန်၏။

"ဗိုလ်ကြီး ကရင်တွေ ကျွန်တော်တို့တောင်ပေါ်ကို တက်လာနေပြီ"

"ဘယ်ဘက်ကလဲ"

"ကျွန်တော်တို့နောက်က"

"လက်နက်ချဟေ့ ... လက်နက်ချကြ"

ဟူသော အသံသည် ဟိန်းလာ၏။ ခပ်စောစောက ရဲဘော်သည် စာရေးသူ၏မျက်နှာကို လှမ်းကြည့်လိုက်၏။ တစ်ကိုယ်လုံး တုန်နေ၏။ မျက်နှာဖြူနေ၏။ စာရေးသူသည် ဒေါသနှင့် တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် "လာကြ"ဟု ပြော၍ ထွက်ခဲ့၏။

စောစောက ခိုကျင်းထဲတွင် စာရေးသူ၏ ဇနီးနှင့်တကွ ဗိုလ်ကလေးတို့၏ ဇနီးများ၊ အချို့ရဲဘော်ကလေးတို့၏ ဇနီးများသည် စာရေးသူ၏မျက်နှာကို အကဲခတ်လျက် အခြေအနေကို သိချင်နေဟန်ရှိ၏။

"ဘယ့်နယ်လဲ...ဒီမှာ ကလေးပေးထားပြီး ကျွန်မပါ အပေါ်တက်ခဲ့မယ်၊ ဘရင်းဂန်းတွေလည်း ဒီထဲမှာ လေးလက်တောင် ဒီအတိုင်းပဲ"

"ဟာကွာ ... ကဲ ပေးစမ်း ... ပေးစမ်း"

စာရေးသူ၏ဇနီးသည် ကလေးငယ်ကို အနီးရှိ ဆာဂျင်တင်မြင့်၏ မိန်းမလက်ထဲသို့ လှမ်းပေးလိုက်ပြီး ဘရင်းဂန်းများကို အပေါ်သို့ တင်ပေး၏။ ထို့နောက် တစ်လက်ပြီးတစ်လက် လှမ်းယူနေသော စာရေး

သူ၏မျက်နှာကို လှမ်းကြည့်ရင်း “လူလိုရင် ကျွန်မပါ လိုက်မယ်” ဟု အလွန်ကြည်လင်သော မျက်လုံးနှင့်ပြော၏။

“နေပါကွာ….မင်း”

စာရေးသူသည် ဘရင်းဂန်းများနှင့် ကျည်ဆန်များကို စုပြုံ သယ်ယူလျက် ကျင်းနှင့်မနီးမဝေးတွင် ခေတ္တနေရာယူလိုက်ပြီး …“ဘယ်မှာလဲ တက်လာတာ၊ ဘယ်ဘက်ကလဲ”ဟု မေးလိုက်၏။

စာရေးသူတို့ နောက်ကဆိုရင် အခုလောက်ရှိ အပေါ်ရောက် နေရောပေါ့။

“မင်းတို့ တက်လာကြတဲ့ လမ်းမှာ ရဲဘော်နှစ်ယောက်မရှိဘူးလား”

“ရှိတယ်”

“ဒါနဲ့များ ခွေးကောင်တွေ၊ ရော့ … ဟောဒီ ဘရင်းဂန်းတွေကို သွားပေးချေ၊ နေဦး … နေဦး … မင်းက ဒါကို ဟိုဘက်ကစောင့်နေတဲ့ဆီယူသွား၊ မင်းက ဒါကိုယူ ဟိုကိုသွားပြီးတော့ ပြန်လာကြမှတ်ထား၊ ဒီကောင်တွေ ဘယ်တော့မှ တို့အပေါ်တက်မလာနိုင်ကြဘူး၊ ကဲ … သွားကြ”

ထိုဘရင်းဂန်းများ သွားရောက် ပေးကြရသည့် ရဲဘော်တို့ကား တောင်ခြေရင်းတွင် ကင်းစောင့်နေကြသော ရဲဘော်များဖြစ်၏။ သူတို့သည် ပစ်ရင်းဆုတ်လာကြပြီး တောင်ပေါ်သို့ အတက်ဆီးကြိုစောင့်နေကြသည့် ရဲဘော်နှစ်ယောက်ကို အချင်းချင်း အသံပေးပြီးလျှင် ပြေးဝင်လာကြခြင်းဖြစ်၏။

ထို့နောက်မှ စာရေးသူဆီသို့ ရောက်လာကြခြင်းဖြစ်သည်။ သူတို့ရောက်လာသည့်အတွက် တောင်ပေါ်တွင် အင်အားပိုသည် မှန်သော်လည်း တောင်ခြေတွင် တစ်ယောက်မျှမရှိကြတော့ချေ။ ထို့ကြောင့်ပို၍ စိတ်ပူလာရ၏။

ဘေးပတ်ပတ်လည်မှ “လက်နက်ချ လက်နက်ချ”ဟူသော အသံကြီးကား ပို၍ ကျယ်ကျယ်လာသည်ဟု ထင်ရသည်။ အနီးတွင်ရှိသော အကြောက်လွန်နေသည့် ရဲဘော်၏မျက်နှာသည် ဆောက်တည်ရာ

မရအောင်ပျက်နေ၏။ နုတ်ခမ်းဖျားကလေးများနှင့်တကွ လက်ဖျားကလေးများပါ တုန်နေ၏။

"ရဲဘော် သွားစမ်း၊ ဟောဒါ ငါ့ဘရင်းဂန်း၊ အဲဒါကို ပြန်ယူသွား ငါ့မိန်းမကိုပြော၊ အမြန်ဆုံးတိုက်ပြီး ဆီထည့်ထားလို့ ကျည်ကပ်တွေလည်း အသင့်လုပ်ထားလို့ ပြီးတော့ မော်တာနှင့် 'အိပ်ချ်အီး နှစ်ကပ်' ပေးလိုက်ပါလို့ တောင်းခဲ့၊ မြန်မြန်ပြန်လာ"

ကြောက်နေသော ရဲဘော်သည် ပြေးသွား၏။ ထို့နောက် မော်တော်နှင့် ယမ်းကပ်နှစ်ခု ပါလာ၏။ တစ်ခုမှာ 'ဆမုတ်' များဖြစ်သည်။

"ဟာ ... ခက်တဲ့ကောင်ပဲ၊ မင်း မသိဘူးလား ... လာ လာ"

ဟု ပြောပြောဆိုဆို သူ့ပါခေါ်သွားရ၏။

တောင်ကမူကလေးပေါ်သို့ ပြန်တက်သွားသောအခါ ဘိုတဲနောက်ဖေးနှင့် မီးဖိုကြားတွင် သစ်ပင်များလွတ်၏။

ထိုနေရာသို့အရောက် စာရေးသူသည် သတိမထားမိသူ တစ်ယောက်ကို တွေ့ရသည်။

ထိုသူကား ရဲလှအမည်ရှိ ရဲဘော်ကြီးပင်ဖြစ်သည်။ အသက် (၅၀)နီးပါးမျှရှိ၏။ ရဲဘော်ကြီး ရဲလှက ပြုံးရွှင်စွာ ဖိတ်ခေါ်၏။

"ဗိုလ်ကြီး ... အဲဒီဘက်က သူတို့မြင်ကွင်းကျနေတယ်၊ လာ ... လာ ... ဒီဘက်ကို"

ရဲဘော်ကြီး ခေါ်သောနေရာသည် မီးဖိုကလေးနှင့် ခပ်လှမ်းလှမ်းတွင်ရှိသော သစ်ပင်တစ်ပင်၏ခြေရင်း ဖြစ်၏။ စာရေးသူတို့သည် ရဲဘော်ကြီး ခေါ်ရာသို့သွားလျက် "မီးခိုးလုံး"ယမ်းတောင့် (ဆမုတ်)တစ်ခု၏ ပင်ကိုဖွင့်လိုက်ကြ၏။ ထို့နောက် ...

"ကဲ ... ခင်ဗျား ကြည့်နေဗျာ၊ ကျုပ်ဆီကို ကျည်ဆန်လာရင် လာတဲ့နေရာ မှတ်ထားပြီး ပြန်ပစ်"ဟု ပြောပြောဆိုဆို အကာအကွယ်ကင်းသော ကုန်းတပြောင်ပြောင်သို့ ပြေးထွက်လိုက်၏။ ထို့နောက် မော်တာကို ဒီဂရီမည်မျှစောင်းလျှင် မည်မျှအဝေးတွင် ကျနိုင်သည်ကို အသေအချာ မှတ်လျက်ပစ်၏။

မှန်းထားသာ နေရာနှင့် သိပ်မကွာလှမ်းပဲ ကျသွား၏။ ရဲဘော်ကြီးသည် ကြည့်နေရာမှ အပြုံးနှင့် ဆီးကြိုလိုက်၏။

"ဘယ့်နှယ်လဲ ဗိုလ်ကြီး၊ ချိန်သားကိုက်ပလား"

"ရတယ် ... ကိစ္စမရှိဘူး"

စာရေးသူသည် ယမ်းတောင့်အစစ်တစ်ခု၏ဖင်ကို လှည့်ဖွင့်ပြန်၏။ ရုတ်တရက်နှင့် မရသဖြင့် ရဲဘော်ကြီးက ကူဖွင့်ပေးနေ၏။

စာရေးသူတို့ တောင်ကုန်းပေါ်သို့ တက်သည့်လမ်းများတွင် ချထားသော အစောင့်နေရာများမှ ဘရင်းဂန်းပစ်သံများ ပြင်းထန်စွာ ကြားကြရ၏။ ရန်သူတက်လာဟန်ရှိသည်ကို စာရေးသူတို့ အလိုလိုသိကြ၏။ "လက်နက်ချကြ...လက်နက်ချကြ၊ မင်းတို့ အခုလက်နက်မချရင် နောက်ကို တစ်ယောက်မကျန် အကုန်သစ်ပစ်မယ်ကွ"ဟု မပီကလာ ပီကလာနှင့် အော်လိုက်သော အသံကြီးသည် စာရေးသူတို့တောင်ပေါ်သို့ ဖုံးလွှမ်းကျရောက်လာ၏။

"ဗိုလ်ကြီး ... အခုနေ လက်နက်ချလိုက်ကြရင် ကောင်းမယ်"

စာရေးသူသည် ရဲဘော်ကို တစ်ချက် မျက်လုံးလှန်ကြည့်လိုက်ပြီးနောက် ရဲဘော်ကြီးလှမ်းပေးသော မော်တာယမ်းတောင့်ကိုယူ၍ ကုန်းပြောင်ပြောင်သို့ ပြေးထွက်လိုက်၏။

"ချလိုက်ပဟေ့ ... လက်နက်ကြီးကွ"ဟု ပြန်အော်ရင်း ၎င်းတို့အသံတွေ ထွက်နေကြသော နေရာဆီသို့ မှန်းဆလျက် ပစ်လိုက်၏။ ထို့နောက် မိမိမှန်းထားသော နေရာသို့ ရောက်မရောက် ကြည့်ပြီးလျှင် ပြန်ပြေးလာခဲ့၏။

"ဦးရဲလှ ... ခင်ဗျားသေနတ် အဲဒီအကောင်ပေးထား၊ ဒီတစ်လုံးကို နောက်ပိတ်ဖွင့်ပြီး ကျွန်တော်နဲ့အတူ လိုက်ခဲ့"

စာရေးသူသည် ပြောပြောဆိုဆို ယမ်းတောင့်အစစ်(အိပ်ချ်အီး)၏ နောက်ပိတ်ကို ဖွင့်လိုက်သည်။ ထို့နောက် လက်ထဲတွင် အသင့်ထားပြီးလျှင် ခပ်ချောင်ချောင် ပြန်ဖုံးလျက် အိတ်တွင်းမှ စီးကရက်ကို ထုတ်ကာ ခါးလယ်မှချိုး၍ မီးညှိလိုက်၏။

ကျန်တစ်ချိုးကိုလည်း မီးညှိလျက် ဦးရဲလှကြီး၏လက်သို့ ပေးလိုက်၏။ စောစောက စာရေးသူ ပစ်လိုက်သော မော်တာသံသည် သေနတ်ပစ်သံများနှင့် မတူဘဲ အလွန်မြည်ဟည်းစွာ ကျရောက်ပေါက်ကွဲသွားရာ တောင်အလုံး ဟိန်းလျက် တစ်ဖက်မှ အော်သံများ တိတ်ဆိတ်သွားကြ၏။

စာရေးသူတို့သည် ၎င်းတို့၏ အသံများကို စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။ မကြာမီ "ဟေ့... ဘာလုပ်နေကြတာလဲကွ"ဟု ဆော်သြလိုက်သောအသံနှင့်အတူ ဆူဆူညံညံ အသံတွေ ထွက်လာကြ၏။ သေနတ်သံတွေ ပေါ်လာကြ၏။ ကုန်းပြောင်ပြောင်ကလေးပေါ်သို့ ကျည်ဆန်တစ်ချက် နှစ်ချက် ရှပ်မှန်သွားသည်ကိုလည်း တွေ့လိုက်၏။

စာရေးသူသည် ဦးရဲလှကြီးကို မမြင်စေလို။ ထို့ကြောင့် မြင်များ မြင်လေမလားဟု လှည့်ကြည့်ရာ ဦးရဲလှကြီးသည် မြင်ပြီးရုံမျှမက စာရေးသူ လှည့်ကြည့်သော အဓိပ္ပာယ်ကိုပါ သိနေ၏။

"ကိစ္စမရှိပါဘူး၊ ဗိုလ်ကြီးနှင့်အတူဆိုရင် ကျွန်တော် သေရဲပါတယ်"

"မသေရပါဘူး အလကားပါ"

စာရေးသူသည် စီးရက်ဗူးကို ကြောက်ရွံ့နေသော ရဲဘော်အား လှမ်းပေးလိုက်၏။ ဦးရဲလှကြီးက သူ့စီးကရက်ကို မြေကြီးနှင့်ထိုးချေ၍ မီးသတ်လိုက်သည်။ ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြီးလျှင် "ကဲ"ဟု ဆို၍ ပြေးထွက်လိုက်ကြ၏။

ကျည်ဆန်များသည် အချို့မြေကြီးကိုရှပ်၍လည်းကောင်း၊ အချို့ပတ်ဝန်းကျင်လေထဲမှလည်းကောင်း၊ တရွှီးရွှီးဖြတ်သန်းသွားနေကြ၏။ စာရေးသူသည် စိတ်ကိုငြိမ်ငြိမ်ထားလျက် ရန်သူများ ထွက်လာရာအသံဆီသို့ မှန်းဆကာ မော်တာကို ပစ်လိုက်၏။ ထို့နောက် ကျသောနေရာကို အသေအချာမှတ်ထားပြီးလျှင် ဦးရဲလှကြီး၏လက်ထဲမှ ကျည်ဆန်ကိုယူလျက် နောက်တစ်ကြိမ်ဆင့်၍ ပစ်လိုက်၏။ စီခနဲအသံများ ကြားလိုက်ရပြီးလျှင် တိတ်ဆိတ်သွား၏။

ရန်သူ၏အချက်အချာကို ထိမှန်ကြောင်း အလိုလိုသိရ၏။ ညည်းသံ၊ အော်သံ၊ ခေါ်သံများကိုလည်း ကြားကြရ၏။

စာရေးသူတို့သည် ဦးရဲလှ၏နေရာသို့ ပြန်ရောက်လာကြပြန်သည်။ ဦးရဲလှကပြော၏။

"ဗိုလ်ကြီး ... ဒီကောင်တွေ နှစ်ချက်စလုံး ထိတယ်နဲ့တူတယ်"

စာရေးသူက လက်တစ်ချောင်းကို ထောင်ပြလိုက်၏။

"ဦးရဲလှကြီး ဘယ်အချိန်က ဒီနေရာကို ရောက်နေတာလဲ"

"ကျွန်တော် စပြီး သေနတ်သံကြားကတည်းက ဒီမှာပဲ နေရာယူထားတာ၊ ဘယ်မှမသွားပါဘူး"

"ကောင်းတယ် ... ကောင်းတယ်၊ ကဲ ... အဲဒီမှာပဲ ဆက်နေပေါ့ ကျွန်တော်တို့ ဟိုဘက်လျှောက်ကြည့်လိုက်ဦးမယ်"

စာရေးသူသည် ပြောပြောဆိုဆိုနှင့် မော်တာကို ရဲဘော်အား လှမ်းပေးလိုက်သည်။ ရဲဘော်သည် ကျန်နေသော မီးခိုးနှစ်လုံးနှင့် မော်တာကိုကိုင်လျက် စာရေးသူ၏နောက်မှ လိုက်လာ၏။ ရဲဘော်၏ဖြူနေသော မျက်နှာတွင် သွေးရောင်မြင်လာရပေပြီ။

မနီးမဝေးတွင် စောစောက ဘရင်းစက်သေနတ်များ အပို့ခိုင်းလိုက်သော ရဲဘော်များကို တွေ့ရ၏။

"မင်းတို့ ဒီမှာ ဘာလုပ်နေကြတာလဲ"

"ဗိုလ်ကြီးက ဗိုလ်ကြီးဆီ ပြန်လာရမယ်ဆိုလို့ လာစောင့်နေတာ"

"ဟာ ခွေး ... ကောင်တွေ၊ မင်းတို့ အလကားပဲ၊ ဒီမှာလာနေလို့ အပိုပဲပေါ့ကွ၊ သွား ... အဲဒီ တက်လာမယ့်လမ်းတွေကို လူခွဲပြီး ဟိုမှာရှိတဲ့ ရဲဘော်တွေနဲ့အတူတူ နေကြ၊ ဟေ့ ... နေဦး ... နေဦး၊ ဟိုစတင်းနဲ့ကောင်ရယ် နောက်နှစ်ယောက်ရယ် လာစမ်း ကျန်တဲ့ ရဲဘော်တွေ သွားတော့"

"ဒီမှာ ... မင်းတို့ တို့တောင်ပေါ်ကို တက်တဲ့ ခပ်စောင်စောက် ဖြတ်လမ်းကို သိသလား"

"သိပါတယ်"

"အဲဒီမှာ အစောင့်ရှိသလား"

"မသိဘူး ဗိုလ်ကြီး"

ရဲဘော်သည် ပြောပြောဆိုဆို ပြေးထွက်သွား၏။ ထို့နောက် အမောတကော ပြန်လာပြီး "မရှိဘူး ဗိုလ်ကြီး"ဟု မောသံနှင့်ပြော၏။

"ကဲ ... အဲဒီသွားကြ တစ်ဆစ်ချိုးကွေ့ကလေးနောက်မှာ ပစ်ကျင်းရှိတယ်၊ အဲဒီက နေရာယူ"

"ဟုတ်ကဲ့"

ရဲဘော်သုံးယောက်တို့ အပြေးဆင်းသွားကြ၏။

"ကဲ ... လာဟေ့"

ဟု ပြောရင်း မော်တာကိုင်လိုက်လာသော ရဲဘော်နှင့်တစ်ဖက်သို့ လှည့်လိုက်ရာ ...

ပတ္တျူဖိနပ်နှင့် စစ်ဝတ်ဆွယ်တာအင်္ကျီနှင့် မျက်နှာတွင်လည်း သနပ်ခါးအဖွေးသားနှင့် စာရေးသူ တိုက်ခိုင်းခဲ့သော ဘရင်းဂန်းကို ကိုင်လျက် စာရေးသူရှိရာသို့ ဦးတည်လာနေသော စာရေးသူ၏မိန်းမကိုတွေ့ရ၏။

သူသည် ပွင့်လင်းသောအပြုံးနှင့် စာရေးသူရှေ့ လာရပ်ကာ စာရေးသူ ရပ်နေသည်ကိုကြည့်ရင်း "ကဲ ... သွားလေ၊ ဘယ်ဘက်ကို သွားမလို့လဲ"ဟုဆို၏။

"ဒါက ဘာလုပ်တာလဲ"

စာရေးသူ၏မိန်းမသည် စာရေးသူ မေးသည်ကို ပြုံးစစနှင့်ကြည့်ရင်း ...

"ဩော် ... လူနည်းနေလို့ပေါ့ လာပါ"ဟု ဆို၏။ သူ၏ ပြုံးစစမျက်နှာသည် စာရေးသူကိုပါ ကူးစက်လာ၏။

"စစ်တိုက်မယ့် မိန်းမကလားကွာ မျက်နှာ သနပ်ခါးအဖွေးသားနဲ့ နင့်မျက်နှာကြီးကြောင့် တို့ကို ရန်သူက အရင်မြင်မှာ သွားစမ်းပါ"

စာရေးသူသည် ပြောပြောဆိုဆိုနှင့် သူ့လက်ထဲမှ ဘရင်းစက်သေနတ်ကို ဆွဲယူလိုက်သည်။

"အို ... မနက်က ကလေးနဲ့လမ်းလျှောက်မလို့ လိမ်းထားတာပါ၊ မေ့နေလို့ မဖျက်ခဲ့တာ"ဟု ပြောရင်း သေနတ်ကိုမပေးဘဲ ဇွတ်ပေနေ၏။

"ဟိုဆာဂျင် ကိုသန်းကြီး သေနတ်မှန်တာ ဘယ့်နှယ်လုပ်ခဲ့သလဲ"

"ကျွန်မ ပတ်တီးစည်းပေးထားခဲ့ပါပြီ၊ ပြီးတော လိုရင်သုံးဖို့ သိမ်းထားတဲ့ ဘရန်ဒီကိုလည်း နည်းနည်း ငုံ့တိုက်ပစ်ခဲ့တယ်၊ ကိစ္စမရှိပါဘူး"

"ကိစ္စရှိတယ်၊ မင်းက ဒါတွေကိုလုပ်ဖို့ မဟုတ်ဘူး၊ ပြန်သွား... ထင်းရှာပြီး လက်ဖက်ရည်အရင်ကျို၊ တို့ရဲဘော်တွေ အားလုံး အတွက်ပဲ၊ ပြီးတော့ ထမင်းချက်၊ မင်းတို့ ကျင်းထဲမှာပဲ ချက်ကြ၊ ရဲဘော် မိန်းမတွေကို စီမံခန့်ခွဲပေးပြီးတော့ ဟောဒီ ငါ့ကာဘိုင် သေနတ်ကို ယူသွား...ဒါပဲ"

စာရေးသူသည် ပြောပြောဆိုဆို ကျောတွင်လွယ်ထားသော ကာဘိုင်သေနတ်ကို ဖြုတ်ပေးလိုက်၏။

ထို့နောက် စာရေးသူ၏ဇနီးဆီမှ ဘရင်းစက်သေနတ်နှင့် ယမ်းကပ်အပိုနှစ်ခုကို လှမ်းယူလိုက်ပြီးလျှင် ရဲဘော်ကိုလည်း ...

"မင်းလည်း လိုက်သွား၊ ဟိုရောက်ရင် မော်တာကို အလွယ်ထား၊ မော်တာကျည်ဆန်တွေကို နောက်ပိတ်ဖွင့်ပြီး ခပ်ချောင်ချောင်ပြန် ပိတ်ထား၊ လိုချင်ရင်အလွယ်ရအောင် အဆင်သင့်ရှိပေစေ၊ ဟိုမှာ မိန်းမတွေ မလုပ်နိုင်တာကို ကူညီလုပ် ရေတို့ ဘာတို့ရှာပေး"

ဟု ပြောလိုက်၏။

စာရေးသူသည် တောင်ပေါ်တက်သည့် လမ်းများတွင် စောင့်နေသော ရဲဘော်များရှိရာသို့ တစ်နေရာပြီးတစ်နေရာ လှည့်လည် စစ်ဆေး၏။ အနေအထားများကို ပြင်ဆင်ပေး၏။ အကယ်၍ ရန်သူသည် အစုလိုက် အပြုံလိုက် တက်လာပါက လက်ပစ်ဗုံးများကို အသုံးပြုရန်လည်း သတိပေး၏။ ထို့နောက် လက်ပစ်ဗုံးများမှ စို့များကို လိုအပ်သည့်အချိန်၌ အလွယ်တကူ ဖြုတ်နိုင်ရန် အသင့်လုပ်ထားကြဖို့လည်း ပြောခဲ့၏။

သေနတ်သံအနည်းငယ် ကျဲသွားရာမှ ဆူညံလာကြပြန်၏။ ယခုအခါတွင် ဆူကြ ဆဲကြသံများ ပိုမို၍ များပြားလာကြပြန်၏။

"ဟော့ ... လက်နက် မချကြသေးဘူးလားကွ၊ မင်းတို့လက်နက်မချ

ရင် အကုန်သတ်ပစ်မယ်ကွ … မိန်းမတွေ ကလေးတွေပါ မချန်ဘူးကွ"

ဟူသော အသံများ ပိုမိုကျယ်လာကြပြန်၏။

"ကဲ … မင်းတို့ ကိုယ့်နေရာကိုယ် လုံအောင်ဂရုစိုက်ကြနော်"

မှ ပြောပြောဆိုဆို မော်တာရှိရာကျင်းဆီသို့ ပြေးလာခဲ့၏။

စာရေးသူ၏မိန်းမ ရင်ခွင်ထဲ၌ ကလေးငယ်သည် ဝူးဝါးဝူးဝါးနှင့် ပျော်မြူးနေသည်ကို အမှတ်မထင် သတိထားလိုက်မိ၏။

"ရဲဘော် မင်းမော်တာနဲ့ ကျည်ဆန်တွေ ယူခဲ့ဦးဟေ့"

ရဲဘော်သည် စောစောကကဲ့သို့ မဟုတ်ဘဲ ဖျတ်ဖျတ်လတ်လတ်ပင် မော်တာနှင့် ကျည်ဆန်နှစ်ကပ်ကိုဆွဲလျက် ကျင်းထဲမှ ခုန်တက်လာ၏။

ထို့နောက် ဦးရဲလှကြီးဆီသို့ သွားကြ၏။ ဦးရဲလှကြီးကား သေနတ်နှင့် အရမ်းပစ်နေတော့သည်။ တစ်ချက်ပစ်ပြီးတိုင်း ပစ်ပြီးတိုင်းလည်း အလွန်ဝမ်းမြောက်နေဟန်ရှိ၏။

"ဦးရဲလှ ဘယ်လိုဖြစ်နေတာလဲ"

"ဟိုမှာလေ ဗိုလ်ကြီး၊ ဖွေးဖွေးလှုပ်နေကြကာပဲ၊ ပစ်တိုင်းကျတယ်၊ ဗိုလ်ကြီးတို့ကို မြင်သွားမယ်၊ ဒီဘက်ဘေးကပ်၊ ဒီဘက်ဘေးကပ်"

"နေဦး … နေဦး ကျပေမယ့် မပစ်နဲ့ဦး၊ ဒီကောင်တွေကို မော်တာနဲ့ ထုရအောင်"

"မော်တာပစ်လို့ မဖြစ်ဘူး ဗိုလ်ကြီး၊ အခု နှင်းကွဲသွားလို့ မြင်နေကြရပြီ၊ ကုန်းပေါ်တက်လိုက်ရင် ပစ်လိုက်ကြမှာပဲ"

"ဒါဖြင့် ဒီလိုလုပ်၊ ရဲဘော် … မင်းပြေး၊ မီးခိုးဗုံးတစ်လုံး သွားယူချေ၊ မီးခိုးဖုံးသွားရုံတော့ ဒီနေရာက ပစ်လို့ရတယ်၊ ကျွန်တော်တို့ မှန်းဖို့မှ မလိုတော့တာဘဲ၊ သူတို့ဆီ မီးခိုးဖုံးသွားမှ ဟိုအပေါ်ကို ပြေးတက်ပြီး အိပ်ချ်အီး တကယ့်ယမ်းဗုံးနဲ့ ပစ်တာပေါ့"

ရဲဘော်ကား စာရေးသူ၏ စကားမဆုံးမီပင် ပြေးလေပြီ။

ဦးရဲလှကြီးသည် မကျေမနပ်နှင့် စာရေးသူ၏ဘက်သို့လှည့်၍ ပြော၏။

"ဟိုမှာ ကြည့်ပါလား ဗိုလ်ကြီး၊ လုပ်နေတာကို မြင်ရတယ်"

ဟုတ်၏။ နဖူးပေါ်တွင် ပဝါဖြူစည်းလျက် ရင်ကိုကော့၍ မတ်တတ်ရပ်နေ၏။ လုံချည်ကို လှန်ပြနေ၏။ ပါးစပ်မှလည်း ဆဲရေးနေသေး၏။

သူတို့သည် ခပ်စောစောက ကရင်အမျိုးသား ဖထီးများ မဟုတ်ကြ၊ မွန်အမျိုးသားများ ဖြစ်ကြ၏။ လူအင်ထားလည်း ပို၍များကြ၏။ အရမ်းလည်း ပစ်ကြ၏။

"ဦးရဲလှ ... ခင်ဗျားသေနတ် ခဏပေးစမ်း"

ဦးရဲလှကိုင်သော သေနတ်သည် ရှေးအင်္ဂလိပ်ရိုင်ဖယ်ဖြစ်၏။ နောက်မှန်နှင့် ရှေ့မှန်ချိန်သီးလည်းကောင်း၏။ ကိုက် ၁၅၀ တွင်မှန်ကို ရွှေ့လိုက်၏။

ဆဲဆိုနေသူ၏နဖူးတွင် ဖြူဖွေးသော ပဝါပေါ်၌ ခပ်နီနီ အင်းကွက်တစ်ခုကို တွေ့ရ၏။ ထိုအင်းကွက်နီနီနှင့် အောက်ခံအဖြူတို့သည် သည်စက်ဝန်းနှင့်ပင် ဆင်ဆင်တူသေးတော့၏။

"ဟော့ ... ဒီမှာ ကြည့်ကွ၊ ဆေးမပါရင် ဘယ်တော့မှမလာဘူး၊ မင်းတို့ သေနတ်တွေ ပစ်လိုက်ကြစမ်း၊ မင်းတို့ကို ဟောဒါ ..."

စကားသံပြတ်သွား၏။ "အမယ်လေး ဗိုလ်ကြီးရာ လူကြီးပါ အပေါ်ကို မြောက်တက်သွားတာပဲ" ဦးရဲလှကြီးက အားပါးတရပြောရင်း စာရေးသူ၏ လက်မောင်းအိုးကို လှမ်းဆုပ်လိုက်၏။

ထိုအတွင်း ရဲဘော်ကလေး ရောက်လာသဖြင့် သစ်ပင်အောက်မှာပင်နေ၍ မော်တာဖြင့် မီးခိုးဗုံးဆမုတ်ကို ပစ်သွင်းထည့်လိုက်၏။ တောင်ဘေးတွင်ပတ်လျက် ရုတ်ရုတ် ရုတ်ရုတ် လှုပ်ရှားပြေးလွှားနေကြသော တစ်ဖက်မှ မိတ်ဆွေများကို တွေ့ရ၏။ သူတို့သည် မီးခိုးဗုံးကို လန့်နေကြဟန်တူ၏။ မီးခိုးများ ထွက်နေသည်ကိုကြည့်လျက် တောင်အထက်သို့ လုကာပြေးတက်နေကြ၏။

ထိုသို့ပြေးတက်နေရင်းပင် သူတို့၏ပါးစပ်က "လက်နက်ချဟော့ ... လက်နက်ချ"ဟူသော အသံကြီးကို သံချပ်ထိုးသကဲ့သို့ နေကြသေး၏။

မီးခိုးသည် ပိတ်သွားအောင် ထွက်ပုံမရ။ စာရေးသူတို့သည် တောင်ပေါ်သို့ ပြေးတက်နေကြသည်ကိုပင်လျှင် အခွင့်ကောင်းယူလျက် ကုန်းပြင်ကလေးရှိရာသို့ အရဲစွန့် ထွက်လိုက်ကြ၏။

အနီးကပ်ဆုံး အသံတွေရှိရာဆီသို့ တထိတ်ထိတ်ဖြင့် တိတ်ဆိတ်စွာ မှန်းထားရင်း အတော်ချည်း သေချာလောက်မှ ...

"အေး... ချလိုက်ပြီကွ... လက်နက်ကြီး"ဟု ဟစ်အော်လျက် စိန်ပြောင်းကျည်ဆန်များကို တစ်လုံးပြီးတစ်လုံး ပစ်ထည့်လိုက်၏။

ကံအားလျော်စွာ စိန်ပြောင်းကျည်ဆန်များသည် တည့်တည့်မတ်မတ် ကျသွားဟန်တူ၏။ စာရေးသူတို့ ဦးရဲလှကြီး၏နေရာသို့ပြန်ရောက်သည်အထိ တိုက်ပွဲတစ်ခုလုံး တိတ်သွား၏။ အတန်ကြာသော အခါ စောစောကကဲ့သို့ လူတွေမမြင်ကြရတော့ဘဲ သေနတ်ကျည်ဆန်များ မိုးသီးမိုးပေါက်ကဲ့သို့ ကျလာ၏။ ဒမ်–ဒမ်ခေါ်သည့် နှစ်ဆင့်ကွဲကျည်ဆန်များနှင့် ပစ်သည်ဟုထင်ရ၏။

ထိုအတွင်း "ဗိုလ်ကြီး ဒီဘက် တက်လာကုန်ကြပြီ"ဟု တအားအော်လိုက်သော အသံကိုကြားရ၏။

ထိုအသံကြားရာဆီသို့ ဒုတိယပိုင်းအစတွင် ဖော်ပြခဲ့သည့်အတိုင်း စာရေးသူသည် ဘရင်းစက်သေနတ်ကို ဆွဲလျက် သွားခဲ့၏။ ယခုမူ ထိုနေရာထက် အရေးကြီးသော စာရေးသူတို့၏ တောင်ကုန်းထိပ်ဆီသို့ ပြေးတက်လာခဲ့ရ၏။ ရင်ထဲတွင်လည်း တထိတ်ထိတ်နှင့် ရှိလာ၏။ ဘာကြောင့် အပြင်းအထန် ပစ်ခတ်နေသော စာရေးသူတို့ဘက်မှ စက်သေနတ်သံ ရပ်သွားရပါလိမ့်။ ဘာကြောင့် စာရေးသူတို့ ရဲဘော်တွေ ထိတ်လန့်တကြား အော်လိုက်ရပါလိမ့်။

အသံများသည် ရပ်မသွား၊ ဆက်လက်ဆူညံစွာ ကြားနေရ၏။ လှမ်းမျှော်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွား၏။

"ဟ ... ငါတို့ရဲဘော်တွေ ပြေးကုန်ကြပါပကော"

"ဟေ့ ဘာလဲဟ၊ ဘာလဲ"

ဟု ဆီးကြိုမေးလိုက်၏။

"ဘာမှမဟုတ်ဘူး ဗိုလ်ကြီး၊ ကျွန်တော်တို့ ပြန်ရောက်လာကြောင်း ဗိုလ်ကြီးဆီ သတင်းလာပို့တာ"

ကျန်းမာရေးအတွက် ထွက်သွားကြသော ရဲဘော်များဖြစ်၏။ သူတို့သည် ကလိန်အောင်ရွာထဲသို့ အရောက်တွင် စာရေးသူတို့ ဘက်ကမ်းမှ ပစ်ခတ်သံများကို ကြားလိုက်ကြရသည်ဟုဆို၏။

ထို့ကြောင့် ပြန်လှည့်အလာတွင် ကရင်လက်နက်ကိုင်များက တံတားကြီးထိပ်မှ အကာအကွယ်ယူလျက် စာရေးသူတို့ တောင်ကုန်းဆီသို့ ပစ်ခတ်နေသည်ကို တွေ့နေကြရသည်ဟုဆို၏။

ဤတွင် ၎င်းတို့သည် တံတားကြီးအောက်ရှိ ငှက်ပျောတောကြီးထဲသို့ဝင်လျက် စာရေးသူတို့ဘက်ကမ်းသို့လာရန် ရှေ့သို့ကြည့်လိုက်သောအခါ ရှေ့တွင် ကရင်လက်နက်ကိုင် အများအပြား စာရေးသူတို့ တောင်ပေါ်ဆီသို့ ပစ်ခတ်နေကြသည်ကို တွေ့ရပြန်သည်ဟု ဆို၏။

ဤအချိန် နောက်သို့ ပြန်လှည့်ကြမည်ပြုစဉ် ၎င်းတို့၏ နောက်တွင်လည်း မွန်လက်နက်ကိုင်များ စုရုံး စုရုံးနှင့် ရပ်နေကြပြန်သည်ဟုဆို၏။

စာရေးသူ၏ရဲဘော်များသည် နေရာတွင် ငြိမ်ဝပ်လျက် ရှေ့မတိုးသာ နောက်မဆုတ်သာနှင့် ရှိနေစဉ် စာရေးသူတို့တောင်ကုန်းပေါ်မှ ရုတ်တရက် ဘရင်းစက်သေနတ်သံ ပေါ်လာကာ ၎င်းတို့အဖို့ ခေါင်းမဖော်နိုင်အောင် ဖြစ်နေကြသည်ဟု ပြော၏။

စာရေးသူတို့ တောင်ပေါ်မှ ပစ်နေသော ဘရင်းစက်သေနတ်၏ ကျည်ဆန်လမ်းကြောင်းမှာလည်း နောက်သို့ဆုတ်၍မရ၊ ရှေ့သို့တိုးမှသာလျှင် လွတ်မည့်အခြေအနေ ရှိနေသည်ဆို၏။

ထိုအချိန်၌ စာရေးသူ၏ ရဲဘော်များသည် ၎င်းတို့ကဲ့သို့ပင် ခေါင်းမဖော်ဘဲ အကာအကွယ်ယူရင်း ရှေ့သို့မဲနေသော ကရင်လက်နက်ကိုင်များကို တစ်ယောက်ပြီးတစ်ယောက် ပစ်ချလိုက်ကြသည်ဆို၏။

သို့သော် သူတို့သည် များများမပစ်နိုင်ချေ။ အကြောင်းကား စာရေးသူမပါသည့်အတွက် အသက်သာခိုကြကာ လေးလံသောကျည်ဆန်ခါးပတ်ကြီးများကို ထွက်သွားကြစဉ်က ယူဆောင်မသွားကြသောကြောင့်

ဖြစ်၏။ သူတို့၏လက်ထဲတွင် သေနတ်အတွင်း၌ အဆင်သင့် ထည့်ထား ကြသော ယမ်းတောင့်များသာ ပါလာကြ၏။ အချို့တွင်မူ သေနတ်ထဲ၌ ပင် ကျည်ဆန်မရှိကြလေကုန်။

ကရင်လက်နက်ကိုင် ခြောက်ယောက်ခန့် ကျဆုံးပြီးသော အခါ အဆိုပါ ကရင်လက်နက်ကိုင်တို့သည် ၎င်းတို့ ကျဆုံးနေကြရခြင်း မှာ စာရေးသူတို့တောင်ပေါ်မှ ပစ်ခတ်သော ဘုရင်းစက်သေနတ်ကြောင့် ဟု ထင်လျက် ကျည်ဆန်လမ်းကြောင်း တည့်တည့်ကျနေသော နောက် ဘက်သို့ မဆုတ်ရဲကြဘဲ၊ ၎င်းတို့၏ ဘက်တော်သားများနှင့် တည့်တည့် ရှိနေသည့် ကသိန်အောင်တံတားကြီး၏ တစ်ဖက်ဘေးအထိ ဘေးတိုက် ရွေ့ပြောင်းသွားကြ၏။

တောင်ပေါ်မှ ယမ်းကပ်လဲနေသည့် အပစ်ရပ်ချိန်တွင် စာ ရေးသူတို့၏ ရဲဘော်တစ်ယောက်က ထ၍အော်လိုက်၏။

"ဟေ့ .. ငါတို့ ဒီဘက်မှာ ရောက်နေကြပြီဟေ့၊ မင်းတို့သေနတ် တံတားကြီးခြေရင်းဘက်ကို ပစ်ပေးပါ၊ ဒီဘက်ကို မပစ်နဲ့"

တောင်ပေါ်မှ ရဲဘော်က ကောင်းစွာကြားရ၏။ သို့သော် သေချာအောင် နာမည်ကိုပါမေးပြီးမှ တံတားကြီးခြေရင်းဘက်ဆီသို့ ရွေ့ ပြောင်းပစ်ပေးကြ၏။

ဤတွင် မည်သည့်နေရာတို့ကို များများပစ်ပေးပါဟုပြော လျက် ရန်သူတို့ကို ခေါင်းမထောင်နိုင်အောင် တစ်ယောက်ပြီးတစ်ယောက် တစ်ဖက်ကမ်းသို့ ကူးလာကြ၏။ ရေအကျွမ်းကျင်ဆုံးသော ရဲဘော်တစ် ယောက်သာ ကူးနိုင်သည်ဟု မိမိကိုယ်မိမိ ယုံကြည်ကာ ဖိနပ်မချွတ်ဘဲ ကူးလာသောကြောင့် ရေနစ်ကျဆုံးခဲ့ရ၏။

နံနက်ဆယ်နာရီအတွင်း ရဲဘော်အားလုံးတို့ ပြန်ရောက်လာ ကြသည်။ ရဲဘော်များ ရောက်လာပြီဖြစ်သဖြင့် ကျည်အားနှင့် အကာ အကွယ်ပေးနေသော စာရေးသူတို့၏ ဘရင်းစက်သေနတ် အပစ်ရပ်လိုက် ခြင်းဖြစ်၏။

ထို့နောက် အလွန်ဝမ်းမြောက်ဝမ်းသာစွာနှင့် အော်ဟစ်နှုတ် ဆက်ကြ၏။ စာရေးသူဆီ သတင်းလာပို့ရန် ပြေးလာကြခြင်းဖြစ်၏။

စာရေးသူသည် ဗိုလ်ကလေးများကို ခေါ်လိုက်ကာ တောင်ကုန်းတစ်ခုလုံးအတွက် မည်သို့မည်ပုံ ကာကွယ်ရမည်။ ရန်သူတက်လာရန် ကြိုးစားလျှင် မည်သို့သတင်းပို့ရမည်၊ အချက်ပေးရမည်၊ အလှည့်ကျ မည်ကဲ့သို့ အနားယူရမည်၊ စသည်တို့ကို အသေးစိတ် အစီအစဉ်ပြုပြီးလျှင် စာရေးသူ၏ဖနီးရှိရာ ပစ်ကျင်းကြီးထဲသို့ ဆင်းခဲ့သည်။ ပစ်ကျင်းကြီးထဲတွင်ရှိသော အမျိုးသမီးကြီးများကိုလည်း သတင်းပေးလိုက်၏။

"ငါတို့ရဲဘော်တွေ တောင်ပေါ်ကို အကုန်လုံး ပြန်ရောက်လာကြပြီဟေ့၊ လက်ဖက်ရည်တိုက်မယ်ဟ၊ နင်တို့လက်ဖက်ရည်တွေ မပြီးသေးဘူးလား၊ လောက်ကော လောက်ပါ့မလား"

"ပြီးပါပြီ ဗိုလ်ကြီး လောက်ပါတယ်"

မိန်းကလေး သုံး,လေးယောက် တစ်ပြိုင်တည်း တက်လာကြ၏။ မိန်းကလေးများ၏အသံသည် အတော်ချည်း ကျယ်လောင်၏။ ဝမ်းသာခြင်းနှင့် အားရှိခြင်းသဘော ရောနှောနေ၏။ ထို့နောက် စာရေးသူသည် လက်ဖက်ရည်များကို သံပုံးတစ်ခုတွင်ထည့်ကာ မိမိတာဝန်ရှိရာအရပ်သို့ ရောက်ရှိနေကြပြီဖြစ်သော ရဲဘော်များရှိရာသို့ လှည့်လည်၍ ကိုယ်တိုင် လက်ဖက်ရည်တိုက်၏။

ရဲဘော်များကို ခေတ္တနားစေ၊ ထမင်းစားစေပြီးသည့်နောက် ၌ကား အစီအစဉ်တစ်ခုကို လုပ်ရ၏။ ထိုအစီအစဉ်သည် ပေ(၂၀)ခန့်ကျယ်သော မော်တော်ကားလမ်းတစ်ခုသာ ခြားနေသည့် စာရေးသူတို့ တောင်ထက်မြင့်သော တစ်ဖက်မှ ရန်သူတို့၏တောင်ကို ဒီနေ့အပြီး တိုက်ခိုက်ယူရန်ပင် ဖြစ်၏။

အမှန်အားဖြင့် ထိုတောင်နှင့် စာရေးသူတို့တောင်သည် လျှိုနှင့်တူသော မော်တော်ကားလမ်းတစ်ခု ခြားနေသည့်အတွက်ကြောင့်သာ စာရေးသူကို သက်သာရာ ရနေခြင်းဖြစ်၏။

ညအဖို့တွင်မူ ဤမျှနီးကပ်သော နေရာကို ရန်သူများသည် အမှောင်ကိုအားပြုလျက် အချိန်မရွေး ဝင်ရောက် တိုက်ခိုက် စီးနင်းနိုင်၏။

စာရေးသူသည် ဗိုလ်ကလေးများကိုခေါ်လျက် ဤအချက်

အလက်များကို ပြောပြပြီးလျှင် စာရေးသူ ယနေ့ပြုလုပ်မည့် အစီအစဉ်ကို တိုင်ပင်ရသည်။ စာရေးသူ၏ အစီအစဉ်ကား ဤသို့တည်း ...

တပ်စု(၃)စုမှ အတော်ဆုံး တပ်စိတ်(၃)စိတ်ကို ဗိုလ်ကလေး ဗိုလ်သန်းထွေးက ခေါင်းဆောင်လျက် စာရေးသူတို့ တောင်ခြေသို့ဆင်း၍ လမ်းဖြတ်ကူးပြီး ရန်သူရှိသော တောင်ဘက်သို့ မျက်နှာမူလျက် အလွန် တိတ်ဆိတ်စွာ အကာအကွယ်ယူပြီး ငြိမ်သက်နေရမည်။

ဤသို့ ငြိမ်သက်နေစဉ် စာရေးသူတို့က စာရေးသူတို့၏ တောင်ပေါ်မှနေ၍ "ဟေ ... ဘာလဲကွ၊ တက်ပါတော့လား၊ ဒီကောင် တွေကို မင်းတို့ ဘာလုပ်နေကြတာတုံး။ အဲဒီ အနောက်ဘက်ကတက်၊ တက်ပေး"ဟု ဝိုင်းအော်ပေးကြမည်။ ဤသို့ အော်ပေးလျှင် စောင့်နေသော ရဲဘော်ဗိုလ်သန်းထွေးတို့က ဘုတ်တုတ်မျှ မလှုပ်ကြရ။

ထိုအချိန်တွင် တစ်ဖက်တောင်ပေါ်ရှိ ကရင်လက်နက်ကိုင် တို့သည် စာရေးသူတို့ရှိရာ တောင်ကုန်းဘက်သို့ ဘေးတိုက်ပြုလျက် တက်လာကြမည့် စာရေးသူတို့တပ်စုကို စောင့်နေကြလိမ့်မည်။

ဤတွင် စာရေးသူတို့အား ဘေးပြုနေကြသော ကရင်လက် နက်ကိုင်တို့ကို ဘရင်းစက်သေနတ်နှစ်လက်နှင့် အထက်အောက် ပစ်ပေး မည်။

ဤသို့ပြုလုပ်ပြီးလျှင် နောက်တစ်ကြိမ် "ဟေး ... တက်ပါ လားကွ"စသဖြင့် ထပ်အော်ပေးကြဦးမည်။ ရဲဘော်များကလည်း "ဟော ဟော တက်နေပြီ ဗိုလ်ကြီး ဟိုမှာ ဟိုမှာ"စသဖြင့် အော်ဟစ်အားပေးနေ ကြဦးမည်။

ဤသို့ အော်ပြီး ခဏအကြာတွင် ဘရင်းနှစ်လက်နှင့် စော စောကကဲ့သို့ ရန်သူ၏တောင်ကို အမြန်အဆန် ပစ်ပေးကြမည်။

ဤအတိုင်း နောက်ထပ် သုံး,လေးကြိမ်မျှ ပြုလုပ်ပြီးလျှင် အော်ဟစ်ခြင်း မပြုသော်လည်း ဘရင်းစက်သေနတ်ကမူ တစ်ဖက်တောင် ပေါ်သို့ ပစ်မြဲပစ်နေမည်။ ထို့နောက် ဘရင်းတစ်လက် အပစ်ရပ်လျက် ကျန်ဘရင်းတစ်လက်ကမူ တစ်မိနစ်လျှင် ကျည်ဆန်အတောင့်နှစ်ဆယ် နှုန်းနှင့် တစ်ချက်ထွက် နှစ်ချက်ထွက် မှန်မှန်ပစ်နေကြမည်။

ဤတွင် စာရေးသူတို့သည် ဗိုလ်သန်းထွေးတို့ကိုတက်ရန် ကာဘိုင်သေနတ်ကို သုံးချက် ဆက်ဖောက်လျက် အချက်ပေးလိုက်မည်။

ဗိုလ်သန်းထွေးတို့တက်ကြရာ၌လည်း အခြားနေရာမှမဟုတ်၊ စာရေးသူတို့ပစ်နေသော ဘရင်းသေနတ်မှန်သည့် ကျည်ဆန်လမ်းကိုနင်း၍ တက်ကြရမည် ဖြစ်၏။

စာရေးသူတို့သည် ရန်သူ၏တောင်ကို ဘရင်းသေနတ်ဖြင့် ပစ်ကြရာ၌ ပထမ ရန်သူတောင်၏အောက်ခြေ တစ်နေရာကို ပစ်နေကြမည်။

ကျည်ဆန်အတောင့်(၂၀)ကုန်လျှင် တစ်မိနစ်ပြည့်သည်အထိ အပစ်ရပ်လျက် စောင့်နေကြရမည်။ ထိုအချိန်၌ ဗိုလ်သန်းထွေးတို့သည် စာရေးသူတို့ပစ်လိုက်သဖြင့် ကျည်ဆန်များ မှန်သွားသည့်နေရာသို့ တက်နင့်ကြရမည်။

အချိန်တစ်မိနစ် စေ့သွားသဖြင့် နောက်တစ်ကြိမ် စာရေးသူတို့တောင်ဘက်မှနေ၍ ဘရင်းသေနတ်နှင့် ပစ်သောအခါ ဗိုလ်သန်းထွေးတို့၏ရှေ့ (၁၀)ပေ၊ (၁၅)ပေမှ ဖြတ်၍ပစ်ပေးရမည်။ ဤအချိန်တွင် ရန်သူတို့ ပြေးလွှားနေရာယူမှုတွေ့လျှင်လည်း ဗိုလ်သန်းထွေးတို့က ပစ်ပေးရမည်။ ကျည်ဆန်အတောင့်(၂၀)ပြည့်၍ စာရေးသူတို့၏စက်သေနတ် အပစ်ရပ်သည်နှင့် တစ်ပြိုင်နက် ဗိုလ်သန်းထွေးတို့သည် စာရေးသူတို့ပစ်၍ သေနတ်ကျည်ဆန်များ မှန်သွားသည့်နေရာအထိ ပြေးတက်ရမည်၊ ရှေ့ကိုမတိုးရ။

နောက်တစ်ကြိမ် စာရေးသူတို့၏ ဘရင်းစက်သေနတ်ပစ်သောအခါ ယခု ဗိုလ်သန်းထွေးတို့ ရောက်နေကြသည့် နေရာရှေ့ (၁၀)ပေ (၁၅)ပေ အကွာလောက်တွင် ပစ်ပေးရပြန်၏။ ဤအတိုင်း စာရေးသူတို့ ပြုလုပ်ကြမည်ဆိုလျှင် ဗိုလ်သန်းထွေးတို့ စတက်သည့်နေရာမှ ပေ (၄၀) အမြင့်ရှိသော တောင်ထိပ်သို့ ဗိုလ်သန်းထွေးတို့သည် မိနစ်(၄၀) အတွင်း ရောက်ရှိလာကြမည်။ စာရေးသူတို့ဘက်မှ ပစ်ပေးရမည့် ကျည်ဆန်မှာ (၈၀၀)လောက် ကုန်လိမ့်မည်။ သို့သော် ရန်သူများ အခြေပြု

ထားသော ဤတောင်ကုန်းသာရလျှင် ကျည်ဆန်(၈၀၀)ကုန်ရကျိုးနပ်ပေမည်။

ဗိုလ်သန်းထွေးတို့သည် ဤအတိုင်းသာ တောင်ထိပ်သို့ရောက်အောင်တက်နိုင်ကြသည်နှင့် တစ်ပြိုင်နက် စာရေးသူတို့၏ လက်နက်ကိုင် မိတ်ဆွေများအား ကျိန်းသေနိုင်ရမည်ဟူသော အတွက်တစ်ခုကိုလည်း ယုံကြည်စွာတွက်ထား၏။

အကြောင်းကား ဗိုလ်သန်းထွေးတို့သည် တောင်ပေါ်သို့ရောက်ကြသည်နှင့် တစ်ပြိုင်နက် ကရင်လက်နက်ကိုင်မိတ်ဆွေများ၏နောက်ကျောသို့ အလိုအလျောက် ရောက်သွားရခြင်းကြောင့် ဖြစ်၏။

သို့ရာတွင် စိတ်မချသဖြင့် မှာလိုက်သေး၏။ တောင်ထိပ်သို့ရောက်လျှင် သေနတ်နှစ်ချက်ဆင့်၊ နှစ်ခါပစ်ပါ၊ စာရေးသူတို့ဘက်မှပစ်နေသော ဘရင်းစက်သေနတ်ကို အပစ်ရပ်လိုက်မည်။ ရန်သူအင်အားများလွန်း၍ နိုင်ပုံမရလျှင် ရထားသော တောင်ထိပ်တွင် နေရာယူထားပါ။ ထို့နောက် သေနတ်သုံးချက်ဆင့် နှစ်ခါပစ်ပါ၊ နောက်ထပ် တပ်စုတစ်စုထပ်ပို့လိုက်မည်။ နိုင်ပုံရလျှင် အချက်မပေးနှင့် တစ်ခါတည်းသာ ဆင်းတိုက်ဟု မှာလိုက်၏။

ဗိုလ်သန်းထွေးသည် ဤအစီအစဉ်အတိုင်း ရန်သူ၏တောင်ပေါ်သို့ တက်သွား၏။ သို့သော် မိနစ်လေးဆယ်မပြည့်မီပင်လျှင် တစ်ဖက်တောင်ထိပ်မှနေ၍ သေနတ်နှစ်ချက်ဆင့် နှစ်ခါပစ်သံ ကြားရ၏။

စာရေးသူတို့သည် နားတစွင့်စွင့် စိတ်တထင့်ထင့်ဖြင့် အသံဗလံများကို နားထောင်နေကြ၏။ စိတ်မချသဖြင့် ဗိုလ်ဖေချစ်ကိုလည်း တပ်စိတ်(၂)စိတ်နှင့်အတူ အရေးရှိက သွားရောက်ကူညီရန် ဗိုလ်သန်းထွေးတို့ တက်သွားကြသည့် တောင်ခြေတွင် အသင့်စောင့်နေစေ၏။

စာရေးသူတို့အတွက် အခက်အခဲတစ်ခုကား ဗိုလ်သန်းထွေးတို့ ရောက်ရှိနေရာ ရန်သူဘက်သို့ သေနတ်တစ်ချက်မျှ မပစ်ဝံ့ခြင်းတည်း။ ပစ်လိုက်လျှင် စာရေးသူတို့ရဲဘော်များကို ပြန်မှန်နိုင်၏။

စာရေးသူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ငြိမ်သက်စွာ နားစွင့်နေကြရသည်။

ဗိုလ်ကလေးတစ်ယောက်က လှမ်းအော်မေးရန်ပြုသဖြင့် ပါးစပ်ကို အတင်းဆွဲပိတ်လိုက်ရ၏။ နာရီကို ငုံ့ကြည့်လိုက်သောအခါ ငါးမိနစ်မျှသာ ကြာသေး၏။ သို့သော် ထိုငါးမိနစ်သည် စာရေးသူတို့၏ စိတ်ထဲ၌ နာရီဝက်ခန့် ကြာသွားလေပြီဟု မှတ်ထင်နေ၏။

ဤသို့ဖြင့် တထင့်ထင့်နှင့် စာရေးသူတို့ ငြိမ်စောင့်ခဲ့သည်မှာ ဆယ်မိနစ်မျှ တုတ်တုတ်မျှ အသံမကြားရသေး။ (၁၈) မိနစ်တစ်ဆက်တည်းဆွဲလိုက်သော စတင်းသေနတ်သံကို ကြားရ၏။ စာရေးသူတို့ ခေါင်းထောင်သွားကြ၏။ မရှေးမနှောင်းပင် ဘရင်းစက်သေနတ်အသံကို ကြားရ၏။

"ဟာ ... ဒါ တို့ဘက်က ပစ်တာဟ"

လက်ကိုင့်ဝှေ့ယမ်းရင်း အားရပါးရ ပြောလိုက်မိ၏။ ဟုတ်ပေသည်။ စာရေးသူတို့ ရဲဘော်တွေ ဘရင်းသေနတ်ပစ်သောအသံကို စာရေးသူက မှတ်မိ၏။ တစ်ချက်၊ နှစ်ချက် သို့မဟုတ် နှစ်ချက်၊ သုံးချက်။ နှစ်ချက်၊ သုံးချက်။

"ပြေးကုန်ပဟေ့ ... ထ,လိုက်၊ ထ,လိုက်၊ လိုက်ပါလား၊ ဘာလုပ်နေတာလဲ"

ဟူသော ဗိုလ်သန်းထွေး၏ အသံနှင့်အတူ စာရေးသူတို့ ရဲဘော်များ၏ ဆူဆူညံညံ အားတက်စွာ အော်လိုက်သော အသံများကို ကြားရ၏။

အသံများသည် ချက်ချင်းပင် ဝေးသွားကြသည်။ စာရေးသူသည် ဗိုလ်ဖေချစ်ကို လှမ်းအော်လိုက်၏။

"ဟေ့ ... ဗိုလ်ဖေချစ်၊ တက် ... တက် တောင်ပေါ်ကိုတက်မနေနဲ့၊ တောင်ဘေး ကျွန်တော်တို့ဘက် နူတ်ခမ်းက ပြေးတက်၊ နေရာယူထား၊ ခင်ဗျားတို့ လိုက်မသွားနဲ့"

ဗိုလ်ဖေချစ်တို့ ဝပ်နေရာမှ ပြေးတက်ကြ၏။ ထိုနောက် ရဲဘော်တစ်ယောက်ကို လွှတ်လျက် အခြေအနေ ဘယ်လိုလဲဟု ဗိုလ်ဖေချစ်ရှိရာသို့ သွားရောက်ရန် စေလွှတ်လိုက်၏။

မိနစ်နှစ်ဆယ်ခန့် ကြာသောအခါ ဆက်သားရဲဘော်ကလေး မောကြီးပန်းကြီးနှင့် ပြန်ရောက်လာ၏။

ကရင်လက်နက်ကိုင်များ နေရာယူထားသော နေရာများကို ယခု ဗိုလ်ဖေချစ်တို့က နေရာယူထားပြီး ဗိုလ်သန်းထွေးတို့က ဆုတ်ပြေးကြသော ကရင်လက်နက်ကိုင်များနောက်သို့ ထက်ကြပ်လိုက်သွားသည်။ ကရင်အမျိုးသားများ အကျအဆုံး အတော်များပုံပေါ်သော အစအနများကိုတွေ့ရသည်ဟု ဆို၏။

ဤတွင် ဗိုလ်ဖေချစ် နေမြဲနေ၊ ဆာဂျင်တစ်ယောက် တပ်စိတ်ငယ်တစ်ခုနှင့် ဗိုလ်သန်းထွေးနောက်ကို အမြန်လိုက်၊ တွေ့ရာနေရာက ပြန်ခေါ်ခဲ့ဟု စေလွှတ်လိုက်၏။

ထိုသည်နောက်ကား မိတ်ဆွေ ကရင်လက်နက်ကိုင်များ နေရာယူသွားကြသည့် တောင်ပေါ်ကို လှည့်ပတ်ကြည့်ပြီးလျှင် မည်သို့ကင်းချ၊ မည်သို့နေရာယူ စသဖြင့် အစီအစဉ်ပေး၏။ ပြီးလျှင် စာရေးသူ၏ ဇနီးရှိသော ပစ်ကျင်းထဲသို့သွားလျက် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ စာရေးသူ၏ ဇနီးသည်က လက်ဖက်ရည်တစ်ခွက် ယူပေး၏။

"နေစမ်းပါကွာ မင်းလက်ဖက်ရည်တွေ၊ ငါ့ဟောလ်ဝိုင် ကျန်သေးသလား"

"မကျန်တော့ဘူး၊ မနက်က ထမင်းဆာဆာနဲ့ ကျွန်မ သောက်ပစ်လိုက်တယ်၊ ဘရန်ဒီတော့ ရှိသေးတယ်"

"ဒါက ငါ့ရဲဘော်တွေ ဒဏ်ရာရတဲ့အခါ တိုက်ဖို့ပါကွာ၊ ကဲ ... ဘာမှမရှိရင် စကော့အီမာရှင်ပေး"

စာရေးသူသည် ငါးကြီးဆီ ဆေးပုလင်းကိုပင် နှစ်ကြိမ်သုံးကြိမ်ခန့် မော့ချလိုက်ပါသည်။ ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိလျက် မြေကြီးနံရံကို မှီလိုက်၏။

စာရေးသူတို့ရဲဘော်များ ပစ်ခတ်သံကို မကြားရတော့ပါ။ အနီးကပ် ပစ်ခတ်သံများကိုလည်း မကြားရတော့ပါ။ သို့ရာတွင် တစ်ဖက်ကမ်းမှနေ၍ တစ်ချက် တစ်ချက် လှမ်းလှမ်းပစ်လိုက်သော သေနတ်သံများကို ကြားနေရသည်။ မိတ်ဆွေကော်သူလေးတို့၏ သေနတ်သံဖြစ်၏။

စာရေးသူသည် သေနတ်သံ ကြားရတိုင်း ထိတ်ခနဲ ထိတ်ခနဲ လန့်၍တုန်သွား၏။ အောင့်ထား၍လည်းမရ၊ စောစောကမူ တာဝန်အလျောက် ပြေးလွှားစီမံခန့်ခွဲ ပစ်ခတ်နေကြရခြင်းဖြစ်၏။ ယခုမူ အတော်အတန် စိတ်ချရပေပြီ။ ထို့ကြောင့် စာရေးသူ၏ဇနီးရှိရာ ပစ်ကျင်းကြီးထဲသို့ ရောက်လာရခြင်းဖြစ်၏။ ထိုသို့ လုံလုံခြုံခြုံ အနားယူရန် ရောက်လာခါမှပင် စာရေးသူ ကြောက်လာရသည်။ အခြားသူများတွေ့ရှိပြီး စိတ်ဓာတ်ပျက်မည်ကိုလည်း စိုး၏။ သို့သော် မည်သို့မျှ အောင့်၍လည်းမရ၊ သေနတ်သံကြားရတိုင်း၊ ကြားရတိုင်း လန့်လန့်တုန်လှုပ်သွား၏။

"ကဲကွာ ... ငါ့ကို အကြမ်းပန်းကန်လေးနဲ့ တစ်လုံးတော့ ပေးပါကွာ ... အဲဟို ဘရန်ဒီအရက်"

စာရေးသူ၏ဇနီးက ယူလာသည်။ မျက်စိမှိတ်၍ တစ်ငုံတည်း မော့လိုက်၏။ လည်ချောင်းများထဲတွင် ပူထူသွား၏။ နားရွက်တွေထူလာ၏။ ယခင်က စာရေးသူသည် ပြင်းသော အရက်များကို သောက်လည်းမသောက်ဖူးချေ။ ကြိုက်လည်း မကြိုက်ချေ။ စာရေးသူ အများဆုံးသောက်ဖူးသာ အရာမှာ ဘီယာနှင့် ဝိုင်အရက်မျှသာဖြစ်၏။ ယခုမူ စာရေးသူသည် အတော်ဆိုးရွားသော အရသာကို ခံပြီးနောက် တစ်ကိုယ်လုံး ထူထူပူပူနှင့် ချွေးများပင် စို့လာလေပြီ။ ထိတ်လန့်မှုသည်လည်း ပျောက်သွားပါ၏။

ညနေသုံးနာရီခွဲခန့်တွင် ဗိုလ်သန်းထွေးတို့ ရောက်လာကြသည်။ တောင်တန်းကြီးအစွန်းမှ မြေပြန့်ဘုန်းတော်ကြီးကျောင်းကလေးရှိရာသို့ ရောက်သည်အထိ လိုက်သွားကြသည်ဟုဆို၏။ ၎င်းတို့သည် ဘုန်းတော်ကြီးကျောင်းကလေးအတွင်း၌ ရန်သူများ ရောက်နေကြသည်ဟု ထင်မှတ်သဖြင့် တိုက်ခိုက်မည့်ဆဲဆဲတွင် အခေါ်ရောက်လာသောကြောင့် ပြန်လာခဲ့ရသည်ဟု ဆို၏။

"ဒီတိုက်ပွဲ မပြီးသေးဘူးဗျ။ နောက်နေ့တွေ တိုက်ဖို့ ချန်ထားပါဦး"

ဟုပြောပြီးလျှင် အနားယူရန် ခွင့်ပေးလိုက်၏။

ထိုအတွင်း ရဲဘော်မိန်းမများကို ညစာအတွက် ဆန်ပြုတ်အကျိုခိုင်း၏။ အားလုံး မျှမျှတတ စားသောက်နိုင်ကြရန် ဆန်ပြုတ်ကျို

မှသာ ဖြစ်လိမ့်မည်။ ဆန်ပြုတ်ကို ငါးခြောက်များ၊ ဆီများ၊ ကြက်သွန်ဥကြီးများနှင့် အိအိထွေးထွေးလေး ကျိုစေသည်။ ညနေ အတော်ကလေး နေချိုလာ၏။ ရဲဘော်တွေကို ဆန်ပြုတ်များ လိုက်ဝေ၏။ ထိုအချိန်တွင် တစ်ဖက်ကမ်းမှ အပြင်းအထန် ပစ်ခတ်ကြတော့သည်။ စာရေးသူတို့သည် ဤမျှဝေးသော နေရာမှ ပစ်ခတ်ခြင်းကို မမှုကြတော့ပေ။

နံနက်ပိုင်းတွင် စာရေးသူတို့ အပစ်ခံကြရသည်မှာ တစ်ဖက်နှင့်တစ်ဖက် အလွယ်တကူ ဝင်ရောက်မစီးနိုင်ကြသော်လည်း ကိုက်(၈၀)နှင့် ကိုက်(၂၀၀)အတွင်းသာလျှင် ရှိကြ၏။ ရန်သူများက အပေါ်မှနေ၍လည်း စီးထားကြ၏။

ယခုမှ ရန်သူများသည် စာရေးသူတို့နှင့် အနီးဆုံးနေရာတွင် ကိုက်(၂၅၀)မျှပင် ကွာဝေးသွားကြလျက် ၎င်းတို့၏ အမြင့်ဆုံးနေရာသည် စာရေးသူတို့အောက် ပေ(၂၀)ကျော်မျှ ရောက်လျက်ရှိနေကြပေပြီ။

သို့သော် ရဲဘော်ကလေးများသည် ပြန်လည်ပစ်ခတ်ရန် ပြုနေကြ၏။ စာရေးသူသည် စားစရာများကို အေးအေးဆေးဆေး စားသောက်လျက် တစ်ချက်မျှ ပြန်မပစ်ကြရန် ညွှန်ကြားလိုက်ပါ၏။

## "ရဲဘော်ဇနီးများ၏ စွန့်စားခန်း"

ထိုနောက် ဗိုက်ကလေးများကို ခေါ်ယူလျက် ခိုင်မာသော ခုခံရေးအစီအစဉ် ပြုလုပ်ရန် နေရာအနှံ့ လိုက်ကြည့်ကြ၏။ ညရေးညတာအတွက် စီစဉ်ကြ၏။ လျှို့ဝှက်စကားများကို နာရီပိုင်းနှင့် ပြုလုပ်ထားကြ၏။

တစ်ဖက်မှ ရန်သူတို့ ပစ်ခတ်သံများကား မရပ်ခဲ့။ မိုးချုပ်ခဲ့ချေပြီ။ စာရေးသူတွင် အတော်ညံ့ဖျင်းသော အကျင့်တစ်ခုရှိ၏။ ထိုအကျင့်ကား တစ်စုံတစ်ခု အစီအစဉ် ပြုပြီးတိုင်း၊ အနားယူလိုက်တိုင်း အလွန်ကြောက်လန့်တုန်လှုပ်သော စိတ်တွေ ပေါ်လာခြင်းဖြစ်၏။

ယခုလည်း ညရေး ညတာ ကာကွယ်ရေး အစီအစဉ်များ

ပြုလုပ်ပြီးသည်နှင့် တစ်ပြိုင်နက် စာရေးသူ၏ ဖနိုးအေားတွင် အလွန်ကြောက်လန့် တုန်လှုပ်လျက်ရှိနေ၏။

မှောင်နှင့်မည်းမည်းတွင် ရန်သူများ တိတ်တဆိတ်ဝင်ရောက်လာကြပါကဟူသော အတွေးဖြင့် ဟိုဘက်မှ ပေါ်လာနိုးနိုး၊ သည်ဘက်မှ ပေါ်လာနိုးနိုး ဖြစ်နေ၏။

စာရေးသူသည် ကြောက်ရွံ့သောကြောင့် တစ်ဖက်တောင်ထိပ်ပေါ်တွင် စောင့်နေသော ကင်းအား ငါးမိနစ်လျှင်တစ်ကြိမ်ကျ စိတ်ထဲမှ မသက်သာလျှင်"တစ်ကြိမ်"သံတံတားကြီးပေါ်သို့ သေနတ်ပစ်ပေးရမည်ဟု ဆက်သားလွှတ်၍ အမိန့်ပေးလိုက်၏။ ထို့နောက် ရန်သူ၏သေနတ်သံ၊ စာရေးသူတို့၏ သေနတ်သံဟူ၍ မခွဲခြားဘဲ သေနတ်သံ ကြားလိုက်တိုင်း သွေးလန့်ကာ တစ်ကိုယ်လုံး တုန်တုန်နေ၏။ ဤလိုဖြစ်ရမည်လောဟုလည်း မိမိကိုယ်ကို မိမိစိတ်ဆိုး၏။ သို့သော် စိတ်တင်းထား၍လည်းမရ။ အောင့်နေ၍လည်း မရ။

စာရေးသူ၏ "ကြောက်"ရောဂါကို စာရေးသူ၏မိန်းမက အလွယ်တကူ လာရောက်ကုသပေးလိုက်သည်။ ကုပုံကား ဤသို့တည်း။

"ကျွန်မတို့ မနက်ဖြန်ခါတွက် ရေတစ်စက်မှ မရှိတော့ဘူး"

ရေမရှိလျှင် မဖြစ်တော့ပေ၊ စာရေးသူတို့သည် မည်သည့်နည်းနှင့်မဆို ရေရအောင် ခပ်ရပေမည်။ ရေခပ်ရမည့်အလုပ်ကား လွယ်သည့်အလုပ်မဟုတ်။ ကလိန်အောင်ချောင်းစပ်အထိ ဆင်း၍ခပ်ကြရမည်။ ထိုသို့ ရေခပ်ချိန်တွင် တစ်ဖက်ကမ်းမှသိရှိသည်နှင့် တစ်ပြိုင်နက် စာရေးသူတို့အတွက် မသက်သာနိုင်ကြပေ။

ပြန်လှန်ပစ်ခတ်လျှင်လည်း ၎င်းတို့ဘက်ကို လာရောက်တိုက်ခိုက်ရန် ကူးလာကြသည်ထင်သဖြင့် အပြင်းအထန် စုပြုံပစ်ခတ်ကြမည်ဆိုပါက စာရေးသူ၏ ရေခပ်အဖွဲ့သည် တစ်ယောက်မျှ တောင်ပေါ်ပြန်မရောက်နိုင်၊ အကာအကွယ်ယူရန်လည်း လုံးဝမရှိ။

ဤလိုနေရာမျိုးအတွက် စွန့်စားရန် စာရေးသူသည် တိုက်ရည်နှင့်ပြည့်စုံသော ရဲဘော်များကို အဆုံးမခံနိုင်။

ထို့ကြောင့် စာရေးသူ၏ဖနိုးနှင့်တကွ ရဲဘော်မိန်းမများကို

စုရုံးလိုက်၏။ အဖြူရောင်မပါသော အဝတ်များကို ဝတ်စေ၏။ ဝတ်စရာ မရှိသော ရဲဘော်မိန်းမများကို ၎င်းတို့ယောကျ်ားများ၏ အဝတ်ကို အဝတ်ခိုင်းရ၏။ အချို့ကမူ စစ်သားဝတ် စွပ်ကျယ်လက်ပြတ်ကလေးတို့ကို ဝတ်လာကြရာ မကြည့်ရဲ မရှုရဲလောက်အောင် ဖြစ်နေသဖြင့် အပေါ်မှ စောင်အပတ်ခိုင်းရသေး၏။ ထို့နောက် သံပုံးအစရှိသော ရေခပ်ရန် အရာဝတ္ထုများကို ကိုင်စွဲစေပြီးလျှင် ရေသံ၊ သံပုံးသံ လုံးဝမကြားစေဘဲ အလွန်သတိကြီးစွာ ချောင်းစပ်သို့ဆင်း၍ ရေခပ်ကြရမည်ဟု အမိန့်ပေး၏။ ဤအထဲတွင် ကြောက်ရွံ့သူများ မလိုက်ပါရဟု ကြိုတင်ပြော၏။ တစ်ဖက်မှ သေနတ်နှင့် ပစ်လျှင်လည်း အသံလုံးဝမပြုဘဲ ရောက်ရာနေရာတွင် ငြိမ်နေရမည်။ နောက်မှ တဖြည်းဖြည်း တောင်ပေါ်တက်လာကြရမည်ဟု ညွှန်ကြား၏။

စာရေးသူတို့သည် ချောင်းထဲသို့ဆင်းရန် လမ်းထိပ်သို့ ရောက်ရှိလာကြ၏။ တစ်ဖက်ကမ်းမှ အပစ်အခတ် စိပ်တုန်းပင်ရှိသေးသည်။ နေမဝင်မီမှ စတင်ပစ်ခတ်ကြသည်မှာ ယခုကိုးနာရီပင် ရှိခဲ့ချေပြီ။

“နေဦးဟေ့ ... နောက်တစ်ဖက်ကပစ်တာ နည်းနည်းကျဲသွားမှ ဆင်းရမယ်၊ အခု ပြန်သွားကြဦး”

ဟု ပြောလိုက်၏။

ပြီးလျှင်စိတ်ထဲ၌ ပူစရာ ပေါ်သည်လာသည်။ ထိုပူစရာကား ရန်သူတို့သည် ဤသို့ပစ်ခတ်ပြီးနောက် အခြားတစ်ဖက်မှနေ၍ လှည့်ဝင်ရန် ကြိုးစားလေမလားဟူသော စိုးရိမ်မှုပင်ဖြစ်၏။

မိမိတို့ကလည်း ဤသို့ပင် ပစ်ခတ်ပေး၍ ရန်သူ၏နေရာကို စီးခဲ့ပြီးလေပြီ။ စာရေးသူသည် ညတွင်းချင်းပင် မိမိတို့ကို ရန်ပြုနိုင်မည့် အခြားနေရာတစ်ခုသို့ တပ်စိတ်တစ်ခုကို ခေါ်ဆောင်သွား၍ နေရာချထားပေးလိုက်၏။

တောစပ်ကလေးမှ ဖြတ်လျက် စာရေးသူ တောင်ကုန်းပေါ်သို့ ပြန်ရောက်သောအခါ နှင်းများ အတော်ကျနေလေပြီ။ စာရေးသူ၏ အင်္ကျီပခုံးတွင် နှင်းများစိုနေကြ၏။

လုံခြုံသော ပစ်ကျင်းများထဲတွင် အမျိုးသမီးများအချို့ အိပ်

ငိုက်၍ပင် နေကြလေပြီ။ တစ်ဖက်ကမ်းမှ ပစ်နေသော သေနတ်သံလည်း အတော်ကျဲသွား၏။

"ကဲ ... ထကြ ... ထကြ၊ ခင်ဗျားတို့ ကြောက်တတ်တဲ့လူ လိုက်မသွားနဲ့နော်၊ တစ်ဖက်ကမ်က လှမ်းပစ်တဲ့ အချိန်မှာ ငြိမ်နေရမယ်၊ အသံလည်း မပြုရဘူး၊ လှုပ်လည်း မလှုပ်ရဘူး၊ စကားလည်းမပြောရဘူး၊ ချောင်းလည်းမဆိုးရဘူး၊ အီးပေါက်ချင်ရင်တောင် အသံမမြည်အောင် အသာကလေး ဖင်ဖြဲပေးလိုက်၊ ပြီးတော့မှ အောင့်ပြီးတော့ ဖြည်းဖြည်းထုတ်"

ရဲဘော်မိန်းမများက ပြုံးကြသည်။ ကမ်းထိပ်သို့ ရောက်သောအခါ စာရေးသူပါ အောက်သို့ဆင်းလိုက်မည်ပြု၏။ စာရေးသူ၏ မိန်းမက မလိုက်ရန်တား၏။ အရေးအကြောင်းရှိလျှင် အပေါ်မှ အစီအစဉ် လုပ်ပေးပါဟု နားအနီးသို့ကပ်၍ ပြောပြီးလျှင် စာရေးသူ၏ခါးမှ ပစ္စတို သေနတ်ကို ဖြုတ်ယူလျက် ရှေ့မှဆင်းသွား၏။

ရဲဘော်တို့၏ မိန်းမများလည်း နောက်မှလိုက်သွားကြ၏။ မှောင်ထဲတွင် တိတ်ဆိတ်စွာ ပျောက်ကွယ်သွားကြသည်။ စာရေးသူသည် ဘရင်းနှင့်စောင့်နေသော ရဲဘော်၏ဘေးတွင် တိတ်ဆိတ်စွာ ထိုင်လိုက်၏။

ခဏမျှကြာသောအခါ ရေသံပုံးများ အိုးများကိုရွက်လျက် တစ်ယောက်ပြီးတစ်ယောက် တက်လာကြသည်။ ထိုအထဲ၌ စာရေးသူ၏ မိန်းမ မပါရှိ။

ဤသို့ တက်ချည်ဆင်းချည်နှင့် အတန်ကြာရှိသောအခါ ရေစပ်တွင် သံပုံးလွတ်ကျသံတစ်ခုကို ကြားလိုက်၏။ ချက်ချင်းလိုပင် တစ်ဖက်ကမ်းမှ သေနတ်နှင့် သုံးချက်တိတိ ဆက်ပစ်လိုက်၏။

အတန်ကြာမျှ ငြိမ်နေကြသည်။ တစ်ယောက်မျှလည်း တက်မလာကြသေး၊ ဆယ့်ငါးမိနစ်ခန့်ရှိမှ အမျိုးသမီးများ တက်လာကြသည်။ ရှေ့ဆင့်နောက်ဆင့် ဆိုသလို တက်လာကြ၏။ ၎င်းတို့နောက်တွင် စာရေးသူ၏ဇနီး ပါလာသည်။ လက်ထဲ၌ ရေမပါသော သံပုံးလွတ်တစ်ခုနှင့်ဖြစ်၏။ ထိုသံပုံးကား သေနတ်မှန်ထားသဖြင့် ပေါက်၍နေချေပြီ။

၎င်းတို့ ပြောပြသဖြင့် သိရသည်မှာ အမျိုးသမီးငယ်တစ်

ယောက်သည် ကျောက်တုံးတစ်တုံးကို ခလုတ်တိုက်၍ မဟန်နိုင်ဘဲ လဲသွားသည်ဆို၏။

ဤတွင် တစ်ဖက်မှ ချက်ချင်းလှမ်းပစ်လိုက်သည်။ ဤသို့လှမ်းအပစ်တွင် လန့်၍အော်မြည်အပြု စာရေးသူ၏မိန်းမက ပါးစပ်ကိုချက်ချင်းဆွဲယူပိတ်လိုက်၏။ ထို့နောက် မလှုပ်ရှားစေရန် အပေါ်မှစီး၍ဖိထားလိုက်၏။

မိမိတို့နှစ်ယောက်ရှိရာသို့ နောက်ထပ်နှစ်ချက် ဆက်လက်ပစ်ခတ်ပြီးသည်အထိ ၎င်းတို့ငြိမ်နေကြသည်ဆို၏။ နောက်ထပ် ငါးမိနစ်ခန့်ကြာမျှ ဖြည်းညင်းစွာ ထကြပြီးလျှင် ရေခပ်၍ တက်လာကြသည်ဆို၏။

မိန်းကလေး လွတ်ကျသော သံပုံးမှာ သေနတ်ထိမှန်၍ပေါက်သွားပြီဖြစ်သဖြင့် ရေခပ်ယူလာရန် မဖြစ်နိုင်တော့ချေ။

စာရေးသူတို့သည် ဤနည်းဖြင့် နောက်တစ်နေ့အတွက်သုံးရေသောက်ရေ လုံလောက်စွာ ရခဲ့ကြသည်။ ဘာကိုပူရန် ရှိပါသေးသနည်း။

ဘာမျှပူရန် မရှိသည်ဟု ဆိုသော်လည်း ပိန်းပိတ်အောင်ဆို့နေသော နှင်းတောထဲတွင် အနီးသို့ကပ်လျက် ရန်သူများ ရုတ်တရက်ပေါ်လာပါက မခက်ပါလော ... စာရေးသူသည် အိပ်၍မရနိုင်တော့ပေ။

တောင်ကုန်းကလေး တစ်ခုလုံးကို လှည့်လည်လှည့်ပတ်ကြည့်လိုက်၏။ တစ်ဦးချင်း တစ်ယောက်ချင်း စွန့်စားတက်ရောက်လာနိုင်သမျှသော နေရာတို့ကို ရဲဘော်နှစ်ယောက်စီခေါ်၍ ချထားလိုက်၏။ ထိုနှစ်ယောက်အနက် တစ်ယောက်ကို လက်ပစ်ဗုံးများနှင့် ရှိစေပြီး တစ်ယောက်ကို စတင်းသေနတ်နှင့် ရှိစေသည်။ ပြီးလျှင် သက်ဆိုင်ရာ ဗိုလ်ကလေးတို့အား နှစ်နာရီတစ်ကြိမ်ကျ လူလဲလှယ်ပေးရန် အကြောင်းကြားခဲ့၏။

ဤသို့ဖြင့် ညနေနှစ်နာရီခွဲခန့် ရှိလေပြီ။ စာရေးသူတို့စခန်းချရာ ကျောင်းကြီးထဲသို့ ရောက်ရှိသွားကြ၏။

စိတ်မငြိမ်သောကြောင့် ရုတ်တရက် အိပ်၍မရ၊ စီးကရက်တစ်လိပ် မီးညှိသောက်ပြန်သည်။ လေးလသမီးကလေးကို ရင်ခွင်တွင်

နို့တိုက်လျက် ပါးစပ်ဟောင်းလောင်းဖြင့် အိပ်ပျော်နေပြီဖြစ်သော စာရေးသူ၏ဖနီးသည်ကို ဖွာလိုက်သော စီးကရက်မီးရောင်ဖြင့် မြင်လိုက်ရ၏။

လူသေကြီးနှင့်ပင် တူ၍နေပေချေသေးသည်။ ဤလိုများ သေကုန်ကြမှဖြင့် ....

စာရေးသူသည် စီးကရက်မီးကို သတ်လိုက်ပြီးနောက် ကာဘိုင်သေနတ်ကိုလွယ်လျက် ပစ်ကျင်းကြီးထဲမှ ခုန်ထွက်လိုက်၏။

သံချောင်းခေါက်သံများ တစ်နေရာပြီးတစ်နေရာ ပေါ်လာကြသည်။ နေရာပေါင်း(၂၀)ခန့်မျှ ဖြစ်၏။

ပြည်ထောင်စု အဖဗမာနိုင်ငံတော်အား အလေးပြုဟူသော အသံများနှင့်အတူ သစ္စာခိုင္ဒာန်ပြုကြသော အသံများလည်း နေရာပေါင်း (၂၀)ခန့်မျှ အကြိမ်(၂၀)တိတိ ပေါ်ပေါက်လာကြ၏။ လွန်ခဲ့သည့်နေ့မှစ၍ တမင်အစီအစဉ် ပြုလုပ်ထားခြင်းဖြစ်သည်။ ရန်သူသည် စာရေးသူတို့၏ အင်အားကို မခန့်မှန်းနိုင်ရန်ဖြစ်၏။

နှင်းမကွဲမီ တစ်ဖက်မှ နှုတ်ဆက်လိုက်သော သေနတ်သံကို ကြားရသည်။ ဤမျှဝေးဝေးလံလံ လှမ်းပစ်လိုက်သည့် သေနတ်သံများ အတွက် စာရေးသူတို့ မမှုတော့ပေ။

ရန်သူကို မြင်နေရစေကာမူ စာရေးသူတို့ရှိရာသို့ တက်လာရသည်ကို မတွေ့ရမချင်း သေနတ်ဖြင့် ပြန်လှန်မပစ်ရဟု အမိန့်ထုတ်လိုက်၏။

■ ■ ■

## "ငယ်နုသော ချစ်သူနှစ်ယောက်၏ ခရီးလမ်း"

ထိုနောက် နှင်းခပ်ပိတ်ပိတ်တွင် တာဝန်ထမ်းဆောင်နေကြသော နေရာအသီးသီးသို့ လှည့်လည်ကြည့်ရှုကြ၏။

တစ်နေရာသို့ရောက်သော် စာရေးသူ ညက အထူးတာဝန်ဖြင့် ချထားခဲ့သော တပ်စိတ်တစ်စိတ်သည် မိုးလင်းလာပြီဖြစ်သောကြောင့် ပြန်လာခဲ့ကြသည်ကို လမ်းတွင် တွေ့ရ၏။

"ခက်တာပဲ၊ ခင်ဗျားတို့ ဘာကြောင့် ပြန်လာတာတုံး၊ သွား... အဲဒီနေရာကို မြန်မြန်ပြန်ပြီး နေရာယူထား"

ရဲဘော်ကလေးများသည် ချက်ချင်း အပြေးအလွှား နေရာပြန်ယူကြ၏။ သို့သော် ဗြုန်းခနဲ ဂေါ်ရခါးဦးထုပ်ကြီးဖြင့် ၎င်းတို့၏ပစ်ကျင်း၏တစ်ဖက်ဘေးမှနေ၍ ပေါ်လာသော ဦးခေါင်းတစ်ခုနှင့် မျက်နှာချင်း ဆုံမိကြသည်။ ဂေါ်ရခါးဦးထုပ်ကြီးကလည်း အံ့အားသင့်နေရာမှ ရုတ်ခြည်း ခေါင်းပြန်ငုံ့သွား၏။ စာရေးသူတို့၏ ရဲဘော်ကလေးများကလည်း ခေါင်းပြန်ငုံ့လိုက်၏။ ထို့နောက် လက်ပစ်ဗုံးတစ်လုံးကို စို့ဖြုတ်၍ ပစ်ချခဲ့ပြီးလျှင် စာရေးသူရှိရာသို့ ပြန်လည်ပြေးလာခဲ့ကြချေပြီ။

"ခက်တာပဲ၊ မင်းတို့ ငါ့ဆီက အမိန့်မရသေးဘဲ ပြန်လာကြတာကိုး၊ မတတ်နိုင်ဘူး၊ အဲဒီဘက်ကလာတဲ့ ကျည်ဆန်တွေ မမှန်နိုင်အောင် တို့တောင်ပေါ်က လူအားလုံး အကာအကွယ် ယူထားကြရုံပဲရှိတယ်"

ဤသို့ဖြင့် ရန်သူကို ပစ်ကွင်းတစ်ခု ရစေအောင် ပေးခဲ့ကြရသည်ဟု စိတ်မကောင်းဖြစ်လျက် ရှိနေရ၏။

သို့သော် ထိုနေရာမှ အခိုက်အတန့်ကလေးသာလျှင် စာရေးသူတို့ ရှိရာသို့ ပစ်ခတ်ပြီးနောက် လုံးဝရပ်စဲသွားသည်။ အကြောင်းကား ၎င်းတို့သည် စာရေးသူတို့ကဲ့သို့ပင် ကြောက်လန့် နောက်ဆုတ်သွားကြသောကြောင့်ဖြစ်၏။

စာရေးသူသည် ဒဏ်ရာရသူ၊ ဖျားနာသူတို့ကို ဆေးပေးခြင်း တာဝန်အရ စောင့်ရှောက်နေကြကုန်သော ပစ်ကွင်းများ၊ ဘန်ကာများတို့ကို လှည့်လည်ကြည့်ရှု အကြံဉာဏ်ပေးခြင်းများကို ပြုလုပ်ပြီးနောက် စာရေးသူတို့၏ ခိုကျင်းထဲသို့ ရောက်သွား၏။

ပစ်ကျင်းတစ်နေရာတွင် စာရေးသူတို့၏ ပစ္စည်းများကို စုပုံထား၏။ ထိုအထဲတွင် ဖွေးဖွေးဖြူသော ရေဒီယိုကို တွေ့ရသည်။ ကောင်းကင်ကြိုးစကို ဖြုတ်ယူလာရုံရှိ၏။ ထားဝယ်မြို့မှ စစ်သားတစ်ပိုင်းဖြစ်နေသော ကားဆရာ နော်လှထွန်း(အမှန် နောင်လှထွန်း ဖြစ်သည်) ၎င်းကို ရေဒီယိုဆင်ရန် စေခိုင်းလိုက်၏။

ရေဒီယိုဆင်ပြီးသဖြင့် ဖွင့်လိုက်သောအခါ သတင်းကြေညာခန်းသို့ ရောက်နေပေပြီ။ သတင်းကြေညာခန်း၌ ထွက်လာသော အသံကား ....။

ထားဝယ်တွင် ရောက်ရှိနေသော ဆိုရှယ်လစ်စစ်ဗိုလ်တစ်ယောက် အုပ်ချုပ်နေသည့် တပ်တစ်ခုမှ မမှန်သတင်းများသည် ရန်ကုန်မြို့တော်ကြီးသို့ ရောက်ရှိလာကာ ကရင်ဗမာ စိတ်ဝမ်းကွဲမှု မုန်းတီးမှုများကို ဖြစ်ပွားစေပါကြောင်း။

ထိုသတင်းများသည် မသင်္ကာဖွယ်ကောင်းသော လေယာဉ်များ အလွန်နိမ့်စွာ ပျံသန်းလာလျက် ကရင်အမျိုးသားများကို လက်နက်များ ချပေးနေသည်ဟု တွေးထင်ရသည်ဆိုခြင်း၊ ကရင်အမျိုးသားများက မိမိတို့ တပ်စွဲရာကို လာရောက်တိုက်ခိုက်ရန် အင်အားစုနေပါသည်ဟု စွပ်စွဲခြင်းတို့ ဖြစ်ကြောင်း။

ထိုစွပ်စွဲချက်တို့သည် တစ်ခုမျှ မဟုတ်ရုံမျှမက အဆိုပါ စစ်တပ် တပ်စွဲရာ အနီးအနားတွင်ရှိကြသော ကရင်အမျိုးသားရွာများပင် လျှင် တစ်နေ့နေ့တွင် မိမိတို့ရွာများကို လာရောက်တိုက်ခိုက်မည်စိုးသဖြင့် ပြောင်းရွှေ့ကုန်ကြပါသည်ဟု သတင်းစာကွန်ဖရင့်ခေါ်ယူ၍ ကရင်အမျိုး သား ဆရာသာထိုက မနေ့က ရှင်းလင်းပြောဆိုကြောင်း ဟူသော သတင်း ဖြစ်၏။

ဤသို့ ဆရာသာထို ရှင်းလင်းပြောဆိုနေသော အချိန်တွင် စာရေးသူတို့သည် လက်နက်ကိုင် ကရင်အမျိုးသားများ ဝိုင်းဝန်းတိုက် ခိုက်ခြင်းကို ခံနေရပြီဖြစ်သောကြောင့် ရဲဘော်ခြောက်ယောက် ကျဆုံးပြီး နေပြီကို အဆိုပါသတင်းစာစည်းဝေးပွဲ၌ တက်ရောက်နားထောင်နေကြ ကုန်သော သတင်းစာဆရာများက သိရှိကြမည် မဟုတ်ချေ။

ယခုအချိန်၌ ဆရာသာထို၏ ရှင်းလင်းချက်များသည် သတင်းစာအသီးသီးတို့၌ ပါရှိကြပေလိမ့်မည်။ သတင်းစာဖတ်သူအချို့ တို့ကလည်း (ဒီတောင်မဟုတ် မြောက်မဟုတ် တပ်တွေဟာ၊ တစ်ဆိတ် ကို တစ်အိတ်လုပ်ပြီး ချဲ့ကြတာနဲ့ တိုင်းပြည်ဆူဆူပူပူ ဖြစ်နေတာပဲ)ဟု တွေးကောင်း တွေးကြပေလိမ့်မည်။

စာရေးသူသည် ဤသို့ တွေးနေဆဲတွင် ရေဒီယိုအတွင်းမှ “ထွေးယူလှည့်ပါ မောင်ရယ်”ဟူသော ချိန်တန်ပြီမှ မေရှင်၏သီချင်းသံ ကို ကြားလိုက်ရသည်။ ရန်ကုန်မြို့ကြီးကို ပြေးမြင်လာ၏။ ရုပ်ရှင်ရုံတွေ ကိုလည်း ပြေးမြင်လာ၏။ ရုပ်ရှင်ရုံရှေ့တွင် ကြက်ပျံမကျ လှုပ်ရှားသွား လာနေကြမည့် လူအုပ်ကြီးများ၊ ရှာရပတ်ရည်ကုလား၏ ဂျမ်း ... ဂျမ်း... ဂျမ်း တီးလိုက်သော အဖုံးသံများ၊ ဆိတ်သားကင်သည်၏ သံပရာသီး စိပ်ကလေးများ စွပ်ထားသော တံစို့များနှင့်တကွ ရုပ်ရှင်ရုံခေါင်မိုးပေါ်မှ လည်နေသော ပန်ကာများကိုပါ မြင်လာ၏။

“ဗိုလ်ကြီး ... ဗိုလ်ကြီး”

အတွေးထဲ၌ နစ်မြောနေစဉ် ဖြစ်သဖြင့် ထိတ်လန့်သွား၏။

“ဘာလဲကွ ... မင်းတို့ဟာ နေရာတိုင်းမှာ အထိတ်တလန့်နဲ့ စစ် သားဆိုတာ ဘာဖြစ်ဖြစ် ဣန္ဒြေရရ လုပ်ရတယ်၊ မှတ်ထား”

ပြောသော ပြောနေရသည်။ ယခုမှပင် ရန်သူတို့ အပြင်းအထန် ပစ်ခတ်နေကြပြီ ဖြစ်ကြောင်းကို သတိမူမိ၏။ သို့သော် ထိတ်လန့်သွားသည်ကို ဖုံးဖိလိုသဖြင့် ဆာဂျင်ငယ်အား ခပ်တည်တည်ပင် ကြည့်နေလိုက်သည်။ ဆာဂျင်သည် ခေါင်းငုံ့ရာမှ တတ်နိုင်သမျှ အသံကိုနှိမ့်ချလျက် ထပ်ပြော၏။

"ကျွန်တော်တို့ဘက်ကမ်းကို ရန်သူတွေ ကူးလာဖို့ လုပ်နေကြတယ်၊ အဲဒါ ကျွန်တော်တို့ ပစ်ရတော့မလား"

"အေး...လာ...လာ၊ ငါပါလိုက်မယ်"

စာရေးသူ ရောက်သွားသောအခါ တစ်ဖက်ကမ်းသောင်ပြင်ပေါ်တွင် သစ်လွင်သော ယူနီဖောင်းအစိမ်းရောင်များနှင့် သေနတ်ကိုယ်စီကိုင်ဆွဲထားကြသော မိတ်ဆွေကော်သူလေးများကို တွေ့ရသည်။ သူတို့သည် စာရေးသူတို့ရှိရာသို့ သေနတ်တစ်ချက်မျှ မပစ်ကြ။ စာရေးသူတို့ကို အပြင်းအထန် သေနတ်နှင့် ပစ်နေကြသူများကိုလည်း စာရေးသူတို့က မမြင်ကြရ။

စာရေးသူတို့အား သေနတ်နှင့်ပစ်နေကြသူများသည် သောင်ပြင်ပေါ် စုရုံးရပ်နေကြသော မိတ်ဆွေကော်သူလေးတို့၏အပေါ် ကမ်းနဖူးပေါ်မှနေ၍ စာရေးသူတို့ကို ပစ်နေကြခြင်းဖြစ်၏။

ဤသို့ဆိုလျှင် စာရေးသူတို့၏မိတ်ဆွေ ကော်သူလေးတို့သည် တံတား၏အောက်ခြေ ရေထဲမှလည်းကောင်း၊ ထို့နောက် တံတားပေါ်မှလည်းကောင်း၊ အတင်းပြေးဝင်၍ လာရောက်စီးနင်းကြရန် ကြံစည်ဟန်တူ၏။

နောက်တစ်ချက် စဉ်းစားစရာမှာ စာရေးသူတို့အား ဤသို့လှုံ့ဆော်ပြနေလျက် စာရေးသူတို့ ဤဘက်သို့ မဲနေချိန်တွင် အခြားချောင်မည့်တစ်ဖက်ဖက်မှ အတင်းဝင်ရောက် စီးနင်းနိုင်ရန် ပြုလုပ်နေခြင်းလည်း ဖြစ်နိုင်၏။

စာရေးသူသည် ဆက်သားများလွှတ်၍ အခြား အဖက်ဖက်များရှိ တာဝန်ကျ ရဲဘော်တို့ကို ဂရုတစိုက်ရှိရန် သတိပေးထားလိုက်၏။

အနားယူနေကြသော ရဲဘော်တို့ကိုလည်း တစ်နေရာတွင် အဆင်သင့် စုံရုံးစေ၍ လိုအပ်သောဘက်သို့ အလွယ်တကူ သွားရောက်ကူနိုင်ရန် အသင့်စောင့်နေစေ၏။ ပြီးမှ မှန်ပြောင်းတစ်ခုဖြင့် တစ်ဖက်ကမ်းသို့ ထပ်ကြည့်သည်။ မိတ်ဆွေကော်သူလေးတို့သည် တစ်ဖက်ကမ်းတွင် စနစ်တကျ တန်းစီရပ်နေကြ၏။ လူတန်းသုံးတန်းရှိသော်လည်း လေးဆယ်ခန့်ပင်ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ ဘာတွေရပ်ပြောနေသည်ဟု မသိရ။

ချက်ချင်းပင် ထိုသူတို့သည် အပြေးအလွှား လူချင်းခွဲလိုက်ကြာ ရှေ့နောက် တန်းစီပြီးလျှင် ဒူးထောက်ထိုင်လိုက်ကြ၏။ တစ်တန်းနှင့်တစ်တန်း ကိုက်(၃၀)ခန့်ကွာ၏။

ထို့နောက် ခေါင်းဆောင်နှင့်တူသူ လေးယောက်တို့သောင်စပ်သို့ ဆင်းလာကြသည်။ အချင်းချင်း တိုင်ပင်နေကြပြန်၏။

တောတက်ဖိနပ်ဟု ခေါ်သော ပတ္တူဖိနပ်အရောင် စိမ်းစိမ်းကို ဒူးဆစ်အထိ ကြိုးများစည်းလျက် ဝတ်ထားသူကား လူရွယ် လူချောတစ်ယောက် ဖြစ်ဟန်ရှိ၏။ အသားဖြူ၏။ အဝတ်အဆင် တောက်ပြောင်၏။ မျက်လုံးပြာ၏။ သူသည် အခြားသူများကဲ့သို့ ဂေါ်ရခါးသက္ကလပ်ဦးထုပ်ကြီးကို မဆောင်းဘဲ တောတိုးဦးထုပ်ဟု ခေါ်သော ကာကီစိမ်းဦးထုပ်အပျော့ကလေးကို ဆောင်းထား၏။

စာရေးသူသည် မိမိ၏ဘရင်းစက်သေနတ်ပစ်သမား အနီးသို့ကပ်လျက် "ဟောဟိုရှေ့က ခပ်ဖြူဖြူ အရပ်ရှည်ရှည်လူကို တွေ့လား၊ ငါက ပစ်ဆိုတာနဲ့ အဲဒီလူကိုစပစ်၊ အဲဒီလူကို လိုက်ချိန်ထား"ဟု ကျောကိုအသာအယာပုတ်၍ ခပ်တိုးတိုး ပြောလိုက်၏။

စာရေးသူ၏ ဘရင်းသမားသည် ချိန်ခွက်များ ရွှေ့ချိန်ခြင်း၊ ပစ်ရန် အဆင်သင့် ပြုလုပ်လိုက်ခြင်း စသည့် ကြိုးစားမှုတို့ကို ထောက်သဖြင့် ငါ့ဗိုလ်ကြီးစိတ်ကြိုက်ဖြစ်အောင် ကြိုးစားမည်ဟူသော သဘောပေါ်နေ၏။

အရပ်ရှည်ရှည်လူသည် သောင်စပ်မှနေ၍ တဖြည်းဖြည်း ရေထဲသို့ ဆင်းလာသည်။ နောက်မှ သုံးယောက်လည်း ထက်ကြပ်မကွာ ပါလာ၏။

မကြာမီ နောက်ဆုံးလူက လက်ကိုဝှေ့ယမ်းပြလိုက်သည်။ သောင်ပြင်ပေါ်တွင် ဒူးထောက်ထိုင်ကြသူများ နေရာမှထလျက် နေသတ်ကို ဘယ်ညာချိန်ပြီးလျှင် ဆင်းလာကြ၏။

"ပစ် ..."

စာရေးသူသည် ခပ်အုပ်အုပ် အမိန့်ပေးလိုက်သည်။

စာရေးသူတို့ မျှော်လင့်သည့်အတိုင်းပင် နှစ်ယောက်ရေထဲသို့ လဲကျ၏။ ကျန်လူများ သောင်ပြင်ထက်သို့ ပြန်ပြေးပြီးလျှင် အကာအကွယ်ယူနေကြ၏။

"အပစ်ရပ် ..."

စာရေးသူသည် ရဲဘော်ကို ကျောပုတ်ပြီးလျှင် အပစ်ရပ်ခိုင်းလိုက်သည်။

"အေးကွာ ... ငါ့ရဲဘော်၊ ဟောဒီအောက်နား နည်းနည်းကွယ်ပြီး ဆေးလိပ်သောက်လိုက်ဦး၊ မင်းတို့ နောက်ထပ်မစပ်နဲ့တော့၊ အဲဒီအခုကျသွားတဲ့ အကောင်တွေကို ကြည့်နေ၊ ဒီကောင်တွေကိုပဲချိန်ထား၊ အဲဒီကောင်တွေ လာဆွဲရင်ပစ်ချ၊ တို့ ဒီအလောင်းနှစ်လောင်းကို ရအောင်ယူရမယ် ကြားလား"

ရဲဘော်များသည် စီးကရက်ဖွာနေရာမှ "ဟုတ်ကဲ့ ဗိုလ်ကြီး" ဟု အလွန်ကျေနပ် လေးစားစွာ ပြန်ပြောသည်။ စာရေးသူသည် ရဲဘော်၏ပခုံးကိုပုတ်၍ ထွက်လာခဲ့၏။

ထိုနေ့အဖို့ကား အခြားနောက်ထပ် ထူးထူးထွေထွေ ဘာမျှမဖြစ်၊ စာရေးသူတို့ မိတ်ဆွေများသည် ၎င်းတို့၏ကျသွားသော အလောင်းနှစ်ခုကို လာရောက်ဆွဲကြရာတွင် သောင်ပြင်၌ နောက်ထပ်အလောင်းခြောက်ခု ဆက်၍ကျ၏။

ညနေဘက်သို့ ရောက်သော် စာရေးသူတို့ဘက်မှ စတင်တိုက်ပွဲဖြစ်လျှင်ဖြစ်ခြင်း ကျဆုံးသွားကုန်သော အလောင်းများမှ အနံ့ထွက်လာသဖြင့် ထိုနေရာရှိ ရဲဘော်များ မနေနိုင်အောင် ဖြစ်နေကြသည် ဆို၏။

စာရေးသူသည် ထိုအလောင်းများရှိရာသို့ သွားရောက်ကြည့်၏။ မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကို တွေ့ရ၏။ ပစ်ကျင်းထဲတွင် တုတ်တုတ်ဖြိုးဖြိုး ခပ်ဖြူဖြူ ရဲဘော်ကလေးတစ်ယောက်သည် ပစ်ကျင်းပေါ်သို့ လက်လှမ်းရင်း ဇက်ကလေးခွေခွေနှင့် မြေကြီးနံရံကို ငုတ်တုတ်မှီနေ၏။ ပစ်ကျင်းပေါ်မှ ဖြူဖြူဝဝ တုတ်တုတ်ခဲခဲ၊ ငယ်ရွယ်သူ မိန်းကလေးသည် ပစ်ကျင်းထဲသို့ လက်လှမ်းရင်း အလျားလိုက် စောင်းစောင်းကလေး လဲကျနေ၏။

၎င်းတို့နှစ်ယောက်သည် လွန်ခဲ့သည့် တစ်နေ့ကပင် အပြီးချင်းဖလှယ်နေကြသူများ ဖြစ်၏။ အချစ်ချင်း ဖလှယ်နေကြသူများဖြစ်၏။ လောကကြီး အလယ်တွင် အပျော်ကြီးပျော်လျက် အကျေနပ်ကြီး ကျေနပ်နေကြသော ငယ်နုသူနှစ်ယောက်တို့ ဖြစ်ကြ၏။ ထားဝယ်မြို့သို့ သွားရောက်ပြီးလျှင် တစ်ဦးအလို တစ်ဦးလိုက်ကာ တစ်ဦးအကြိုက် တစ်ဦးပေးပြီး အကြည်နူးကြီး ကြည်နူးရန် ရည်ရွယ်ထားကြသူများဖြစ်၏။

ယခုမူကား သင်းကလေးတို့ နှစ်ယောက်သည် အချိန်မတန် အရွယ်မရောက်သေးပါဘဲလျက် လောကကြီးကို စွန့်ခွာသွားရချေပြီ တကား။

သင်းကလေးတို့နှင့်အတူ နောက်ထပ် အမျိုးသမီးတစ်ယောက်နှင့် ရဲဘော်နှစ်ယောက်တို့မှာလည်း ကံတူအကျိုးပေး တစ်ပြိုင်နက်တည်း လောကကြီးကိုစွန့်ခွာသွားကြကုန်၏။

စာရေးသူတို့သည် ထိုသူတို့၏ လက်မကလေးများကို ဖြုတ်ယူလိုက်ပြီးလျှင် ပြာချ၍ အရိုးအိုးကလေးများ ပြုလုပ်ပေး၏။ ထို့နောက် ညဥ့်အမှောင်သို့ရောက်သော် ထိုသူတို့၏ ခန္ဓာအိမ်ကို ကလိန်အောင် ချောင်းရေအောက်တွင် မြှုပ်နှံသင်္ဂြိုဟ်လိုက်၏။ ထိုသူတို့ကား စာရေးသူတို့၏ တပ်ခွဲမှလည်းကောင်း၊ ကမ္ဘာလောက၏ အလယ်မှလည်းကောင်း ပျောက်ကွယ်သွားခဲ့ကြလေပြီတကား။

■ ■ ■

## "အစီရင်ခံလိုက်သော တိုက်ပွဲသတင်း"

နှင်းမှုန်များကို ဖြတ်တိုက်လာသော ညဥ့်လေသည် စိတ်အိုက် လူအိုက် ဖြစ်နေသော စာရေးသူတို့အား အေးမြသွားစေ၏။

ဗိုလ်ကလေးများသည် စာရေးသူတို့အား ဝိုင်းရံထားသော မိတ်ဆွေကော်သူလေးများကို တိုက်ခိုက်လျက် ထားဝယ်ဘက်သို့ ချီတက်ပါရန် အကြံဉာဏ်ပေး၏။

ဗိုလ်ကလေးများ၏ အကြောင်းပြချက်တွင် နှစ်ရက်လုံးလုံး အတိုက်အခိုက် ခံနေကြရသဖြင့် ရဲဘော်ကလေးများ စိတ်ဓာတ်ကျဆင်းနေကြသည်ဟု ဆို၏။

စာရေးသူ သဘောကား ရန်သူ၏ အခြေအနေကို မသိဘဲ တိုက်ထွက်မသွားချင်သေးပေ။

စာရေးသူသည် ယခု အခြေအနေတွင် စာရေးသူတို့ဘက်မှ တိုက်ရေးသာနေသည်ကို စာရေးသူတို့၏ ရဲဘော်များကိုယ်တိုင် သိနေကြသည်ဟု ယုံကြည်၏။

အကယ်၍ အထပ်ထပ် အဆင့်ဆင့် ဝိုင်းထားသော ရန်သူတို့ကိုလည်းကောင်း၊ ရန်သူတို့၏ ရွာများသို့လည်းကောင်း။ စာရေးသူတို့သည် အတင်းဖြတ်သန်း ချီတက်သွားကြကုန်အံ့၊ စာရေးသူတို့၏နောက်တွင် ပါဝင်လျက်ရှိနေကြသော မိန်းမများ၊ ကလေးများ၊ မကျန်းမာသော ရဲဘော်များ၊ ဒဏ်ရာရရှိသော ရဲဘော်များကြောင့် စာရေးသူတို့သည် ထင်သလို လွယ်ကူစွာ ချီတက်နိုင်ကြလိမ့်မည် မဟုတ်ချေ ....။ ရှေ့သို့

မတိုးနိုင်သဖြင့် နောက်ပြန်ဆုတ်ရသော် ရန်သူသည် တစ်ဖန်အားရှိလာလျက် စာရေးသူတို့ကို လာရောက်တိုက်ခိုက်ကြပေလိမ့်ဦးမည်။ ထို့ကြောင့် စာရေးသူသည် ထားဝယ်မြို့သို့ ဆက်သားလွှတ်ရန် ပြင်ဆင်၏။

ထိုအတွင်း ကလိန်အောင်ရွာဘက်ဆီမှ မီးတောက်များကို တွေ့ရ၏။ နောက်တွင် သိရှိရသည်မှာ နေ့လယ်က ကျဆုံးသွားကြသူများကို အိမ်များပေါ်တွင်တင်လျက် မီးတိုက်သွားကြသည်ဟု သိရသည်။ စာရေးသူ၏ ဘရင်းရဲဘော်သည် မှောင်ရီပျိုးသောအချိန်၌ အလောင်းများရှိရာသို့ စိတ်မှန်းနှင့် ဆက်လက်ပစ်နေ၏။ သို့ရာတွင် စာရေးသူကအပစ်ရပ်စေသောကြောင့် ရဲဘော်ကလေးများ အပစ်ရပ်လိုက်ကြ၏။ ဤတွင် မိတ်ဆွေ ကော်သူလေးတို့သည် ၎င်းတို့၏ တန်ဖိုးရှိသော ခေါင်းဆောင်များကို မှောင်ထဲတွင် သယ်ယူလျက် အိမ်များပေါ်သို့တင်၍ မီးရှို့လိုက်ကြဟန်တူ၏။

သို့သော် စာရေးသူ သိသော အသိကား ဤသို့မဟုတ်ချေ။ စာရေးသူတို့မိတ်ဆွေ ကော်သူလေးများသည် ဤရွာမှဆုတ်ခွာသွားကြလေပြီဟု တွေးထင်လိုက်မိခြင်းသာ ဖြစ်၏။

စာရေးသူသည် ခေတ္တမျှ လှမ်းကြည့်လိုက်ပြီးလျှင် ထားဝယ်သို့ ဆက်သားလွှတ်ရန် ကိစ္စကို ဆက်လက်စီစဉ်၏။

ထားဝယ်သား ရဲဘော်ကလေး ရဲမြင့်သည် အဖော်တစ်ယောက်နှင့်အတူ ဆက်သားအဖြစ် ထားဝယ်သို့ သွားသည်။ သူသည် ကလိန်အောင်ချောင်းတွင်းမှ ငှက်ပျောဖောင်ပေါ်တွင် လူသေ၏အသွင်ကို ဆောင်လျက် ရေစီး၌ မျောပါစေ၍ မိမိ၏မိတ်ဆွေ ကော်သူလေးများကို ကျော်လွန်ပြီးသောအခါ ထားဝယ်သို့ ခြေလျင်ဖြတ်၍ သွားသည်။ သူသည် ထားဝယ်သို့ရောက်လျှင် ဗိုလ်မှူးသံဒိုင်နှင့် တွေ့ပြီး ခဲယမ်းမီးကျောက်များပို့ပေးရန်နှင့် လူမမာများ၊ ဒဏ်ရာရသူ မိန်းမများကို လာခေါ်ရန် စာရေးသူက မှာလိုက်ကြောင်း ပြော၏။ ထို့နောက် စာရေးသူတို့၏ တိုက်ပွဲအခြေအနေ အကြောင်းကိုလည်း လုံးစေ့ပတ်စေ့ ပြောပြ၏။

နောက်တစ်နေ့တွင် စာရေးသူ၏ ဆက်သားကျော် ပြန်

ရောက်လာပါပြီ။ စာရေးသူ၏ ဆက်သားထံမှ ကြားသိရသည့် သတင်းမှာ ...

ထားဝယ်ရှိ စစ်ဝန်ထမ်းတပ်ခွဲနှစ်ခုသည် စာရေးသူတို့တိုက်ပွဲဖြစ်ပွားနေကြသည်ဟု ကြားသဖြင့် အကူအညီပေးရန် လာကြသည်ဟု ဆို၏။

သို့ရာတွင် ရေပုံးအမည်ရှိသော နေရာသို့ မရောက်မီပင် ကရင်လက်နက်ကိုင် အမျိုးသားများက ချောင်းမြောင်းတိုက်ခိုက်ကြသောကြောင့် ရဲဘော်နှစ်ယောက် ကျဆုံးလျက် ပြန်သွားကြရသည်။ ထိုသည်က အစပြု၍ ကရင်များသည် ရေပုံးရွာအထိ ရောက်ရှိနေကြပြီး စာရေးသူတို့၏ တပ်သတင်းကို မကြားရတော့ဟု အကြောင်းပြန်၏။ ရေပုံးရွာဆိုသည်မှာ ကလိန်အောင်မှနေ၍ မိုင်အတော်ကလေးဝေးသော နေရာဖြစ်၏။ ထားဝယ်ဘက်သို့ နီးလာလေပြီ။ သို့နှင့် ခရိုင်ဝန်ကြီးက ကော်သူလေးလက်နက်ကိုင်တို့သည် စာရေးသူတို့တပ်အား ဒီဇင်ဘာလ(၈)ရက်နေ့ကစ၍ ဝင်ရောက်တိုက်ခိုက်ပြီးလျှင် ယခု ထားဝယ်ဘက်သို့ အတော် နီးကပ်စွာ ရောက်ရှိလာကြပြီဖြစ်ကြောင်း။ စာရေးသူတို့တပ်၏ သတင်းကိုလည်း ယခုအထိ စုံစမ်း၍မရသဖြင့် ပျောက်ဆုံးနေပြီဟု ယူဆရကြောင်း စသဖြင့် ကြိုးမဲ့ကြေးနန်းနှင့် သတင်းပို့လိုက်၏။

ခရိုင်ဝန်ကြီး ဤသို့ သတင်းပို့သည်မှာ အကြောင်းရှိ၏။ ခရိုင်ဝန်သည် စာရေးသူတို့အား ယုံကြည်၏။ အကယ်၍ စာရေးသူတို့တစ်တွေ အရေးနိမ့်လျှင် ထားဝယ်ဘက်သို့ ဆုတ်ခွာလာရမည်။ စာရေးသူတို့တစ်တွေက နိုင်လျှင်လည်း မိတ်ဆွေကရင်များ ထားဝယ်မြို့ဘက်သို့ ဤမျှ ရောက်မလာဟု ယုံကြည်၏။ ထို့ကြောင့် စာရေးသူတို့တပ်အတွက် စဉ်းစားမရနိုင်အောင် ရှိကြလျက် အချို့ ရန်ကုန် မှထုတ်သော သတင်းစာများတွင် တပ်လုံးပျောက်သွားခြင်းဟူ၍ပင် ခေါင်းစဉ်တပ်ကြ၏။

ဤကိစ္စနှင့် ပတ်သက်၍ ခရိုင်ဝန်ကြီးသည် စာရေးသူတို့၏ တိုက်ရည်ခိုက်ရည်ကို ယုံကြည်သော်လည်း စာရေးသူတို့ မယုံကြည်သော အချက်တစ်ခုရှိ၏။ ထိုအချက်ကား ...

စာရေးသူတို့ ပတ်ပတ်လည်တွင် ရှိနေကြသော ရွာအားလုံးသို့ ကရင်လက်နက်ကိုင်များ တစ်သုတ်ပြီးတစ်သုတ် မြောက်မြားစွာ ရောက်ရှိလာကြပါပြီဟူသော စာရေးသူတို့၏ ပြောစကားပင်ဖြစ်၏။

အမှန်အားဖြင့် ဤမျှ အထပ်ထပ် ဝိုင်းရံပြီးမှ အလိုလို အလယ်တွင် ရောက်ရှိနေကြသော စာရေးသူတို့အား တိုက်ခိုက်ကြရာ အပြင်မှ ဝင်လာကူညီလိုသူတို့သည် ထိုအင်အားစုကြီးကို မတိုက်ဖျက်နိုင်ဘဲ အဘယ်မှာလျှင် စာရေးသူတို့ရှိရာသို့ ရောက်ရှိနိုင်ပါအံ့နည်း။

ဤသတင်းကို ကြားသောအခါ ထားဝယ်မြို့ တစ်ခုလုံး တုန်လှုပ်ချောက်ချားနေကြသည်ဟု ဆို၏။ အချို့ တတ်နိုင်သူများသည် ထားဝယ်ဆိပ်ကမ်းတွင်ရှိသော စက်ကတ္တူကြီးများဖြင့် ရန်ကုန်သို့ပြောင်းရွှေ့ရန် စီစဉ်နေကြသည်ဟုဆို၏။

ခရိုင်ဝန် မစ္စတာကီလီသည်လည်း အရေးရှိက အလွယ်တကူ ရုံးပစ္စည်းများနှင့် ငွေတိုက်ကိုပါသိမ်းလျက် ရန်ကုန်သို့ဖြစ်စေ၊ အခြား မြိတ်နှင့် မော်လမြိုင်သို့ ဖြစ်စေ၊ ဆုတ်ခွာသွားရန် မီးသင်္ဘောကို မီးပေါင်အပြည့်ထိုးထားသည်ဟု ဆို၏။

ဗိုလ်မှူးသံဒိုင်ကမူ "ငါ့ညီလေးတွေ မရှိတော့ ငါတို့လည်း မထူးတော့ပါဘူး၊ ရာဇဝင်အရိုင်းမခံဘူးကွ အသေခံတိုက်မယ်၊ လာပစေ" ဟု ကြိမ်းမောင်းနေ၏။

ဤသို့သော အခြေအနေမျိုးတွင် စာရေးသူတို့ထံမှ ဆက်သား ရောက်သွားကြသောအခါ အလွန်ဝမ်းသာသွားကြ၏။

"ဟော့...ငါတို့ သံခမောက်တပ်ကို ကရင်တွေက နိုင်အောင် မတိုက်နိုင်ဘူးတဲ့ဟော့၊ အခု ငါတို့တပ်က ကရင်တွေကို လိုက်တိုက်မလို့ ကျည်ဆန်လာပို့ပါလို့ ဆက်သားလွှတ်လိုက်သတဲ့"ဟူသော အသံသည် လေတိုက်လာဘိသကဲ့သို့ ရုတ်ခြည်း ထားဝယ်မြို့တွင်း၌ ပျံ့သွားသည် ဆို၏။

စိတ်နှလုံး ညှိုးချုံးနေကြသော ထားဝယ်မြို့သူမြို့သားတို့၏ မျက်နှာတို့သည် ချက်ချင်းရွှင်လန်းလာကြ၏။

"ငါတို့သံခမောင်ဓေဆောင်း တပ်သားတွေ ဆက်လက်နိုင်ကြပါစေသော်"ဟု သောက်တော်ရေချမ်း၊ ညောင်ရေပန်းများကို လဲပြီးလျှင် ချက်ချင်းဆုတောင်းကြကုန်၏။

စာရေးသူတို့ ဆက်သားသည် သူလာခဲ့သော လမ်းခရီးကို ပြောလာခဲ့သည်ဟု ဆို၏။

စာရေးသူတို့ ဆက်သား၏ လမ်းခရီးကား ကန်ဖောက်အမည်ရှိ ဗမာရွာဘက်မှ ကျော်ဖြတ်လာခြင်း ဖြစ်သည်။

စာရေးသူသည် ဆက်သားကို အနားယူခိုင်းလိုက်ပြီးလျှင် တစ်ဖက်ကမ်းတွင် ပြူတစ် ပြူတစ် လုပ်နေသော လူတစ်ယောက်ကို စမ်းသပ်၍ အပစ်ခိုင်း၏။

အစပ်ခံရသူသည် ရုတ်တရက် ပျောက်သွားသည်။ စာရေးသူ၏ရဲဘော်ကလေးများက ငါတို့ ဗိုလ်ကြီး ဘာဖြစ်တာပါလိမ့်ဟု အောက်မေ့ကြ၏။ အခါတိုင်းဆိုလျှင် ခပ်နီးနီးတွင် ပစ်လိုက်လျှင် ထိမှန်လောက်သူများပင် မပစ်ရ။ မိမိတို့တော်ပေါ်တက်လာမှ ပစ်ရမည်ဟုဆို၏။ ယခုမူ အဝေးကြီးသို့ လှမ်းပစ်ခိုင်းနေ၏။

စာရေးသူသည် ထိုပျောက်သွားသော နေရာသို့ ဘရင်းနှစ်လက်ဖြင့် တစ်ပြိုင်တည်း အဆွဲခိုင်း၏။

ထိုနေရာမှ အသံပေါ်လာသည်။ စာရေးသူ သိချင်သည်မှာ ထိုအသံပင်ဖြစ်၏။ ချက်ချင်း လက်ကာ၍ ဘရင်းရဲဘော်များကို အပစ်ရပ်ခိုင်းလိုက်၏။

"ဟေး...အပြင်ထွက်ခဲ...အပြင်ထွက်ခဲ့၊ သေသေချာချာ နားလည်အောင်ပြော"

ရုတ်တရက် ထွက်မလာသေး။ ရဲဘော်တွေက ပစ်မည်ပြု၏။ လက်ကာလျက် ထပ်အော်ပြန်၏။

"ထွက်ခဲ့ဆိုတာ မထွက်သေးဘူးလား၊ ကားနဲ့လိုက်မှာနော်၊ ပြေးလို့မလွတ်ဘူး ထွက်လာခဲ့၊ ကောင်းကောင်းပြော၊ ပြောရင်မပစ်ဘူး"

ထရံကွယ်မှနေ၍ တဖြည်းဖြည်း ပေါ်လာသည်။

လက်မြှောက်ခြင်းလည်းမရှိ။ သည်အတိုင်း ပြန်အော်၏။

"ကျွန်တော် အရပ်သားပါခင်ဗျာ ... ကျွန်တော်အရပ်သားပါ"

"အရပ်သားဆိုရင် ဒီသောင်ပေါ်ကို ဆင်းခဲ့"

ထိုသူသည် ကမ်းနဖူးအောက် သောင်ပေါ်အထိ ဆင်းလာ၏။ စာရေးသူတို့က ရေစပ်အထိ ခေါ်ယူ၏။

"ခင်ဗျား ဘာလာလုပ်တာလဲ"

"ကရင်တွေမရှိလို့ ကျွန်တော် ပြန်လာတာပါ ခင်ဗျာ"

"တခြား ရွာသားတွေကော"

"တစ်ယောက် နှစ်ယောက် တွေ့ခဲ့ပါတယ်"

"ဒီပြင် ဘယ်သူတွေ ရှိသေးသလဲ"

"ဘယ်သူမှ မတွေ့ပါဘူး"

"အေး...အဲဒီမှာ ရပ်နေဦး၊ တို့လာခဲ့မယ်"

စာရေးသူသည် ထိုသူအား ရိုင်ဖယ်တစ်လက်နှင့် ချိန်ထားစေ၏။ တို့နောက် ဗိုလ်ဖေချစ်၊ ဗိုလ်သန်းထွေးနှင့်အတူ မော်တော်ကားမောင်းတတ်သူချည်းဖြစ်သော ရဲဘော်လေးယောက်ကို ရွေးလိုက်၏။ ကားရှေ့မှန်ကို လှဲချလိုက်ပြီးလျှင် ဘရင်းတစ်လက်ကို အဆင်သင့်ပြုလုပ်စေ၏။

ထို့နောက် ဟိုဘက်တောင်ကုန်း ဒီဘက်တောင်ကုန်းမှနေ၍ တစ်ဖက်ကမ်းရှိ ကားလမ်းဘေး တစ်ဖက်တစ်ချက်သို့ ဘရင်းစက်သေနတ်နှစ်လက်စီနှင့် ချိန်ထားစေပြီးလျှင် ဂျစ်ကားကို လွှတ်လိုက်၏။

ကားသည် တစ်ဖက်ကမ်းသို့ ရောက်သွားပြီးလျှင် ကမ်းထိပ်သို့ရောက်လျှင်ရောက်ချင်း ရဲဘော်လေးယောက် ကားပေါ်မှဆင်း၍ နေရာယူလိုက်၏။ ဗိုလ်ဖေချစ်နှင့် ဗိုလ်သန်းထွေးတို့သည် ကမ်းစပ်မှလူကို ခေါ်ယူပြီးလျှင် ကားပေါ်သို့ တက်စေ၏။ ထို့နောက် ကားပေါ်မှ မဆင်းဘဲ ကမ်းထိပ်တွင် အကာအကွယ် ယူထားသော ရဲဘော်ကလေးများ၏ မျက်စိရှေ့တွင် တစ်အိမ်ပြီးတစ်အိမ် ရွာအခြေအနေကို ကြည့်၏။

ထို့နောက် အစီအစဉ် ပေးထားသည့်အတိုင်း တစ်ဖက်ကမ်းမှနေ၍ အချက်ပြလိုက်ရာ စာရေးသူသည် အသင့်ပြင်လျက် စောင့်ခိုင်းထားသော တပ်စိတ်နှစ်စိတ်ကို လွှတ်လိုက်၏။

ကရင်လက်နက်ကိုင်များသည် လွန်ခဲ့သည့်ညက ၎င်းတို့ဘက်မှ ကျဆုံးသည့် အလောင်းများအား အိမ်ရှစ်လုံးပေါ်၌တင်ကာ အိမ်ပါမီးရှို့လိုက်ကြသည်ဟု ဆို၏။

ရွာသားတို့သည် ခပ်ဝေးဝေးမှ နေကြရသဖြင့် တစ်အိမ်တစ်အိမ်ပေါ်တွင် ဘယ်နှလောင်း တင်သည်ကိုမူကား မသိကြရ။

နံနက်မိုးလင်းသောအခါ ကရင်လက်နက်ကိုင်များကို မတွေ့ကြရတော့။ သို့ရာတွင် ရုတ်တရက် ရွာထဲသို့ မဝင်ရဲကြသဖြင့် တဖြည်းဖြည်း စမ်းသပ်ဝင်ရောက်လာကြရာ ယခုမှ ရွာထဲသို့ ရောက်လာကြသည်ဟုဆို၏။

စာရေးသူတို့သည် အကျိုးအကြောင်းများကို စေ့စပ်သေချာစွာ စုံစမ်းပြီးနောက် ကလိန်အောင်ရွာကို ရွာသားတွေပင် အသိမပေးဘဲ ကင်းပုန်းချထားလိုက်၏။

ထိုကိစ္စပြီးဆုံး၍ မကြာမီ ခပ်လှမ်းလှမ်း တစ်နေရာတွင် ချထားသော တပ်စိတ်တစ်စိတ်မှ လူတစ်ယောက်ကို ခေါ်ဆောင်လာ၏။ ထိုလူသည် ခါးဝတ်မပါ၊ ဗလာဟင်းလင်းရှိသော ယောကျ်ားတစ်ယောက်ဖြစ်၏။

ကိုယ်ပေါ်တွင် သွေးများနှင့် ခြောက်ကပ်နေ၏။ ယာဘက်ပခုံးပေါ်ရှိ ဓားဒဏ်ရာသည် ထင်းပေါက်ခြမ်းကို ခွဲစိတ်ထားသကဲ့သို့ ရှေ့ရောနောက်ပါ တစ်ထွာခန့် တစ်ခြမ်းစီ ကွဲနေ၏။ သို့ပါလျက် ထိုသူသည် မိုင်(၃၀)ခန့်ခရီးမှ တစ်ညနှင့်တစ်နေ့ တောတိုးလျက် လျှောက်လာခဲ့ခြင်းဖြစ်၏။

အကြောင်းကို မေးသောအခါ ၎င်းတို့သည် တိုက်ပွဲဖြစ်နေသည်ကို မသိကြသဖြင့် ထုံးစံအတိုင်း ဘတ်စ်ကားနှင့်လာကြသော ခရီးသည်များ ဖြစ်ကြသည်ဟုဆို၏။ လမ်းခရီး တစ်နေရာတွင် လက်နက်ကိုင်ကရင်အမျိုးသားများက အဆိုပါ ဘတ်စ်ကားအား ဖမ်းဆီးလိုက်ပြီးနောက်ဗမာခရီးသည် (၂၇)ယောက်တို့ကို လမ်းဘေး၌ ကြိုးတုပ်ပြီးလျှင် ဓားနှင့်ခုတ်သတ်ကြသည်ဟု ဆို၏။

ကရင်အမျိုးသားများက ဓားနှင့်ခုတ်သတ်ရာတွင် နင်တို့

အကုန်လုံး သတ်ပစ်ရတာတောင် နင်တို့ဗမာတွေတိုက်လို့ တို့ဘက်က သေတာရဲ့ သုံးပုံတစ်ပုံ မရှိသေးဘူးကွ၊ ဒါကြောင့် နင်တို့ကို ကလဲ့စား ချေရတာဟု ပြောသည်ဆို၏။ အရက်လည်း အတော်မူးနေကြသည်ဟု ဆို၏။

ထိုသူသည် ဓားခုတ်ခံရ၍ လဲကျသွားပြီးနောက် မလှုပ် မယှက်နေပြီးလျှင် ညဥ့်အနည်းငယ် မှောင်စပျိုးသည်နှင့် တစ်ပြိုင်နက် ၎င်းပေါ်တွင် ပိနေသော အချို့ မသေမရှင် လူများကို တွန်းဖယ်လျက် ထပြေးလာခဲ့သည်ဟု ဆို၏။

စာရေးသူတို့သည် ထိုလူအား လုံချည်ဝတ်ပေးလိုက်ကြ၏။ အင်္ကျီကိုမူကား ပေးချင်ပါလျက် မပေးနိုင်ကြ၊ စာရေးသူတို့တွင် ကာကီ အင်္ကျီနှင့် စစ်သားဝတ်စွပ်ကျယ်များသာ ရှိကြသည်။ ထို့ကြောင့် နို့အုံ နီးပါးအထိ ရှေ့နောက် နှစ်ခြမ်းကွဲနေသည်။ ဆေးပတ်တီးနှင့် ပူးကပ် အောင် စည်းနှောင်ပေးလိုက်ပြီးလျှင် ရေမထိစေနှင့်ဟုလည်း ပြောလိုက် ၏။ ဟောလစ်လည်း တိုက်လိုက်၏။ ကန်အောက်ရွာသို့ စာရေးသူတို့ ဘက်ကမ်းမှပင်နေ၍ အရောက်သွားပါလေ၊ ဟိုရောက်မှ ဆေးရုံသို့အပို့ ခိုင်းပေတော့၊ ပျောက်လည်း ပျောက်နိုင်ပါသည်ဟု အားပေးလိုက်ရ၏။

ညချမ်းသို့ ရောက်သောအခါ ကရင်များ နေရာယူသွားသော တောင်ဘက်မှ စာရေးသူတို့ ရဲဘော်များ၏ အော်သံဟစ်သံ မေးမြန်းသံ တို့ကို ကြားကြရသည်။ စုံစမ်းကြည့်သောအခါ ထားဝယ်မှ တပ်ခွဲ နှစ်ခွဲ လိုက်လာကြခြင်း ဖြစ်၏။

အကြောင်းကား ဗိုလ်မှူးသံဒိုင်က စာရေးသူတို့ကို အပါ ခေါ်ခဲ့ရန် လွှတ်လိုက်၍ လာရခြင်း ဖြစ်သည်ဟုပြော၏။

စာရေးသူတို့က လူမမာနှင့် မိန်းမများကို သယ်ဆောင်သွား ကြပါဟုဆို၏။ ၎င်းတို့က တောလမ်းကို ဖြစ်လာရသဖြင့် ခေါ်ဆောင် မသွားနိုင်ကြဟုပြော၏။ ခဲယမ်းကျည်ဆန်များလည်း မပါလာကြ။ ရန်ကုန် မှလည်း မှာ၍မရဟု ပြော၏။

စာရေးသူတို့သည် လိုက်ပါမသွားကြလေ။ တိတ်တဆိတ် ဆုတ်ခွာထွက်ပြေးနည်းမျိုး ဖြတ်သဖြင့် ကရင်လက်နက်ကိုင်များအား

တက်လာကြမည်ဖြစ်၍ တောလမ်းမှ မလိုက်လိုပါ ပြောသဖြင့် ပြန်သွားကြ၏။

ဤသို့ ပြောပင်ပြောလိုက်ရသော်လည်း စာရေးသူတို့၏ ရဲဘော်ကလေးများသည် စိတ်ဓာတ်ကျဆင်းစ ပြုနေပေပြီ။

ရဲဘော်ကလေးများ စိတ်ဓာတ်ကျဆင်းသည်ဟု ဆိုခြင်းထက် ဗိုလ်ကလေးများ စိတ်ဓာတ်ကျဆင်းသည် ဆိုခြင်းက ပို၍မှန်ကန်သည်ဟု ထင်၏။

အကြောင်းမူ ဗိုလ်အောင်မြင့်၊ ဗိုလ်မြသန်းနှင့် ဗိုလ်ဖေချစ်တို့သည် ဤအတိုင်း ဆက်လက်နေပါမူ ရဲဘော်ကလေးများ စိတ်ဓာတ်ကျဆင်းနေပြီ ဖြစ်သောကြောင့် နောက်တစ်ကြိမ် ခံနိုင်မည် မဟုတ်သဖြင့် ထားဝယ်သို့ ပြန်လည်ချီတက်သင့်ပြီ ဖြစ်ကြောင်း ပြော၏။

စာရေးသူ၏ ဒုအရာခံဖြစ်သော ဗိုလ်သန်းတွေးကမူ ဗိုလ်ကြီးကြိုက်သလို စီစဉ်ပါ၊ ကျွန်တော်တော့ ဘာမှ အကြံဉာဏ်မပေးတတ်ဘူး၊ ဗိုလ်ကြီးခိုင်းရာ လုပ်မှာပဲဟု ဆို၏။

စာရေးသူသည် ဗိုလ်အောင်မြင့်၊ ဗိုလ်မြသန်း၊ ဗိုလ်ဖေချစ်တို့အား မည်သို့ ဆုတ်ခွာကြမည်နည်းဟု မေး၏။

ဤသို့မေးရင်းက ကားလမ်းအတိုင်း ဆုတ်ခွာလျှင် ရေဖြူသို့ ရောက်သည်အထိ မိုင်(၂၀)ကျော်ကျော်ခန့် ကော်သူလေး ကရင်ရွာများကို ဖြတ်သွားရကြမည်ကို သိသောကြောင့်ဖြစ်၏။

ဗိုလ်ကလေးတို့က ဆိုကြသည်။ တောလမ်းမှ ဖြတ်သွားကြမည်တဲ့။

■ ■ ■

## "ပြည်တော်ပြန်ခန်း"

ဤသို့ဆိုလျှင် စာရေးသူတို့တပ်တွင်ရှိသော ကားများကော ဟု မေး၏။ ထားပစ်ခဲ့ကြမည်ဟု ပြော၏။ ဤသို့ ထားပစ်ခဲ့ကြလျှင် စာရေးသူတို့သည် ဤကလိန်အောင် တောင်ကုန်းပေါ်၌ တိုက်ပွဲတိုက်နည်း ဟူသော (Tactics)အရ ကြံ့ကြံ့ခိုင်ခိုင် ခုခံအောင်နိုင်လိုက်သော်လည်း စစ်ဆင်မှုနည်းပရိယာယ်(Strategy)အရ ဆုတ်ခွာထွက်ပြေးကြခြင်းသာဖြစ် သည်။ ဤလိုပြေးလျှင် ကရင်လက်နက်ကိုင်တို့သည် ထားဝယ်သို့ စုပေါင်း လိုက်လာကြဦးမည်ဖြစ်၏။ ထို့ကြောင့် ထိုနည်းမျိုးနှင့် မဆုတ်လို။ ကား လမ်းမကြီးအတိုင်း တိုက်ခိုက်ထွက်ခွာခြင်းမျိုးဖြင့်သာ ထားဝယ်သို့ စာရေး သူတို့ ရောက်လိုကြသည်။ ဤနည်းမျိုးဖြင့် ထွက်မှသာလျှင် ထားဝယ်ကို ကော်သူလေးလက်နက်ကိုင်များ လိုက်မလာဝံ့ကြမည်ဖြစ်သည်။ ထို့ကြောင့် စာရေးသူတို့သည် ထိုနည်းမျိုးကို မသွားနိုင်သမျှ ဤတောင်မှ မခွာသေးဟု ပြောလိုက်၏။

ဗိုလ်ကလေးများအဖို့ စိတ်မကောင်းကြရှာပေ။

သို့ရာတွင် ကံအားလျော်စွာ နောက်တစ်နေ့ညနေ၌ ဗိုလ်မှူး သံဒိုင်ဆီမှ အမိန့်နှင့်တကွ တပ်ခွဲသုံးခုတို့ ရောက်ရှိလာကြ၏။ တောလမ်း မှ ဖြတ်လာကြခြင်းဖြစ်သည်။ ယခုတစ်ကြိမ်တွင် ဗိုလ်မှူးသံဒိုင်သည် ပါးစပ်ဖြင့် မှာကြားခြင်း မဟုတ်ဘဲ အမိန့်ကို စာဖြင့်ရေးပေးလိုက်၏။ အမိန့်စာကို စာပေးစာယူစာအုပ်တွင် လက်မှတ်ထိုးယူရ၏။

အမိန့်စာ၏ သဘောမှာ ...

မှာလိုက်သော လက်နက်ခဲယမ်းများကို မပေးနိုင်၊ ထို့ကြောင့် ထားဝယ်သို့ ယခုတပ်များနှင့် တစ်ပါတည်း ပြန်လိုက်လာရမည်။ မင့်ဆီသို့ရောက်လျှင် ယခု လွှတ်လိုက်သည့်တပ်များကို မင့်အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားလိုက်၏ ... ဟုပါ၏။ ထို့ပြင် အလွတ်စာတစ်စောင်လည်း ပါလာသည်။ ညီလေးရေ မင်းဆိုရင်လည်း ဆိုတော့ အစ်ကိုကြီးတော့ ညီလေး သိပ်ဒုက္ခရောက်နေမှာ စိုးရိမ်တာလည်း တစ်ကြောင်း၊ အစ်ကိုကြီးမှာ တိုင်ပင်ဖော် တိုင်ပင်ဖက် မရှိတာလည်းတစ်ကြောင်း အဲဒီအကြောင်းတွေကြောင့် အစ်ကိုကြီး အခုလို အမိန့်နဲ့ခေါ်လိုက်ရတာပဲဟု ပါ၏။

စာရေးသူသည် မိမိဆီသို့ လိုက်ပါလာကြသော တပ်ခွဲသုံးခုနှင့်တစ်ကွ စာရေးသူတို့ တပ်ခွဲတစ်ခုလုံး ကလိန်အောင်ရွာမှ ထွက်ခွာရန် စီစဉ်ရတော့၏။

တပ်ခွဲမှူးသုံးယောက်နှင့်အတူ စာရေးသူတို့၏ ဗိုလ်ကလေးများကို ခေါ်ယူလျက် တစ်ညလုံး တိုင်ပင်ဆွေးနွေး၏။

နံနက်သို့ရောက်သော် နောက်ထပ်လိုက်လာသော တပ်ခွဲနှစ်ခွဲသည် ကလိန်အောင်ရွာဘက်ကမ်းသို့သွားလျက် နေရာယူနှင့်ရ၏။

ဂျစ်ကားအပါအဝင်ဖြစ်သော စာရေးသူ၏ကားလေးစီးအနက် တစ်စီးမှာ စက်ပျက်နေ၏။ တစ်စီးတွင် ဘီးပေါက်နေ၏။ ကားဘီးချင်းလည်း အမျိုးမတူသဖြင့် လဲ၍မရပေ။

နောက်ဆုံးတွင် ပစ္စည်းများကို ကားတစ်စီးပေါ်သို့တင်၏၊ ကျန်ကားများအပေါ်၌ ဒဏ်ရာရသော ရဲဘော်များ၊ လူမမာများနှင့် ရဲဘော်တို့၏ လေးပင်သော ပစ္စည်းများကို တင်၏၊

စာရေးသူတို့ ထွက်ကြရာတွင် ဗိုလ်သန်းထွေးသည် တပ်စိတ်နှစ်စိတ်ကို ခေါင်းဆောင်လျက် ရှေ့ဆုံးမှ တိုက်ကင်းအဖြစ် လမ်းအတိုင်းချီ၏။

ဗိုလ်သန်းထွေး၏ နောက်တစ်ဖာလုံခန့်အကွာတွင် လမ်းဘေးတောအတွင်းမှနေ၍ ဗိုလ်မြသန်းနှင့် ဗိုလ်ဖေချစ်တို့သည် လမ်းနှင့်

ကိုက်(၁၀၀)စီ အကွာမှနေ၍ ဝဲယာညှပ်လျက် တပ်စိတ်နှစ်စိတ်စီဖြင့် လိုက်၏။

ငင်းတို့နှင့် တစ်ဖာလုံခန့်အကွာတွင် စာရေးသူသည် လမ်းမကြီးအတိုင်း တပ်စိတ်ဖြင့်လိုက်၏။

စာရေးသူ၏နောက် တစ်ဖာလုံခန့်အကွာတွင် ထားဝယ်မှ လိုက်လာသော တပ်ခွဲတစ်ခု ရှိသည်။ ထိုတပ်ခွဲသည် တပ်စု တစ်စုနှင့် တစ်စု ကိုက်(၁၀၀)စီခွာလျက် တပ်ခွဲမှူးက အလယ်မှ လိုက်၏၊

ထိုတပ်ခွဲ၏အဆုံး ကိုက်(၅၀)အကွာတွင် စာရေးသူတို့ တပ်ခွဲရုံးပစ္စည်းကားနှင့်အတူ လူနာနှင့်မိန်းမများ လိုက်ပါလာသည့် ကားသုံးစီးရှိ၏။

ငင်းတို့ကို စာရေးသူတို့၏ တပ်ခွဲမှ ဘရင်းတစ်လက်ပါသော လက်နက်ကိုင်ရဲဘော် (၁၀)ယောက်က စောင့်ရှောက်၏။

ထိုနောက်တွင်ကား ကလိန်အောင်ရွာအထဲမှ ဗမာများနှင့် တကွ လမ်းတွင်တွေ့ရှိကြကုန်သော ဗမာရွာအားလုံးမှလူများ ရွာလုံးကျွတ် ရွာလုံးကျွတ် လိုက်ပါလာကြကုန်၏။

ထိုသူတို့နှင့်အတူ အထုပ်အပိုးများ၊ လှည်းများ၊ နွားများ၊ ဝက်များ၊ ဆိတ်များ၊ ကြက်များ၊ ကလေးများ၊ ခွေးများ ပါလာကြ၏။

ထိုရွာသူ ရွာသားများ အားလုံးတို့ကို ကားစောင့်ကြသော ရဲဘော်(၁၀)ယောက်တို့က ယဉ်ကျေးစွာ ထိန်းသိမ်း၏။

ထိုရွာသားများ၏နောက် ကိုက်(၅၀)ခန့်အကွာတွင် တတိယ မြောက်တပ်ခွဲဖြစ်သော နောက်ဆုံးတပ်သည်လိုက်၏။

ထိုတပ်ခွဲ၏ ရှေ့တပ်စုနောက် ကိုက်(၁၀၀)အကွာတွင် ကျန် တပ်စုသည် တပေါင်းတည်းပြုလျက် တပ်ခွဲမှူးနှင့်အတူလိုက်၏။

စာရေးသူတို့သည် ထားဝယ်မြို့ဘက်သို့ ဤအစီအစဉ် အတိုင်း ချီတက်လာကြ၏။ ကလိန်အောင်တောင်ကုန်းပေါ်ရှိ စာရေးသူတို့ စခန်းချခဲ့သော ဗိုလ်တဲကိုလည်း တံခါးများပိတ်ဆို့ထားလျက် လက်ပစ်ဗုံး ထောင်ချောက်များ ထောင်ထားခဲ့၏။

ဗိုလ်တဲပေါ်မှာသာလျှင်မဟုတ် ဗိုလ်တဲအနီး ခိုကျင်းများ၌

လည်း ဤနည်းအတိုင် ထောင်ပစ်ခဲ့၏။ စာရေးသူတို့သည် ရှေ့တိုက်ကင်းမှ ချီတက်သွား၍ တစ်ဖာလုံခန့် ရောက်ပြီး ဘေးရန်ကင်းရှင်းမှ ဗိုလ်မြသန်းနှင့် ဗိုလ်ဖေချစ်တို့က လိုက်ကြ၏။ ထိုနောက်မှ စာရေးသူ လိုက်၏။ ထိုနောက်မှ တပ်ခွဲနှစ်ခွဲလိုက်၏။ ထိုနောက်မှ လူနာများ၊ မိန်းမများနှင့် ပစ္စည်းတင်ကားသုံးစီးတို့ လိုက်၏။ ထိုနောက်မှ နောက်ဆုံး တပ်ခွဲလိုက်၏။

ဗိုလ်အောင်မြင့်သည် ရဲဘော်နှစ်ယောက်နှင့်အတူ တပ်ဦး တပ်ခြေသို့ ဂျစ်ကားတစ်စီးဖြင့် ခေါက်တုံ့ခေါက်ပြန် သတင်းပို့ရ၏။ အကြောင်းမထူးလျှင် စာရေးသူရှိရာနှင့် ရှေ့တိုက်ကင်းသို့ အဆက်အသွယ် ပြုလုပ်ပေးရ၏။

လမ်းတွင် စာရေးသူတို့အား ဆီးကြိုတိုက်ခိုက်ကြသော ကရင်အမျိုးသားရွာများကို စာရေးသူတို့ရဲဘော်များက အောင်မြင်တိုင်း အရပ်သားအချို့က မီးရှို့ကြသည်။ စာရေးသူသည် ဗိုလ်အောင်မြင့်ကို လွှတ်၍ အမေးခိုင်းရ၏။ အရပ်သားများ ရှို့ကြပါသည်ဟု ပြောသောအခါ အရပ်သားများကို ခေါ်ယူရပြန်သည်။ လုံ၊ ဓား ကိုယ်စီဆွဲကိုင်ထားကြသော အရပ်သားများ (၃၀)ခန့်ရှိကြ၏။

ရှေ့တိုက်ကင်းမှ ဗိုလ်သန်းထွေး ခေါ်ဆောင်သွားသော အရပ်သားများဖြစ်သည်။ ယခုလောလောဆယ် အခြေအနေကို အားလုံး သိသော အရပ်သား(၃)ယောက်ကို ရှေ့တိုက်ကင်းသို့ ပြန်ပို့လိုက်၏။ ကျန်အရပ်သားများကို နောက်တွင်ရှိသော အရပ်သားများ လိုက်ပါရမည့် နေရာမှနေ၍ အချင်းချင်း စောင့်ရှောက်လိုက်ကြပါဟု အတိအကျစေခိုင်း ရ၏။

လမ်းတွင်အကြိမ်ပေါင်းများစွာ တစ်ချက်တလေ ချောင်း မြောင်းပစ်ခတ် ထွက်ပြေးကြခြင်းကို ဖယ်ထား၍ အချိန်အတော်ကြာ ပိတ်ဆို့ခုခံတိုက်ခိုက်သော နေရာပေါင်း လေးနေရာ တွေ့ခဲ့ရ၏။

စတင်ချီတက်သည်ကစ၍ သွားလိုက် ရပ်လိုက်နှင့် ပြုလုပ် နေကြသည် ဖြစ်သောကြောင့် ရှေ့တွင် တိုက်ပွဲဖြစ်နေသည်ကို နောက် ဆုံးမှလိုက်ပါလာကြသည့် ရပ်သူရွာသားများ မသိကြချေ။

အဆိုပါရွာသားတို့သည် ရဲဘော်ကလေးများ ညွှန်ကြားထားကြသည့်အတိုင်း ရပ်ဆိုသည်နှင့် တစ်ပြိုင်နက် လမ်းဘေးတွင် အကာအကွယ်ယူလျက် တိတ်ဆိတ်ငြိမ်သက်စွာ နေကြကုန်၏။ ရပ်တိုင်း ရပ်တိုင်း အမြဲတမ်း ဤကဲ့သို့ချည်း နေကြရသောကြောင့် ၎င်းတို့အတွက် မည်သို့မျှ မထူးချေ။

ကော်သူလေးမိတ်ဆွေများ အကြီးအကျယ် ဆီးကြိုတိုက်ခိုက်သည့် နေရာသည် ရေပုံးရွာဖြစ်၏။ ထိုရွာတွင် ချောင်းတစ်ခုရှိလျက် စာရေးသူတို့သည် ထိုချောင်းကို ဆောက်လုပ်ပြီးစ တံတားပေါ်မှနေ၍ ဖြတ်သန်းကူးကြရမည် ဖြစ်၏။

စာရေးသူတို့၏ မိတ်ဆွေများသည် တံတားတစ်ဖက်မှနေ၍ သစ်တုံးကြီးများချ၍လည်းကောင်း၊ ခံကတုတ်များ၊ ပစ်ကျင်းများပြုလုပ်၍လည်းကောင်း၊ "လွစ်"စက်သေနတ်နှစ်လက်ကို အားပြု၍ တိုက်ခိုက်ကြသည်။ ဗိုလ်အောင်မြင့်သည် ဤသတင်းကို စာရေးသူဆီသို့ ယူလာ၏။

စာရေးသူသည် ဗိုလ်မြသန်းအား သွားမြဲအတိုင်း ရှေ့သို့ ချီတက်လျက် တစ်ချက်မျှ မပစ်ဘဲ နေရာယူထားစေ၍ ဗိုလ်ဖေချစ်ကို ဗိုလ်သန်းထွေးတို့နေရာတွင် အတူဝင်ရောက် နေရာယူစေ၏။ ပြီးလျှင် နောက်မှတပ်များကို ရောက်ရာနေရာတွင် ရပ်နားလျက် တပ်ခွဲတိုင်းမှ တပ်စုနှစ်စုတို့သည် လမ်းဘေးတစ်ဖက်စီသို့ ကိုက်(၁၀၀)ခန့် ဖြန့်နေရမည်ဟု အမိန့်ပေးလိုက်၏။

ထိုနောက် ဗိုလ်အောင်မြင့်၏ ကားပြန်အလာကို စောင့်လျက် ဗိုလ်သန်းထွေးဆီသို့ ...

"ဗိုလ်ဖေချစ်ကို နေရာတွင်ထားခဲ့၍ ဖြစ်နိုင်လျှင် နောက်သို့ အနည်းငယ်ဆုတ်ပြီး သို့မဟုတ် ဘေးသို့ပြန်ပြီး ရန်သူက ဘယ်နည်းနှင့်မျှ လာလိမ့်မည်မဟုတ်ဟု ထင်သော ဘက်က ရန်သူ့နောက် ကျောရောက်အောင် တက်ပါ၊ မဖြစ်နိုင်လျှင် နေရာအခိုင်အမာ ယူထားပြီး အကြောင်းပြန်ပါ"ဟု မှာလိုက်၏။

စာရေးသူတို့သည် စိတ်တထင့်ထင့်နှင့် စောင့်နေရာ နာရီ

ဝက်ခန့်ကြာ၏။ ကားပြန်မလာသောကြောင့် ဗိုလ်အောင်မြင့်ကို အထူး စိတ်ဆိုးလျက် ဆက်သားလွှတ်လိုက်၏။

မကြာမီ သေနတ်သံကဲ့သို့သော ဝါးပေါက်သံများနှင့်အတူ မီးတောက်များကို မြင်ရပြန်၏။

လွှတ်လိုက်သော ဆက်သားကို ကားပေါ်တင်လျက် ဗိုလ်အောင်မြင့် ရောက်လာ၏။ ဘာ့ကြောင့် ချက်ချင်းပြန်မလာသနည်းဟု မေးသောအခါ ဗိုလ်သန်းထွေးက သူ စမ်း၍ တက်ကြည့်မည်၊ မရမှ အကြောင်းပြန်ကြားပါဟုဆို၍ စောင့်ဆိုင်းနေရသောကြောင့်ဟု ပြော၏။

ဗိုလ်သန်းထွေးသည် မမျှော်လင့်သော နေရာက တက်ကြည့် ဟူသောစကား ကြားသည်နှင့် တစ်ပြိုင်နက် ချောင်းကလေး၏ တစ်ဆစ် ချိုးကို သတိထားလိုက်မိသည်ဆို၏။ ထိုတစ်ဆစ်ချိုးကလေးတွင် ကြိမ် ပိုက်တောကြီး တစ်ဖက်တစ်ချက် ညှပ်လျက်ရှိ၏။ ဗိုလ်သန်းထွေးသည် တပ်စိတ်တစ်စိတ်ကို ခေါ်ယူလျက် ဘေးတိုက်ရွှေ့သွားပြီးလျှင် ကြိမ်ပိုက် တောကြီးကို ဖွတ်တိုးလျက် ရေပါးပါးကလေးမျှရှိသော ချောင်းကလေး ကို အရိပ်အခြည်စောင့်ပြီးလျှင် နှစ်သုတ်ခွဲကာ တစ်သုတ်စီ ပြေးကူး၏။ ထို့နောက် တစ်ဖက်ကမ်းပေါ်သို့ရောက်ရန် ကြိမ်ပိုက်ဘောကို တိုးရပြန် ၏။ ကြိမ်ပိုက်တော အပြင်သို့ရောက်လျှင် သစ်တုံးကြီးများကို အကာ အကွယ်ယူလျက် မိမိတို့ဘက်သို့ ပစ်ခတ်နေကြသော ရန်သူတို့ကို စီတန်းလျက် မြင်နေရသည်။ ဗိုလ်သန်းထွေးသည် အပြေးပစ်ရင်းဝင်၏။

ရန်သူတို့ ကစဉ့်ကလျား ထပြေးကြသည်။ "လွှစ်" စက် သေနတ် တစ်လက်ကို ထားပစ်ခဲ့ရာ ကျုန်တစ်ယောက်က ရိုင်ဖယ်သေနတ် ကို ချလျက် စက်သေနတ်ကိုကောက်၍ ပြေး၏။ တစ်ဖက်မှ ဗိုလ်ဖေချစ် တို့ လူစုကလည်း အတင်းပြေးဝင်လာ၏။ စက်သေနတ်သမား နောက်သို့ လိုက်ကြရာ စက်သေနတ်သမားကိုထိ၍ အလဲတွင် စက်သေနတ်သမားက ပြန်ပစ်၏။ ဗိုလ်သန်းထွေးတို့ ရုတ်တရက် အကာအကွယ် အယူလိုက်တွင် စက်သေနတ်သမား၏နောက်မှ အဖော်သုံးယောက် ပြန်လာပြီးလျှင် ပစ်ဆွဲ ဆွဲသွားကြသည်။ ဗိုလ်သန်းထွေးတွင် တစ်ကိုယ်လုံးခြစ်ရာ ရှရာများနှင့် သွေးအလိမ်းလိမ်းရှိ၏။ ဗိုလ်ဖေချစ် ပြေးအလိုက်တွင် ခလုတ်တိုက်လျက်

နှစ်လိမ့် သုံးလိမ့် လိမ့်သွား၏။ အနားရောက်မှကပ်၍ လက်လွတ်သွားရသည်။ ဗိုလ်ဖေချစ်သည် စိတ်လျှော့လိုက်ပြီးနောက် ဆက်လက်မလိုက်ကြဘဲ...“ကဲ...မင်းတို့ ကြည့်သာ ဆက်လုပ်ကြတော့”ဟု ရဲဘော်ကလေးများကို အမိန့်ပေးလိုက်၏။

ဗိုလ်ဖေချစ် အမိန့်ပေးခြင်းမှာ ရန်သူများ ထွက်ပြေးသွားကြပြီဖြစ်သော်လည်း နောက်မှ ချီတက်လာကြမည့် စာရေးသူတို့တစ်တွေအား ရန်သူက ခိုကပ်ကျန်ရစ်လျက် အနှောင့်အယှက် မပြုနိုင်ရန် ဆက်လက်ရှာဖွေ ရှင်းလင်းကြဖို့ အမိန့်ပေးခြင်းဖြစ်၏။

သို့သော် ရဲဘော်ကလေးများသည် အဓိပ္ပာယ်ကောက်မှားလျက် ရေပုံးရွာကို မီးတိုက်ကြ၏။

စာရေးသူသည် ဗိုလ်အောင်မြင့်ထံမှ ဤသတင်းကို ကြားသိရပြီးနောက် “ကဲဗျာ ... ပြီးတာလဲ ဘယ်တတ်နိုင်မလဲ”ဟု ဆက်လက်ချီတက်ကြ၏။

အကြီးအကျယ် ဆီးကြိုတိုက်ခိုက်ခြင်းကို လေးကြိမ်ခံရသည့်အနက် ဤတိုက်ပွဲသည် အပြင်းအထန်ဆုံးဖြစ်သော်လည်း နာရီဝက်အတွင်းခန့်တွင် ပြီးစီးသွားသည်။ ထို့နောက်မူကား စာရေးသူတို့တစ်တွေ အေးဆေးစွာ ချီတက်သွားနိုင်ကြ၏။

အေးဆေးသည်ဟု ဆိုသော်လည်း တောင်သုံးထပ်အကွေ့ဟူသော နေရာတွင် စာရေးသူတို့၏ ကားစက်ပျက်သဖြင့် စက်ကောင်းသောကားနှင့် ဆွဲယူလာသည့် ကားကြီး လမ်းဘေးသို့ ချော်ကျသွားသည်။ ဝိုင်းဝန်းကြိုးစား၍ ဆွဲတင်ကြ၏။ တင်၍မရသောခါ ကားကြီးကို တွန်းဆွဲပြီးလျှင် တိုင်ယာလေးလုံးကို ဖြုတ်ယူခဲ့သေး၏။

လမ်းတွင် တွေ့သမျှ ဗမာရွာတိုင်းတို့မှ စာရေးသူတို့နှင့်အတူ အိမ်ထောင်စုံ ပြောင်းရွှေ့လိုက်ပါလာသောကြောင့် တောင်ခြေတွင်ကွေ့ကာ ဝိုင်းကာ ဖောက်လုပ်ထားသော လမ်းမကြီးပေါ်တွင် အိမ်ထောင်ပြောင်းသည့် ပုရွက်ဆိတ်လမ်းကြောင်းကြီးပမာ မြင်နေရ၏။

စာရေးသူသည် ဝါသနာအလျောက် ရောင်စုံရုပ်ရှင်ကား ရိုက်ယူလိုက်သေး၏။ ဤလိုနှင့် စာရေးသူတို့ ထားဝယ်မြို့အနီးသို့

ရောက်ရှိသောအခါ ထားဝယ်မြို့သူမြို့သားတို့သည် ရုတ်ခြည်း ပန်းသပြေ နှင့် ညောင်ရေသွန်းလျက် ကြိုဆိုပွဲကြီး ပြုလုပ်ရန် စီစဉ်ကြ၏။ ထိုအစီအစဉ်ကို ကားနှင့်လာရောက်ပြောကြ၏။

စာရေးသူသည် ကြိုဆိုပွဲကိုဖျက်ရန် ပြောလိုက်သည်။ ဤသို့ ရုတ်ခြည်း ငွေကုန်ကြေးကျခံလျက် ပန်းသပြေနှင့် ညောင်ရေသွန်း၍ အပျိုမချောချောကလေးတွေက စာရေးသူနှင့်တကွ ရဲဘော်တွေကို ပန်းကုံး စွပ်ပေးကြမည့်အစား ဖိနပ်မှလုံလောက်အောင် မရှိသော စာရေးသူတို့ ရဲဘော်ကလေးများအား ဖိနပ်တစ်ရန်နှင့် မျက်နှာသုတ်ပဝါ၊ စွပ်ကျယ် တစ်ထည်စီကို ဝယ်ပေးကြလျှင် ပို၍ အကျိုးရှိမည်ဟု ပြောလိုက်၏။ ၎င်းပြင် ဤလိုကြိုဆိုနေကြမည်ဆိုလျှင် ယခုညနေ ထားဝယ်မြို့ထဲသို့ မဝင်၊ နောက်မှ တိတ်တိတ်ဝင်လာမည်ဟု မှာလိုက်၏။

ဤတွင် ပြန်၍အကြောင်းကြားသော ကားထဲ၌ မကြာမီ အတွင်း ခရိုင်ဝန်ကြီးနှင့်အတူ ဗိုလ်မှူးသံဒိုင်တို့ ပါလာ၏။

ဗိုလ်မှူးသံဒိုင်သည် ကားပေါ်မှ ခုန်ဆင်းလိုက်ပြီးလျှင် စိတ် ပူလိုက်ရတာ ညီလေးရာ၊ ကိုယ်ဖြင့် စိတ်ကိုမကောင်းဘူးဟု ပြော၏။ ခရိုင်ဝန်ကြီးကလည်း လက်ကို အားပါးတရဆွဲလျက် ကွန်ဂရက်ကျူလေး ရှင်း ဗိုလ်ကြီးကို မြို့ပေါ်ကလူတွေက သိပ်ကျေးဇူးတင်လို့ ကြိုကြဖို့လုပ် နေတယ်၊ ဗိုလ်ကြီး အကြောင်းပြန်လိုက်တာ သိတာနဲ့ ချက်ချင်းပြန်ဖျက် ပစ်လိုက်ရတယ်ဟု ဆို၏။

စာရေးသူသည် ခရိုင်ဝန်ကြီးနှင့်လည်းကောင်း၊ ဗိုလ်မှူးသံဒိုင် နှင့်လည်းကောင်း၊ အခြားလိုက်ပါလာကြသော မြို့မိမြို့ဖ လူကြီးများနှင့် လည်းကောင်း သင့်သလို စကားပြောဆိုရင်း လိုက်ပါလာခဲ့၏။

နေရောင်ခြည်သည် တောရိပ် ညိုညိုအတွင်းမှ ကောင်းကင် သို့ မပွင့်တပွင့်ပြုံး၍ နှုတ်ဆက်နေသော အချိန်တွင် စာရေးသူတို့သည် ထားဝယ်မြို့တွင်းသို့ဝင်ရန် ချဉ်းကပ်မိကြ၏။

ခေတ္တရပ်လျက် တပ်များကို စုစည်းနေစဉ် အမှောင်ပျိုးလာ ခဲ့သည်။ စာရေးသူတို့ရဲဘော်များသည် ခြေလှမ်းညီညီဖြင့် လှမ်းလျက် စစ်ချီသီချင်းကို သံပြိုင်သီဆိုကာ ထားဝယ်မြို့တွင်းသို့ ဝင်ကြ၏။

မြို့သူမြို့သားတို့သည် အိမ်ပေါ်မှပြေးဆင်းလျက် လမ်းဘေးရှိ မှောင်ရီသော သစ်ပင်ရိပ်အောက်တွင်ရပ်ကာ စာရေးသူတို့ကို ကြည့်နေကြ၏။

ကလေး၊ လူကြီး၊ ယောက်ျား၊ မိန်းမတို့သည် လမ်းဘေးတွင် စီတန်းလျက် ရှိနေကြ၏။

ဖုန်းဖုန်းမြည်နေသော ခြေသံနှင့်အတူ စာရေးသူတို့၏ ရဲဘော်များသည် အလွန်ညီညာစွာ စစ်ချီသီချင်းကို ဆက်လက်သီဆိုနေကြ၏။

ခြေသံသည် ပို၍ ပို၍ ပြင်းလာ၏။ သီချင်းသံသည် ပို၍ ပို၍ ပြင်းလာ၏။ သီချင်းသံသည် ပို၍ ပို၍ ကျယ်လောင်လာ၏။

တားမြစ်ပါလျက်နှင့် အိမ်ပေါ်မှ ပြေးထွက်ကြိုဆိုကြကုန်သော လူတန်းကြီးကို အမှောင်ထုထဲ၌ ဝိုးတဝါး မြင်နေရသည်မှာ အလွန်နှစ်သိမ့်ဖွယ်လည်း ကောင်း၏။ အလွန်အားရှိဖွယ်လည်း ကောင်း၏။ ထိုနှစ်သိမ့်ဖွယ် အားရှိဖွယ်တို့ကို ကျဆုံးသွားကြပြီးဖြစ်သော စာရေးသူတို့ရဲဘော်ပေါင်း ခုနစ်ယောက်တို့ မမြင်လိုက်ကြရလေကုန်။ ချစ်သစ်စရဲဘော်စိုးသိန်းတို့ မောင်နှံလည်း မမြင်လိုက်ကြရရှာလေပြီတကား။

ရဲဘော်တို့၏ ခြေသံသည် အလွန်ညီညာစွာ ဖုန်းဖုန်းမြည်၏။ ရဲဘော်တို့၏ စစ်သီချင်းသံသည် အမှောင်ထုကို ထွင်းဖောက်ကာ မြို့အလုံးကို လွှမ်းမိုးသွား၏။ သို့သော် ရဲဘော်တို့၏ မျက်လုံးတွင်ကား မျက်ရည်များ ယိုစီးကျဆင်းလျက်....။

**ရန်ကုန်ဘဆွေ**

## ငါတို့စာပေတွင် မှာယူနိုင်သော
# ရန်ကုန်ဘဆွေစာအုပ်များ




### ရွှေဝါပြည်
တန်ဖိုး– ၄၀၀၀ကျပ်

နှစ်ပေါင်း လေးဆယ်ကျော် ထုတ်ဝေခွင့် မရသည့်စာအုပ်
စစ်အာဏာရှင်များ ဖျပ်ဖျပ်လူးသွားအောင်
သရော်နိုင်သည့်စာအုပ်၊ တစ်ခေတ်တစ်ခါက
ခိုးဖတ်ခဲ့ရသည့် စာအုပ်၊ ကိုယ့်လိပ်ပြာကိုယ် မလုံရင်တော့
အစောကတည်းက မဖတ်မိစေဖို့ လူကြီးမင်းကြီးများကို
တင်ကြို အသိပေးပါကြောင်း . . .

### သူပုန်ဆိုးပေ
တန်ဖိုး– ၃၀၀၀ကျပ်

ရန်ကုန်ဘဆွေနှင့် သူပုန်ဆိုးပေ သို့မဟုတ်
စာရေးဆရာနှင့် ဝတ္ထု၊ "သူပုန်ဆိုးပေ" သည်
ဝတ္ထုဟုဆိုရသော်လည်း တကယ့်ဖြစ်စဉ်ဖြစ်ရပ်
မဟုတ်ပါဟု မပြောနိုင်သလို ဝတ္ထုထဲမှ ဇာတ်လိုက်ဆိုးပေသည်
ရန်ကုန်ဘဆွေမဖြစ်နိုင်ဟု မငြင်းသာ။
(ပထမအကြိမ်ထုတ်ဝေသူ၏အမှာစာမှ)








### တိုက်ယူရသည့် မျက်ရည်တစ်ပေါက်
တန်ဖိုး– ၂၀၀၀ကျပ်

မြန်မာစာပေလောကတွင် ရှားပါးသည့်
စစ်ပွဲနောက်ခံ ကိုယ်တွေ့ဝတ္ထု၊ ကာရင်သောင်းကျန်းသူများ
လက်ထဲတွင် ဖမ်းဆီးခံထားရသည့် ဗိုလ်မှူးမောင်မောင်ကို
အသက်စွန့်ကာ ကိုယ်တိုင်ကိုယ်ကျ ကယ်တင်ခဲ့ပုံများကို
အသည်းတထိတ်ထိတ် ရင်တဖိုဖို
ရေးဖွဲ့ထားသည့် ဝတ္ထု။

facebook


NATIONAL BESTSELLER




ပြည်သူ့အရေးတော်ပုံပါတီ
တန်ဖိုး - ၃၀၀၀ ကျပ်

စာရေးဆရာကြီး ရန်ကုန်ဘဆွေ ကွယ်လွန်ပြီး နှစ်ပေါင်းနှစ်ဆယ်
ကြာမြင့်သည့်အခါမှသာ ပထမအဆုံး ထုတ်ဝေခွင့်ရခဲ့သည့်စာအုပ်။
တော်လှန်ရေးကာလအတွင်း ထင်ရှားခဲ့သည့် ပြည်သူ့အရေးတော်ပုံပါတီအကြောင်းကို
ကိုယ်တိုင်ပါဝင်ခဲ့သည့် ဆရာကြီး ရန်ကုန်ဘဆွေ၏
ကိုယ်တွေ့ ဖြစ်ရပ်မှန် မှတ်တမ်းများ။
ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ သခင်စိုး အစရှိသော
သမိုင်းဝင် ပုဂ္ဂိုလ်ကြီးများနှင့် လက်တွဲ တော်လှန်ခဲ့ကြပုံများ။
မြန်မာ့တော်လှန်ရေးသမိုင်းတွင် တိမ်မြုပ်ပျောက်ကွယ်နေသော
သမိုင်းဝင် ဖြစ်ရပ်များစွာဖြင့် ချယ်မှုန်းထားသည့် စာအုပ်။


Like NBSP Books on facebook




မယိုင်လဲစတမ်း
နိုင်ရဲကျော်

ကမ္ဘာပေါ်တွင် လူ့အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုထဲများတွင်
အကြီးမားဆုံးတစ်ခုဖြစ်သည့် ခမာနီခေတ်
လူမျိုးတုံး သတ်ဖြတ်မှုအတွင်း
ရှန်းကန် ရှင်သန်ခဲ့ရသည့် လူငယ်လေး တစ်ဦး။
စိတ်ကူးယဉ် ဇာတ်လမ်းများထက် ပိုမို ကြောက်လန့်တုန်လှုပ်ဖွယ်ရာကောင်းသည့်
ကလေးငယ် တစ်ယောက်၏ နေ့စဉ် ဘဝဇာတ်ကြောင်း။
နှိပ်စက်မှုများ၊ ရက်စက်မှုများကြားမှ
ရှန်းကန်ကာ ရှားရှားပါးပါး ရှင်သန်ခွင့်ရခဲ့သည့်
လူငယ်လေး၏ ဖြစ်ရပ်မှန် ဘဝဇာတ်လမ်း။

facebook




အိမ်မြှောင်လှောင်အိမ်
ထင်မင်းလူ

အိမ်မြှောင်လှောင်အိမ်စာအုပ်ကို ရေးသားထုတ်ဝေခဲ့သဖြင့်
မှုရင်းစာရေးဆရာ ကာရင်းကော်နယ်လီကို မြန်မာ စစ်အစိုးရက
ပြည်ဝင်ခွင့် ပိတ်ပင်ခဲ့သည်။
ယခုစာအုပ်ကြောင့် စစ်အစိုးရလက်ထက် အကျဉ်းချခံရသော
နိုင်ငံရေးလှုပ်ရှားသူတစ်ယောက်၏ အတွင်းစိတ် ဒဏ်ရာများကို
ရသမြောက်နားလည်နိုင်သကဲ့သို့
စစ်အစိုးရ၏ ထောင်အတွင်း နှိပ်စက်ညှင်းပန်းမှုများကို
နိုင်ငံတကာက ပိုမိုသိရှိနားလည်ခဲ့သည်။

**မူရင်းစာရေးဆရာ၏ အထူးအမှာစာနှင့်အတူ ဖေဖော်ဝါရီလတွင် ထွက်ရှိလာပါတော့မည်။**

Like NDSP Books on facebook